


# ကာလ်မတ်စ်

သခင်စိုး - ရေးသည်

4

KARL MARX.

MARXISM

Maung San Lun,
Ahle Baing Quarter,
Taunggyi;
S. S. S.

# ကားလ်မတ်စ်ဝါဒ

ရေးသူ

သခင်နိုလ်

နဂါးနီ စာအုပ်အသင်းမှ အသိအမှတ်ပြုသည်။

နဂါးနီစာအုပ်တိုက်လီမိတက်
၂၄၈-လမ်း၊ ရန်ကုန်မြို့

(နဂါးနီပုံနှိပ်တိုက်တွင်ရိုက်နှိပ်သည်။)

## အကြောင်းအရာ

၁။ နိဒါန်း။
၂။ အစိုးရ။
၃။ ဆိုရှယ်လစ်သမားတို့၏ယူဆချက်။
၄။ မာတ်ထ်စ်ဘောဂဗေဒနည်းအကျဉ်းချုပ်။
၅။ အတိုက်အခံဖြစ်၍နေသောကမ္ဘာ့နှစ်ခြမ်း။
၆။ ဆင်းရဲသားအလုပ်သမားတို့၏အစည်းအရုံး။
၇။ လက်အောက်ခံနိုင်ငံနှင့်အမျိုးသားရေးပြဿနာ။
၈။ ကမ္ဘာတဝှမ်းလုံး၏နောက်ဆုံးရည်ရွယ်ချက်။
၉။ ကမ္ဘာ့အရေးတော်ပုံကြီး။

★

# နိဒါန်း

ငရုပ်စင်သီးကိုအမှီသတဲပြု၍၊ရုပ်နာမ်နှစ်ပါးကိုမကွာရန်ကြိုးစားအားထုတ်သောငရုပ်သီး ပိုးသည်၊ အပု၏အကြောင်းကို ဥာဏ်ဖြင့်ဆင်ခြင်ကောင်း ဆင်ခြင်ပေလိမ့်မည်။ သို့ရာတွင်-၎င်းတို့၏ ပတ်ဝန်းကျင်သည်ကားအဘယ်ကဲ့သို့သောဝတ္ထုမျိုး၊ အဆောက်အဦးမျိုး၊ ထိုဝတ္ထုအဆောက်အဦးတို့၏ သဘောသည်ကား အသို့နည်းဟုသတိမမူကြပေ၊ထိုကဲ့သို့မသိသည့် အတွက်သာလျှင်၊ထိုနေရာ၌ပျော်ပိုက်၍ စည်းစိမ်ယစ်မူးစွာ ခံစားနေလေသတည်း။ လူ့ဘဝကိုရခဲသောလူတို့သည်လည်း၊ အဝိဇ္ဇာနှင့်တဏှာ- စသည်တို့၏ သဘော သတ္တိတို့ကို၊ ဋီကာဖွဲ့၍ တစာစာ ပြောဆို ရေးသားလေ့ ရှိကြ၏၊ ထိုသို့ပြောဆိုရေးသား၊ပုံနှိပ်ထုတ်ဝေသောလူတို့အား ကျေးဇူးဥပကာရတင်သူ၊ ကောင်းချီး ပေးသူ၊ မြှောက်စားသူ၊ချီးမွမ်းသူ,တို့သည် မြောက်မြားစွာရှိကြ၏၊ ဤကဲ့သို့ရေးသားပြောဆိုကြသောလူများနှင့်, ကောင်းချီးသြဘာ ပေးကြသောလူတို့သည်၊ အဝိဇ္ဇာနှင့်တဏှာတို့၏ အကြောင်းရင်း,အကျိုးရင်းကို၎င်း၊ထိုလူများ၌ အဝိဇ္ဇာနှင့်တဏှာတို့သည် ကပ်ငြိသည်, မကပ်ငြိ,သည်ကို၎င်း၊ အကယ်၍ကပ်ငြိပါမူ၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် ပယ်ဖျက်နိုင်သည်ကို၎င်း၊သိမသိစဉ်းစားစရာဖြစ်ထိုက်ပါသလော။

ရှေးအခါ၌၊ဂရိတ်တိုင်းပြည်တွင်၊ဆိုကရေးတီးဆိုသောပညာရှိပုဂ္ဂိုလ်ကြီးသည်၊ပရမတ်တရားကို တိုင်းသူပြည်သားတို့အား ဟောပြောရာ၊ တိုင်းပြည်တွင် ကိုယ်ကျိုးစီးပွါးကိုအဓိကထားသော ဘုရင်နှင့်တကွ၊ မှူးကြီးမတ်ရာ,သေနာပတိ,တို့သည်၊ဆိုကရေးတီး၏တရားကို၊ တိုင်းသူပြည်သားများယုံကြည်သော်၊၎င်းတို့၏အကျိုးစီးပွါးကိုထိခိုက်မည် ဖြစ်ကြောင်းမြော်မြင်၍၊ ဆိုကရေးတီးအားတရားနှင့်အဆိပ်ကိုရွေးစေ၏။ ဆိုကရေး တီးသည်ကား၊တရားကိုလက်မလွှတ်ဘဲ အဆိပ်ကိုရွေးလေသည်။

အာနာဇာဂိုရပ်စသည်လည်း၊ဂရိတ်ပြည်ကောင်းစားစဉ်အခါတွင်၊ဧသင်မြို့၌တပည့်များအား၊နေ,သည်၊အများပြည်သူ ပြည်သားများ ယုံကြည်သော နေ,နတ်သားစီးသောရထားမဟုတ်၊ ဂရိတ်ပြည်ထက်အဆပေါင်းများစွာကြီးသော မီးလုံးကြီးဖြစ်ကြောင်း။ လ,၌လည်း လ,နတ်သားမရှိ၊ ချိုင့်-ချို-နှင့်တောင်များသာရှိကြောင်း ဟောပြောရာ၊ တိုင်းပြည်ကိုအုပ်စိုးသောမင်းနှင့်တကွ၊ ရွှေရုံသင်းပင်းတို့သည် ၎င်းအယူဝါဒကို လူငယ်များယူဆခြင်းဖြင့်၊ တတိုင်းတပြည်လုံး ပျက်စီးရာ, ပျက်စီးကြောင်းဖြစ်သည်ဟု မှတ်ယူပြီးလျှင်၊ အာနာဇာဂိုရပ်စအား ပြစ်တင်ပြောဆို၍၊မင်းပြစ်မင်းဒဏ်ပေးလေသည်။

ပြင်သစ်ပြည်တွင်၊ လာဖလန်ဆိုသော ကမ္ဘာကျော်လောကဓါတ် ဆရာကြီးသည်၊ ဆိုဒီယံ ဓာတ်ကို၊ သဘာဝသဘောအလျောက်၊ မြေကြီးထဲမှ တူးဖေါ်၍မယူဘဲ၊ ဓာတ်,သတ္တုများ ပေါင်းစပ်၍၊ဓာတ်စမ်းရုံကြီးထဲတွင်လုပ်ကိုင်နိုင်ကြောင်းပြောပြရာ၊ လောကကြီးကိုဖန်ဆင်းသောဘုရားသခင်ကို-ကိုးကွယ်သောလူတို့သည်၎င်းတို့၏ဘာသာကိုဖျက်ဆီးပြီဟု၊ဒေါသအမျက်,ချောင်း

ခြောင်းထွက်၍၊ ၎င်းအား ဖြစ်တင်ပြောဆိုကြလေသည်။ နက္ခအမျိုးမျိုးရောက်သော ထောက်ခါတ်ဆရာကြီးသည်၊ ဇာတ်ဆုံးတွင်၊ ကိုယ့်အသက်ကိုယ် စီရင် လိုက်ရလေသတည်း။

ဗမာပြည်တွင်၊ ရှေးဗမာမင်းများ စိုးမိုးအုပ်ချုပ်စဉ်အခါ၌လည်း၊ ပရမတ်ဆရာကြီးဦးပိုသည်၊ ပရမတ်အစစ်တရားကြောင့်၊ စအိုမှတံကျင်ထိုး၍ အသတ်ခံရကြောင်း၊ လူတို့၏မှတ်တမ်းတွင်အထင်အရှားရှိလေသည်။

\+ \+ \+ \+ \+

၁၉၁၄-၁၈-ခုနှစ် ကမ္ဘာစစ်ကြီး အတောအတွင်း၌လည်း။ အင်္ဂလန် ပြင်သစ်စသော နိုင်ငံများတွင်၊ နေရာတကာ၌။ "လွတ်လပ်စွာနှင့်နှင့်တရား" "အသင်တို့သည်ယဉ်ကျေး သိမ်မွေ့မှုအတွက် တိုက်ခိုက်၍နေသည်" "ကချင်လက်နက်ကမ္ဘာနှင့်၊ လက်ငါးကင်တိုင် အတိုက်အခံ" စသည့်စာရွက်စာတမ်းများကို တွေ့ရဘတ်ရကြလေသည်။ ထိုစာရွက်စာတမ်းများကိုအခြေပြုပြီး၊ မင်းမိုးရာဇာမှစ၍၊ သူဌေးသူကြွယ်များ၊ လက်ဝါးကပ်တိုင်ကို၊ ကိုးကွယ်သောလူမျိုးများသာမက၊ ဘာသာပေါင်းစုံ၊ ဟိန္ဒူ၊ ဆစ်၊ မဟာမေဒင်၊ ဗုဒ္ဓဘာသာစသည့်လူအမျိုးမျိုးတို့သည်၊ ထိုစစ်ပွဲတွင်ဝင်၍နွှဲကြပေပြီ၊ သို့သော်သည်း- ထိုစစ်ပွဲနှင့်ပတ်သက်၍ နောက်ထပ် စောဒက မတက်ဝံ့ကြချေ။

ကမ္ဘာစစ်ကြီးအတွင်းမှစ၍၊ ဗမာပြည်သည်အပြင်အပနိုင်ငံများနှင့် ရှေးကထက်ပိုမို၍ အဆက်အသွယ် ဖြစ်ပြီး လျှင်၊ အကြံသစ်-ဉာဏ်သစ်-အယူအဆသစ်များကို တွေ့ကြုံခံစားရလေသည်။ ထိုအကြံသစ်၊ ဉာဏ်သစ်၊ အယူအဆသစ်တို့သည်၊ တိုင်းပြည်သို့ ရောက်သည့်နေ့မှအစပြု၍၊ အကြံဟောင်း၊ ဉာဏ်ဟောင်း၊ အယူအဆဟောင်းများနှင့်အတိုက်အခံဘာဘက်တလမ်းဖြစ်တော့၏။ ကမ္ဘာကြီးသည်၊ မိနစ်မဆိုင်း၊ စက္ကန့်မဆိုင်း ပြောင်းလဲ၍နေလေသည်။ လူတို့၏အယူအဆ သည်ထည်း၊ ကမ္ဘာနှင့်အတူပြောင်းလဲ၏။ အယူအဆသည်ကမ္ဘာ၏မှန်ရိပ်နှင့်တူလေသည်။ ထို့ကြောင့်-ကမ္ဘာကြီးဖေါက်ပြားသကဲ့သို့၊ မှန်ရိပ် သည် လည်း ဖေါက်ပြား ရမည်မှာ အမှန်ပင် ဖြစ်၏။ ကမ္ဘာကိုလွန်ဆန်၍၊ မှန်ရိပ်နှင့်တူသောအယူအဆသည် တည်တန့်ခိုင်မြဲစွာမနေနိုင်ချေ။

ရှေးအခါတွင်အယူအဆသစ်ကိုဆောင်သောလူငယ်တစုနှင့်(တူ၊သာ၊သင်း)တို့သည်၊ ဗမာပြည်တွင်အတိုက်အခံအကြိတ်အနယ် ဖြစ်ခဲ့ကြ၏။ နောက်ဆုံးတွင်-အကြံဟောင်း-အယူအဆ ဟောင်းတို့ကို လွှမ်းမိုး၍၊ လူငယ်များသည်အနိုင်ရခဲ့လေသည်။ ထိုလူငယ်များသည်၊ယခုအခါ လူကြီးများဖြစ်၍ နေလေပြီ၊ နေစက်ထပ် သစ်လွင်သောအယူအဆများနှင့် ဖြည့်စုံသော လူငယ်များသည် ပေါ်ပေါက်၍ လာပြန်လေပြီ။ လူကြီးများသည် လောကကြီး၏ ဓမ္မတာသဘောကို ဉာဏ်ဖြင့် ဆင်ခြင်ကောင်းဆင်ခြင်ပေလိမ့်မည်။ သို့သော်လည်း-၎င်းတို့၏အတိတ်ရာဇဝင်ကိုသတိမူဟန်မတူသဖြင့်၊ ထိုဓမ္မတာသဘောကိုလက်တွေ့မြင်ဟန်မတူချေ၊ "ထို့ကြောင့်-လူငယ်များ

သည်၊ အတွေ့အကြုံနည်းသေး၍၊ တကာယ်တန်းလက်တွေ့ အလုပ်နှင့်စာတွေ့တို့သည် ကွာခြားကြောင်း မသိနားမ လည်ဘူး"ဟူ၍၎င်း၊ အမျိုးမျိုးပြောကြလေသည်။

ဗမာလူမျိုးတို့၏ ပတ်ဝန်းကျင်ကို ကြည့်ကြဦးစို့။ ဗမာပြည်သည်ရှေးကနှင့်မတူ၊ နေရေး၊ ထိုင်ရေး၊ စားရေး သောက်ရေးတို့တွင်၊ များစွာကွာခြား၍နေလေပြီ။ ရှေးအခါတွင်-ဆင်းရဲခြင်းကို မတွေ့ကြုံဘူးသော သူတို့သည်၊ ယခုအခါ- တနေ့ထမင်းတနပ်ထက် ပို၍မစားရသော လူများ၊ နှစ်ရက်မှတနပ်စားရသော လူများ၊ အိုးခြေအိမ် ခြေမရှိသောလူများ၊ ငတ်မွတ်ခေါင်းပါးလှသဖြင့်၊ စပါး ဖွဲ့၊ စပါးစိများကိုတိုက်ရသောလူများ၊ တနေ့တခြားပေါ များလာသည်ကိုတွေ့ကြရလေပြီ။ ဤကဲ့သို့ပြောင်းလဲလာ သဖြင့်၊ အယူအဆသစ်များ၊ အကြံသစ်များ၊ ဉာဏ်သစ် များ၊ နယ်သစ်အတွင်းသို့ ချဉ်းနင်း ဝင်ရောက် နိုင်လေ သည်။ ပြောင်းလဲရေးသဘောတရားကို မသိနားမလည် ကြသောလူအချို့တို့သည်၊ ဤကဲ့သို့ပင်ဖြစ်ပေါ်ရခြင်းအ ကြောင်းရင်းသည်ကား၊ ထိုဆင်းရဲဒုက္ခ ရောက်သောလူ တို့၏ရှေးဘဝကပြုခဲ့သော မကောင်းသော ကုသိုလ်ကံ ဖြစ်သည်ဟူ၍၎င်း၊ လူတို့သည် ရှေးကကဲ့သို့ မဟုတ်၊ အကုသိုလ်ဒုစရိုက်များကို ပိုမိုကျူးလွန်သောကြောင့်ဟူ ၍၎င်း၊ ဆုပ်ကပ်ကြောင့်ဟူ၍၎င်း ပြောကြပြီးလျှင်၊ အကု သိုလ်ကံကိုပွါးများသော။ လောဘ၊ ဒေါသ၊ မောဟ၊ စိတ် ယုတ်မာတို့ကို၊ ယခုဘဝတွင်မမွေးမြူရန်၊ ပယ်ဖျောက်ရန် ဟောပြောဆုံးမလေ့ ရှိကြလေသည်။ အချုပ်ကို ပြောရ

မည်ဆိုလျှင်၊ ဆင်းရဲသားများ ပွဲချင်တိုင်းပွဲ၊ တေချင်တိုင်း တေ၊ အိုးမဲ့၊ အိမ်မဲ့၊ ခြေသလုံး အိမ်တိုင်လုပ်၍ နေရခြင်း သည်၊ ၎င်းတို့၌ မကောင်းမှုများရှိ၍သာ ဖြစ်သည်ဟုကဲ့ရဲ့ ပြစ်တင်ကြလေသည်။ အထင်အမြင် သေးကြလေသည်၊ များစွာဝမ်းနည်းဘွယ်ရာကောင်း၏။

ဤကဲ့သို့အပြစ်ပြောဆိုပုတ်ခတ်ကြသောလူများတွင် အများအားဖြင့်၊ ရှေးခေတ်ဟောင်း၊ ရှေးခေတ်အယူအဆ တို့ကို၊ စိတ်နှလုံး မြဲစွဲစွာဖြင့် ယုံကြည် အားထားကြ သောလူများ၊ ဘူးလုံးနားမထွေးနှင့်၊ တခေါက်သာတ်စကား ကိုချိန်ဆ၍ မကြည့်ဘဲ၊ ကိုယ်ပိုင်ဉာဏ်မဲ့သောလူများ၊ ခေတ်သစ်အယူအဆများကို၊ တိုင်းသူပြည်သားများယုံ ကြည်အားကိုးသဖြင့်၊ ကိုယ်ကျိုးကိုယ်စီးပွါးကိုထိခိုက် မည်ဟု စိုးရိမ်မကင်း ဖြစ်ပြီးလျှင်၊ သစ်လွင် ကောင်းမြတ် သော၊ အကြံသစ်၊ ဉာဏ်သစ်၊ အယူအဆ သစ်များကို ဖွတ်အထင်း မျက်စေ့မှိတ်ခါ၊ အစွမ်းကုန် တိုက်ဖျက်လို သောလူမျိုးစားများ ပါဝင်လေသည်။ ထိုလူသုံးမျိုးတွင်၊ ပဌမနှစ်စားတို့၏စင်ကြယ်သော စိတ်ဓါတ်ကိုသိ၍၎င်း၊ ၎င်းတို့၌အယူအဆသစ်များကိုဖြိုဖျက်ရာတွင်၊ ကိုယ်ကျိုး ကိုယ်စီးပွါးမပါရှိ၍၎င်း၊ ၎င်းတို့သည်၊ တနေ့သောအခါ အထိဉာဏ်ပွါးများသဖြင့်၊ အယူအဆသစ်များကို ဆန်း စစ်ဝေဘန်ကြည့်ရာ၊ ကောင်းမွန် ကြောင်းကို သိရှိနား လည်သဖြင့်၊ အယူအဆသစ်များ ပြန့်ပွါးရန်၊ မီးတိုင်ကိုင် ပုဂ္ဂိုလ်များဖြစ်မည်ကို ယုံကြည်အားထား၍၎င်း၊ ထိုလူ များကိုထည့်၍မစဉ်းစားတော့ချေ။

ကျန်တမျိုးသည်ကား၊ ကိုယ်ကျိုးကိုယ်စီးပွါးကိုဘာ
ကွယ်လိုသောသဘောနှင့်၊ ဖြူစင်သောစိတ်နှလုံးများကို၊
အမိုက်မှောင် ဖုံးလွှမ်းရန် ကြိုးစားကြံစည်၍ နေသဖြင့်၊
၎င်းတို့ကိုလျစ်လျူရှု၍၊ မည်သူမျှတရားဘောနေနိုင်ကြ
လိမ့်မည်မဟုတ်။ ထိုသူများတို့သည် အများအားဖြင့်၊ ခေ
တ်ရှင်များနှင့်,ခေတ်ရှင်အားကိုးအားထားပြုကြသော၊ ခေတ်ရှင်
လက်ပါးစေများ ဖြစ်ကြ လေသည်။ အကြံသစ်, ဥာဏ်
သစ်,အယူအဆ သစ်များကို တိုက်ခိုက် ရာတွင်၊ ၎င်းတို့
၏အားကိုးအားထားရာလက်နက်သည်ကား၊ လူတို့တရို
တသေဂရုပြုသော ဘာသာတရားပင် ဖြစ်၏။ မည်သည့်
လူမျိုးမဆို ၎င်းတို့ ကိုးကွယ်သော ဘာသာ တရားကို
အမိကထားလေသည်။အဘယ်ကြောင့်ဆိုသော်-လူတို့၏
မြော်လင့်ချက်သည်ကား၊ ဘာသာတရားထဲ၌သာရှိလေ
သည်၊မည်သည့်မြော်လင့်ချက်ကို,လူတို့သည် မြော်လင့်
တောင့်တပါသနည်းဟု ပြဿနာတရပ် ပေါ်ထွက်၍လာ
လေသည်။ လုပ်နည်း, ကိုင်နည်း, ယူဆနည်း အားဖြင့်၊
တဘာသာနှင့် တဘာသာ တို့သည် တူတောင်း ဘူကြ
ပေလိမ့်မည်မဟုတ်။သို့ရာတွင်၊ မြော်လင့်ချက်သည်ကား
တူကြပေသည်။ ထိုမြော်လင့်ချက်သည်၊ နောင်တမလွန်
ဘဝတွင်သုဂတိသို့လား၍၊ ခံစားခွင့်, ခံစားထိုက်သော,
အခွင့်အရေး များကို ခံစားရန် ဖြစ်လေသည်။ ဤအခွင့်အ
ရေးများကိုပေးသော ဘာသာတရားအား ပုတ်ခတ်သည်
ရှိသော်,ထိခိုက်သည်ရှိသော်၊ မည်သူသည် သည်းခံနိုင်အံ့
နည်း၊ မည်သူသည်၊ထိုအခွင့်အရေးကို တတ်သယ်တန်းမခံ
စားချင်ပါအံ့နည်း။

ထို့ကြောင့် သစ်ဆန်း နုလွင်သော အယူအဆများ၊
အကြံဥာဏ်များသည်၊ လူတို့ယုံကြည် ကိုးစားသောဘာ
သာတရားကိုထိခိုက်သည် ဆိုလျှင်၊ မည်သူမျှသည်းခံလိမ့်
မည် မဟုတ်။ အမေရိကံ ပြည်ထောင် စုတွင် သဘာဝ
ဆရာကြီး (ဒါးဝင်း)ရေးသားခဲ့သော၊ သတ္တဝါတို့၏မူလ၊
သတ္တဝါတို့ ဖြစ်ပေါ်လာပုံ၊ စသည့်ကျမ်းတို့ကို၊ စာသင်
ကျောင်းများတွင် သင်ကြားသော အခါ၊ လောကကို ဖန်
ဆင်းသည်ဟု ယုံကြည်သော ဘာသာဝင် ဘုန်းကြီးတို့
သည်၊၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့်၊ ဆန့်ကျင်သဖြင့် မခံ
မရပ်နိုင်ဖြစ်၍ဘူပူကြရ၊ မျောက်ပြဿနာတရပ်ပေါ်ပေါက်
လာခဲ့လေသည်။ ယခုထက်တိုင် လောကဓါတ်ပညာ ထွန်း
ကားနေသော ခေတ်ထဲတွင် ပင်လျှင်၊ သဘာဝဓါတ်ခွဲရုံ
ကြီးဖြစ်သော ကမ္ဘာလောကကြီးက၊ သက်သေခံရှိချက်
နှင့်၊ အဝိဇ္ဇာဖုံးလွှမ်း၍ လောကကို ဖန်ဆင်းကြောင်းယုံ
ကြည်သောလူမြောက်မြားစွာရှိသေး၏။ လောကဓါတ်ပညာ
များ၊ ခေတ်ဆန်းပညာများကို ဖြန့်ဖြူး၍နေသော ယူနီဘာ
စီတီတက္ကသိုလ် ကျောင်းများမှ၊ ထွက်သော ပုဂ္ဂိုလ်များ
သည်၎င်း၊ထိုကျောင်းတိုက်များတွင်၊ ပါမောက္ခများလုပ်
ကြသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည်၎င်း၊ ဤကမ္ဘာ
ကြီးကို ဖန်ဆင်းသောအယူဝါဒကို ယခုထက်တိုင်သက်
ဝင်ယုံကြည်လျက်ရှိကြသေး၏။

၁၉၁၇-ခုနှစ်တွင်၊ရုရှားနိုင်ငံ၌ဆင်းရဲသားများသည်
စီးပွားရေး ကြပ်တည်းကျဉ်းမြောင်းသဖြင့်၊ လက်ရှိခေတ်ရှင်
စံနစ် ဆိုးကြီးကို တိုက်ခိုက်ရာ "ဘုရားသခင်၏ မေတ္တာ

အားဖြင့်” ဆိုသော စကားနှင့် ကိုယ့်ကျိုးကိုယ့်စီး ပွားကာကွယ်လိုသောဘုန်းကြီးများ၊ ဘုရင်မျိုးနွယ်များ၊ ခေရှင်များသည် ပေါင်းစပ်၍ ဆင်းရဲသားများအရေးကိုတိုက်ဖျက်ကြလေသည်။ ကမ္ဘာပေါ်တွင်ရှိသော အခြားဘုရင်ကြီးများသည်လည်း၊ရုရှားပြည်တွင် ပေါ်ပေါက်ခေတ်စားနေသော ဆင်းရဲသားများအရေးသည် အောင်မြင်ပြီးအံ့၊ တကမ္ဘာလုံးပြန့်နှံ့၍သွားပြီးလျှင်၊၎င်းတို့၏ အကျိုးစီးပွားကို ထိခိုက်မည်ဟု ယုံကြည်ယူဆ၍၊ဝိုးရိမ်မကင်းဖြစ်ပြီးလျှင်၊ ရုရှားဆင်းရဲသားတို့၏ အရေးတော်ပုံကို မပျက်စီးပျက်စီးအောင် အမျိုးမျိုးသူအား ငွေအား ဥာဏ်အား ဖြင့်ဖြိုဖျက်သည်သာမက၊ တကမ္ဘာလုံးအား ဝေဘက်သတ်ယုံကြည်ရန်မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍။ ရုရှားအရေး တော်ပုံ သည် မှားကြောင်း မကောင်းကြောင်းဘုရားနှင့် ဆန့်ကျင်ကြောင်း၊ သတ္တဝါများ အပေါ်တွင်၊ရက်စက်ကြောင်း၊ ရေးကြဟောကြပြောကြလေသည်။ ဖြူစင် ကောင်းမြတ်သော စေတနာသည်၊ တည်မြဲ တည်၏။ ထို့ကြောင့် ရုရှားဆင်းရဲသားများ ယုံကြည်သက်ဝင်သောအယူအဆနှင့်ဝါဒသည်၊ ယနေ့ထက်တိုင် ခြောက်ငင်ချိုး နှိမ်း ပေါ်၍၊ ပိုက်ထု၍ ထေးသော၊ မီးတိုင်ကြီးပမာကမ္ဘာကြီးအား အလင်းရောင် ပေး၍နေလေသည်။

ခေရှင်တို့နှင့်၊ကမ္ဘာကို ဖန်ဆင်းသော အယူအဆကိုယုံကြည်သော ခေရှင်လက်ပါးစေတို့၏ပြောသောဂကြောင့်၊ ကမ္ဘာပေါ်ရှိ အချို့သော လူတို့သည် (ဆိုရှယ်လစ်ဝါဒ) (ကွန်မြူနစ်ဝါဒ) စသည်တို့၏ အသံကို ကြားဘူး ရုံမျှနှင့်မုန်းတီး ရွံ့ရှာကြလေသည်၊ ဗမာပြည်တွင် ရှိကြသောခေရှင်များ၊ကိုယ်ကျိုးရှာသမားများနှင့်၊ ၎င်းတို့၏ကျော့ကွင်းမလွတ်သော လူများ သည်လည်း၊ ဗမာပြည်သို့ပြန့်နှံ့၍လာသောဝါဒသစ်ကို၊ ဗုဒ္ဓဘာသာတရားနှင့်ဆန့်ကျင်သည်၊ ပဋိပက္ခ ဖြစ်သည်ဟု ဆိုရုံသာမက၊ ထိုဝါဒများကိုယုံကြည်လေးစားသော လူငယ်များကိုလည်း၊ဗုဒ္ဓမြတ်စွာဘုရားကိုပင် စော်ကားသည်ဟု စွပ်စွဲပြီးလျှင်၊လူငယ်များနှင့်ဝါဒသစ်ကို၊ဘာသာနှင့်တွဲ၍ ဂုန်းချောကြလေသည်။

ဆင်းရဲသား အလုပ် သမားများ လယ် သမားများသည်၊ရုရှားနိုင်ငံတွင် ခေရှင်စံနစ်ကြီးအား အောင်မြင်စွာမတော်လှန်နိုင်ခင်၊ တတိုင်း ပြည်လုံးရှိ လူအပေါင်းတို့သည်၊ကမ္ဘာကိုဘုရားသခင်သည် ဖန်ဆင်းနိုင်ရုံသာမကလူတို့၏ကံကြမ္မာကိုလည်း၊ ၎င်းတို့၏အလိုကျ ဖန်တီးနိုင်သည်ဟုအယူရှိကြသဖြင့်၊ လူတို့၏ချမ်းသာမှု, ဆင်းရဲမှု, ပျော်ရွှင်မှု,တို့သည်။ လူတို့၏အပေါ် ထက်၊ ဘုရားသခင်၏ အပေါ် တွင် တည်ရှိ သည်ဟု ယုံကြည် ကြ၏။ ထို့ကြောင့်-ဘုရားသခင်အလိုကျလျှင်၊မိုးမှန်မည်၊လေမှန်မည်၊ကောက်ပဲသီးနှံ အထွက်ကောင်းမည်၊ ဝပြောမည်၊ သာယာမည်ဟုသက်ဝင်ပြီးလျှင်၊ ကိုယ်ပိုင်အလုပ်,ကိုယ်ပိုင်ဥာဏ်၊ကိုယ်ပိုင်ဝီရိယ,တို့ကို၊အားမကိုး,အားမထားဘဲ။ကျိုးကျော်၍ဘုရားသခင်ကိုသာ အားကိုးအားထားပြုကြ လေသည်။ အကယ်၍- တိုင်းပြည်တွင် ကောက်ပဲသီးနှံများ ပျက်စီးဆုတ်ယုတ်သော်၎င်း၊ အနာအဖျားထု

ထပ်ပေါ်များသော်ငြားလည်း ဆင်းရဲခြင်းအမျိုးမျိုးတို့ကို ခံစားရသော်ငြား၊ ဘုရားသခင်သည် လူသားများအပေါ်တွင် အလိုမကျသဖြင့်ဒဏ်ခတ်သည်ဟု တိုင်းသူပြည်သားတို့သည် အယူရှိကြပြီးလျှင်၊ ဤကဲ့သို့ဖြစ်ရခြင်း၏ မူလအကြောင်းကို စူးစမ်းရှာဖွေစစ်ကြောခြင်းမရှိဘဲ၊ ဘုရားသခင်အား ရှိခိုးပူဇော်၍တောင်းပန်ကြလေသည်။ လူညွန့်ကို ချုး၍စည်းစိမ် ယစ်မူးစွာ ခံစားစံစား နေကြသော ဘုရင်ကောရာဇ်နှင့်၊ မှူးကြီးမတ်ရာ- သေနာပတိများကလည်း၊ လူတို့၏စိတ်နေစိတ်ထားကိုသိသဖြင့်၊ ၎င်းတို့၏စည်းစိမ်တည်တန့်ရာ၊တည်တန့်ကြောင်းအတွက် "ဘုရားသခင်၏အလိုကျ" တိုင်းသူပြည်သားများအား အုပ်စိုးကြရလေသည်ဟုဆိုကြလေသည်။ ထိုကြောင့်-တိုင်းသူပြည်သားတို့သည်၊ မင်းဗိုးရာဇာများ, မည်သည့်အကြောင်းအရာကိုမဆိုပြုလုပ်တိုင်း၊ မှန်သည်,တရားသည်ဟု ယူဆကြ၏။ပဝ္ပည်းကြွယ်ဝ ချမ်းသာသော မြေပိုင်ရှင်၊ဘုန်းတော်ကြီးများ ကလည်း၊ ၎င်းတို့၏ ကိုယ်ကျိုး စီးပွါးကို ကာကွယ်ရန်၊ ကျေးကျွန်အတန်းတွင် ရှိနေကြရသော ကျွဲထီ အလုပ်သမားများအား "ဤကဲ့သို့ ကျေးကျွန်ဖြစ်ရခြင်းသည်၊နိဗ္ဗာန်မဝင်သို့ကူးရန်"ဟူ၍ငြား၊ "အရှင်ရှေ့သခင်သည်၊ လူ့ပြည်သို့ လာရခြင်းသည်၊ ကျေးကျွန်စံနစ်ကို ပယ်ဖျက်ရန်မဟုတ်၊ မကောင်းသော ကျွန်ကို ကောင်းသောကျွန်ဖြစ်ရန် ဟူ၍ငြား ဟောပြောကြလေသည်။ ဤကဲ့သို့ ကမ်းမမြင် လမ်းမမြင်ဆိုးဝါးသော ပတ်ဝန်းကျင်တွင်၊ နေရကြသော ရုရှားဆင်းရဲသားတို့၏ စိတ်နေစိတ်

ထားသည်၊မည်မျှအောက်တန်းကျမည်၊ညှံ့ဖျင်းမည်၊နုံချာမည်ကို၊လူတိုင်းပင်အကဲခတ်၍ သိနိုင်ပေလိမ့်မည်။ဆင်းရဲသားတို့၌၊အကြီးသစ်ဥာဏ်သစ်များထုတ်လိုသောဆန္ဒ၊ အခြေဆိုးမှ၊အခြေကောင်းသို့ရောက်လိုသော ဆန္ဒများမရှိကြပေ။ မည်သည့်အခြေ အနေဆိုးမျိုးတွင် နေရစေကာမူ "ဘုရားသခင် သဘောကျ နေရသည်" ဘုရားသခင့်အလိုကိုမဆန့်ကျင်နိုင်ဟု၊ယူဆကြပြီးလျှင်၊ ရောင့်ရဲတင်းတိမ်၍သာနေကြရလေသည်။ထိုလူများအတွက်ဘာသာသည် ထိုင်းမှိုင်းစေသော ဘိန်းများနှင့် မခြား နားပေ။ ထိုမကောင်းသော အခြေ ဆိုးကြီးကို၊ ပြုပြင် ပြောင်းလဲရန်၊ ရုရှားအစိုးရ ခေါင်းဆောင်ကြီးများသည်၊ ၁၉၁၈-ခုနှစ် ဇန္နဝါရီလ ၂၃-ရက်နေ့တွင်၊အောက်ပါအတိုင်း တိုင်းသူပြည်သားများလိုက်နာရန်အမိန့်ထုတ်လေသည်။

၁။ ဘာသာရေးသည်၊ အစိုးရနှင့် မသက်ဆိုင်ချေ။

၂။ နိုင်ငံအတွင်းတွင်၊ ဒေသန္တရအလျောက် လူတဦးတယောက်၏ လွပ်လပ်စွာ ယူဆနိုင်သော၊ ကန့်သတ်သော ဘာသာကို၊ အခြေခံထား၍၊ အသာပေးသော၊ အခွင့်အရေးပေးသော၊ ဥပဒေများပြုလုပ်လျှင်၊ဤကဲ့သို့ပြုလုပ်ခြင်းသည် မတရားသည်မည်၏။

၃။ တိုင်းသူ ပြည်သားတိုင်း၊ ကြိုက် နှစ်သက်သော ဘာသာကိုယုံကြည်ကိုးကွယ်နိုင်၏။မယုံကြည်ဘဲလည်းနေနိုင်၏။လူတဦးတယောက်သည်၊ဘာသာကိုယုံကြည်၍ငြား။ မယုံကြည်၍ငြား။ မဲဆန္ဒ

ပေးနိုင်ခွင့်မှထုတ်ပယ်ထားနိုင်သော ဥပဒေများကိုဖျက်၍ပစ်လိုက်ပြီ။

မှတ်ရန်။ ။အစိုးရ၏ စာအုပ်စာတမ်းထဲတွင်၊ လူတဦးတယောက်သည်, မည်သည့်ဘာသာကို ကိုးကွယ်သည်ဟူ၍ငင်း၊မည်သည့်ဘာသာကိုမှ မကိုးကွယ်ဟူ၍ငင်း၊မှတ်တမ်းတင်၍မထားရ၊

၄။ အစိုးရ၏ တိုင်းရေးပြည်ရာ အခမ်းအနားသဘင်၌ငင်း၊ အစိုးရအသိအမှတ်ပြုသော၊ အများပြည်သူနှင့်ဆိုင်သည့်အခမ်းအနားသဘင်၌ငင်း။ ဘာသာရေးနှင့်ပတ်သက်သောအလုပ်များမပါရ၊

၅။ ဘာသာရေးနှင့်ပတ်သက်သော၊ ပွဲလမ်းသဘင်ကိစ္စအဝဝတို့ကို၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို မထိခိုက်သမျှ ကာလ ပတ်လုံး၊ သို့တည်းမဟုတ်၊၎င်းကိစ္စများကို ဆောင်ရွက်ခြင်းအားဖြင့်၊ အခြားသော လူတို့၏ အခွင့်အရေးကို မပိတ်ပင်မစော်ကားသမျှ ကာလ ပတ်လုံး၊ အစိုးရသည် တာဝန်ယူ၍ခွင့်ပေးလေသည်၊ ၎င်းကိစ္စမျိုးတွင်၊ နယ်အရာရှိ များသည်၊ ငြိမ်ဝပ် ပိပြားရေးနှင့်, ချမ်းရေးကိုကာကွယ်ရန် လုံးဝအခွင့်အာဏာ ရရှိလေသည်၊

၆။ မည်သူမျှ ဘာသာရေးကို အကြောင်းပြု၍၊ ရပ်ရေး,ရွာရေး,တိုင်းပြည်ရေးအတွက် ဆောင်ရွက်ရန်ကိစ္စကိုမငြင်းဆန်နိုင်၊ချွင်းချက်အရငြင်းဆန်သောကိစ္စအစား၊ အခြားကိစ္စကိုဆောင်ရွက်နိုင်လေသည်။ ၎င်းကဲ့သို့ဆောင်ရွက်နိုင်ရန်၊ တိုင်းသူပြည်သားများက ဖွဲ့စည်းတင်မြှောက်ထားသော ရုံးကဆုံးဖြတ်ရမည်၊

၇။ ဘာသာရေးကို အဓိက ထား၍၊ ကျမ်းကျိန်ဆိုသောစနစ်ကို ပယ်ဖျက် ပြီးလျှင်၊ ဂတိသစ္စာဆိုသောစနစ်ကိုအသိအမှတ်ပြုလေသည်၊

၈။ မွေးဖွားရေး, သေရေး, လက်ထပ်ရေး, တို့ကို တရားမ, အရာရှိများကသာ မှတ်ပုံစာရင်းသွင်းနိုင်သည်၊

၉။ စာသင်ကျောင်းများကို၊ဘုရားရှိခိုးကျောင်းများနှင့်ခွဲလိုက်သည်၊ဘာသာရေးကိုအစိုးရကတည်ထောင်သော ကျောင်းများ တွင်ငင်း၊ တိုင်းသူပြည်သားက တည်ထောင်သော ကျောင်းများတွင်ငင်း၊ဦးပိုင်ကျောင်းများတွင်ငင်းမသင်ရ၊

၁၀။ ဘာသာရေးနှင့် ပတ်သက်သော အသင်းအဖွဲ့အစည်း မှန်သမျှကို၊အခြားအသင်းအပင်း အဖွဲ့အစည်းနည်းတူခံစားခွင့်ပေးလေသည်။သို့သော်လည်း၊ အစိုးရအဖွဲ့မှသော်ငင်း၊ ဒေသန္တရအဖွဲ့များမှသော်ငင်း၊ ထောက်ပံ့ကြေးငွေ၊ သို့မဟုတ် ပိုမိုသောအခွင့်အရေးတို့ကို ရလိမ့်မည်မဟုတ်၊

၁၁။ ဘာသာရေး အသင်းအဖွဲ့အစည်းများ၏ အကျိုးကျေးဇူးအတွက် ငွေကြေးကောက်ခံခြင်း မပြုရ၊ ဘာသာရေး အသင်းအဖွဲ့အစည်း များကလည်း မည်သူတဦးတယောက်အပေါ်မျှအဖြစ်ပေးခြင်း ဒဏ်ခတ်ခြင်းမပြုရ၊

၁၂။ ဘာသာရေး အသင်းအပင်း အဖွဲ့အစည်းများသည် ဦးပိုင်ပစ္စည်းကို မပိုင်ဆိုင်ရ။ ၎င်းမြင်၊ တရားသူကြီး များသာ သုံးပိုင်သော အာဏာကို မပိုင်ဆိုင်မသုံးရ။

၁၃။ လက်ရှိ ဘာသာရေး အသင်းအဖွဲ့အစည်းများ၏ ပစ္စည်းများသည်၊ တိုင်းသူပြည်သားတို့၏ ပစ္စည်းများဖြစ်လေသည်။ ဒေသန္တရ အဖွဲ့များကသော်၎င်း၊ အစိုးရ အဖွဲ့က သော်၎င်း၊ အထူး အမိန့်အာဏာအရ၊ ရှိခိုးပူဇော်ရန် ပြုလုပ် ထားသော အဆောက်အဦးနှင့် ပစ္စည်း များကို အခွန်အခ မယူဘဲ၊ ဘာသာရေး အသင်း အဖွဲ့အစည်းများ၏လက်အောက်တွင်ထားနိုင်သည်။

ကမ္ဘာကိုဖန်ဆင်းသော၊ ကောင်းကျိုး မကောင်းကျိုးတို့ကို ဖန်ဆင်းသော ဘုရားသခင်ကို ယုံကြည်ခြင်းအားဖြင့်၎င်း၊ အိပ်နေပြီးကံကို ပုံအပ်ထားသော အယူဝါဒကို ယုံကြည်ခြင်း အားဖြင့်၎င်း၊ လူဘို့၏ နေရေး၊ ထိုင်ရေး၊ စားသောက် ရေးကို၊ ဆင်းရဲခြင်း ဘဝမှ လူတန်းစေ့ နေနိုင်ခြင်းဘဝသို့ ပြုပြင်ပြောင်းလဲ နိုင်လိမ့်မည်မဟုတ်၊ "ဘယ်သူမပြု မိမိမှု" ဆိုသကဲ့သို့ ကိုယ့်တာဝန် ကိုယ်ထမ်းမှသာပြီးမြောက်နိုင်လိမ့်မည်။

ခေတ်ရှင်များနှင့် ခေတ်ရှင်တို့၏ လက်ပါးစေ များသည် လူမျိုးရေး တရားနှင့်သည်း ဝါဒသစ်များကို တိုက်ခိုက်ကြသေး၏။ လက်အောက်ခံ နိုင်ငံများတွင်၊ ခေတ်ရှင်တို့၏ လက်တွင်း၌ လူမျိုးရေးတရားသည်၊ ဆင်းရဲသား တို့အား နှိမ်နင်းရန် အကောင်းဆုံးသော လက်နက်ကြီး သဘွယ်ဖြစ်လေသည်။ အုပ်စိုးသောခေတ်ရှင်တို့သည်၊ လက်အောက်ခံနိုင်ငံများတွင် ဘာသာရေးကို အဓိကထား၍၎င်း။ လူမျိုးရေးကိုအဓိကထား၍၎င်း၊ ပရိုးနှစ်ဘက်ခြား ခေါင်းပေါက်သော လူမျိုးချင်း ဘုလျက်နှင့်၊ ၎င်းတို့၏ အကျိုးစီးပွားအခွင့်အရေးကို ခွဲခြမ်း၍ကာကွယ်သောအနေဖြင့်လူမျိုးခွဲခြား၍ထားလေသည်။

ဆိုရှယ်လစ်ဝါဒ၊ ကော်မြူနစ်ဝါဒတို့သည်။ လူမျိုးရေးပြဿနာကို မည်ကဲ့သို့ ရှင်းမည်နည်းဟု အမေးပုစ္ဆာ ပေါ်ပေါက်၍ လာလေသည်။ အဖြေသည်ကား၊ ခေတ်ရှင်စံနစ်ကွယ်ပျောက်သည့်နေ့တွင်၊ လူမျိုးရေး ပြဿနာသည် ကွယ်ပျောက် သွားနိုင်ကြောင်းကို၊ အောက်ပါဆိုရှယ်လစ် ရုရှားနိုင်ငံအုပ်ချုပ်ရေး အခြေခံဥပဒေပုဒ်မများကသက်သေခံလေသည်။

ပုဒ်မ ၁၂။ အလုပ်မလုပ်သောသူသည် ထမင်းမစားရဟုဆိုသည့်ဝါဒအတိုင်း။ အလုပ်သည် ယူ၊ အက်စ်၊ အက်စ် အာရ်တွင် အရည်အချင်းနှင့် ပြည့်စုံသော လူတို့ အတွက် တာဝန်နှင့်ဂုဏ်ဖြစ်လေသည်၊

ပုဒ်မ ၁၁၈။ ယူ၊အက်စ်၊အက်စ် အာရ်၊တိုင်းပြည်သား တိုင်းလက်ရှိအလုပ်လုပ်ကိုင်ခွင့်ရနိုင်သည် (U.S.S.R. ယူ၊ အက်စ်၊ အက်စ်၊ အာရ်၊ Union of Soviet Socialist Republic ခ်ီဗီယက်၊ဆိုရှယ်လစ် သမတနိုင်ငံပြည်

ထောင်ရ၊)၍သို့လုပ်ကိုင်သည့်အတွက် အလုပ် ဦးရေနှင့် အမျိုး အစား အလိုက် အကျိုးခံစားရမည်။

ပုဒ်မ ၁၃၀။ ယူ၊ အက်စ်၊ အက်စ်၊ အာရ်၊ တိုင်းပြည်သားတိုင်း၊ ယူ၊ အက်စ်၊ အက်စ်၊ အာရ်၊ တိုင်းပြည်တိုင်း၏ အုပ်ချုပ်ရေး အက်ဥပဒေကို လိုက်နာ ရမည်။ ဥပဒေ အတိုင်း ဆောင်ရွက် ရမည်၊ အလုပ် စည်းကမ်း သေဝပ်ရမည်။ တိုင်းပြည်၏တာဝန်ကိုဖြူစင်သောစိတ်နှလုံးဖြင့်ဆောင်ရွက်ရမည် ဆိုရှယ်လစ် လူအစုအဝေး၏ စည်းကမ်းကိုရိုသေရမည်။

ပုဒ်မ ၁၃၁။ ဆိုရှယ်လစ် ပစ္စည်းများသည်၊ ဆိုရှယ် စံနစ်ကြီး၏အုတ်မြစ်ကြီး ဖြစ်သည့်လျော်ညီစွာ၊ ယူ၊အက်စ်၊ အက်စ်၊ အာရ်၊တိုင်းသူပြည်သားတိုင်း ကာကွယ်ရမည်၊ ခိုင်ခံ့အောင်လုပ်ရမည်။

ဆိုရှယ်လစ် ပစ္စည်းများကို ပျက်စီးယိုယွင်းရန်ပြုလုပ်သောသူသည်၊တိုင်းသူပြည်သားတို့၏ရန်သူဟုအယူရှိရမည်။

ပုဒ်မ ၁၃၂။ လူတိုင်း လူတိုင်း စစ်မှုတွင် ဝင်ရောက်ထမ်းဆောင်ရမည်။

ပုဒ်မ ၁၃၃။ အဖတိုင်းပြည်ကြီးကိုကာကွယ်ရန်၊ယူ-အက်စ်၊အက်စ်၊အာရ်၊ တိုင်းသူပြည်သားတိုင်း၏တာဝန်ဖြစ်လေသည်၊ တိုင်းပြည်အပေါ်တွင် သစ္စာမဲ့သောလူကို(ဆိုသောသစ္စာကိုဖေါက်ဖျက်ခြင်း၊ ရန်သူဘက်သို့ပါခြင်း၊တိုင်းပြည်၏ စစ်အင်အားကိုပျက်စီးအောင် လုပ်ခြင်း၊) ကြီးလေးဆုံးသော ရာဇဝတ်မှုကို ကျူးလွန်သည်ဟု အပြစ်ဒဏ်ပေးလိမ့်မည်။

ဥပဒေပြု အဖွဲ့အစည်း များကိုရင်း၊ ဒေသန္တရ အဖွဲ့အစည်းများကိုရင်း၊ တင်မြှောက်ရာ တွင်လည်း၊ မဲဆန္ဒပိုင်ခွင့်မပေးပိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါ အတိုင်းပေး ဥပဒေပြုလုပ်ထားလေသည်။

အောက်ပါလူတို့သည်၊ မဲဆန္ဒပေးပိုင်ခွင့် သော်ရင်း၊ ထိုအဖွဲ့များသို့ တက်ရောက်ရန် အရွေးခံနိုင်ခွင့်သော်ရင်း၊ မရှိပေ။

(က) အမြတ်ရရန် အငှါးအလုပ်သမားကို ခိုင်းစေသောလူများ။

(ခ) ငွေရင်းမှရသောအတိုး၊စက်မှုလက်မှုလုပ်ငန်းတည်ထောင်၍ ရသော ဝင်ငွေ၊ မြေရာ များမှ ဝင်ငွေအပေါ်တွင် မှီ၍ စားသောက် နေထိုင်သောလူများ။

(ဂ) ဦးပိုင်ကုန်သည် များနှင့် ပွဲခစား ကိုယ်စားလည်များ။

(ဃ) ဘာသာရေးဘုန်းကြီးများ။

(င) ဈေးအစိုးရ လက်ထက်တွင် အမှုထမ်းခဲ့သော

ပုလိပ်အမှုထမ်းများ၊ ရုံထောက်များ၊ အစိုးရ အဖွဲ့တွင်ပါဝင်သောလူများ၊

(စ) စိတ်မနှံ့သောလူများ၊ အုပ်ထိမ်းခြင်းမလွတ်ကင်းသောလူများ၊

(ဆ) မဲပေးပိုင်ခွင့်၊ အရွေး ခံနိုင်ခွင့်ကို အချိန်ကန့်သတ်၍ထားသော မကောင်းမှုများဖြင့် အစိုးရ အပြစ်ဒဏ်ခံရသောလူများ၊

လူတို့သည် အယူဝါဒမှန်ကိုလက်ကိုင်ရသဖြင့် ချမ်းသာခြင်းလွတ်ကင်းသော ဒုက္ခကို၊ တကာယတန်း ဒုက္ခမှန်းသိကြသောအခါ၊ အပိန္နာဖုံးအုပ်၍ နေသော ဒုက္ခဘုံတွင်ပျော်ပိုက်၍ မနေတော့ဘဲ၊ သုခကိုရှာဖွေ ကြံဆတော့မည်မှာအမှန်ပင် ဖြစ်လေသည်၊ ယခုအခါတွင် သုခဘုံသည် ဈေးကတဲ့သို့ ဥာဏ်ဖြင့် ဆင်ခြင်မှသာ သိမြင်နိုင်သောအရာမဟုတ်၊ လက်ငင်းဒိဋ္ဌတွေ့ကြုံ၍နေကြရလေပြီ၊ ဤသုခဘုံမျိုးကိုတနေရာ တရပ်မှာသာမဟုတ်၊ တကမ္ဘာလုံးတွင် ဖန်ဆင်းနိုင်ရန်၊ ဆင်းရဲသား တိုင်းကြီးစားအားထုတ်ရန်တာဝန်ဖြစ်လေသည်၊

ဤစာအုပ်ကို ဂျာမနီသည် ပိုလန်ကို စစ်မတိုက်မှီရေးသားထားသော စာအုပ် ဖြစ်လေသည်၊ ထို့ကြောင့်-စစ်ဖြစ်ရမည်ဟုစကားဦးသန်း၍ထားသည်ကို၊ စာဘတ်သူတိုင်းစာအုပ်တွင် ဘတ်ရပေလိမ့်မည်၊ ဆိုရှယ်လီဇင်ကော်မြူနီဇင်ကို ယုံကြသော လူတိုင်း၊ ခေတ်ရှင် စံနစ်လက်အောက်တွင် (၁) ခေတ်ရှင်နှင့် အလုပ်သမား၊ (၂) ခေတ်ရှင်နှင့်ခေတ်ရှင်၊ (၃) အုပ်စိုးသော တိုင်းပြည်နှင့် လက်အောက်ခံ

တိုင်းပြည်, စသည့်ပဋိပက္ခအချက်ကြီး၃-ချက်ရှိကြောင်း သိသဖြင့်၊ စစ်ဖြစ်ရမည်မှာအမှန်ဟု တထစ်ချပြောနိုင်၏၊

ယခုအခါ "ယူ၊ အက်စ်၊ အက်စ်၊ အာရ်" နိုင်ငံကို၊ ရုရှားနိုင်ငံဟု ခေါ် ဝေါ် နေကြခြင်းသည် စင်စစ် မှားလေသည်၊ ဤစာအုပ်တွင်လည်း၊ ထိုနိုင်ငံကိုရုရှားနိုင်ငံဟု ရေးသား၍ထားလေသည်၊ ဗမာ ပြည်တွင် "ယူ၊ အက်စ်၊ အက်စ်၊ အာရ်" ဟု ခေါ်မည့်အစား၊ ရုရှားနိုင်ငံဟုခေါ် မှသာလျှင်၊ လူတို့သည်နားလည်ကြလေသည်၊ ရုရှားနိုင်ငံကို ၁၉၂၂ ခု၊ နယ်ပေါင်းချုပ် စာချုပ်အရ၊ ယူ၊ အက်စ်၊ အက်စ်၊ အာရ်၊ (U.S.S.R. Unionof Soviet Socialist Republic) ဟု ခေါ် တွင်လေသည်၊

"သခင်ဗိုလ်း"

အခန်း—၁။ STATE

## အစိုးရ

လူတို့သည် တိုင်းပြည်တွင် ပေါင်းသင်းဆက်ဆံရေး အခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ စီးပွါးရေးအခြေအနေ တို့၏အကြောင်းကို ရှုစမ်းရှာဖွေဆွေးနွေးရာ၌၊ အစိုးရ၏ အကြောင်းကို မကြာခဏပြောဆို ညွှန်ကြားလေ့ ရှိလေသည်။ အကယ်၍သာ တိုင်းပြည်၌အဖုံးရမရှိလျှင်၊ ပေါင်းသင်းဆက်ဆံရေး, စီးပွါးရေး, နိုင်ငံရေး အခြေအနေတို့သည်၊ လူတို့မတွေးဝံ့သော ဘဝသို့ ရောက်မည်ကိုယုံကြည်ကြ ပြီးလျှင်၊ ထိုအခြေ အနေတို့၏ ကောင်းမွန်ရေး အတွက်၊ အစိုးရကိုချွင်းချက်မရှိ အားကိုးအားထားပြုကြလေသည်။ အစိုးရသည်နိုင်ငံရေး ဆရာတို့၏ယူဆချက်အတိုင်းဆိုလျှင်၊ အုပ်စိုးခြင်းကိုဆောင်ရွက်နိုင်သောအဖွဲ့ဖြစ်လေသည်။ (State is an institution by which the Government is carried out) ထို့ကြောင့်- လူတို့၏ အကျိုးငှာ အစိုးရ၏ဆောင်ရွက်ရန် တာဝန်ဝတ္တရားများ၊ အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ ၎င်း၏လက်အောက်တွင် မှီတင်းနေထိုင်ကြသော လူတိုင်းအား၊ အမျိုး, အတန်းအစား၊ ဘာသာမရွေး၊ ၎င်းတို့၏ အခြေအနေ တို့ကို၊ ကောင်းသည်ထက် ကောင်းရန် ဖန်တီးနိုင်သောအခွင့်အရေးကိုညီတူညီမျှပေးရသည်။

၂။ လူတိုင်းအား၎င်းတို့၏ အခြေအနေကို ဆွေးနွေး ဖန်တီးရန်တာဝန်ဝတ္တရားကိုအပ်နှင်းထားရမည်၊

၃။ လူတတန်း စားနှင့် တတန်း စား ကိုသော်၎င်း၊ တမျိုးနှင့်တမျိုးကိုသော်၎င်း၊ တဘာသာနှင့်တဘာသာ ကိုသော်၎င်း၊ တဦးနှင့်တဦး စိတ်သဘောညီညွတ်မှုတစွာ နေနိုင်ရန်လည်းစီမံဆောင်ရွက်ရမည်။



အစိုးရသည် ထိုကဲ့သို့သောနည်းစံနစ်မျိုးနှင့်၊ ၎င်း၏ လက်အောက်တွင်ရှိသော တိုင်းသူ ပြည်သား များအား၊ လူတို့၏ ခံစားခွင့် ခံစားထိုက်သော အခွင့်အရေးများကို ရရန်အရင်ပိုးကြလေသည်။ ဤကဲ့သို့လူတို့၏ အခွင့်အရေး ကိုရသဖြင့်သာ၊ လူတို့သည်, လူတလုံး,သူတလုံးအံ့နေနှင့်၊ လူချင်းတူတူ, သူချင်းမျှမျှ, မိမိတို့၌ ရှိသော သတ္တိထူး, သတ္တိကောင်းမှန်သမျှကို၊ စွမ်းအားရှိသလောက် တိုးပွါး ထင်ရှားစေနိုင်လေသည်။

သို့သော်လည်း-ကမ္ဘာပေါ်တွင်၊ အတိုင်းတိုင်း,အပြည် ပြည်ရှိ အစိုးရတို့၏ သဘောထားပုံ အခြေအနေ တို့ကို ကြည့်လျှင်၊ ရည်ရွယ်ချက်နှင့် လက်ရှိအဖြစ်အပျက်တို့မှာ များစွာကွာခြားကြောင်းကို တွေ့ရပေလိမ့်မည်။ နိုင်ငံရေး ဆရာအချို့နှင့်, နိုင်ငံရေးအခြေခံအကြောင်းကို ရေးသား နေကြသော ပညာရှိ ပုဂ္ဂိုလ်တို့သည်၊ လက်ရှိ အဖြစ်အပျက်တို့ကိုကြည့်၍၊ မှန်းခြေဖြစ်သော လူတိုင်းလူတိုင်းတို့ ၏အခွင့် အရေးကို ခံစား၍၊ လူတို့၏ သတ္တိထူး, သတ္တိ ကောင်းကို စွမ်းဆောင်နိုင်သဖြင့်၊ တိုးပွါးထွန်းကားစေ နိုင်သော အခြေ အနေသို့ ရောက်ပင် မရောက် ငြားသော်လည်း၊ လက်ရှိအခြေအနေကိုကြည့်ခြင်းအားဖြင့်၊ ထိုမှန်းခြေသို့ရောက်ရန်ကြိုးစားနေကြသည်ဟုပြောကြရေး ကြလေသည်။ ၎င်းတို့၏ အယူအဆမှာ၊ ယခုခေတ်တွင်

တွေ့ကြုံ ခံစားနေကြရသော အခြေ အနေသည်၊ ရှေးနှစ်ပေါင်းတရာလောက်ကရှိသော အခြေအနေထက် များစွာကောင်းမွန်သဖြင့်၊ ရှေ့လာမည့် အခြေအနေသည် ယခုအခြေအနေထက် ပိုမို၍ ကောင်းပေလိမ့်မည်။ ဤကဲ့သို့တွေးထင်ယူဆနေကြသောလူအပေါင်းတို့သည်၊ မိတ်ကူးနှင့်ရူးကြသောလူများဖြစ်ကြလေသည်။ အဘယ့်ကြောင့်ဆိုသော်-မမြဲသော သဘောအားဖြင့်၊ မိနစ်,စက္ကန့်မဆိုင်းပြောင်းလဲ ဖေါက်ပြန် နေသော နိုင်ငံရေး အခြေအနေကိုကြည့်ခြင်းအားဖြင့်၊ မိတ်ကူးနှင့်ရူး၍နေသော လူပညာရှိကြီးများ၏အယူအဆ နှင့်၊ လက်ရှိအခြေအနေသည်၊ ပြော၍မဆုံးကွာခြား၍နေကြောင်းသိရလေသည်။ အကယ်၍ထိုပညာရှိကြီးများ ဥာဏ်ကစားသည့် အတိုင်း၊ အစိုးရဖြစ်ပေါ်၍နေသည်ရှိသော်၊ လောကတွင် လူတို့အားနှိပ်ကွပ်ရန် ထားသော၊ စစ်ဘက် ဌာန, ပုလိပ်ဘက် ဌာန, အကျဉ်းထောင်ဌာန, တရားဌာနတို့သည် ရှိပေလိမ့်မည်မဟုတ်၊ ယခုခေတ်၌-အတိုင်းတိုင်း အပြည်ပြည်တွင်၊ ထိုဌာနတို့သည် တနှစ်ထက်တနှစ် ပိုမိုကြီးကျယ်များပြား၍လာလေသည်။ အဘယ့်ကြောင့်ဆိုသော် "လက်ရှိစစ်တပ်ကြီးများနှင့်ပုလိပ်တို့သည် အစိုးရတန်ခိုးအာဏာ၏လက်နက် ကိရိယာ တန်ဆာ ပလာများ ဖြစ်လေသည်*။ စစ်တပ်ကြီးများ, ပုလိပ်အဖွဲ့များ, ထောင်များ, တရားရုံးများမရှိလျှင်၊ အစိုးရလည်းရှိနိုင်တော့မည်မဟုတ်ပေ။

* State And Revolution by Lenin



ယခုလက်ရှိ နိုင်ငံရေးအခြေအနေတို့ကို ကြည့်သော်၊ လူတို့သည်စာပြောနှင့်လွမ်းနေရသောအစိုးမျိုးနှင့်တွေ့ကြုံနေရသည် မဟုတ်ဘဲ၊ စင်စစ်အားဖြင့် အစိုးရသည် လက်တဆုပ် သောက်သော လူတို့၏ လက်ထဲသို့ ထင်သလိုချယ်လှယ်နိုင်ရန် ကျရောက်နေပြီးလျှင်၊ ထိုလူတစုတို့က ၎င်းတို့၏အကျိုးစီးပွါးကိုကြည့်လျက် "မိတ်ကြိုက်အစိုးရ" ဖြစ်ဖြင်ဖန်တီး ထားကြကြောင်းကို၊ ကွက်ကွက်ကွင်းကွင်း တွေ့မြင်ကြရလေသည်။ အများအားဖြင့် "ဒီမောကရက်တစ်နိုင်ငံ" ဟု ခေါ်တွင်နေသော နိုင်ငံများတွင် သာ၍ထင်ရှားလေသည်။ ဒီမော်ကရေစီစံနစ်ကို အသက်,သွေး,တို့နှင့် ကာကွယ်မည်ဟု တစာစာကြွေးကြော်နေသော နိုင်ငံများ၌၊ လက်တဆုပ် သောက်သော လူတို့လက်ထဲ၌သာ တိုင်းပြည်၏ ကံကြမ္မာ တည်ရှိလေသည်။

ဗမာပြည်၌လည်းထိုနည်းတူစွာ မည်ကဲ့သို့သောအုပ်ချုပ်ရေးကို ပေးစေကာမူ၊ အစိုးရ၏ အနှစ်သာရ သဏ္ဍာန်မပြောင်းသမျှ ကာလပတ်လုံး၊ လူနည်းစုတို့ လက်တွင်း၌သာလျှင်၊ တတိုင်းတပြည်လုံး၏ ကံကြမ္မာသည်ကျရောက်၍နေလေသည်။ ထို့ကြောင့်- မည်သည့်အစိုးရပင်ဖြစ်စေကာမူ၊ ထိုအစိုးရ၏ ပင်ကိုယ်သဘောသည်ကား၊ လက်တဆုပ်သောက်သော လူနည်းစုသည်၊ ၎င်းတို့ အပေါ်၌ လူအများ ရှိသေ ကိုင်းရှိုင်း ညီညွတ် စေခြင်းငှာ ဖြိုရန် ဝဂ္ဂရေးဖြစ်လေသည်။ ကိုင်းရှိုင်းရန်လုပ်သောနည်းသည်ကား၊ လူနည်းစုသဘောသာ ဖြစ်လေသည်။ မည်ကဲ့သို့

သောနည်းဖြင့် ပြုလုပ်သည်ဖြစ်စေ၊ ထိုနည်းသည် တရားသောနည်းဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်၊ ကိုင်းရှိုင်းရှိသောခြင်းသာလျှင်ပမာဏဖြစ်သောကြောင့်တည်း။

လူအများ ပေါင်းသင်း ဆက်ဆံ၍ နေနိုင်ရန် အများသောလူတို့သည် အနည်းငယ်သော လူတရ၏ အကျိုးကျေးဇူးအလို့ငှါ၊ ၎င်းတို့၏ကောင်းကျိုး ချမ်းသာခြင်းကို စွန့်လွှတ်ရန်။ အနစ်နာခံရန် လိုအပ်သည်ဟု အချို့သော လူတို့သည် ယုံကြည် ကြလေသည်။ 'ကားလ်မတ်စ်'ပင်လျှင် လက်ရှိ အစိုးရကို မြင်ခြင်းအားဖြင့်၊ ထိုယူဆချက်သည်လက်ငင်းအခြေအနေနှင့် များစွာကိုက်ညီကြောင်း တွေ့ရလေသည်။ ဤကဲ့သို့ဖြစ်ရခြင်းအကြောင်းရင်းမှာ၊ လူတို့သည် လူအတန်းအစား ခွဲခြားပြီးလျှင်၊ တတန်းစားက တတန်းစားအားအနိုင်အထက်ပြုလုပ်၍ နေသောကြောင့် ဖြစ်လေသည်။ ထိုသို့အနိုင်အထက်ပြုလုပ်ခြင်းခံရသဖြင့်၊ ထိုအပြုခံရသော လူတို့သည် နောင်တမလွန် ဘဝတွင် ကုသိုလ်ရကောင်းရလိမ့်မည်ဟုယူဆပေလိမ့်မည်။

ယခုလူတို့၏ ပေါင်းသင်း ဆက်ဆံရေးသည်၊ ဆင်းရဲသား အလုပ်သမားများ အပေါ် တွင်၊ ဓနရှင် တို့သည်၊ လက်ဝါးကြီး အုပ်၍၊ အမြတ်ကြေးငွေကို ယူသောစံနစ်ကြီး ပေါ်တွင်တည်ရှိလေသည်။ ထိုကဲ့သို့ အမြတ်ကြေးငွေကိုယူနိုင်သ၍ ယူနိုင်ရန်၊ ဓနရှင်တို့သည် ၎င်းတို့၏ လက်တွင်း၀ယ် ကုန်စည်များကို ဖြစ်စေနိုင်သော ပစ္စည်းမှန်သမျှကို ထားလေသည်။ ထိုပစ္စည်းများကိုဆင်းရဲသားအလုပ်သမားများသည်မည်သို့မျှမပိုင်ဆိုင်ကြချေ။ အလုပ်



သမားတို့၏၀တ္တရားသည်ကား၊ ဓနရှင်တို့၏အာဏာတန်ခိုးကိုရှိသေရန်သာ ဖြစ်လေသည်။ ထိုကဲ့သို့ ဓနရှင်တို့အား ကြောက်ရွံ့ရိုသေရသဖြင့်၊ အလုပ်သမားတို့သည်၎င်းတို့၏ အလုပ်တန်ဘိုးကို၊ ဓနရှင်တို့သဘောကျအတိုင်းဖြတ်တိုင်းခံရလေသည်။

ထို့ကြောင့်၊ ဆင်းရဲသားအလုပ်သမား တို့သည်ကုန်စည်များကို၊ ဖြစ်စေသော ပစ္စည်း များကို ပိုင်ဆိုင်ရေးနှင့်၊ မည်သို့မျှမပတ်သက်ရုံသာ မက၊ ၎င်းတို့၏ ၀တ္တရားသည်ကား ထမင်း တလုပ် စားရန် အတွက် "အလုပ်သတ္တိကို" ဓနရှင် ကြိုက်ဈေးနှင့် ရောင်းရကြောင်းကို သိကြသဖြင့်၊ မခံမရပ်နိုင်ဖြစ်ပြီးလျှင်၊ အခြေ အနေဆိုးစံနစ်ကြီးကို၊ ပြုပြင် ပြောင်းလဲရန်၊ ကြံစည် အားထုတ်ကြလေသည်။

သို့ပါသော်လည်း ဓနရှင်လက်အောက်တွင်တော်လှန်ရန်ကန်ရေးနှင့်၊ သက်ဆိုင်သော ဥပဒေများနှင့်၊ အကြံညှိုမျက်မှုနှင့် သက်ဆိုင်သောဥပဒေများ၏ သဘောသည် တော်လှန်ရန်နှင့်၊ ငွေကြေးရှင်အတန်း အစားအား အဖြစ်ပြောရန် အခြေအနေသို့ မရောက် နိုင်ရန်၊ ပြုလုပ်၍ထားလေသည်*။ ရာဇဝတ်ဥဒေပင်လျှင်၊ ဥစ္စာ ပစ္စည်းကိုစောင့်ရှောက်သလောက် လူ၏အသက်ကို မကာကွယ်ပေ။ ထို့ကြောင့်- ဓနရှင်စံနစ် လက်အောက်တွင်၊ ဥစ္စာပစ္စည်းကို ခိုးတိုက် လုယူသော လူသည် လူ၏ အသက်ကို ရန်ရှာသောလူထက်ဥပဒေအရအပြစ်ဒဏ်ခံရလေသည်။

* Communism by Laski

ခေတ်ရှင်တို့အား ဆင်းရဲသား အလုပ်သမား များသည် ထမင်းတလုပ် အတွက်နှင့် ကျွန်သဘွယ် ကျိုးနွံရိုသေစွာလုပ်ကျွေးသမှုပြုလုပ်ရန် မည်ကဲ့သို့ စီမံထားသည်ကို ဖေါ်ပြပေအံ့။ ခေတ်ရှင်တို့သည် ဆင်းရဲသားတို့အား အချိန်မရွေးခိုင်းနိုင်ရန်၊ အစိုးရကို လက်ကိုင် ထားလေသည်။ ထိုကြောင့် 'ဆင်းရဲသား များကို နှိမ်နင်းရန် ခေတ်ရှင်တို့သည် ၎င်းတို့၏လက်တွင်းဝယ်ထားသောအားကိုအစိုးရဟုခေါ်ဆိုသည်' ဟုလင်စကီကရေးသားလေသည်။ ထိုသို့ခေတ်ရှင်တို့သည် နှိမ်နင်း နိုင်သော အားကို လက်ထဲတွင် ထားခြင်းသည်ခေတ်ရှင်တို့၏လက်ထဲ၌ အမြဲတန်းကုန်စည်များကို ဖြစ်စေနိုင်သော ပစ္စည်းများကို ထားရှိနိုင်ရန် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ထိုပစ္စည်းများသည် ခေတ်ရှင်တို့၏ လက်ဝယ်တွင်မရှိသည့်နေ့၌၊ခေတ်ရှင်သည်ခေတ်ရှင်ဘို့၏ စည်းစိမ်ကို မခံစား နိုင်တော့ဘဲ။ ဆင်းရဲသားတို့၏ အတန်းအစားသို့ ကျရောက်မည်မှာ မလွဲပေ။ ထို့ကြောင့်-ခေတ်ရှင်တို့သည် ၎င်းဘို့၏ အကျိုးစီးပွါးကို ကာကွယ်ရန်၊ ရုံးများ,ဂါတ်များ,စစ်ဘပ်များကို တည်ထောင်ထားရသေသည်။ "ခေတ်အစိုးရသည် ခေတ်ရှင်စံနစ်အရကုန်စည်များကို ဖန်ဘည်းသောနည်းကို ဆင်းရဲသားအလုပ်သမား များကသော်၎င်း၊ တဦးတယောက်သောခေတ်ရှင်ကသော်၎င်း၊ နှောက်ယှက်ခြင်း ဘေးရန်မှ ကာကွယ်နိုင်သောအဖွဲ့ဖြစ်လေသည်။ ထို ကြောင့်ခေတ်သစ်အစိုးရသည် မည်ကဲ့သို့သော သဏ္ဍာန် ရှိစေကာမူ၊ ခေတ်ရှင်ကြီးတို့၏ စက်ကြီးသဘွယ်ဖြစ်သဖြင့်၊ ခေတ်ရှင်အပေါင်းတို့၏



အစိုးရသာ ဖြစ်လေသည်။*" ထိုအစိုးရစက်ကြီး တွင်ပါဝင်ဆောင်ရွက်သောလူများသည်လည်းခေတ်ရှင်များနှင့်ခေတ်ရှင်များခိုင်းစေကောင်းမည့် သက်ပါးစေများသာဖြစ်လေသည်။ 'ကားလ်မတ်စ်'သည်ထိုကြောင့် ဘုံဝါဒကျေညာစာတမ်း¶ ထဲတွင် "ခေတ်အစိုးရ၏ အလုပ် အမှုဆောင်အဖွဲ့သည်ခေတ်ရှင်အပေါင်းတို့၏သဘောတူကိစ္စအဝဝကိုဦးစီးဦးကိုင် ဆောင်ရွက်မည့်လူ့ဘဝဖြစ်သည်" ဟု အတိအလင်း ဆိုထားလေသည်။ ဤကဲ့သို့သော အစိုးရသည်ယခုမှသာ ပေါ်ပေါက် လာသည်မဟုတ်ပေ။ ရှေးမတိုင်းပြည်ကြီး ဘောင်းစား သော ရောမ ခေတ် လက်ထက်၌လည်း၊ယခုသက်ရှိအလုပ်သမားများကိုနှိမ်နင်းသကဲ့သို့၊ ကျွန်များကိုလည်း နှိမ်နင်းနိုင်ရန်အစိုးရမျိုး၊ထို့နောက် မြို့စားနယ်စားကြီးများ ခေတ်တွင်လည်း ၎င်းတို့၏နယ်ပယ်တွင်၊ လုပ်ကိုင်စားသောက်သောလူများ မတော်လှန်မပုန်ကန်နိုင်ရန် ဖိနှိပ်နိုင်သောအစိုးရမျိုးများ ပေါ်ပေါက်ခဲ့လေသည်။ လောကတွင်အမျိုးအတန်းအစားခွဲ၍ လူဘို့သည်နေရသ၍ကာလပတ်လုံး၊ အာဏာဘန်ခိုးနှင့် ချုပ်ကိုင်သောအစိုးရသည်ပေါ်ပေါက်ရပေလိမ့်မည်။

---

* Anti During by Engels.

¶ Communist Manefesto by Karl Marx.

အခန်း—၂။

## ဆိုရှယ်လစ်သမားတို့၏ယူဆချက်

ဓနရှင်စံနစ်လက်အောက်တွင်၊လူနည်းစုလက်တဆုပ်လောက်သော ဓနရှင်များ သာလျှင်၊*¶ ကုန်စည် များကို ဖြစ်စေသော ပစ္စည်းများ နှင့် ကုန်စည် များကို ဖလှယ်နိုင်စေသော §ပစ္စည်းများကို ပိုင်ဆိုင်လေသည်။ လူများရဆင်းရဲသားများသည် ဥစ္စာမဲ့များ ဖြစ်၍နေသဖြင့်၊ ဓနရှင်များထံ၌ ထမင်းတလုပ် စားရရန် အတွက်၊ ၎င်းတို့၏ ‡"အလုပ် လုပ်နိုင်သော အားသတ္တိ" ကို ရောင်းရလေ

---

* ကုန်စည်။ Commodity ကုန်စည်သည် အာရုံငါးပါး ခံစားနိုင်သောပစ္စည်းဖြစ်၍လူတို့၏ လိုအင်ဆန္ဒကိုဖြည့်ဆည်းနိုင်လေသည်။ ထိုပစ္စည်းသည် အလုပ်မလုပ်ဘဲရနိုင်ကောင်းသောပစ္စည်းမျိုးမဟုတ်ပေ။

¶ ကုန်စည်များကိုဖြစ်စေသောပစ္စည်း Means of Production

(၁) လုပ်ကိုင်ရမည့်ပစ္စည်းများ၊

(က) သဘာဝအလျောက်ဖြစ်ပေါ်သောပစ္စည်း၊သတ္တုရိုင်းများ။

(ခ) ကုန်ကြမ်းများ၊ဆန်၊ဝါဂွမ်း၊သိုးမွေး။

(၂) အလုပ်လုပ်ရာတွင်သုံးသော ကြိယာတန်ဆာများ၊ စျေး,ဆောင်အစရှိသည်တို့နှင့်စက်ရုံများ၊ ကုန်များသည် ဆောင်ရာဌာနများ။

§ ကုန်စည်များကိုဖလှယ်စေနိုင်သောပစ္စည်း Means of Exchange ဥပမာ-ဓနရှင်များ အသိအမှတ်ပြုသောငွေ။

‡ အလုပ် လုပ်နိုင် သော အားသတ္တိ Labour Power(အလုပ်အား သတ္တိ-အလုပ် စွမ်းရည်။) ထိုသတ္တိတွင် ကာယသတ္တိ, ဉာဏသတ္တိ နှစ်ခုစလုံးပါဝင်လေသည်။အလုပ်နှင့်လုပ်နိုင်သောအားသတ္တိ။

Labour and Labour Power တို့လည်းကွာခြားလေသည်။အလုပ်လုပ်နိုင်သော အားသတ္တိကိုနိုင်းမှသာလျှင် အလုပ်ဖြစ်နိုင်သည်၊ မနိုင်းလျှင်အလုပ်မဖြစ်နိုင်။အလုပ်မဖြစ်သဖြင့် တန်ဘိုးကိုမဖန်တည်းနိုင်။



သည်၊ထိုကဲ့သို့မှ အလုပ်လုပ်နိုင်သော အားသတ္တိ (အလုပ်သတ္တိ၊ အလုပ်စွမ်းရည်)ကို ဓနရှင်ထံ၌ မရောင်းခဲ့ပါမူ၊ ဆင်းရဲသားသည် ထမင်းတလုပ်စားရန်မဖြစ်နိုင်ချေ။ ဓနရှင်တို့သည် အသက်သွေးခဲဖြစ်သော ပစ္စည်းများကို မည်သူ့အားမျှပိုင်ဆိုင်ခွင့်မပေးဘဲ၊၎င်းတို့၏လက်ဝယ်၌သာ သျှင်ထားခြင်းသည် အမြတ်အစွန်း ရလို၍ကြောင့် ဖြစ်လေသည်။

ကုန်စည်များကိုလုပ်ရာတွင်၊ ဆင်းရဲသား အလုပ်သမားများသည်၊၎င်းတို့ *ကိုယ်ရေးအတွက် ကုန်ကျသော စရိတ်ငွေ အဘိုး ကျသည့် အလုပ် ထက် ပိုမို၍ လုပ်ရလေသည်။ ထိုပိုမိုလုပ်ရသော အလုပ်အတွက် ဓနရှင်သည်လုပ်ခကို အလုပ် သမားအား မပေးချေ။ ထို့ကြောင့် ဓနရှင်သည် လုပ်ခမပေးရဘဲ၊ အလုပ်ပို အချို့ကို အလကား ရလေသည်။ အလုပ်ပို လုပ်ရ ကြောင်းကို ဆင်းရဲသား များ သည် သိလျက် နှင့်ပင် ဓနရှင်တို့၏ တဦးကောင်း လက်ဝါးကြီး အုပ်နိုင်သော စံနစ်ကြောင့်၊ ထမင်းတလုပ်အတွက် မတတ်သာ၍ လုပ်ကိုင်ရလေသည်၊ အလကား အခမဲ့လုပ်ရသော အလုပ်သည် Free Labour §အပိုတန်ဘိုး ကိုဖန်တည်း လေသည်။

---

*ကိုယ်ရေး အတွက် ကုန်ကျသော စရိတ်ငွေ အဘိုး Means of Subsisteue အစားအဝတ်, နေအိမ် စသည့် လူတို့ သုံးဆောင်သော ပစ္စည်းများ။

§အပိုတန်ဘိုး Surplus Value ထိုအကြောင်းကိုနောက်အခန်းတွင်အကျယ်ချဲ့၍ရေးထားလေသည်။

ဓနရှင်တို့သည် အလကား ရသော "အပိုတန်ဘိုး" ထဲမှ တစိတ်တဒေသကို၎င်းတို့၏ ကိုယ်ရေးအတွက် အသုံးပြုလေသည်။ ကျန်အချို့ကို ၎င်းတို့၏ အလုပ်အကိုင်၌ သော်၎င်း၊ သို့တည်းမဟုတ် အခြားလူတို့၏ အလုပ်အကိုင်၌ သော်၎င်း၊ အရင်းပြုလုပ်၍ နောက်ဆုံးကျန်သော အစိတ်အပိုင်းကို ဓနရှင်စံနစ်ကြီးအား ကာကွယ် စောင့်ရှောက်နေသော လက်နက် ဌာနများ အပေါ်တွင် သုံးစွဲလေသည်။ ထို့ကြောင့် ဓနရှင်စံနစ်ကို ထောက်ခံနေသော၊ စစ်ဘက်ဌာန,ပုလိပ်ဌာန,တရားရုံးဌာန,အကျဉ်းထောင်ဌာန,ပဋိညာဉ်ခံဌာန, တို့ကို၊ ဓနရှင်၏ အလကားအခမဲ့ရသောအလုပ်တန်ဘိုးနှင့် ထောက်ပံ့ နေသည်မှာ များစွာထင်ရှားလေသည်။

ဓနရှင်စံနစ် လက်အောက်တွင်ရှိသော လူတို့၏ပေါင်းသင်းဆက်ဆံရေး အခြေအနေသည်၊ ရှေးစံနစ်များ လက်ထက်၌ ဖြစ်ပေါ်ခဲ့သော အခြေအနေနှင့် များစွာကွာခြားလေသည်။ အဘယ့်ကြောင့် ဆိုသော်၊ ယခုအခြေအနေသည်ကိုယ်ပိုင် သတ္တိစွမ်းအားနှင့် ပြုစုပျိုးထောင် ခဲ့သောကိုယ်ပိုင်ပစ္စည်းရှင်ကလေးများကို နှစ်ပေါင်းများစွာဖျက်ဆီးခဲ့၍၊ နေဝံဆုံးရောက်သော အခြေအနေဖြစ်လေသည်၊ ထို့ကြောင့်၊ ကားလ် မတ်စ် သည် "ဓန" ကျမ်းတွင် အောက်ပါအတိုင်းရေးသား၍ထားလေသည်။

"နေရာခွဲခြား ရှိသည့် ကုန်စည် များကိုဖြစ်စေသော ဦးပိုင်ပစ္စည်းများကို အများနှင့်ရောပေါင်း၍ ဆက်စပ်မှုသော ကုန်စည်များကိုဖြစ်စေသော ပစ္စည်းများဘာဝသို့ ပြောင်း



လဲခြင်း၊ လူအများအနည်းငယ်စီပိုင်ဆိုင်သော ဥစ္စာပစ္စည်းကလေး များကို လူနည်းစု၏၊ ရလိုက် ရပုံ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ အပိုင်အခဲကြီး ဘာဝသို့ ပြောင်းလဲခြင်း။ လူပေါင်းမြောက်မြားစွာအား၊ အသက်ရှင်ရန် လိုအပ်သော ပစ္စည်းနှင့် အလုပ်လုပ်ရာတွင် လိုအပ်သော ကြိယာတန်ဆာပလာများ လက်လွှတ်ဖြစ်၍ မပိုင်ဆိုင်အောင် ပြုလုပ်ခြင်း၊ ဤကဲ့သို့ကြောက်မက်ဘွယ်ကောင်းအောင် လက်ရှိဘဝမှလက်မဲ့ ဘဝသို့ရောက်အောင် ပြုလုပ်ခြင်းတို့သည် ဓနရှင်ရာဇဝင်နိဒါန်းဖြစ်လေသည်။ မည်သူ၏အကူအညီမှ မပါဘဲ တဦး တယောက်တည်း ကြိုးစား အားထုတ်၍ ရအောင်းခဲ့သောကိုယ်ပိုင်ဥစ္စာပစ္စည်းနှင့်၊ ၎င်း၏လုပ်ရေးဆောင်တာ အခြေအနေကို ဖယ်ရှား၍ ထိုနေရာတွင်၊ အခြားလူတို့၏ အလုပ်ကို လက်ဝါးကြီး အုပ်၍ တည်ထောင်သော တဦးတည်းပိုင် ဥစ္စာပစ္စည်းတို့သည် အခြေစိုက်လေပြီ*"။

ဓနရှင်စံနစ်ယခုကဲ့သို့ ဖြစ်ထွန်းဘိုးပွားသာရန်မည်မျှပင်သွေးထွက်သံယို အကြမ်းဘဘမ်း၊ နည်းအမျိုးမျိုးတို့ကိုအသုံးပြုခဲ့ ရပါသော်သည်း၊ မြို့စား,နယ်စား,စံနစ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်၊ ဓနရှင်စံနစ်ကို ဘိုးပွားထွန်းကားသောစံနစ်ဟုခေါ်ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်၊ တကွဲတပြားဖြစ်၍ နေသော ဥစ္စာပစ္စည်းတို့ကို တစုတည်း တပေါင်းတည်းဖြစ်ရန် စုရုံးလိုက်၍၎င်း၊ ကုန်စည်များပြုလုပ်ရာတွင်၊ ဘုံလူများပါဝင်လုပ်ကိုင်ရ၍၎င်း၊

* Das Capital by Karl Marx.

ကုန်စည်များလုပ်ကိုင်ရေးတွင် ကြီးကျယ်လာရုံသာမက စက်မှု-လက်မှုပညာနှင့်တကွ အခြားလုပ်နည်း ကိုင်နည်းတို့သည်လည်း ပိုမိုဖြစ်ထွန်းတိုးပွား၍သာလေသည်။ ဤကဲ့သို့စက်မှုပညာ,လက်မှုပညာ လောကဓါတ်ပညာများ ဖြစ်ထွန်း၍ရင်း၊ ဓနရှင်စံနစ်ကြီးသည် ဓနရှင် အပေါင်းအားကမ္ဘာပေါ်တွင်၊နေရာဘကာ၌ လက်ဝါးကြီးအုပ်နိုင်ရန်ဖန်တည်း ပေး၍ရင်း၊ ဓနရှင်တို့၏ လက်တွင်းသို့သာ ဥစ္စာပစ္စည်းတို့သည် တနေ့တခြားဒလဟောပိုမိုစီးဆင်း၍ နေလေသည်။ ထိုဥစ္စာပစ္စည်းများသည် ဝင်လမ်းကိုသာ တွေ့ရ၍၊ထွက်လမ်းကိုကားမတွေ့ရကြချေ။ ထို့ကြောင့် ဆင်းရဲသားအလုပ်သမားလယ်သမားတို့သည်၊ထိုပစ္စည်းဥစ္စာတို့၏ အကျိုးကျေးဇူးကို ခံစားကြရန် လမ်းမရှိပေ။ ဤစံနစ်ကြီးချုပ်ချယ်သည့်အတိုင်းခံ၍သွားရပါမူ တနေ့ တခြား ရေနည်းငါးကဲ့သို့ ပိုမိုဆင်းရဲ၍ ငတ်မွတ်ခြင်း၊ ရောဂါထူပြောခြင်း၊အိုးအိမ်မဲ့ဖြစ်ခြင်း၊ကိုယ်ကျင့်တရား ပျက်ပြားခြင်းစသည်တို့နှင့် တွေ့ကြုံရပေလိမ့်မည်။ ယခုသည်း ဆင်းရဲသား တို့သည်၊ ထိုဒုက္ခမျိုးတို့ကို ခံစား၍ နေရလေပြီ။

ကြီးပွားတိုးတက်၍ နေသော စက်မှု,လက်မှု လုပ်ငန်းနှင့်တကွ- စက်မှု လက်မှု ပညာတို့သည် ဆင်းရဲသား အလုပ်သမားတို့၏ အခြေအနေကို တဖြည်းဖြည်းပြောင်းလဲ၍သွားလေပြီ။ ရှေးအခါက လူကြီးများသာ လုပ်ကိုင်ရသော အလုပ်များကို မိန်းမများ- လူငယ်များ- ကလေးများသည်၊ ဝင်ရောက် လုပ်ကိုင်ကြကုန်၏။ ထို့ကြောင့်



ကြီးပွား ထွန်းကားနေသော၊ တိုင်းနိုင်ငံများရှိ အထည်စက်ရုံကြီးများတွင်၊ ကျွမ်းကျင်သော အလုပ်သမားများ၏နေရာ၌ မိန်းခလေးများနှင့်ယောကျ်ားကလေးများရောက်၍နေကြလေပြီ။ အလွန်တရာ နားလည်၍ ကျွမ်းကျင်သော လူကြီးများသာ၊ ရှေးက လုပ်ကိုင် နိုင်သော စက်ဘက်ဆိုင်ရာ လုပ်ငန်း များတွင်လည်း၊ တဖြည်းဖြည်း မိန်းမများ ဝင်ရောက် လုပ်ကိုင်ကြသဖြင့်၊ ထိုကျွမ်းကျင်သော လူများပင်၊ ပျောက်ကွယ်လု ခမန်းရှိ၍နေလေပြီ။ ဤကဲ့သို့ စက်မှု,လက်မှု,လုပ်ငန်းသည်ကြီးပွား၍လာရန် ကောင်းသည်ထက် ကောင်းသော စက်များ၊ မြန်သည်ထက် မြန်သော စက်များ၊ ခလေးများ မိန်းမများလုပ်ကိုင်နိုင်စေခြင်းငှါ- လွယ်သည်ထက် လွယ်သော စက်များကို ထွင်ရခြင်းမှာ၊ အခြား အကြောင်း ကြောင့် မဟုတ်၊ ထိုအချိန်အခါ၌- အလုပ်သမားနှင့်၊ အလုပ်ကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်၊ အလုပ်သမားများ လိုသည်ထက်နည်းသောကြောင့်ဖြစ်လေသည်။ အတိုချုပ်ပြောရလျှင်၊အလုပ်သမားများ တနေ့တခြားပိုမို၍ လိုလေသည်။ ထို့ကြောင့် ဆင်းရဲသားတိုင်း၊ စက်မှု, လက်မှု, လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင် ကြရသဖြင့်၊ ဆင်းရဲသား တို့သည် အခြားအလုပ် အကိုင်များနှင့်၊တနေ့တခြား ဝေးသည်ထက် ဝေးပြီးလျှင်၊ စက်မှု,လက်မှု, ပိုင်ရှင် ဓနရှင်ကြီး များ၏ အပေါ်၌၊ တနေ့ထက် တနေ့ ပိုမိုအားကိုး အားထားပြု၍ လာရလေသည်။ ဓနရှင်ကြီး တို့သည်လည်း အလွန်စရိတ်ကျဉ်း၊ အလွန်မြန်သော စက်ကြီးယာများကို ပိုင်သည်က

တကြောင်း၊ ဆင်းရဲသား အလုပ် သမား တို့သည်လည်း ထိုစက်မှု၊ လက်မှု၊ လုပ်ငန်းကလွဲ၍ အခြားလုပ်ကိုင်စရာ မရှိ နားမလည်သည်က တကြောင်း— ဤသို့သော အကြောင်းများကြောင့်-ဆင်းရဲသား တို့အပေါ်တွင် ဓနရှင်တို့သည် ပိုရ၍ လက် ဝါးကြီးအုပ်နိုင်ရန် ဖြစ်၍ နေလေသည်။ အလွန်လျင်မြန်သော စက်များတွင်လုပ်ကိုင်ကြရသဖြင့်၊ ဆင်းရဲသား အလုပ် သမားတို့သည် အလုပ်ကို ငြည်း၍မငြည်းမှုပို၍၊ လုပ်ကိုင် ကြရကြောင်း မသိကြချေ။

စီးပွားရေး ထွန်းကားနေသည့် အတောအတွင်းတွင် စက်မှု၊ လက်မှု၊ ထွန်းကားသဖြင့်လူတိုင်းလိုပင်စက်ရုံကြီးများတွင် လုပ်ကိုင် နိုင်ကြလေသည်။ ဤကဲ့သို့ စီးပွားရေး ထွန်းကား စေခြင်းငှါ၊ ဓနရှင်တို့သည် ၎င်းတို့ပိုင် စက်ရုံများအတွက် ကုန်ကြမ်းများ ရရန်နှင့်၊ ထိုစက်ရုံများက ထွက်သောကုန်ချောများကို ရောင်းရန်၊ မကြီးပွားသေးသည့် နယ်ရိုင်းများကိုသူ့ ထက်ငါ သိမ်းယူကြလေသည်။ ထို့ကြောင့် အနောက်နိုင်ငံမှ ဓနရှင်ကြီးတို့သည်၊ အာရှတိုက်- အာဖရိကတိုက်- အမေရိကတိုက်ရှိ နယ်ပယ်များကိုသိမ်းယူပြီး၊ ထိုနယ်များမှ ကုန်ကြမ်းများကို ယူ၍ ကုန်ချောများ ပြုလုပ်ပြီးလျှင်၊ လက်အောက်ခံ နိုင်ငံသူ နိုင်ငံသား များအား ပြန်၍ ရောင်းနိုင်ခါစ နှစ်များတွင်- ဓနရှင် စနစ်ကြီးသည်၊ အလွန်ကြီးပွား ထွန်းကား လာ၍ အလုပ်သမားတိုင်း၊ အလုပ်နှင့် လက်မပြတ်ဘဲ နေရကြလေသည်။ သို့သော် လည်း ဓနရှင်တို့၏ လောဘဇောကြောင့် (အမြတ်ရလိုမှု အတွက်) နိုင်ငံ တွင်းရှိ ဓနရှင်



အချင်းချင်း ပြိုင်ဆိုင်မှုကြောင့် ၎င်း၊ ဓနသည့်-*ရ၍သွားပြီးလျှင်၊ အလုပ် လက်မဲ့များ တနေ့ထက် တနေ့၊ တလထက် တလ၊ တနှစ်ထက် တနှစ် ပိုမို ပေါ်များ လာလေသည်။ အဘယ့်ကြောင့်ဆိုသော် ဓနရှင်တို့၏စက်မှု လက်မှု ဌာနကြီးများက၊ ထုတ်လိုက်သော ကုန်စည်များကို ဝယ်နိုင်သော အခြေ အနေသည်၊ ဆင်းရဲသားတို့၌ မရှိကြပေ၊ သို့အတွက်၊ ထိုဌာန များက ထွက်သော ကုန်စည်များသည် ပို၍သာနေတော့၏။ ထို့ကြောင့် ဓနရှင်စံနစ်လက်အောက်တွင် §ကုန်စည်များ ထွက်စေသော အားသည်၊ ကြီးမား၍သာသည်နှင့်၊ ကမ္ဘာပေါ်တွင်ကုန်စည်များ သည် ဆင်းရဲသားများ ဝယ်ယူ သုံးဆောင်နိုင်သည်ထက်၊ပိုမိုများပြား လာလေသည်။ ဤကဲ့သို့ကုန်စည်များ ပိုမို၍ ထွက်တိုင်း၊ စီးပွားရေး၊ကမောက်ကမဖြစ်သောအခြေ အနေသို့ တိုင်းပြည်သည် ကျရောက်ရလေသည်။ ထို့ကြောင့်၊ ဓနရှင် စံနစ်သည် ၎င်း-မှပေါက်ဖွားသော ကုန်စည်များကို ထွက်စေသည့် အား အပေါ်၌၊ မထိန်းနိုင်ကြောင်း။ မအုပ် စီးနိုင်ကြောင်း ထင်ရှားပေသည်။ ထိုကဲ့သို့၊ ဖြစ်ရခြင်းသည် အခြား အကြောင်းကြောင့် မဟုတ်

---

* အခန်း-၂ အဆုံးတွင်ကြည့်ပါ။

§ ကုန်စည်များကို ထွက်စေသောအား Prodoctiwe Forces.
(၁) Workers. အလုပ်သမားများ။
(၂) Object Upon Which Labour is Expanded. အလုပ်လုပ်ရမည့်ဝတ္ထုပစ္စည်း။
(၃) Instrument of Labour. အလုပ် လုပ်ရာတွင် အသုံးပြုရမည့်ကိရိယာတန်ဆာ။

ဓနရှင်တို့၏ ကုန်စည်များကိုပြု လုပ်သောနည်းစံနစ်သည်၊ အကွပ် အချုပ်,အထိန်း,မရှိသေးကြောင့်ဖြစ်လေသည်၊ အကာယ်၍- စည်းကမ်းနှင့်၊ နိုင်းချိန်- တိုင်းထွာ၍ ကုန်စည်များကို ပြုလုပ်မည်ဆိုလျှင်၊ ဤကဲ့သို့ ဖြစ်နိုင်စရာအ အကြောင်းမရှိပေ။

ဓနရှင်စံနစ်လက်အောက်တွင်၊လူတို့သည်၊နေရာတိုင်း၌မည်သည့်အကြောင်းအရာမျိုးမဆိုအခါအခါမတဲ့ဘဲ” ပဋိပက္ခ*ဖြစ်၍ နေကြောင်းအစဉ်သဖြင့်တွေ့၍ နေရလေသည်၊ သတ္တုတွင်းများ- စက်ရုံကြီးများ- အရောင်းဌာနများအစရှိသည်တို့တွင်၊ လူအများကို ပေါင်းစည်း၍လုပ်ကိုင်စေခြင်းသည်၊ စည်းလုံးမှုကြောင့်၊အလုပ်လုပ်ရာတွင် မည်ကဲ့သို့ အလုပ် တွင်ကျယ် ကြောင်း၊ သဘာဝ ဓမ္မ ဓါတ်များကို (ပထဝီ တေဇော အာပေါ ဝါယော) မည်ကဲ့သို့လူတို့၏အကျိုး၌-အသုံးချနိုင်ကြောင်းတို့ကို လူတို့အား ထင်ရှားစေသည်။ ထို့ကြောင့် ကုန်စည်လုပ်ငန်းကို ကြည့်လျှင်၊ ထိုလုပ်ငန်းသည် “ဘုံသဘော” စင်စစ်ဖြစ်ကြောင်း တွေ့ရ လေသည်။ သို့ရာတွင် “အရောင်းအ

*ပဋိပက္ခ။ Contradiction ဓနရှင်စံနစ် လက် အောက်တွင် ပဋိပက္ခသုံးမျိုး ရှိလေသည်။

၁) Contradiction Between Labour and Capital. အလုပ်နှင့်ဓနရှင့် ပဋိပက္ခ ဖြစ်၍နေခြင်း။ (အလုပ်သမားနှင့် ဓနရှင်။)

(၂) Contradiction Between Financial Groups ဓနရှင်အစုအဝေးချင်း ပဋိပက္ခဖြစ်နေခြင်း။

(၃) Contradiction Between Imperialists and Colonial People နယ်ချဲ့သူများနှင့် လက်အောက်ခံနိုင်ငံသားများ ပဋိပက္ခဖြစ်၍နေခြင်း။



ဝယ်နှင့်၊ သုံးစွဲခြင်း သည်ကား ပုဂ္ဂလိက သဘောပင်ဖြစ်လေသည်၊ ထို့ကြောင့်၊ ဘုံပစ္စည်းကို ဓနရှင် တဦးတည်း သာလျှင်၊ အသုံးပြုလေသည်၊ ဤအချက်သည်ပဋိပက္ခအချက်ကြီး ဖြစ်လေသည်။ ဤပဋိပက္ခ အချက်ကြီးမှအခြား ပဋိပက္ခ ဖြစ်၍နေသော အချက်များ ပေါ်ပေါက်လာပြီ လျှင်၊ ထိုပဋိပက္ခများ အတွင်း၌၊ ကမ္ဘာကြီးသည်လည်၍ နေလေ၏။ ခေတ်သစ် စက်မှု လက်မှုလုပ်ငန်းကြီးသည်၊ထိုမဆီလျော်သောအချက်ကြီးကိုပေါ်လွင်ထင်ရှားအောင် လုပ်လေသတည်း။” ¶ဤပဋိပက္ခ အချက်သည် ဓနရှင်စံနစ်လက်အောက်တွင်၊ဓနရှင်နှင့်ဆင်းရဲသားများ ပဋိပက္ခဖြစ်ရန် ပြုလုပ်သောအချက်ကြီးဖြစ်လေသည်။

မည်ကဲ့သို့ပဋိပက္ခဖြစ်၍နေကြောင်းကိုထပ်သောင်း၍ပြဦးအံ့။ စီးပွားရေးသည် ထိပ်ဆုံးတန်းသို့ ရောက်သည်နှင့်စီးပွားရေး ပျက်စီးရန်အချိန်သည် နီးကပ်၍လာလေသည်။ ထိုနည်းတူစွာ စီးပွားရေး ပျက်စီးပြီးနောက်၊ စီးပွားရေး ပြန်လည် ကောင်းမည့် အချိန်သည်း ရောက်ရမည်မှာ အမှန်ပင် ဖြစ်လေသည်။ ထို့ကြောင့် စီးပွားရေးသည်သံသရာစက်ကြီးထဲတွင်ဥပါဒ်,ဌီ,ဘင်,သဘောအတိုင်းလည်၍ နေလေသည်။ အချို့သော လူတို့သည်၊ ကြာရှည်လေးမြင့်စွာ ပျက်စီး၍နေသော လက်ရှိ စီးပွားရေးအခြေအနေကိုကြည့်ခြင်းအားဖြင့်၊ နောက်ဆုံးပိတ်ပျက်စီးခြင်းဟုယူဆကောင်းယူဆပေလိမ့်မည်။ သို့သော်ထည့်

¶ Socialism Utopian and Scientific by Engels.

လက်ရှိအခြေအနေ၏ နိမိတ်လက္ခဏာများကို ကြည့်ခြင်းအားဖြင့်၊ ခေတ်ကောင်းပြန်၍ ရောက်ရန် များစွာခဲယဉ်းလေသည်။

ကမ္ဘာပေါ်၌ ယခုဖြစ်ပေါ်၍နေသော၊ စီးပွါးရေးနှင့်ပတ်သက်သော အရေးတို့သည်၊ ရွေ့လျားသွားသော ဓနရှင်စံနစ်၏ အတ္တသဘောကို ထင်ရှားစွာ ဖေါ်ပြလေသည်။ စက်မှု, လက်မှု ကြီးပွားများ တနေ့တခြား ပိုမို၍ ကောင်းသည်ထက် ကောင်းလာခြင်း။ ရှေးက လူပေါင်းမြောက်မြားစွာ, ပင်ပင်ပန်းပန်းလုပ်ရသော အလုပ်မျိုးကို စက်နှင့် လွယ်လင့်တကူလုပ်နိုင်ခြင်း။ တလ,ကိုးသတင်း သွားရမည့်ခရီးကို၊ ရေ, လေ, ကုန်းကြောင်း ခရီးတို့ဖြင့် အချိန်အနည်းငယ်အတွင်း ပျံသန်းသွားလာနိုင်ခြင်း, အစရှိသည့် တိုးတက်မှုတို့သည်။ များစွာသော လူသတ္တဝါအပေါင်းတို့ တွေ့ကြုံခံစားနေရသော၊ဆင်းရဲ ချို့,ဒုက္ခမျိုး,တို့နှင့် ယှဉ်ကြည့်မည် ဆိုလျှင်၊ အံ့ဘွယ်လိလိ ကွာခြား၍နေကြောင်းကို၊ ကုဋေပေါင်းများစွာသော လူတို့သည် သိရှိနားလည်ကြ လေသည်။ ကမ္ဘာ ကြီးတွင်၊ နေရာတကာ၌ တိုးတက်ထွန်းကား၍ နေပင်နေငြားသော်လည်း၊ ဆင်းရဲသား အလုပ်သမားများသည်ကား၊ ဖွတ်ကျောပြာရ,မွဲချင်တိုင်းမွဲ၊တေချင်တိုင်းတေ,ဖြစ်၍သာနေကြလေ၏။ ဆင်းရဲသား အလုပ်သမားများတွင် ရှိသော၊ မသုံးစွဲရသေးသည့် သတ္တိကောင်း,သတ္တိမြတ်ကလေးများအား များစွာနှမြောဘွယ်ကောင်းလေသည်။ ဆင်းရဲသောအလုပ်သမားများနှင့်၊ စည်းစိမ်သုခ ပြည့်စုံသော ဓနရှင် တို့သည်၊ မည်၍



မည်မျှကွာခြားကြောင်း၊ တခါဘူးမျှ ယခုကဲ့သို့ပေါ်လွင်ထင်ရှားခဲ့သည်ဟု မရှိဘူးချေ။

ဓနရှင်တို့သည် ဒုက္ခိတသတ္တဝါများအတွက် ဆေးရုံများဆောက်ကြောင်း။ ကျန်းမာသန့်ရှင်းရေးအတွက်ပိုမိုဂရုစိုက်ကြောင်း၊ ပညာရေးကို ပိုမိုကောင်းမွန်ရန် နည်းသစ်,နည်းကောင်းများထွင်ကြောင်း, စသည်တို့ကို၊ ၎င်းတို့၏အဖြစ်ကို ကာကွယ်စိမ့်သောငှာ ပြောပေလိမ့်မည်။ သို့ရာတွင်-ကမ္ဘာပေါ်တွင်အလုပ်လက်မဲ့များတနေ့ထက် တနေ့များပြားလာကြောင်းနှင့်၊ စစ်ရိပ်စစ်ငွေ့များ ပိုရှိ၍ သန်းနေကြောင်းတို့ကို၊ ဓနရှင်များ ငြင်းဆိုနိုင်လိမ့်မည် မဟုတ်ပေ။ ၎င်းပြင်-ဓနရှင် စံနစ်ကြီး၏ အကြောင်းကို ပြောရာ၌၊ တရွာ, တမြို့, တနယ်နှင့် ပတ်သက်၍ မပြောဘဲ၊တကမ္ဘာလုံးကိုခြုံ၍ပြောကြောင်းကို ဓနရှင်တို့သတိချပ်ရပေလိမ့်မည်။ ဤကဲ့သို့ ပြောဆိုခြင်းသည်, အခြားအကြောင်းကြောင့် မဟုတ်၊ ဓနရှင်စံနစ်ကြီး၏ အကျိုးအပြစ်ကို၊ တကမ္ဘာလုံး ခံစား၍ နေရသောကြောင့် ဖြစ်လေသည်။

ဂရိတ်ဗြိတိန် ကျွန်းစုနှင့်, အမေရိကံ ပြည်ထောင်စုတွင်၊ နှစ်ပေါင်း အတော် ကြာမြင့်စွာ ဓနရှင် စံနစ်သည် ဆင်းရဲသားအလုပ်သမားများစွာတို့၏၊စားရေး,သောက်ရေး, နေရေး, အခြေအနေတို့ကို တိုးမြှင့်ပေးခဲ့လေသည်။ ယခုလည်း ထိုနိုင်ငံများ၌ ရှိသော အလုပ်သမားတို့၏အခြေအနေသည်၊ အခြားနိုင်ငံများတွင်ရှိသော ဆင်းရဲသားအလုပ်သမားတို့၏ အခြေအနေနှင့်နှိုင်းစာသော် အတော်

အတန်အတန်းမြင့်ပေးသေး၏။ သို့ရာတွင် ဈေးကလောက်မမြင့်တော့ချေ။ လျော့ကျ၍နေလေပြီ။ အာဖရိကတိုက်၊ ဥရောပတိုက်အလယ်ပိုင်း၊ ဈေးသူဝုန်မထမ္ဘိ၊ ရုရှားနိုင်ငံ၊ တောင်အမေရိကတိုက်တွင်ရှိကြသော ဆင်းရဲသားအလုပ်သမားတို့၏ အခြေအနေသည်၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုတွင် ရှိကြသော အလုပ်သမားတို့၏ အခြေအနေထက် အဆပေါင်း များစွာ ဆိုးဝါးလေသည်။ နိုင်ငံတိုင်းတွင်အလုပ်လက်မဲ့ရေးပြဿနာသည်လည်း၊ တနေ့တခြားရှုပ်ထွေး၍သာလေသည်။ အဘယ့်ကြောင့်ဆိုသော်၊ အလုပ်လက်မဲ့ဖြစ်သော ဆင်းရဲသားအလုပ်သမားတို့သည် တနေ့တခြား ပေါများ၍ လာသော ကြောင့် ဖြစ်၏။ ထို့ကြောင့်ဆင်းရဲသားအလုပ်သမားတို့သည်အစဉ်အရာရာတိုင်းတွင်ချို့ငဲ့မှုကြောင့်၊ ကမ္ဘာတဝှမ်းလုံးဆူပူကြကုန်၏။

သို့အတွက်ဓနရှင်စံနစ်ကြီးတည်တန့်သမျှကာလပတ်လုံး၊ တဦးနှင့်တဦး မေတ္တာတရား ကင်းမဲ့သော စိတ်များဆူပူသောင်းကြမ်းမှုများ၊ မကျေနပ်မှုများ ပေါ်ပေါက်လာပြီးလျှင်၊ ကြာခဏပြည်တွင်းရေးစစ်ပွဲများ ပေါ်ပေါက်၍လာလေသည်။ ဓနရှင်စံနစ် လက်အောက်တွင် မည်သည့်တိုင်းနိုင်ငံ၌မဆိုအပေါ်ယံကြောကို ကြည့်ခြင်း အားဖြင့်ကျေနပ် တင်းတိမ်ပြီး ချမ်းစွာ နေသည်ဟု တွေးထင်ရသော်လည်း၊ ပြည်တွင်း စစ်ပွဲများ၏ အရိပ်နိမိတ် တို့သည်အစဉ်မပြတ်ထင်ရှား၍နေလေသည်။

"ဓနရှင်တဦးသည် မိမိ၏အပေါ်ဖြစ်သော ဓနရှင်များအား"သတ်လေ့ရှိလေသည်။ ဤကဲ့သို့ဓန



ကိုစုပေါင်းရန် ပြုလုပ်သည့် နည်းတူ၊ ဓနရှင် အပေါင်းတို့၏ ဥစ္စာ ပစ္စည်းကို အနည်း ငယ်သော ဓနရှင်တို့သည်အေးဂါးပြတိုက်၍ယူလေ့ရှိသဖြင့် အသိုက်အဝန်းနှင့်စုပေါင်း၍ လုပ်သော လုပ်ငန်းသည်လည်းအမြဲတစေကြီးကျယ်တိုးတက်၍သာလေသည်။ ဤအခြင်းအရာနှင့်ထပ်တူထပ်မျှစက်မှုလက်မှုပညာထွန်းကားရန်၊ သောတဂါတ်ပညာကိုပိုမိုအသုံးချလိုသည်ကိုလည်း ကျွန်ုပ်တို့တွေ့ရလေသည်။ မြေများ ကိုလည်း စံနစ်ကျနစွာထွန်ယက်ကြလေသည်။ အလုပ် သမားတို့ ကိုင်သော ကြီးယာတန်ဆာပလာများသည်လည်း၊ စုပေါင်း၍လုပ်မှသာလျှင် အသုံးဝင်နိုင်သော အရာများဖြစ်ထလာလေသည်။ ကုန်စည်များဖြစ်စေသော ပစ္စည်းများကိုလည်း၊ အလုပ်သမားများကို ပေါင်းစပ်၍ လုပ်ကိုင် စေခြင်းဖြင့်၊ အကုန်အကျနည်း၍ စရိတ်သက်သာအောင်ပြုလုပ်ကြလေသည်။ ကမ္ဘာပေါ်ရှိ လူအပေါင်း တို့သည် "ကမ္ဘာ့ဈေး" တည်းဟူသော ထောင်ချောက်ထဲတွင် မိနေကြရာ၊ ဓနရှင်ခေတ်သည် လူမျိုးမခြား ကမ္ဘာ့သူ ကမ္ဘာ့သားသဘောသက်ဝင်၍ လာလေသည်။ ဓနရှင်ဦးရေသည်လည်းနည်းပါး၍သွားသည်နှင့်တပြိုင်တည်း (ပြုပြင်ပြောင်းလဲ၍ နေသည့် အကျိုးကျေးဇူးကိုသိမ်းယူပြီးလျှင် တဦးတယောက် ကောင်းသာ ခံစား၍နေသောဓနရှင်ကြီးများ)ငတ်မွတ်ခေါင်းပါး

သော လူများသည် ပိုမို၍ များပြား လာလေသည်၊ ထိုအချိန်တွင်လည်း အလုပ်သမား အတန်းအစား၏ အခွဲမကြေ အပြင်းအထန် ဆိုးဝါး၍ နေသော စိတ်ဓါတ် သည်လည်း၊ တအုံ နွေးနွေး ပွားများ၍ နေလေသည်၊ ဤအတန်းအစား လူမျိုးတို့သည် များပြားလာပြီးလျှင် ကုန်စည်များကို ဖန်တည်း၍ နေသော ဓနရှင်တို့၏နည်းနှင့် ညီညာစုရုံးပြီး၊ စည်းကမ်းသေဝပ်ကြလေသည်၊ ဓနရှင်တို့၏လက်ဝါးကြီးအုပ်မှုသည် ပစ္စည်းလုပ်သော စံနစ်တွင်း၌ပိမိ၍ နေလေပြီ၊ ကုန်စည်များကို ဖြစ်စေသော ပစ္စည်းများစု၍လာရန် ပြုလုပ်ခြင်း၊ အလုပ်ကိုဝေခွဲ၍ အသိုက်အဝန်းနှင့် လူများကို လုပ်ကိုင် စေခြင်းတို့သည်၊ ဓနရှင်တို့အားကို ယို့ရှုံးကိုယ်ပတ်စေသော အခါသို့ရောက်စေ၍၊ မကြေချမ်းမှုများသည်ပေါက်ကွဲ၍လာလေတော့၏၊ ဓနရှင်ပိုင်ဥစ္စာပစ္စည်း၏ မသာခေါင်းလောင်းသည် ထိုးလေပြီ၊ အေးဓါးပြ တို့သည်လည်း ဓါးပြတိုက် ခံရတော့မည်”ဟု- ကားလ်မတ်စ်သည်“ဓနကျမ်း”တွင်အတိအလင်း ဆိုထားလေသည်၊

ကားလ်မတ်စ်- ပြောသည့်အတိုင်း၊ ဓနရှင် စံနစ်ကြီး သည် တိုးပွား ထွန်းကားလာ၍ ယခုအချိန်၌၊ ထိပ်ဆုံး တန်း ဖြစ်သော နယ်ချဲ့စံနစ် ဘဝသို့၊ ရောက်၍နေလေပြီ၊ ဓနရှင် စံနစ်အရ ဓနရှင် တဦးနှင့် တဦး၊ တယောက်နှင့် တယောက်- တဖွဲ့နှင့်တဖွဲ့ဘိ နှိပ်သတ်ဖြတ်၍ ဓနဥစ္စာကို



ခုလိုက် ရုပ်ဖြစ်ခန့်ကြီးစားကြရာ၊ အချို့သောဒဏ်မခံနိုင်သည့် ဓနရှင်တို့သည်၊ ပျောက် ပျက်၍ သွားကြကုန်၏၊ အချို့တို့သည်လည်း၊ ၎င်းတို့ထက် ကြီးမားသော ဓနရှင်ကြီးတို့၏ လက်အောက်သို့တိုးလျိုးဝင်၍သွားကြကုန်၏၊ အချို့တို့သည်လည်း၊ ဤကဲ့သို့ဘိ နှိပ်သတ်ဖြတ်မှုတို့သည် ၎င်းတို့အတွက် အကျိုးကျေးဇူးမရှိကြောင်း သိကြသဖြင့် ပေါင်းစပ်ကြပြီးလျှင်၊ လက်ဝါးကြီး ပို၍အုပ်စီး နိုင်သော အဖွဲ့ကြီး*များတည်ထောင် ကြလေသည်၊ ဤအဖွဲ့ကြီးများသည် လက်မှ စက်မှုပညာထွန်းကားသော အရပ်ဒေသများတွင်၊ လူတို့၏ နေရေးထိုင်ရေး စားရေးသောက်ရေးကိုဖန်တီး၍နေ၏၊ ဆင်းရဲသား တို့သည် ၎င်းတို့ အပေါ်ကလွဲ၍ မည်သူကိုမှ၊ အားကိုး အားထားစရာမရှိကြပေ၊ ဘဏ်တိုက်ကြီး တို့သည်ထည်း၊ တခုနှင့်တခု ပေါင်းစပ်ကြပြီးလျှင်၊ ဓနရှင် ကုန်သည် ကြီးတို့၏ နေပစ္စည်းနှင့် ပေါင်း စပ်ကြလေသည်၊ ထိုကဲ့သို့ ပြုလုပ်ကြပြီး နောက် ဘဏ် သူဌေး ကြီးများနှင့်၊ ကုန်သည်ကြီးတို့ ပေါင်းစပ်ထားသော ငွေပင် ငွေရင်းတို့ကို အခြားတိုင်းနိုင်ငံသို့ယူဆောင်သွားပြီးလျှင်၊ ထိုတိုင်းနိုင်ငံများ၌၊ တိုးပွားရန် ပြုလုပ်ကြလေသည်၊

ဤကဲ့သို့၊ ငွေပင်-ငွေရင်းများကိုအခြားတိုင်းပြည်သို့ယူဆောင်သွားပြီး၊ တည်ထောင်ရခြင်းသည်၊ အခြား အကြောင်း များကြောင့် မဟုတ်ပေ၊ ပဌမ ကနဦး ဓနရှင်

* အဖွဲ့ကြီးများ Cartels Syndicates Combines Trusts Etc.

ပံနှစ်ထွန်းကားသော နေရာများတွင်၊ စက်ရုံကြီး များမှ-ထွက်သော ကုန်စည်များသည် ပိုမိုများပြားလာသည်က တကြောင်း၊ ဆင်းရဲသားအလုပ်သမားတို့သည်လည်း၊ ဓနရှင်တို့၏ ခေါင်းပုံဖြတ်မှုကြောင့်၊ ထိုကုန်စည် အားလုံးကို ဝယ်ယူသုံးစွဲရန် ဥစ္စာပစ္စည်းမပြည့်စုံသည်က တကြောင်း ဤသို့သော အကြောင်းများကြောင့်၊ ¶ "ကမ္ဘာ့ဈေး" ကြီးကိုလက်ဝယ်ရရှိရန်နှင့်-ပိုလျှံနေသော ငွေပင်ငွေရင်းကို ရိုက်ထုတ်လျှင်၊ တိုးပွားမည် ဖြစ်သောနယ်ပယ်များကိုသိမ်းပိုက်ရန် အရေးကြီးလာပြီးလျှင်၊ နယ်ပယ်များကို လိုက်လံရှာဖွေ၍သိမ်းပိုက်ကြလေသည်၊ ဗြိတိသျှနိုင်ငံတွင်ရှိသော ဓနရှင်ကြီးများသည် ဤအကြံကို ပဌမဆုံးဦးသဖြင့်၊ နယ်ပယ်များကို လိုက်လံရှာဖွေ၍၊ သိမ်းပိုက်လေသည်။

သက္ကရာဇ်-၁၉၀၀-ပြည့်သည့် နှစ်တွင်၊ ဓနရှင်နိုင်ငံတို့သည်· ကမ္ဘာ ကြီးအား ခွဲဝေ၍ ယူပြီးသား ဖြစ်၍ နေလေပြီ၊ ထိုကဲ့သို့ ခွဲဝေ ရာတွင်၊ ဗြိတိသျှ နယ်ချဲ့သမားတို့သည် ဝေစု အများဆုံး ရကြ လေသည်၊ နယ်ချဲ့စံနစ် လက် အောက် တွင်၊ စီးပွားရေး သည်လည်း ပိုမိုရှုပ်ထွေးပွေလီ၍ လာပြီးလျှင်-နယ်ချဲ့နိုင်ငံ အချင်းချင်း သူ့ထက်ငါ "ကမ္ဘာ့ဈေးကြီး" ကို လက်ဝါးကြီး အုပ်ရန် ချိန်ရွယ်၍ နေကြသဖြင့်၊ စစ်မက်အင်္ဂါ လက္ခဏာ များ ပေါ်ပေါက် လာ၍၊ တနိုင်ငံနှင့်တနိုင်ငံအပြိုင်အဆိုင်လက်နက်များ, စစ်တပ်များ, ရေတပ်များလေတပ်များစုဆောင်းကြလေသည်။ စီးပွါးရေး အခေါ်တွင် အခြေတည် သော

¶ World Market- ခေါ် ဓနရှင်တို့ပြုလုပ်သောကုန်စည်များကို ရောင်းရန်ကမ္ဘာပေါ်တွင် ဈေးအနှံ့အပြားရှာခြင်း။



နိုင်ငံရေးသည်လည်း၊ ရှုပ်ထွေး၍ လာလေသည်။ စီးပွါးရေးသမားတို့သည်။ နိုင်ငံရေးကို၊ ၎င်းတို့၏ အကျိုးစီးပွါးအလို့ငှါ၊ လက်နက် သဘွယ် အသုံးပြုကြလေသည်။

ဤကဲ့သို့သော အခြေအနေ ဆိုးကြီး အတွင်းတွင်၊ လောဘဇောကြောင့်၊ ဓနရှင်နိုင်ငံအချင်းချင်းစစ်မက်ဖြစ်ပွါးရန်သေချာ၍နေလေသည်။ ၁၉၁၄-၁၈ခုနှစ် အတွင်းလည်းထိုကဲ့သို့သောစစ်ကြီးဖြစ်ခဲ့ဘူးပြီ၊ ထိုစစ်အ တွင်းတွင်၊ ဓနရှင်တို့၏ ဝါးစားခံ ဆင်းရဲသားပေါင်း မြောက်မြားစွာ* သေကြေပျက်စီးကြကုန်၏။

အကာယ်၍သာ နယ်ချဲ့ခေတ်ကြီးတွင်၊ ပေါ်ပေါက် ၍နေသောလေယာဉ်ပျံများ၊ မီးရထားများ၊ မီးသင်္ဘောများ၊ ဝိုင်ယာလက်များကို၊ ဓနရှင်သူ့ဌားတို့၏ ကောင်းကျိုးစီးပွါးအတွက်ကိုသာအသုံးမချဘဲ၊ ကမ္ဘာပေါ်ရှိ လူအပေါင်းတို့ တယောက်နှင့်တယောက်- နီးစပ်ရန်၊ ရင်းနှီးရန်၊ မေတ္တာ တရားပွါးကြရန်၊ သဘောညီမျှရန်-အသုံးပြုမည်ဆိုလျှင်၊ ကမ္ဘာကြီးသည် ဤကဲ့သို့ဆိုးဝါးနေသော အခြေအနေမျိုး နှိုက်နေမည်မဟုတ်ပေ။ ယခုမှာကားတတိုင်းပြည်ရှိလူများနှင့် အခြားတိုင်းပြည်တွင် ရှိသော လူများသည်၎င်း၊ လူတမျိုးနှင့် တမျိုးသည်၎င်း၊ ဘာသာတမျိုးနှင့် တမျိုးသည်၎င်း၊ အထင်အမြင် အယူအဆလွဲကြပြီးလျှင်၊ ကမ္ဘာပေါ်၌

* ၁၉၁၄-၁၈ ခုနှစ်ကမ္ဘာစစ်ကြီးတွင် လူပေါင်း· ၄၁,၄၃၅,၀၀၀ Interparliamentry Union of Enquiery of 1931 အစီရင်ခံစာအရ· သေကြေပျက်စီးလေသည်။ ကမ္ဘာ၏လူဦးရေအရ ဆိုလျှင် လူ ၄၀ လျှင် တယောက်သေလေသည်။

မေတ္တာတရားကင်းမဲ့၍ နေကြရလေသည်။ လောကဓါတ်ပညာနှင့် ဆေးပညာ တို့သည်လည်း၊ ရှေးကထက်ထွန်းကား၍ နေလေသည်၊ သို့သော်လည်း များစွာသောလူအပေါင်းတို့သည်ငတ်မွတ်ခြင်းရောဂါထူပြောခြင်း၊အသက်တိုခြင်းစသည့်ဘေးအပေါင်းနှင့် ရင်ဆိုင်တွေ့ကြုံ၍ နေကြလေသည်။များစွာဝမ်းနည်းဘွယ်ကောင်း၏။ပစ္စည်းသည်ကား ကောင်း၏၊ ချောမွေ့၏၊ အရသာရှိ၏၊ သို့သော်လည်း လူအများ၏ ကောင်းရေကောင်းကြောင်း အတွက် ထိုပစ္စည်းများကို အသုံးမပြုကြပေ၊ ထို့ကြောင့် နယ်ချဲ့သော ခေတ်ကြီးတွင်၊ ဒီးရထားများ၊ လေယာဉ်ပျံများ၊ ဒီးသင်္ဘောများ၊ ပိုင်ယာလက်များ၊ ဆောက်လုပ်ခြင်း၏အဓိက ရည်ရွယ်ချက်သည်၊ နောင်ဖြစ်ပေါ်မည့် စစ်အတွင်း၌ သုံးရန်ဖြစ်လေသည်။ ထို့နည်းတူစွာ ထွန်းကားသောသောက ဓါတ်ပညာဆေးပညာတို့သည်လည်း၊စစ်ထဲတွင်၊ သတ္တဝါအပေါင်း သေကြေပျက်စီးစေမည့် သောဓါတ်အဆိပ်ငွေ့များ၊ရောဂါပိုး များပြုလုပ်ရန်ဖြစ်လေသည်။

ဤကဲ့သို့ဖြစ်ရခြင်းသည်အခြားအကြောင်းများကြောင့် မဟုတ်ချေ။ ဓနရှင်ဒ ချင်းချင်း၊စည်းမဲ့ ကမ်းမဲ့ ပြိုင်ဆိုင်ရကြောင့်၊အချို့သော ဓနရှင်များပျောက်ကွယ်၍၊ ကျန်ဓနရှင်များသည်၊ဆင်းရဲသားအလုပ်သမားများအား ထင်သလိုလက်ဝါးကြီးအုပ်၍ တိုင်းပြည်တိုင်း၌ ဒီမိုကရေစီအား၊ ၎င်းတို့၏ ကိုယ်ကျိုးစီးပွါး အလို့ငှါ၊ ကြိုးဆွဲနေသောကြောင့်ဖြစ်ပေသည်။

ကားလ်မတ်စ်၏ အယူအဆ များကို၊ ရှေးအခါ၌



နာမည်ကြီးပညာရှိကြီးများကမှားသည်ဟုပြောင်ပြောင် ပျက်ရယ် သရော်ကြလေသည်။ ဗြိတိသျှ အလုပ်သမားခေါင်းဆောင်များကပင်လျှင်၊ဤကဲ့သို့ပြောဆိုကြ၏။ယခုအခါတွင်၊ကားလ်မတ်စ်၏ဝါဒကိုရှေးကကဲ့သို့ဂရုမစိုက်ဘဲမနေနိုင်ကြချေ၊ မတ်စ်၏ ယူဆချက်များ အကြောင်းကို၊ နေရာတကာတွင် ပြောဆို၍ နေကြလေပြီ။ ၎င်းပြင်ရုရှားပြည်တွင်၊ ကားလ်မတ်စ်၏ တရားများကို အခြေခံထား၍၊ သတ္တဝါအပေါင်း၏ နေရေး, ထိုင်ရေး, စားရေးသောက်ရေးတို့သည် တမျိုးတဖုံပြောင်းလဲသဖြင့်၊ သတ္တဝါအပေါင်းတို့သည်၊လူတို့ခံစားခွင့်ခံစားထိုက်သောအရေးဟူသမျှ ၌ကို၊ဓနရှင်လက်အောက်ရှိနိုင်ငံများကဲ့သို့မဟုတ်၊ လုံးဝခံစားစံစား၍ နေရလေပြီ။ ဓနရှင်စံနစ် ထွန်းမိုးသောနိုင်ငံများ၌ကား၊ ကားလ်မတ်စ်ပြောခဲ့သည့်အတိုင်း၊ဘေးဘယာဒုက္ခအပေါင်းတို့နှင့်တွေ့ကြုံ၍ နေရ၏။

ယခုအခါ ကိုယ်ကျိုး ကျေးဇူးနှင့် ဆန့်ကျင်သဖြင့်၊ မှန်းတီးပြီး ကားလ်မတ်စ်၏ တရားများတွင် အဖြစ်အနာအဆာများကိုသိုက်လံရှာဖွေကောင်းရှာဖွေပေလိမ့်မည်။ သို့သော်လည်း၊ ရှေးကကဲ့သို့ ပမာမထားဘဲ နေနိုင်ကြတော့မည်မဟုတ်။

ကားလ်မတ်စ်သည် အခြားအခြားသော ပညာရှိကြီးများထက်၊ပဋိပက္ခဖြစ်နေသောကမ္ဘာ့ရေးဖောင်ကိုဖန်တီး၍နေသည့် စေတနာအကြောင်းရင်းကို မြင်သည့်ပြင်၊ထိုအကြောင်းရင်းကြောင့် မည်ကဲ့သို့သော အကျိုးတရားများ ဖြစ်ပေါ်၍ လာမည်ကိုလည်းသိလေသည်။ ထိုကဲ့သို့

ကားလ်မတ်စ်ဉာဏ်မျက်စေ့နှင့် တွေးထင်သိမြင်ခဲ့သည့်အတိုင်း၊ ယခုအခါ ကမ္ဘာပေါ်တွင် ထင်ထင်ရှားရှား ဖြစ်ပေါ်၍နေလေသည်။ မတ်စ် ရုပ်တရား* သည်လည်း

* Anti During by F. Engels. အကြောင်းအရာသစ်များသည် အတိတ်ရာဇဝင်ကို အသစ်တဖန် စုံစမ်းစစ်ဆေးရန် တိုက်တွန်း၍နေလေသည်။ ၎င်းပြင်အတိတ်ရာဇဝင်အပေါင်းသည် လူအတန်းအစားများသူ့ထက်ငါတည်တန့်ရန် လုံးပမ်းသော ရာဇဝင်ဖြစ်သည်ဟူ၍၎င်း၊ လူအပေါင်းတို့တွင် တိုက်ဖျက်သတ်ဖြတ်လေ့ရှိသော လူအတန်းအစားသည်၊ ကုန်စည်များပြုလုပ်သောနည်းမျိုးနှင့် ဆဲလှယ်သောနည်းမျိုးတို့မှ၊ အတိုချုပ်ဆိုလျှင်၊ ထိုလူများ၏ လက်ထဲတွင်ရှိသောစီးပွားရေးအခြေအနေမှ ပေါက်ဘွားကြောင်းကို၎င်းတွေ့ရလေသည်။ ထို့ကြောင့် လူအပေါင်းတို့၏ စီးပွားရေးအဆောက်အဦးသည် အစစ်အမှန်အခြေခံဖြစ်လေသည်။ အတိတ်ကိုစစ်ဆေးမည်ဆိုလျှင်ထိုအခြေခံကို အထောက်အထားပြု၍ဥပဒေအဖွဲ့တို့၏အကြောင်းအပြင်။ရာဇဝင်ခေတ်တိုင်းတို့၏ ဘာသာ- အဘိဓမ္မာနှင့် အခြားအယူအဆတို့ကို ရှင်းလင်းဖော်ပြလေသည်။ ရာဇဝင်၏အဘိဓမ္မာဖြစ်သော နောက်ဆုံးကိန်းအောင်းရာအရပ်မှ စိတ်ကူးသည်။ နှင်ထုတ်ခြင်းခံရပြီး၍ ရှေးကကဲ့သို့ လူ၏ရုပ်ကို စိတ်စေတသိက်ဖြင့်ဖော်ပြခြင်းမပြုဘဲ၊ လူ၏စိတ်စေတသိက်ကိုရုပ်ကသာဖော်ပြလေသည်။

Ludwig Feuerbach by F. Engels ထို့ကြောင့် ခေတ်သစ်ရာဇဝင်၌အနည်းဆုံးနိုင်ငံရေးလုံးပမ်းမှုသည် လူအတန်းအစားလုံးပမ်းမှုဖြစ်လေသည်ဟူ၍ မှန်ကန်ကြောင်းကို ပြလေသည်။ နောက်ဆုံးနိုင်ငံရေးသဘောအခြေကိုပမာမထားဘဲ၊ လွတ်လပ်ရာ လွတ်လပ်ကြောင်းအတွက်အားလုံးသော လူအတန်းအစားများ လုံးပမ်းမှုသည်လည်း။ (အဘယ်ကြောင့်ဆိုသော် လူအတန်းအစားလုံးပမ်းမှုသည် နိုင်ငံရေးလုံးပမ်းမှုဖြစ်လေသည်။) နောက်ဆုံးစီးပွားရေး လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ပြသနာကိုပါနပြုလေသည်။ ထို့ကြောင့်၎င်းအချက်တွင်အနည်းဆုံးနိုင်ငံရေးအာဏာဖြစ်သောအစိုးရသည်အခြေခံမဟုတ်ဘဲ၊ စပ်ရှက်နေသောလူအပေါင်း (စီးပွားရေးအားဖြင့် ဆက်သွယ်သော နယ်အတွင်း) သာလျှင် အရေးကြီးသော အရာဖြစ်လေသည်။ ဟေဂဲယုံကြည်သော ရှေးအစဉ်အလာ အယူအဆအားဖြင့် အစိုးရသည်အရေးကြီးသောအရာဖြစ်၍ စပ်ရှက်နေသောလူအပေါင်း သည်အစိုးရ၏ စီရင်ခြင်းကို ခံရလေသည်၊ အမြင်အားဖြင့်၊ ၎င်းအယူအဆသည် ကိုက်ညီလေသည်။



လူတတန်းစားက အခြားတတန်းစားအား သွတ်သွင်း၍ထားသောကျွန်တွင်းမှ၊ မည်ကဲ့သို့လွတ်မြောက်နိုင်ကြောင်းကို ဆင်းရဲသားအလုပ်သမားများအားဖော်ပြရုံသာမက၊ မတ်စ်၏ ဘောဂဗေဒ* ယူဆချက်များကလည်း၊ အလုပ်သမားများသည် လွတ်လပ်သော တိုင်းပြည်များ၌ပင်လျှင် မည်သည့် အခြေအနေ၌ နေရသည်ကို၊ ပွင့်ပွင့် လင်းလင်းကြီး ထုတ်ဖော် ပြထား၏။စင်စစ်အားဖြင့်ဆိုရှယ်လစ်နိုင်ငံတွင် ရှိသောလူများမှ (အပ) မည်သည့်(အပေါ်ယံခေါ်ဝေါ်နေကြသော)ကိုယ့်မင်း ကိုယ့်ချင်းနိုင်ငံ၌မဆို၊ဆင်းရဲသားတို့သည် လွတ်လပ်စွာ မနေကြရချေ။ ထို့ကြောင့် မတ်စ်သည် လူအတန်းအစား ခွဲခြားသော စံနစ်ကြီးကို မည်ကဲ့သို့ ဖျက်ဆီးမည်ကို၎င်း၊လက်ဝါးကြီးအုပ်ခြင်းကို မည်ကဲ့သို့ ဖြိုဖျက်မည်ကို၎င်း၊ အလုပ် သမားများ သည် မည်ကဲ့သို့ လွတ်မြောက်ရန်၎င်း၊စသည့်နည်းအမျိုးမျိုးကို ပြခဲ့လေသည်။

အချို့သောလူများက မတ်စ်ယူဆချက်များသည်ယခုခေတ်ဖြစ်ပေါ်နေသည့် အခြေအနေနှင့် မကိုက်ညီသဖြင့်၊ မှားကြောင်း ပြောဆိုကြလေသည်။ မတ်စ် သည် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော် လောက်က သေဆုံးခဲ့၍ ထိုနှစ်များအတွင်းတွင် ကမ္ဘာလောကကြီး၏အခြေအနေသည်လည်း၊ အဆမတန် ပြောင်းလဲခဲ့သဖြင့် မတ်စ်၏ အချက် အလက်များသည် ခရေစေ့ တွင်းကျ ကိုက်ညီရ

* ဘောဂဗေဒ၊ မတ်စ် ဘောဂဗေဒ ယူဆချက်ကို နောက် အခန်းတွင် ဖော်ပြထားသည်။

မည်ဟုမဆိုနိုင်၊ သို့ရာတွင် ဓနရှင်တို့သည် တနေ့တခြား ပိုမို၍ လက်ဝါးကြီးအုပ်နိုင်သည့် အခြေအနေသို့ ရောက်မည်ကို၊ မတ်စ်နှင့် အိန်းဂျယ်လ်တို့ မြင်ရုံသာမက၊ လီနင်၏ လက်ထက်သို့ရောက်သောအခါ၊ လီနင်သည်မတ်စ်၏ တရားများနှင့် နယ်ချဲ့ခေတ်ကြီးတွင် စမ်းကြည့်သော အခါ၊ မှန်ကန်ကြောင်း သိရှိရလေသည်။

၁၉၁၄-၁၈ ခုနှစ် ကမ္ဘာစစ်ကြီးကစ၍ ယနေ့အထိ ကမ္ဘာ၏ စီးပွါးရေး အခြေအနေကို ကြည့်လျှင်၊ တနေ့တခြား ပိုမို၍ပျက်စီး* နေသည်ကို တွေ့ရပေသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းသည်ဓနရှင်စံနစ်လက်အောက်တွင်ပဋိပက္ခဖြစ်၍နေသော အကြောင်းရင်း များကြောင့် ဖြစ်ရလေသည်။ မည်ကဲ့သို့ ပဋိပက္ခ ဖြစ်ပျက်နေသဖြင့် ကမ္ဘာကြီးသည် မည်သည့် အခြေသို့ သက်ဆင်း၍ နေသည်ကို ဖေါ်ပြပေအံ့။

၁။ ဓနရှင်စံနစ် လက်အောက်တွင် ကုန်စည်များကို အများ၏လို့ လပိရိယဖြင့်ပြုလုပ်ပါသော်လည်း၊ လူနည်းစု လက်တဆုပ်လောက်ရှိသော ဓနရှင်တို့က သာလျှင်၊ ထို ကုန်စည်များကိုချယ်လှယ်သုံးစွဲနိုင်၏၊ အလုပ်သမားများနှင့်ကုန်စည်များကိုဖြစ်စေသော်ပစ္စည်းများသည်၊ မည်သို့မျှပိုင်ဆိုင်ရေး အားဖြင့် မသက်ဆိုင်ကြချေ။ ထို့ကြောင့် အလုပ်သမား များသည် တသက်လုံး အခစား သာသို့

* ကမ္ဘာကြီး၏စီးပွါးရေးအခြေအနေသည်ပျက်စီး၍နေသည်ဟုဆိုရာ၌ တကမ္ဘာလုံး၌ အများသောလူတို့၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ပျက်စီးကြောင်းကိုဆိုလိုသည်။



သက်ဆင်းကျရောက်၍နေရ၏။ လက်မှုပညာ ထွန်းကားသော ဗြိတိသျှကျွန်းတွင်၊ ထိုကဲ့သို့သော အခြေအနေသည် ပိုမို၍ထင်ရှားလေသည်၊ လက်မှုပညာ မထွန်းကားသေးသည့် အရှေ့နိုင်ငံများဖြစ်သော၊ တရုတ်ပြည်၊ အိန္ဒိယပြည်၊ ဗမာပြည် များတွင် လည်း၊ အခြား နိုင်ငံ များနှင့် ကုန်ရောင်းကုန်ဝယ် ဆက်စပ်နေသဖြင့်၊ လူတတန်းစားနှင့် တတန်းစား၊ အနောက်နိုင်ငံများမှာကဲ့သို့၊ တနေ့တခြား ပဋိပက္ခ ဖြစ်ရန် အကြောင်းများ ပိုမိုဖြစ်ပေါ် လာလေသည်။ ထိုကဲ့သို့ ပဋိပက္ခဖြစ်ခြင်းသည်၊ နောက်ဆုံးအခြေ အနေသို့ရောက်၍နေလေပြီ။ တနေ့သောအခါ၊ ထိုအခြေ အနေသည်မီးတောင်ကြီးသဘွယ် ပေါက်ကွဲမည်မှာမလွဲပေ။ ရာဇဝင် ဆရာများပင်လျှင် ၁၉၁၄-ခုနှစ်ကစ၍၊ တိုင်းပြည်နိုင်ငံတိုင်းတွင်၊ အချင်းချင်းပုန်ကန်ကြရန်အရိပ် နိမိတ်များပေါ် ပေါက်၍နေသည်ကိုဝန်ခံကြရ၏။

၂။ တိုင်းပြည်နိုင်ငံတွင်၊ ကုန်ရောင်းကုန်ဝယ်နှင့်ပတ်သက်၍၊ လက်ဝါးကြီး အုပ်နိုင်သော နည်းစံနစ်ကြောင့် ဓနရှင်စံနစ် လက်အောက်တွင်၊ အပြိုင်အဆိုင်များ နည်းသည်ဟု လူတို့သည် ပြောကောင်း ပြောပေလိမ့်မည်။ သို့သော်-တကမ္ဘာလုံး၏ ကုန်စည် ကူးသန်း ရောင်းဝယ် ဖေါက်ကားရေးကို ကြည့်လျှင်၊ ဗြိတိသျှ ဓနရှင်ကြီးများ သည်၎င်း၊ ဂျပန်ဓနရှင်ကြီးများသည်၎င်း၊ အီတလီဓနရှင် ကြီးများသည်၎င်း၊ တဦးနှင့်တဦး ပြိုင်ဆိုင် ကြပြီးလျှင်၊ ရောင်းဝယ်ရေး တားမြစ်သော ဥပဒေများကို ပြုလုပ်၍ ၎င်း၊ အခွန်အကောက်ကြီးလေးစွာယူ၍၎င်း၊ နည်းအမျိုး

မျိုးဖြင့်၊ တဦးရောင်းသောနေရာ တဦးမရောင်းနိုင်ရန်စီမံပိတ်ဆို့ကြရလေသည်။ ထို့ကြောင့်-ကုန်ရောင်းဝယ်ရေးနှင့်ပတ်သက်၍၊ တနိုင်ငံနှင့်တနိုင်ငံ စစ်မက်အင်္ဂါဖြစ်ပွါးရန်နိမိတ်များသည်၊ ဓနရှင်စံနစ်လက်အောက်တွင်၊ တနေ့တခြားပေါ်လွင်၍လာ၏။ ထို့အတွက် ကြောက်မက်ဘွယ်ကောင်းသော စစ်မက်များမပေါ်ပေါက်စေရန်၊ တင်ကြိုပြီးစံနစ်ကျနစွာစီစဉ်ခန့်ခွဲ၍၊ ကုန်စည်များကို လူတို့အတွက်ပြုလုပ်ရန်အချိန်တန်လေပြီ။ သို့ပါသော်လည်း၊ ဓနရှင်စံနစ်အရ၊ ထိုကဲ့သို့ပြုလုပ်ရန်ပျက်စီး၍နေ၏။

၃။ ဓနရှင်စံနစ်လက်အောက်တွင်၊ စက်မှုလက်မှုများ ပိုမိုထွန်းကား၍ လာသဖြင့်၊ ဈေးက လူဆယ်ယောက် မောင်းရသော စက်ကို၊ ယခု လူတယောက် လောက်နှင့်ပြီးစီးနိုင်သည်သာမက၊ ထွက်လာသော ပစ္စည်းအရေအတွက်လည်း၊ ဈေးကထက်များပြားလာလေသည်။ ထို့အတူ-ကူးသန်းသွားလာရေးသည်လည်း၊ တနေ့ထက်တနေ့ပိုမိုလွယ်ကူဆန်းပြားလာလေ၏။ ထို့ကြောင့်-လူပိုအလုပ်လက်မဲ့တို့သည်၊ တနေ့တခြားပိုမို၍များလာသဖြင့်၊ အလုပ်မလုပ်ဘူးသေးသော ပညာတတ် အလုပ်လက်မဲ့များလည်းတိုး၍ပေါ်များလာလေသည်။ ထို့ကြောင့်၊ ကုန်စည်များကို မသုံးစွဲနိုင်သော လူများ ပိုမိုများပြားလာသဖြင့်၊ ကုန်စည်များမရောင်းရဘဲရှိ၍နေလေသည်။ ထိုကုန်စည်များကို၊ လိုသည်ထက်ပို၍ထွက်သော ကုန်စည်ဟုခေါ်ဆိုပြီးလျှင်၊ ၎င်းတို့ကို ဖြစ်စေသော ပစ္စည်းများကိုလည်း၊ ပိတ်လိုက် ရပ်လိုက်ကြလေသည်။ စင်စစ်အားဖြင့်



ကမ္ဘာပေါ်တွင်ရှိသော ဆင်းရဲသားအလုပ်သမားများကို ကြည့်သော်၊ အလုပ်သမားများသည်အများအားဖြင့် စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဖြစ်၍နေသည်ကို တွေ့ရမြင်ရလေသည်။ ထို့ကြောင့် ကုန်စည်သည် မပိုရုံသာ မက၊ လိုသေးသည်မှာ ထင်ရှား ပေသည်။ ဥပမာ-ကမ္ဘာပေါ်တွင် ပိုးထည် ချည်ထည် ယက်ကန်း ဌာနကြီးများ သည်၊ လိုသည်ထက်၊ ပို၍နေသည်ဆို၍ ပိတ်ထားကြောင်းကို တွေ့ရ၏၊ သို့သော်လည်းဆင်းရဲသားများမှာ၊ အပူအအေညီမျှရန်· ဖုံးစရာအဝတ် တထည်မျှကိုပင် မရရှိကြချေ။

အထက်ပါအကြောင်းခြင်းရာများကို၊ ထောက်သဖြင့် အလုပ်သမားများ၊ လခစား ကလေးများ၊ လက်မှုပညာတတ်များ၊ လူလတ်တန်းစားနှင့်လယ်သမားများသည်၊ တနေ့တခြားဆင်းရဲလာကြသဖြင့်၊ ထွက်ကုန်ပစ္စည်းများကို မသုံးနိုင်လင့်ကစား၊ ကုန်စည်များဖြစ်စေသောပစ္စည်းနှင့် ထွက်ကုန်ပစ္စည်းများသည်၊ ဆင်းရဲသားတို့ဝယ်နိုင်သည်ထက်ပိုမို များပြားလာသည်မှာ၊ ထင်ရှားလေသည်။

ပြုပြင်ရေးစံနစ်ကို ယုံကြည်သောသူတို့သည်၊ ဓနရှင်များနှင့် ၎င်းတို့ပိုင်သော ဥစ္စာပစ္စည်းတို့၏ ဆက်စပ်ပုံတို့ကိုကြည့်၍တဖြည်းဖြည်းဓနရှင်စံနစ်ကြီးသည်၊ မည်သူ့ကိုမျှမထိခိုက်ဘဲ၊ အသာတကြည် 'ဆိုရှယ်လစ်စံနစ်ကြီး' သို့ ကူးပြောင်း သွားလိမ့်မည်ဟု ပြောဆို ရေးသားကြလေသည်။ အချို့သော·လူတို့သည် ယခု အခြေအနေသို့ ဆိုက်ရောက်နေသောဓနရှင်စံနစ်ကိုပင် 'ဆိုရှယ်လစ်စံနစ်' ဟု ခေါ်ဆိုကြလေသည်။ ထို့ကြောင့် နိုင်ငံရေး

ခေါင်းဆောင်တို့သည်၊ဂျာမနီပြည်၁၉၃၂ခုနှစ်၌၊စက်မှုလက်မှုလုပ်ငန်းတွင် အစိုးရ၏ဝွက်ဘက်ခြင်းကို ကြည့်၍ ဂျာမနီပြည်သည် ရုရှား ပြည်ထက် "ဆိုရှယ်လစ်စံနစ်" ကြီးနှင့်နီးကပ်သည်ဟုဆိုကြလေသည်၊

ထိုကဲ့သို့အစိုးရ၏ဝွက်ဘက်သောလုပ်ငန်းသည်ဓနရှင်စံနစ်ကြီး ကြီးပွားတိုးတက်ရန်တိုင်းပြည်များပေါ်ပေါက်လာသည်ကိုလူတိုင်းလိုလိုပင်၊လွယ်လင့်တကူသိနိုင်လေသည်၊ ထို့အတူဆိုရှယ်လစ်စံနစ်မှာဆုံးရှုံးခြင်း ငွေ့စားခြင်းမရှိဘဲ သာယာဖြည်းညှင်းစွာ လွယ်လင့်တကူတိုင်းပြည်သို့မရောက်နိုင်ကြောင်းကိုလူတိုင်းသိကြလေသည်၊ ယခုအခါ တိုင်းပြည်တိုင်းတွင်ညှံ့ဖျင်းသောစီးပွားရေးအခြေအနေကြောင့်၊ လူတို့သည်များစွာသောဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံခံစား၍နေရ၏၊ထိုညှံ့ဖျင်းသောစီးပွားရေးအခြေအနေသည်၊ ပဋိပက္ခ ဖြစ်၍နေသော ဓနရှင်နှင့်ဆင်းရဲသားအလုပ်သမားများအား၊ရင်ကြားစိအောင်ဖန်တီးပေးမည့်အစား၊ ဓနရှင်တို့၏ လောဘဇောကြောင့်ပို၍ကွာခြားအောင် ပြုလုပ်၍ နေလေသည်။ ဓနရှင်စံနစ်သည်ဤအချိန်အခါတွင်ဆိုရှစ်လစ်စံနစ်သို့ပြောင်းမည့်မှာဝေးစွ၊၎င်း၏ ချုပ်ချယ်ခြင်း၊လက်ဝါးကြီးအုပ်ခြင်းတို့ကိုခံ၍နေရသော ဆင်းရဲသားများ အပေါ်တွင်၊ ပို၍နှိပ်စက်ညှင်းပန်း၍နေ၏၊ အစိုးရသည် ကုမ္ပဏီများကိုအမတော်ငွေထောက်ပံ့သည်မှာမှန်၏၊ သို့သော်လည်း၊ ထိုကဲ့သို့ထောက်ပံ့ခြင်းသည် ဓနရှင်ကုမ္ပဏီကြီးများအား ပို၍တယောက်ထည်းကောင်းစားစေခြင်း၄ါ၊ လက်ဝါးကြီး



အုပ်နိုင်ရန်ဖြစ်လေသည်၊ ထို့ကြောင့် ဓနရှင်နှင့်အစိုးရသည်တပေါင်းတည်းတဦးတည်းဖြစ်၍နေလေပြီ။

ဤကဲ့သို့ အမတော်ကြေးကို၊ တိုင်းပြည်၏ပျက်စီးလုမတတ်ရှိသော စီးပွားရေး အခြေအနေကြောင့်၊ ကုမ္ပဏီများကို ထောက်ပံ့သဖြင့်၊မပြောပလောက်အောင်တိုင်းပြည်တွင် ဓနရှင်စံနစ်၏အခက်အခဲတို့သည်၊ပပျောက်ပင်ပပျောက်လင့်ကစား၊ တကမ္ဘာလုံး၏ စီးပွားရေး အခြေအနေနှင့်နှိုင်းယှဉ်၍ ကြည့်ပါမူ၊ တနေ့တခြား တိုင်းပြည်တိုင်း၏စီးပွါးရေးသည်၊ပိုမိုဆိုးဝါး၍လာခြင်းမှာ စစ်မက်အင်္ဂါဖြစ်ပွားရန်အကြောင်းများဖြစ်နေလသည်၊

ဤကဲ့သို့ ဆိုရှယ်လစ်စံနစ် အတု အယောင် ဖြန့်ပွါးသည့်အတိုင်း၊ ကြောက်မက်ဘွယ်ကောင်းသော နယ်ချဲ့ဝါဒကြီးသည်လည်း ပိုမိုထင်ရှား၍ လာလေသည်၊ ထို့ကြောင့် နယ်ချဲ့စံနစ်၏ အခြေခံ သဘောများ ဖြစ်သောပတ်စစ်နိုင်ငံထူထောင်ရေး၊ အလုပ်ထွားတို့၏ဒီမိုကရက်တစ် အခွင့်အရေးများကို ဖြန်လည်သိမ်းပိုက်ရေး၊ ဓနရှင်နိုင်ငံများသည် လက်အောက်ခံ နိုင်ငံများ၏အဆီအနှစ်ကိုရပ်ယူရေးတို့သည်၊ ယခုအခါဈေးကာထက် ထင်ပေါ်၍နေလေသည်။

ထို့ကြောင့် ဆင်းရဲသား အလုပ်သမားတို့သည် နိုင်ငံရေးအာဏာကို သိမ်းပိုက်ပြီးလျှင်၊ ကုန်စည်များ ထွက်စေသော ပစ္စည်းတို့ကို တဦးတည်းပိုင်ဘဝမှ၊ဘုံဘဝသို့ပြောင်းမှသာ ဆိုးဝါလှသည့် ပဋိပက္ခ ဘေးဆိုးကြီးမှ လွတ်ငြိမ်း ချမ်းသာခွင့် ရနိုင်သည်။ ဤကဲ့သို့ပြုလုပ်သည်

နှင့်တပြိုင်နက်၊ လူအများ သုံးဆောင်ရန်ဟု ပဓါနမထားဘဲ၊ အမြတ်ကြေးငွေရရန်ကိုသာ ပဓါနထား၍၊ ကုန်စည်များ ပြုလုပ်သောစံနစ်သည် ပပျောက်၍၊ တိုင်းပြည်တွင် အလုပ် လက်မဲ့ရေးပြဿနာ၊ လိုသည်ထက် ပို၍နေသော ကုန်စည်ထွက်ရေးပြဿနာတို့သည် ပပျောက်၍သွားပြီးလျှင်၊ လူတိုင်း လူတိုင်း အလုပ်ရှင်များ ဖြစ်ပြီး၊ စားရေး သောက်ရေး နေရေး ထိုင်ရေး တို့မှာသက်သာချောင်ချိ၍ လာပေလိမ့်မည်။

အလုပ်သမားတို့၏နိုင်ငံရေးတန်ခိုးအာဏာသည်၊ ထိုအချိန်အခါတွင်၊ ဥစ္စာပစ္စည်းကိုအခြေခံထား၍လူ့အတန်းအစား ခွဲခြားသောစံနစ်ကို ဖျက်ပစ်သည်နှင့်ဆင်းရဲသားနှင့် ဓနရှင်တို့၊ တဦးကို တဦးမုန်းတီးသော စိတ်ဓါတ်များသည်လည်း ပပျောက်ပြီးလျှင်၊ တိုင်းပြည်တွင် လူ့အတန်း အစားအမျိုးမျိုး ခွဲခြား၍မရှိဘဲ တတန်းတည်းသာ ရှိပေလိမ့်မည်။

ဤကဲ့သို့ တကမ္ဘာလုံး၌၊ လူတိုင်း လူတိုင်းလွတ်မြော် ရန်မှာ ခေတ်ဆင်းရဲသားတို့၏ ဝတ္တရားပင်ဖြစ်လေသည်။

## ဓနသည် မည်ကဲ့သို့ စုသွားကြောင်း။

၁၈၉၀-ခုနှစ်တွင်အင်္ဂလန်ပြည်၌အပ်ချည်လုပ်သော ချေနှင့်ပီကုတ် ( J. and P. Coats Ltd. ) ကုမ္ပဏီကို ငွေရင်းပေါင် (၅,၇၅၀,၀၀၀) နှင့် တည်ထောင်ရာ၊ ခြောက်နှစ်ကြာသော အခါကာလ၌ အခြားအပ်ချည်လုံး လုပ် သော ကုမ္ပဏီ များကို မျို ၍ ငွေ ရင်း ကို



ပေါင်(၁၂,၀၀၀,၀၀၀)အထိ တိုးချဲ့လေသည်။ ကျန်အပ်ချည်လုပ်သောကုမ္ပဏီများနှင့်ကုတ်ကုမ္ပဏီကဲ့သို့ပေါင်းစပ်၍ လုပ်သော English Sewing Cotton Company တို့သည်၊ ကုတ်ကုမ္ပဏီကို ပြိုင်ရာ၊ ကုတ်ကုမ္ပဏီသည် ထိုကုမ္ပဏီများကို ဖိနှိပ်သမျှဖိပြီးလျှင်၊ အင်္ဂလိပ်ဆူးယင်းကော်တွန်းကုမ္ပဏီကို၊ ၎င်း၏လက်အောက်သို့သွတ်သွင်းလိုက်လေသည်။ ၎င်းနောက်တဖန် ထိုနည်းတူစွာ အမေရိကံပြည်ထောင်စုတွင်၊ ကုမ္ပဏီများပေါင်း၍လုပ်သော အမေရိကံ အပ်ချည်ကုမ္ပဏီ American Thread Company. နှင့် ပေါင်းဖြန်၏၊ ထိုနောက်တဖန် ကုန်ကြမ်းများကိုဈေးပေါပေါနှင့် ရရန် Fine Cotton Spinners And Doublers Association. ချည်ငင်သော ကုမ္ပဏီနှင့် ပေါင်းစပ်လေသည်၊ ဤ Finecotton Spiners And Doublers Association· သည်။ ကုမ္ပဏီပေါင်း(၃၁) ခုပေါင်းစပ်၍ လုပ်ကိုင်သော လုပ်ငန်းကြီး ဖြစ်ပြီးလျှင် ၎င်း၏ ငွေရင်းမှာ ပေါင်(၄,၀၀၀,၀၀၀) ကျော်လေသည်၊ Fine Cotton Spinners and Doublers Association. သည်လည်း တဖြည်းဖြည်း တိုးချဲ့၍လာရာ၊ ၁၉၀၅-ခုနှစ်တွင် ၎င်း၏လက်အောက်တွင် ကုမ္ပဏီပေါင်း(၅၁)ခုရှိလေသည်။ ထိုကုမ္ပဏီပေါင်း(၅၁)ခုအနက်၊ ပြင်သစ် ချည်ခင်လုပ်ငန်း(၃၃)ခုအပြင် ကျောက်မီးသွေးကုမ္ပဏီများလည်း ပါဝင်လေသည်။ ကုတ်ကုမ္ပဏီသည် အမေရိကံနှင့်စကော့တလံကုမ္ပဏီများ ပေါင်းစပ်ထားသော Linen Thread Company. နှင့်လည်း

ပေါင်းစင်၍ထားပြန်၏။ ၎င်းပြင်ကုမ္ပဏီပေါင်း(၄၆)ခု ပေါင်းထားသော Calico Printers Combine ခေါ် ဆေးဆိုး ကုမ္ပဏီများနှင့် ဆက်စပ် နေသည့်အပြင် ကုမ္ပဏီချား(၄၁)ခုပေါင်းထားသော Yorkshire Wool Combers Association. ကုမ္ပဏီတွင်လည်း ပေါင်းထ သန်းဝက်ကိုးရှယ်ယာ အရချား ပါဝင်လေသည်။

၁၀၉၀-ခုနှစ်တွင် ကုမ္ပဏီပေါင်း(၂၂)ခု ပေါင်း၍ ငွေရင်းပေါင် [၃,၀၀၀,၀၀၀] နှင့် Bradford Dyers Association. ဆေးဆိုးကုမ္ပဏီကြီး တည်ထောင်ပြီး နောက် များမကြာမီ ငွေရင်းပေါင် ၅,၀၀၀,၀၀၀ အထိ တိုးချဲ့လေသည်။ ငါးနှစ်မြောက်သောအခါ၊ ကုတ်နှင့် ဆက်စပ်နေသော Calico Printers Combine. အပြင် အခြားကုမ္ပဏီ ၁၂-ခုနှင့်လည်းပေါင်းစပ်ပြန်လေသည်၊ Bradford Dyers Association. တွင် ကျောက်မီး သွေးလုပ်ငန်း သည်းပါဝင်လေသည်။

၁၉၀၀-ခုနှစ်တွင်ကုမ္ပဏီပေါင်း ၄၁-ခုပေါင်း၍ငွေ ရင်းပေါင် ၂,၀ ၀,၀၀၀ နှင့် British Cotton and Wool Dyers Association. ကို တည်ထောင်လေ သည်။ ထိုလုပ်ငန်းသည် ပြိုင်ဆိုင်ခဲ့သည် ရိုးရိုးသာဖြင့် Bradford Dyers Association. နှင့် စည်းကမ်းသတ် စါချုပ်ပြုလုပ်ထားလေသည်။ အခြားပေါင်းစပ်ထားသော ကုမ္ပဏီချားမှာ၊

၁။ Yorkshire Indigo Scarlet and Colours Dyers (ကုမ္ပဏီ ၁၁-ခု ပေါင်းစင်ထားသည်)



၂။ English Valvet anb Cord Dyers. (ကုမ္ပဏီ ၁၄-ခု)

၃။ Leeds and District Worsted Dyers.

၁၉၀၁-ခုနှစ်တွင် အင်္ဂလန်ပြည်၌ အမေရိကန်ဆေး လိပ်ကုမ္ပဏီများလာ၍ ပြိုင်သောကြောင့်၊ ငွေရင်းပေါင် ၁၄,၅၀၀,၀၀၀-မတည်၍ နာမည်ကျော် အင်ပီးရီးရဲ Imperial Tobacco. ကုမ္ပဏီ တည်ထောင်လေသည်၊ ဤကဲ့သို့ပြိုင်သဖြင့် နှစ်ဦးနှစ်ဝစလုံးမြေခံများစွာ ဆုံးရှုံး ကြသောအခါ၊ တဦးနိုင်ငံတွင် တဦးလာ၍ မရောင်းစ တမ်း စည်းကမ်းပြုပြီးလျှင် အခြားနိုင်ငံများ အတွက် British American Tobacco Company. ဟု ခေါ် ဆို၍ ကုမ္ပဏီ နှစ်ခုပေါင်းစင်၍ လုပ်ကိုင်ကြလေသည်၊

ဆပ်ပြာလုပ်ငန်းတွင်လည်း ငွေရင်းပေါင်–၅,၀၀၀, ၀၀၀-နှင့် မတည်သော Lever Brothers Sunlight. ဆန်းလိုက် ကုမ္ပဏီ ခေါင်းတည်၍ အခြားကုမ္ပဏီများ ပေါင်းကြပြီးလျှင် ငွေရင်းပေါင် ၁၂,၀၀၀,၀၀၀ တိုးချဲ့ ၍ လုပ်ကိုင်ကြလေသည်။

Brunner Mond and Nobel. ကုမ္ပဏီဘို့သည် လည်း အခြားကုမ္ပဏီများနှင့် ပေါင်းစင်၍ အင်ပီးရီးရဲ ကဲမီကယ်-အင်ဒပ်စတြီး Imperial Chemical Industries. ကုမ္ပဏီနာမည်နှင့် လုပ်ကိုင်ကြလေသည်။

စစ်ဘက်ဆိုင်ရာ ကြိယာဘား သာပလာများကို ပြုလုပ် ၍ရောင်းချနေသော ခေနှင်ကုမ္ပဏီကြီးများ၏အကြောင်း ကိုလည်း ပေါ်ပြဦးအံ့။

Armstrong Whitworths. ထိုကုမ္ပဏီသည်၊ Sir W.G.Armstrong လက်နက်ကုမ္ပဏီနှင့် Sir Jos Whitworths အင်ဂျင်နီယာကုမ္ပဏီ နှစ်ခုပေါင်းစပ်ထားသော လုပ်ငန်းဖြစ်လေသည်၊ ၎င်းတို့အောက်သို့ ဝင်ရောက်လာရသော ကုမ္ပဏီများမှာ Mitchell and Co. Robert Stephenson and Co, The Furness Group(Weardale Coal,Iron and Steel Combine· The Cargo Fleet Co, and The Sourh Durham Steel Company) ကျောက်မီးသွေး လုပ်ငန်း ပါဝင်သော Pease Group Chilworth Gun Powder Company ဂျန်းဗါး၌ရှိသော Ansaldo Yards, Whitehead torpedo Works ငွေပင်ငွေရင်းမှာ ပေါင် ၆,၀၀၀,၀၀၀ ထိုကုမ္ပဏီတွင်ပါဝင်သောအစုရှယ်ယာရှင်ကြီးများမှာ၊

၁။ မားကွစ်လန်းဒေါင်း Marquis Lansdown. အစုငွေ ပေါင် ၂၀,၀၀၀။

၂။ လော့ဒ်မီဒီတန်း Lord Middleton. အစုငွေ ပေါင် ၁၀,၇၅၀။

၃။ လော့ဒ်ဆင်ဒလေ Lord Sudeley. အစုငွေ ပေါင် ၄၄,၀၀၀။

၄။ မာကွစ်ဆာလစ်ဘာရီ Marquis Saolisbury

၅။ ဒြူ့ခ်ဆပ်သာလင် Duke of Sutherland

Vickers Sons And Co, ထိုကုမ္ပဏီသို့ဝင်ရောက်သော၊ လုပ်ငန်းများမှာ The Naval Construction and Armaments Company of Barrow, The Maxim Nordenfeldt Gun and Ammunition Company ၁၉၀၂-ခုနှစ်တွင် Vickfrs သည်၊ သံချပ်ကာများပြုလုပ်သော William Beardmore and Company ပေါင်းလေသည်၊ Naval Construction and Armaments Co. တွင်ပါဝင်သော ဒါရိုက်တာ များမှာ၊

၁။ Marquis of Hartington. M.P. Chairman of Board of Directors. မာကွစ်ဟာတင်တန်(ပါလီမန်အမတ်) ဒါရိုက်တာအဖွဲ့ အစုငွေ ပေါင် ၆၀၀၀။

၂။ Lord Brassey Deputy Chairman. လော့ဒ်ဗရတ်ဆေး၊

၃။ Lord Edward Caveadish M.P. လော့ အက်ဒဝပ်ကာဝင်ဒစ် အစုငွေ ပေါင်-၅,၀၀၀။

၄။ Lord Ravelstoke လော့ဒ်ရေဝယ်စတုတ် အစုငွေ ပေါင်-၂၅,၁၀၀။

၅။ Lord Rothschild လော့ဒ်ရုတ်စချေး အစုငွေ ပေါင်-၁၁,၁၇၅။

John Brown and Company. ထိုကုမ္ပဏီသည် သံချပ်ကာ Armour-plate. များကို ပြုလုပ်လေသည်၊ သို့သော်လည်း စီးပွားရေး မျက်စိ ကျယ်လာ ပြီးနောက် Clydebank Shipyard. ကို ၁၇၉၇-ခုနှစ်တွင် စစ်သင်္ဘောဆောက်လုပ်သောလုပ်ငန်းချဲ့ထွင်ရန် ဝယ်လိုက်လေသည်၊ ထိုမျှနှင့်မကျေနပ်သေး အမြောက်ကျည်ဆန်

များ အမြောက်ဆန်များ Shells and Gun Tubes. များကို လုပ်သော Thomas Firth and Sons. လုပ်ငန်းကို ဝယ်လိုက်ရုံမကသေး Carmell Liard Co. ကုမ္ပဏီနှင့်လည်း ဆက်စပ်၍ နေသေး၏၊ ငွေပင်ငွေရင်းမှာ ပေါင် ၂,၂၅၀,၀၀၀-ဖြစ်၏၊

Carmell Liard Co, ကုမ္ပဏီသည်လည်း John Brown and Co. ကဲ့သို့သံချပ်ကာ များကို လုပ်ကြလေသည်။ ရှေးဦးစွာ Charles Carmell and Co. သည် Liard Brothers ကို ဝယ်ယူ၍ သင်္ဘောဆောက်သော အလုပ်ကို ချဲ့၍လုပ်ကိုင်လေသည်။ ၎င်းနောက် Fairfield Ship Building and Engineering Co. နှင့်ပေါင်းလေသည်။ တဖန် Armstrong Whitwortu နှင့်ပြိုင်လိုသဖြင့် Coventry Ordnanee Worrs နာမည်နှင့် လုပ်ကိုင်ရန်၊ Mulliner Wigley Artillery Shop ကို ဝယ်လေသည်။ ထိုကုမ္ပဏီအရစပ်တဝက်ကို John Brown and Co. က ပိုင်လေသည်၊ Carmell. ၏ ငွေပင်ငွေရင်းမှာ ပေါင် ၇,၀၀၀,၀၀၀-ဖြစ်လေသည်၊



အခန်း–၃။

## ကားလ်မတ်စ်၏ဘောဂဗေဒနည်းအကျဉ်းချုပ်။

ကားလ်မတ်စ်၏ဘောဂဗေဒနည်းအရ၊ အလုပ်သမားဆင်းရဲသားများသည်၊ မည်ကဲ့သို့ ကျွန်တွင်း ဆင်းနေရကြောင်းကိုအနည်းငယ်ပြဆိုပေအံ့။ ။ကုန်စည်များတွင်၊ တန်ဘိုးနှစ်မျိုးရှိလေသည်။ ထိုတန်ဘိုးများသည် (၁)အသုံးတန်ဘိုး(၂) အလဲတန်ဘိုးတို့ ဖြစ်လေသည်။ အသုံးတန်ဘိုးကို ကုန်စည်များကို လူတို့သည် အသုံးပြုသောအခါမှသာလျှင် ခံစားရလေသည်၊ ကုန်စည်များကိုမသုံးသရွေ့ ကာလပတ်လုံးမခံစားရချေ၊ အသုံးတန်ဘိုးသည် ကုန်စည်နှင့်အမြဲတွဲ၍နေ၏၊ အသုံးတန်ဘိုးကိုအကြောင်းပြု၍ ကုန်စည် ကူးသန်း ရောင်းဝယ်ရေး ဖြစ်ပေါ်၍ လာလေသည်၊ အသုံးတန်ဘိုးရှိသောကုန်စည်သည်အလဲတန်ဘိုးရှိရမည်ဟု မဆိုနိုင်ချေ၊ ဥပမာ လူတယောက်သည် ကုန်စည်တခုကို ပြုလုပ်၏၊ ထိုကုန်စည်ကို သူသာလျှင် သုံးဆောင်နိုင်၏။ ထိုကုန်စည်ကို သုံးဆောင် နိုင်သဖြင့်၊ ၎င်း၌ အသုံးတန်ဘိုး ရှိလေသည်၊ သို့သော်လည်း ထိုလူသာလျှင် သုံးဆောင်နိုင်၍ အခြားလူများ မသုံးဆောင်နိုင်သောကြောင့်၊ ထိုကုန်စည်၌အလဲတန်ဘိုးမရှိနိုင်ချေ၊

အမျိုးမျိုးသော ကုန်စည်များတွင် အမျိုးမျိုးအသုံးကျသော သတ္တိထူး ရှိကြသော်လည်း၊ ထိုကုန်ပစ္စည်းများတွင် တခုနှင့်တခု တူသော သတ္တိရှိလေသည်၊ ထိုသတ္တိသည်ကား "အလုပ်ပင်" ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော်၊

မည်သည့် ကုန်စည်မျိုးကိုမဆို၊ မလုပ်မကိုင်ဘဲနှင့် မရ ကောင်းမဖြစ်ကောင်း၊ ကုန်စည်များလုပ်ရေးတွင်လုပ်ကိုင်နည်းအမျိုးမျိုး ရှိပေလိမ့်မည်။ ယခုအချိန်တွင် လုပ်ကိုင်နည်းကိုထည့်၍မစဉ်းစားသေးချေ။

ကုန်စည်၏တန်ဘိုးသည်၊ ထိုကုန်စည်ပေါ်တွင် အလုပ်သမား အသုံး ပြုခဲ့သော အလုပ် ဖြစ်လေသည်။ ထို့ကြောင့် တန်ဘိုးကို ဖြတ်နိုင်ရန်၊ ထိုအလုပ်ကို တိုင်းထွာနိုင်သော အမှတ်အသားလိုလေသည်။ ထိုအမှတ်အသားသည်ကုန်စည်ပေါ်တွင်လိုလေသေးမရှိ၊ပြီးစီးသည့်အထိ ဖြန်းတီးခဲ့သော အလုပ်ချိန် (Labour-Time) ဖြစ်လေသည်။ "အလဲ" တန်ဘိုးသည် အလုပ်ချိန်ပေါ်တွင်တည်ရှိ၍နေလေသည်။ "အလဲ" တန်ဘိုးကို အရေအတွက်အားဖြင့် ပြရလေသည်။ အမျိုးတန်ဘိုးကိုကား အမျိုးအစားအားဖြင့်ပြရလေသည်။ ဥပမာ-အမေရိကံပြည်မှာ လုပ်သော မော်တော်ကား တစီးကို ဗမာပြည်မှာ လုပ်လျှင် ဗမာပြည်၌ ကုန်ကျမည့်အချိန်သည်၊ အမေရိကံပြည်၌ ကုန်ကျမည့်အလုပ်ချိန်ထက် နှစ်ဆများလေသည်။ အသုံးတန်ဘိုးကို ကြည့်သော အမေရိကံ ပြည်တွင် ရှိသော အသုံးတန်ဘိုးနှင့် မြန်မာပြည်တွင်ရှိသော အသုံးတန်ဘိုးတို့သည်၊မကွာခြားကြချေ။ သို့သော်လည်း "အလဲ" တန်ဘိုးမှာကား၊နှစ်ဆကွာခြား၏။ အဘယ်ကြောင့်ဆိုသော် ဗမာပြည်တွင်ကုန်ကျသော အလုပ်ချိန်သည် အမေရိကံပြည်တွင်ကုန်ကျသော အလုပ်ချိန်ထက် နှစ်ဆများသောကြောင့်တည်း။



ကုန်စည်များ တခုနှင့်တခု လဲလှယ်ရာတွင် "အလဲ" တန်ဘိုးကိုဖြတ်ရာ၌ ငွေ(Money)နှင့် ဖြတ်ရလေသည်။ ရှေးအခါ၌လူတို့၏ အသုံးအဆောင်သည်၊ ယခုကာလကဲ့သို့ ထွေရာလေးပါးမဟုတ်ဘဲ၊ လွယ်ထင့်တကူ လဲနိုင်သော ပစ္စည်းများဖြစ်သဖြင့်၊ "အလဲ" တန်ဘိုး ဖြတ်ရာ၌ ငွေကိုမသုံးဘဲ၊ ကုန်စည်တခုနှင့်တခုကိုသာ လဲကြလေသည်၊ (Barter System) ယခုအခါ လူတို့၏ အသုံးအဆောင်သည် ထွေရာလေးပါး ရှုပ်ထွေးပွေထ၍နေလေပြီ၊ ဤကဲ့သို့သော နည်းမျိုးနှင့် လဲလှယ်ရန် မဖြစ်နိုင်တော့ချေ။

တန်ဘိုးကို လူတို့သည်ဈေး (Price) နှင့် သိနိုင်လေသည်၊တနည်းအားဖြင့် ဈေးသည်ကုန်စည်၏ တန်ဘိုးကိုပြလေသည်။ "အလဲ" တန်ဘိုးသည်လည်း အလုပ်ချိန်ကိုပြလေသည်၊ထို့ကြောင့် ငွေသည်လူတိုင်းအသိအမှတ်ပြုရသော အလုပ်ချိန်တမျိုး ဖြစ်လေသည်။ ထို့ကြောင့် ငွေသည်အလုပ်ချိန်တမျိုးနှင့် သဏ္ဌာန်အလေးချိန်တို့ ဖြစ်သဖြင့် တန်ဘိုး၏အရွယ်နှင့်ဈေးကိုပြလေသည်။

ကုန်စည်များကိုငွေဖြင့်လဲသောအခါ၊ကားလ်မတ်စ်သည်အောက်ပါလက္ခဏာနှင့်ပြလေသည်၊

C.—M. C. = ကုန်စည်။
M. = ငွေ။

ထိုငွေကိုရသဖြင့်၊ အခြားလိုအပ်သော ကုန်စည်များကိုထိုငွေနှင့်လဲလှယ်လေသည်။ ထိုအခါ လက္ခဏာသည် M.—C. ဖြစ်၍သွားလေသည်။ နောက်ကုန်စည်အတွက်၊

ထိုရသော ငွေကိုပင် သုံးရသော ကြောင့်၊ ထိုကုန်စည် နှစ်ခုစလုံးအပေါ်တွင် အသုံးပြုသော အလုပ်ချိန်တို့သည် တူညီရလိမ့်မည်။

ထို့ကြောင့် C.—M. ≡ M.—C.

ထို့ကြောင့် လဲလှယ်ခြင်းနှစ်ခုကိုပေါင်း၍လက္ခဏာ တခုတည်းပြုလျှင်၊ C.—M.—C. ဖြစ်သွားလေသည်။

ကုန်စည်ကို လုပ်၍ရောင်းသောလူသည်၊ ၎င်း၏လက်ထဲသို့ ငွေအရင်ဆုံး ရောက်လာငြားသော်လည်း၊ ထိုငွေနှင့်တဖန် အသုံးလိုသောကုန်စည်ကို ပြန်၍ ဝယ်ရသောကြောင့်၊ ထိုငွေသည် အခြားကုန်စည်ရောင်းသူ ထံသို့ ရောက်၍သွားလေသည်။ ထို့အတူအခြားကုန်စည်ရောင်းသောလူသည်လည်း၊ ထိုငွေနှင့်တဖန် လိုသောကုန်စည်ကို ထပ်၍ဝယ်ရ၏။ ထို့ကြောင့် ငွေသည် ပဌမ ရောင်းသောလူထံမှ၊ တဖြည်းဖြည်းဝေးသည်ထက် ဝေး၍သွားလေသည်။ ထိုလက္ခဏာကိုအောက်ပါအတိုင်းပြပေအံ့။

C.—M.—C.—M.—C.—M.—C.

အကယ်၍ ကုန်စည်ကိုရသောငွေနှင့်လဲလှယ်၍ မသွားဘဲ၊ ထိုလက္ခဏာအတန်းတွင်၊ M.တနေရာ၌၊ ဥပမာ (C.-M.-C.-M.) ပြတ်၍သွားလျှင်၊ ဤကဲ့သို့ပြတ်ရခြင်းအကြောင်းရင်းသည်၊ ငွေကိုကုန်စည်နှင့်မလဲဘဲ၊ သိုထားသိမ်းထား သောကြောင့် ဖြစ်လေသည်။ ယခုကဲ့သို့ သိုထားသိမ်းထားသောအခါ၊ ကုန်စည်များသည် မလဲလှယ်ဘဲ၊ (သို့တည်းမဟုတ်မရောင်းရဘဲ) ပုံ၍ နေလေသည်။



ဘဏ်များတွင်ရှိသောငွေသည် တိုး၍နေလျှင်၊ ကုန်စည်များမလဲလှယ်ကြောင်းသိရထေသည်။

ငွေသည် (M.) ဓန၏ ပဌမဆုံးသဏ္ဍာန်ဖြစ်လေသည်။ လူတဦးတယောက်သည်၊ ကုန်စည်ကို ရောင်းလေသည်၊ ထိုကုန် စည်ကို ဝယ်၍ ရောင်းသော လက္ခဏာမှာ၊ M.-C.-M.ဖြစ်လေသည်။ ထိုဝယ်၍ရောင်းသောလူသည်၊ တကယ်တန်းသုံးရန်ဝယ်သောလူ့အပေါ်တွင်၊ မေတ္တာရှိ၍ရောင်းသည်မဟုတ်ပေ၊ စင်စစ်အမြတ်ရရန်ရောင်းခြင်းဖြစ်လေသည်။ ထို့ကြောင့်၊ ပဌမ လက္ခဏာ ဖြစ်သော M.-C.-M. သည်၊ M.-C.-M. + (က) ဘဝသို့ ပြောင်းသွားလေသည်။

M. + (က)ကို $M.^{၁}$ လို့ခေါ်ပါလေ။

အကယ်၍သာ ကုန်စည်များကို အဆက်မပြတ်ဘဲ ရောင်းဝယ်သွားမည်ဆိုလျှင်၊

M.—C.—$M.^{၁}$—C.—$M.^{၂}$—C.—$M.^{၃}$ ဖြစ်ပေလိမ့်မည်။

M. သည်၊ $M.^{၁}$ ={ M. + (က) } ဘဝသို့ ပြောင်းသွားသောအခါ၊ အလို အလျောက်၊ မရော မပါဘဲ၊ ပြောင်းသွားသည်မဟုတ်ပေ။ အပို(က)သည်၊ တနေရာမှ လာရပေလိမ့်မည်။ ရိုးရိုး တန်းတန်း ကုန်စည် တခုနှင့်တခုလဲရာ၌အသုံးတန်ဖိုး အမြတ်သာရလေသည်။ အလဲတန်ဖိုးအမြတ်မရနိုင်၊ အလဲတန်ဖိုး၏ အားထားရာ

ဖြစ်သော အလုပ်ချိန်သည်၊ပြောင်းနိုင်ကောင်းသောအရာ မဟုတ်ပေ။ရင်းပြင် အပို(က)သည် ကုန်စည်ကို အသုံးပြုရန် ဝယ်သောလူက၊ တန်သည်ထက် ပို၍ ပေးသောကြောင့်ဖြစ်ပေါ်လာသည်မဟုတ်ချေ။ အကယ်၍သာ အလွန်အမင်းပို၍ပေးလျှင်၊လဲလှယ်ခြင်းသည် ရပ်၍သွားပေလိမ့်မည်။ထိုကြောင့်၊အပို(က)သည်၊ငွေထဲ၌ရှာ၍မတွေ့လျှင်၊ကုန်စည်ထဲတွင်ရှိရပေလိမ့်မည်။

ထို့ကြောင့်၊ ကုန်စည်ကို စစ်ဆေးရန်လိုလေသည်။ ကုန်စည်ကိုပြုလုပ်ရာ၌၊ လုပ်ငန်းသည်လိုလေသည်။ ထိုလုပ်ငန်းတွင်၊

(၁)။ လူအလုပ်။

(၂)။ အလုပ်လုပ်ရမည့်ဝတ္ထုပစ္စည်းများ။

(၃ ။ အလုပ် လုပ်ရာတွင် အသုံးပြုရမည့် ကြိယာတန်ဆာပလာများပါဝင်လေသည်။

(၂)နှင့်(၃)ဖြစ်သော အလုပ်လုပ်ရမည့်ဝတ္ထုပစ္စည်းများနှင့်အလုပ်လုပ်ရာတွင်အသုံးပြုရမည့်ကြိယာတန်ဆာပလာများသည်လည်း၊ အလုပ်မှ ဖြစ်ရသော ပစ္စည်းများဖြစ်ကြ၏။ထို့ကြောင့် အပို(က)သည်၊အလုပ်မှရပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော်၊ ဓနရှင်သည်၊အလုပ်အား သတ္တိက ဖန်တီးသော တန်ဘိုး(Value Produced By Labour Power.)ကိုမပေးဘဲ၊အလုပ်အားသတ္တိ၏မူလတန်ဘိုး(Value of Labour Power.) ကိုသာ၊ပေးလေသည်။ သို့အတွက်၊ အလုပ်သမားသည်၊ ၎င်း၏ကုန်ကျသော စရိတ်ထက်ပို၍လုပ်ရကြောင်းထင်ရှားလေသည်။



•(အလုပ်အား သတ္တိက ဖန်တီးသော တန်ဘိုး)—(အလုပ်အားသတ္တိ၏မူလတန်ဘိုး) = အမြတ် = အပိုတန်ဘိုး။

Surplus Value. = SV.

"ဓန"ကို တဖန်၊နှစ်မျိုးခွဲထားလေသည်။ အလုပ်ပေါ်တွင် သုံးစွဲသောဓနကို၊ ပြောင်းလဲသောဓန (Variable Capital. = VC.)ဟု ခေါ်လေသည်။ အလုပ်လုပ်ရမည့်ဝတ္ထုပစ္စည်းများနှင့်၊ အလုပ်လုပ်ရာတွင် အသုံးပြုရမည့်ကြိယာ တန်ဆာများအပေါ်၌ သုံးစွဲရမည့်ဓနကို၊ တည်တန့်သော ဓန (Constant Capital. = CC.) ဟုခေါ်တွင်လေသည်။

ဓန-Capital. = VC. + CC.

အကယ်၍ v သည်၊ ကုန်စည်၏ တန်ဘိုးပေါင်း ဖြစ်လျှင်၊ v. = VC.+CC. + SV.

စင်စစ်အားဖြင့်၊ အလုပ်သမားသည်၊ တန်ဘိုးပေါင်း (အလုပ်အား သတ္တိက ဖန်တီးသော တန်ဘိုး) (v.) ကိုမရချေ။ ထို့ကြောင့်၊ အလုပ်သတ္တိ၏ မူလတန်ဘိုးကိုသာပေးသဖြင့်၊ အပိုတန်ဘိုး ဖြစ်သော၊ အပို အလုပ် (Surplus Labour.)ကို၊အခကြေးငွေမပေးရဘဲ၊အလကားရလေသည်။ ထိုအခကြေးငွေ မပေးရသော အလုပ်သည်၊ အမြတ် [သို့တည်းမဟုတ်-အပိုတန်ဘိုး] ဖြစ်လေသည်။ ထို့ကြောင့်၊ အမြတ်ကိုယူတိုင်း၊ ဆင်းရဲသား အလုပ်သမားများအား၊ ဓနရှင်သည် ညှင်းပန်းသည်နှင့် တူလေသည်။

## အခန်း--၄။

## အတိုက်အခံဖြစ်၍နေသောကဏ္ဍနှစ်ခြမ်း။

ဓနရှင်စံနစ်ကို သေချာစွာ စစ်ဆေး စုံစမ်းသောအခါ၊ လက်တဆုပ်လောက်သောဓနရှင်တို့သည်၊ ကုန်စည်များကိုဖြစ်စေသော ပစ္စည်းများ အားလုံးကို လက်ဝယ်ထားပြီးလျှင် *လူအများအား အလုပ်ခွဲဝေပေး၍ ၎င်းတို့ကိုယ်ကျိုးအတွက် ကုန်စည်များကို ပြုလုပ်နေကြောင်း သိရှိရလေသည်။ ဓနရှင်စံနစ်ကြီး တည်တန့်၍ နေသမျှကာလပတ်လုံး၊ လူအများ ပိုင်း၍ ကုန်စည်များကို လုပ်ကိုင်ပင်လုပ်ကိုင်ကြရ သော်လည်း၊ အများအကျိုး မခံစားရဘဲ၊ တဦးကောင်း တယောက်ကောင်းသာခံစားရ၏။ စင်စစ်အများ၏ လုံ့လဝိရိယနှင့် အကျိုးစီးပွား ဖြစ်ထွန်းသည်ရှိသော်၊ ထိုအကျိုးစီးပွားကို အများခံစားရမှသာ တရားနည်းလမ်းကျပေသည်။ ဓနရှင်စံနစ်အောက်တွင်၊ ထိုကဲ့သို့ မခံစားရသဖြင့်၊ ဆင်းရဲသားအလုပ်သမားများနှင့် ဓနရှင်တို့သည်၊ ပဋိပက္ခဖြစ်၍နေကြလေသည်။

ဤကဲ့သို့ အများနှင့်သက်ဆိုင်လျက်နှင့် အများအကျိုးကိုမကြည့်ဘဲ တဦးတယောက်အကျိုးကိုသာပဓါနထားသဖြင့်၊ အများ၏လုံ့လနှင့် ပြုလုပ်ခဲ့သော ကုန်စည်များ

* လွတ်လပ်သော အလုပ်သမားဟုခေါ်ခြင်းဖြင့် အဓိပ္ပါယ်နှစ်မျိုးပေါက်လေသည်။ (၁) ကျေးများ ကျွန်များကဲ့သို့ ၎င်းတို့ကိုယ်တိုင် ကုန်စည်များကိုဖြစ်စေသောပစ္စည်း၊ အစိတ်အပိုင်းမဟုတ်ပေ။ (၂) သယ်ပိုင်ရှင်ကလေးများကဲ့သို့လည်း ကုန်စည်များကိုဖြစ်စေသောပစ္စည်းများကိုမပိုင်ဆိုင်ချေ။ (Capital by Karl Marx.)



သည် အများသုံးစွဲရန် မဟုတ်တော့ဘဲ၊ အမြတ် အစွန်းရရန်အတွက်သာဖြစ်၍နေလေသည်။ ထို့ကြောင့်အမြတ်အစွန်းကိုသာ အဓိကထားသဖြင့်၊ ဓနရှင်တဦးနှင့်တဦးသော်၎င်း၊ အအုပ်အစုချင်းသော်၎င်း၊ သို့ထက်ငါ၊ အမြတ်ရရန်ပြိုင်ဆိုင်ခြင်းကိုအခြေခံထား၍ ဓနရှင်တို့သည်၊ ကုန်စည်များကိုထုတ်ကြလေသည်။ စင်စစ်အားဖြင့်၊ အများသုံးစွဲရန်အတွက် ကုန်စည်များကို ပြုလုပ်ခဲ့ပါမူ၊ ထိုကုန်စည်များကိုမပြုလုပ်မီ၊ ကြိုတင်၍ လူအများအတွက်မည်မျှလိုသည် ပိုသည်ကို တွက်စစ် ကြည့်ရ ပေလိမ့်မည်။ ဤကဲ့သို့ မတွက်စစ်ဘဲ အမြတ်ရရန်ကိုသာ၊ အာသီသထား၍ ကုန်စည်များ ပြုလုပ်သဖြင့်၊ အလုပ်သမားတို့၏အလုပ်သည် ကုန်စည် ဘဝသို့ ရောက်ကာ၊ ဈေးတွင်ရောင်းရတော့၏။ ဤသည်ကား များစွာ မနှစ်မြို့ဘွယ်ကောင်းလေသည်။ ယခုကဲ့သို့ အလုပ်သမားတို့၏အလုပ်ကို၊ ဈေးတွင်ရောင်းရသဖြင့်၊ အလုပ်သမား အချင်းချင်းသို့ထက်ငါ ပြိုင်ဆိုင်၍ အလုပ်၏ တန်ဘိုးကို လျှော့ကာရောင်းချကြရလေသည်။ ထိုအခါ အမြတ်အစွန်းကို ပဓါနထားသော ဓနရှင်သည် အလုပ်၏ တန်ဘိုးကို ကြိုက်ဈေးနှင့်ဖြတ်တော့၏။ ထို့ကြောင့် ဓနရှင်စံနစ်ကြီးသည် လူတို့အား ကုန်စည်များကို ဖြစ်စေသော ပစ္စည်းနှင့် လဲလှယ်နိုင်စေသောပစ္စည်းများကို၊ ပိုင်သော ဓနရှင်အတန်းအစားနှင့်ဆင်းရဲသား အလုပ်သမား အတန်းအစားကို ခွဲခြား၍ထားလေသည်။

ဆင်းရဲသားအလုပ်သမားများနှင့်ဓနရှင်တို့ယခုကဲ့သို့

ပဋိပက္ခဖြစ်၍နေသောအခြေအနေသည်၊ ဓနရှင်စံနစ်အရ ကုန်စည်များကို ပြုလုပ်နိုင်သော အားကို ပိုမိုတိုးချဲ့ကြီး မားလာရန်မလုပ်နိုင်ဘဲ၊ တနေ့တခြားဆိုးဝါး၍ လာလေ သည်၊ ဤကဲ့သို့ အတိုက်အခံဖြစ်၍ နေခြင်းသည် ဓနရှင် စံနစ်ကြီးများသုင်းခြင်းကြောင့်ဖြစ်လေသည်၊ ထိုသို့ဓနရှင် စံနစ်ကြီး များယွင်း၍ နေသဖြင့်၊ နည်းစံနစ်သစ်ဖြင့် ကုန် စည်များကို ဖန်တီးဝေခွဲရန် အချိန်ရောက် လေပြီ၊ ထို စံနစ်သစ်သည်ဆိုရှယ်လစ်နည်းစံနစ်ပင်ဖြစ်လေသည်၊

ဓနရှင်စံနစ် ဖြစ်ပေါ်လာသည့်နေ့မှစ၍ တိုးပွားထွန်း ကားလာသည့် လမ်းတလျှောက်တွင်၊ ကုန်စည် ပြုလုပ် ထုတ်ဝေရေးနှင့်ပတ်သက်၍ ဆင်းရဲသားနှင့်ဓနရှင်တို့၏ ဆက်စပ်နေသော အခြေအနေသည်၊ ပဋိပက္ခ ဖြစ်ပြီးလျှင် ထိုသို့ ပဋိပက္ခ ဖြစ်ခြင်းသည် ဓနရှင်စံနစ်၏ ယခုစခန်း ဖြစ်သော နယ်ချဲ့စံနစ် လက်အောက်တွင် ပိုမို၍ ကြီးသော လေသည်၊ ထို့ကြောင့်ကုန်စည်များ ထွက်စေသောအား နှင့်ကုန်စည်များထွက်ရန် ဆက်စပ်နေသော အခြေအနေ တို့သည်၊ ပိုမို၍ မညီမမျှ ဖြစ်၍ နေကြောင်းမှာ ထင်ရှား လေသည်၊ ဓနရှင်စံနစ်သည်ငင်း၏စံနစ်အရ၊ ကုန်စည်များ ထွက်ရန် ဆက်စပ်နေသော လူနည်းစုလက်တဆုပ်ခန့်ဓန ရှင်တို့နှင့် ငတ်မွတ်ခြင်း, ခေါင်းပါးခြင်း, အိုးမြေအိမ်မြေ ကင်းမဲ့ခြင်း,အလုပ်လက်မဲ့ဖြစ်ခြင်း,စသည့်ဘေးအပေါင်း ခြံရံသော အလုပ်သမား လူများစု ကိုသာ၊ ဖန်ဆင်းနိုင် လေသည်။ ဓနရှင်စံနစ်တနေ့တခြား တိုးချဲ့သဖြင့်၊ နယ်ချဲ့ စခန်းသို့ရောက်သောအခါ၊ ဓနရှင်တို့သည် ၎င်းတို့၏ဓန



ဖြစ်သော ငွေပင်ငွေရင်းကို လက်အောက်ခံ နိုင်ငံများသို့ ယူသွားပြီးလျှင်*ငွေပင်ငွေရင်းမြှုပ်နှံကြလေသည်၊

နယ်ချဲ့စံနစ်လက်အောက်၌၊ လွတ်လပ်သောနိုင်ငံများ တွင် ရှိသော၊ ဆင်းရဲသား အလုပ်သမား များသည်၎င်း၊ လက်အောက်ခံ နိုင်ငံများတွင်ရှိသော၊ ကျွန်ဆင်းရဲသား အလုပ်သမားများသည်၎င်း၊ အလွန် ဆိုးဝါးသော အခြေ အနေကိုတွေ့ကြုံခံစားရသဖြင့်၊ ထိုဆင်းရဲခြင်း ဘေးဒုက္ခ မှ လွတ်မြောက်ရန်၊ ဆင်းရဲသား အပေါင်းတို့သည် ကြိုး စားအားထုတ်ကြလေသည်။ ထိုအခါ၊ဓနရှင်ကြီးတို့သည် လည်း၊ ဆင်းရဲသားတို့၏ ကြိုးစားအားထုတ်ခြင်းကို သိ သဖြင့်၊အမြတ်နှင်း၎င်းတို့၏အပေါ်တွင်၊အညွန့်ချိုး၍စားနိုင် ရန်၊ဆင်းရဲသားများအား၊နည်းအမျိုးမျိုး, ထက်နက်အမျိုး မျိုးတို့နှင့်ဖိနှိပ်ကြလေသည်၊ ထိုကဲ့သို့ လူတတန်းစားနှင့် တတန်းစားဖြစ်သည့်၊ ဓနရှင်နှင့် ဆင်းရဲသားတို့သည်၊

---

* အင်္ဂလန်ပြည်၏ဝင်ငွေ။

၁၈၉၉-ခုနှစ်။ အခြားနိုင်ငံများနှင့် ကုန်အရောင်းအဝယ်မှ ဝင်သောငွေ ပေါင် ၁၈,၀၀၀၀၀၀ (တကုဋေ ၈-သန်း။)

၁၈၉၉ ခုနှစ်၊နိုင်ငံပြင်ပတွင်ငွေရင်းစိုက်ထူ၍ဝင်သောငွေပေါင် ၉၀,၀၀၀, ၀၀၀။ ၁၀၀,၀၀၀,၁၀၀(ကုဋေပေါင် ၁၀-ကုဋေ။)

၁၉၀၁-ခုနှစ်........................................၁၄၀,၀၀၀,၀၀၀။

၁၉၀၆-ခုနှစ်........................................၂၀၀,၀၀၀,၀၀၀။

၁၉၀၆-ခုနှစ်တွင်။အင်္ဂလန်ပြည်သည်၊ ၎င်း၏လက်အောက်ခံနိုင်ငံများနှင့် အခြားနိုင်ငံများတွင် စိုက်ထူထားသော ငွေပင်ငွေရင်းမှာ ပေါင်(သန်းပေါင်း ၄ သောင်း၊)ထိုသို့စိုက်ထူထားသော ငွေပင်ငွေရင်းအပေါ်မှ ထိုနှစ်အတွင်းရရှိ သောဝင်ငွေသည်။ အင်္ဂလန်ပြည် တပြည်လုံးဝင်ငွေ၏ ၁၂ပိုင်း-၁ပိုင်းဖြစ် လေသည်။

ဓနရှင်စံနစ်ယက်အောံတွင်၊ အစဉ်သဖြင့်၊သူသာ-ငါသာ ကြိုးစား အားထုတ်၍ နေကြခြင်းကို အကြောင်းပြု၍၊ ကမ္ဘာ့ပေါ်တွင်၊ ပေါ်လွင်၍နေသော ရာဇဝင်ကို ကြည့်သော်၊ လူတတန်းစားနှင့် တတန်းစား၊ အာဏာလုယူမှုသည်၊ ရာဇဝင်ကို ဖန်တီးသော အကြောင်းရင်း ဖြစ်သည်ကိုသိကြပေလိမ့်မည်။ ထိုသို့အာဏာကို လုယူရန်အတွက်၊ နယ်ချဲ့သောနိုင်ငံများတွင်၊ ဖိနှိပ်ခြင်းခံ၍ နေရသည့်ဆင်းရဲသား အလုပ်သမားများနှင့်၊ လက်အောက်ခံနိုင်ငံများ၌ရှိသောကျွန်ဆင်းရဲသားအလုပ်သမားတို့သည် ပူးပေါင်းကြ၍၊ဓနရှင်စံနစ်၏ အင်အားကို၊ အစဉ်မပြတ် ကြိုးစားတိုက်ခိုက်ကြလေသည်။ ထို့ကြောင့်၊ အင်္ဂလန်ပြည်တွင် ရှိသော ဆင်းရဲသား အင်္ဂလိပ် အလုပ်သမားများသည်။ လက်အောက်ခံ နိုင်ငံများတွင် ရှိသော၊ ကျွန်တိုင်းရင်းသား, ဆင်းရဲသား, အလုပ်သမားများ၏ လွတ်လပ်ရေးကို မကြာခဏတောင်းဆိုကြ၏။ အဘယ်ကြောင့်ဆိုသော်၊ လက်အောက်ခံ နိုင်ငံများမှ ရသော အမြတ်အစွန်းတို့သည်၊ အင်္ဂလန်သို့ယူလာ၍၊ အလုပ်သမားများကို ဖြန့်ဖြူးပေးကမ်းသဖြင့်၊အလုပ်သမားတို့သည်၊ ထိုမဝရေစာလောက်ကိုသာကြည့်၍၊ စည်းစိမ်ယစ်မူးပြီးလျှင်၊ အလုပ်သမားတို့၏ အရေးကို မေ့လျော့၍ နေတတ်လေသည်။ အကယ်၍သာ လက်အောက်ခံ နိုင်ငံသည်၊ လွတ်လပ်သော နိုင်ငံဘဝသို့ရောက်သောအခါ နယ်ချဲ့နိုင်ငံတွင် ရှိသော အလုပ်သမားတို့သည်၊ လက်အောက်ခံ နိုင်ငံများမှ ယူဆောင်လာသော အမြတ်အစွန်းများဖြင့်ယစ်မူးရန်



ပေးတော့သဖြင့် အလုပ်သမားအရေးကို မေ့လျော့၍မနေနိုင်တော့ပေ၊

ဓနရှင်စံနစ်မှ လွတ်မြောက်လိုသော၊ ဆန္ဒများ, လက္ခဏာများသည်၊ ဓနရှင်စံနစ် ပေါ်ပေါက်လာသည့်နေ့ကစ၍၊တနေ့တခြား ပေါ်လွင် ထင်ရှား၍ လာလေပြီ။ ရာဇဝင်ထဲတွင်၊စာတင်၍ထားသော အကြောင်းခြင်းရာတို့သည် မဟုတ်,မတန်,မဖွယ်,မရာ အကြောင်းများကြောင့် ဖြစ်ပေါ်လာကြသည် မဟုတ်ပေ။ အိန္ဒိယပြည် ရာဇဝင်ကို ကြည့်သော်၊ရှေးနှစ်ပေါင်း ခြောက်ဆယ်လောက်မှ စ၍၊ သူတို့လွတ်လပ်ရေးအတွက်၊ ကြိုးပမ်းနေသည်ကို တွေ့ရပေလိမ့်မည်။

ဆင်းရဲသား အလုပ်သမားများသည်၊ ဓနရှင်ကြီးများထံမှ၊ တန်ခိုးအာဏာဟူသမျှကိုယူ၍ ဓနရှင်စံနစ်ကိုဖျက်စီးမည်ဟုသဖြင့်၊ထိုကဲ့သို့ မပြုလုပ်နိုင်ရန်၊ ဓနရှင်ကြီးတို့သည်။ ဆင်းရဲသား တို့အား အမျိုးမျိုးသော နည်းတို့ဖြင့် ဖိနှိပ်လေသည်။ တမျိုးသောနည်းမှာ ဆင်းရဲသား အလုပ်သမားများထဲမှ၊ အချို့-အချို့သော လူတို့ကို လခကြီးစွာ ပေးပြီးလျှင်၊ [ဓနရှင်များ စိတ်ဓါတ်ဝင်စားသော] 'ဘူဇဝါ' အငယ်စားများ ဖြစ်ကြသော၊ ရှေ့နေ, ဝတ်လုံများ၊ ဆေးဆရာဝန်များ၊ လက်မှုပညာတတ် ဆရာများနှင့် တတန်းတည်းထား၍၊ ၎င်းတို့ကဲ့သို့ စိတ်ကြီးဝင်အောင် ပြုလုပ်ပြီးလျှင်၊ အလုပ်သမားအရေးကို မေ့လျော့အောင် ပြုလုပ်ကြလေသည်။ နေ့ခင်တသက်လုံး ဓနရှင်တို့ကို အားကိုးစိမ့်သောငှါ၊ ၎င်းတို့၏ သားသမီးများကိုလည်း၊ လခ

ကြီးသောအလုပ်အံ့ကိုင်များကို၊ ခနရှင်တို့သည် ဝေးပြန် သေး၍၊ထိုအခါ၊ခနရှင်ကြီးများ ခြောက်စားခြင်းကို ခံရ သော အလုပ်သမားတို့သည်၊ ရှေးအခါက ယုံကြည်ကိုး ကွယ်ခဲ့သော နိုင်ငံရေးဝါဒများကို လက်လွှတ်၍၊ ခနရှင်နှင့် ဆင်းရဲသား-သင့်မြတ်စွာ ပေါင်းသင်း နိုင်မည့် နိုင်ငံရေး ဝါဒများကို နှလုံးပိုက်၍၊ခနရှင်ကြီး များကိုအားကိုးအား ထားပြုကြလေသည်။ရှေး-ဗိုင်-အင်-ဘီ-အေ၊ ရွှေတောင် ကြား၊ဂျီ-စီ-ဘီ-အေ၊ ၂၁ ဦးခေါင်းဆောင်ကြီးများသည် ထိုစံက်ကွင်းတွင်မိ၍၊ရာထူး,ရာခံကြီးများကို လက်ခံကြ ပြီးလျှင်၊၎င်းတို့၏သား၊သို့း၊သမက်များအားလည်း၊ရာထူ များကိုခွဲဝေ၍ ပေးကြလေသည်။ ၎င်းတို့အား အမြဲတမ်း ထောက်ခံအားပေး၍နေသော၊နောက်တော်သား၊ဆင်းရဲ သား, အလုပ်သမား, လယ်သမား များကား၊ မျောက် လောင်း-မျောက်လောင်းပင်ဖြစ်ကြ၏။ ဤစံနစ်သည်၊ စင် စစ် အမှန်အားဖြင့်၊ လူတဦးအား 'ဘူဇဝါ' အငယ်စား ဘဝသို့သွတ်သွင်း၍ တံမိုး လက်ဆောင် ပေးသော စံနစ် ပင်ဖြစ်လေသည်။

'ဘူဇဝါ' အငယ်စားများအကြောင်းကို ဆိုရှယ် လစ်စာပေ၊ ကော်မြူနစ်စာပေ၊ မာတ်စ်စာပေများတွင် မကြာခဏတွေ့ရလေသည်။ ထို'ဘူဇဝါ'အငယ်စားများ ၏မူလသဘောကို အနည်းငယ်ဖေါ် ပြပေအံ့၊ ထိုလူမျိုး စားတွင် လယ်ပိုင်ရှင် ကလေးများ၊ ကိုယ်ပိုင်လက်မှု ပညာသည်များ၊ဆိုင်ရှင်ကလေးများပါဝင်လေသည်၊၎င်း တို့အထဲသို့ ရှေ့နေဝတ်လုံများ၊ လခကြီး ပညာရှင်များ၊



ကုမ္ပဏီကြီးများတွင် စီမံခန့်ခွဲရသော လခကြီးသမား များ၊ အစိုးရဌာနများတွင် ထမ်းဆောင်နေသော အ ထက်အရာရှိကြီးများ၊ သတင်းစာဆရာများကို သွတ် သွင်းနိုင်၏။ထိုလူ့အတန်းအစားသည်၊ခနရှင်ကြီးများနှင့် ဆင်းရဲသား အလုပ်သမားတို့၏ စပ်ကြားတွင် ရှိသဖြင့် အောက်သို့လည်း အခါအခွင့်မသင့်သောအခါ လျှောကျ နိုင်လေသည်။ အကယ်၍ အခါအခွင့်သင့်သဖြင့် အကျိုး စီးပွားဖြောင့်လျှင်၊အထက်တန်းသို့လည်းတက်နိုင်ကြ၏။ ထို့ကြောင့်ယေဘုယျအားဖြင့် ထိုလူမျိုး၏ စိတ်ဓာတ် သည်။အရေးနိမ့်သောအခါ အောက်တန်းစားများနှင့် ပူး ပေါင်း၍ "အလုပ်သမားအရေး" "ဆင်းရဲသားအရေး"စ သည်ဖြင့် အောက်ဟစ်တတ်ကြ၏။ သို့တည်း မဟုတ်မူ အခါအခွင့်ကြုံကြိုက်သဖြင့် စီးပွားရေးဖြောင့်သောအခါ ဆင်းရဲသားအလုပ်သမားတို့၏အရေးကို မေ့၍ "ကျွန်း သနားမှုခွားချမ်းသာမည့်" အယူဝါဒကို ယူဆကြလေ သည်။ ဤကဲ့သို့သော လူမျိုးစားကို မည်သည့်အခါမှ စိတ်မချရချေ၊အဘယ့်ကြောင့်ဆိုသော်၊ အလယ်အလပ် တန်းမှာ နေကြသော လူမျိုးများဖြစ်သဖြင့်၊၎င်းတို့၏စိတ် သည် အတည်အကျ မဟုတ်၊ သို့လော-သို့လော တွေး တောတတ်ကြ၏၊စိတ်ပြောင်းလဲတတ်ကြ၏။ တုံးတိုက် တိုက်-ကမ်းတိုက်တိုက် မလုပ်ဝံ့ကြချေ။

စီးပွားရေးအားဖြင့် ကြည့်မည်ဆိုလျှင် ၎င်းတို့၏အ ခြေအနေသည် မခိုင်မြဲပေ၊ အချို့သော လူများသည် ကံ ကောင်းထောက်မ၍ သော်၎င်း၊ ကြိုးစားအားထုတ်လွန်း၍

သော်၎င်း၊ ဥာဏ်နီ ဥာဏ်နက်များ သုံး၍ သော်၎င်း၊ ပညာဥာဏ်ကြီး၍သော်၎င်း၊အထက်တန်းသို့ ရောက်ပြီးလျှင်၊ကုမ္ပဏီများ၌ ရှယ်ယာစုဆောင်းထားသော ငွေအချို့တို့ကို အရင်းတည်နိုင်သဖြင့်၊ ပစ္စည်းရှင်များ ဘဝသို့ ကူးပြောင်း၍သွားလေသည်။ ဗမာပြည်၌ဆိုလျှင် တိန်း,ကဇော်,ထော်ဇာအရက်များကို တိတ်တဆိတ် ရောင်းဝယ်၍သော်၎င်း၊မြူနီစီပယ်လူကြီး၊ ဒိစတြိတ်ကောင်စီလူကြီး မင်းတိုင်ပင်အမတ်၊မီးရထားဘုတ်အဖွဲ့ဝင်လူကြီး၊ ရေဝန်ဘုတ်အဖွဲ့ဝင်လူကြီး၊ စသည်တို့ကို လုပ်၍တဘက်လှဲ့နှင့်အော်ပဲလော်ထုတ်ပြီးလျှင်၊ ထိုရွာနကြီးများတွင် ကန်ထရိုက်အလုပ်များကို ဆွဲ၍သော်၎င်း၊ပစ္စည်းကြွယ်ဝချမ်းသာသော လူများ ရှိကြလေသည်၊ အချို့သော အသယ်အလတ် တန်းစား တို့သည်လည်း၊ အခါ အခွင့်ကောင်းနှင့် မကြုံကြိုက်သဖြင့် ဆင်းရဲသားအလုပ်သမားအတန်းသို့ကျဆင်းသွားရရှာလေသည်။ သို့သော်လည်း ထိုလူတို့သည် မည်မျှယုတ်မာသော အလုပ်မျိုးကိုမှ မရှောင်ဘဲလုပ်ကိုင်၍ ထိုသို့အောက်တန်းသို့ မကျရန်ကြိုးစားအားထုတ်ကြ၏။

ဤဘူဇွာဝါအငယ်စား လူအတန်းအစားသည်၊ အထက်မကျ အောက်မကျဖြစ်၍နေသဖြင့်၊ အောက်တန်းစား၌သော်၎င်း၊ အထက်တန်းစား၌သော်၎င်း၊ အတည်တကျမနေနိုင်သောကြောင့်၊ခေတ်လူများထဲတွင် ထိထိရောက်ရောက်တဘက်သတ် မဆောင်ရွက်နိုင်ချေ၊ ၎င်းဖြင့်ဆင်းရဲသား အလုပ်သမားများကဲ့သို့ အသိုက်အဝန်း



နှင့် မနေတတ် ဟိုတကွဲ– သည်တကွဲ ပြန့်၍ နေသောကြောင့် ၎င်းတို့အချင်းချင်းပေါင်းစည်း၍၊ ၎င်းတို့အရေးအတွက်မတိုက်ခိုက်နိုင်ရုံသာမက၊ မခုခံမကာကွယ်နိုင်ပေ စင်စစ်အားဖြင့် ဤလူမျိုးစားတို့သည်လည်း ဓနရှင်ကြီးတို့၏ ဖိနှိပ်ခြင်းကို ခံရလေသည်။

၅ ထို့ကြောင့်၊ အချို့သော ဘူဇွာဝါ အငယ်စားများသည်၊ ဆင်းရဲသား အလုပ်သမားတို့အပေါ်တွင်၊ သနားသော စိတ်ထားမျိုး ရှိယောင်ယောင်နှင့် ဓနရှင်စနစ်ကို အမြစ်ကတွန်း၍ တိုက်ခိုက်နေသော ဆိုရှယ်လစ် ဝါဒကို ကြမ်းသည်၊အယူသည်းသည်စသဖြင့် အပြစ် ပြောဆို၍၊ *ဆိုရှယ်လစ် အရင်းခံတရား အချို့နှင့် ပြုပြင်ရေး ဝါဒ (Reformist)ကိုလိုက်နာရန် ဟောပြောကြလေသည်။

အချို့သော လူများသည်လည်း၊ ကားလ်မတ်စ်ဝါဒ အချို့တဝက်ကို ယူ၍၊ ၎င်းတို့နှင့်နီးစပ်သော ဆင်းရဲသားများနှင့် ပေါင်းသင်း ကြပြီးလျှင်။ နိုင်ငံရေးခေါင်းဆောင်လုပ်၍ အစိုးရအဖွဲ့များတွင် ရာထူးရာခံများယူကြပြီး။မူလဝါဒကို ဖျောက်ပစ်ကြလေသည်၊ဝါဒမပျော့

* ဆိုရှယ်လစ်ဝါဒသည်၊ လူတတန်းစားနှင့် တတန်းစား ဖိနှိပ်နေသော အယူအဆနှင့်တခြားစီဖြစ်သည်ဟု–၁၈၈၄ ခုနှစ်တွင်တည်ထောင်သောဖေဘီယံကဟု ဖေါ်ပြလေသည်။ ဤကဲ့သို့ ဖေါ်ပြခြင်းဖြင့် ဖြစ်ပေါ်လာသော အကျိုးတရားသည်။ (၁) ဆင်းရဲသားအလုပ်သမား အတန်းအစားသည်၊ ဆိုရှယ်လစ်စနစ်ကြီး အတွက် တိုက်ခိုက်ရန်ပြသနာသည်၎င်း။ တော်လှန်သောနည်းအားဖြင့် ဆင်းရဲသားတို့၏လက်ထဲသို့ ရောက်နေသောလူအတန်းအစားလက်မှ ပြသနာသည်၎င်း၊ပျောက်ကွယ်၍သွားလေသည်။ (၂) ဆိုသို့သော အလုပ်သူးကိုမဆို အစိုးရနှင့် မြူနီစီပယ်များက လုပ်လျှင် ဆိုရှယ်လစ်စနစ်ဖြစ်လေသည်။

သေးသော လူများကလည်း ဆိုရှယ်လစ်နည်း စနစ်ကို သာယာဖြည်းညွှင်းစွာ တဖြည်းဖြည်းသွတ်သွင်းမည်ဟု ဆိုကြ၏။ ဤလူမျိုးစားသည်၊ ရာထူးရာခံများ ရသွားသော အခါ ဓနစ်ရှင်ကြီးများ၏ သစ္စာကို လုံးဝစောင့်ထိန်းသော သူများဖြစ်လေသည်။ ဓနရှင်ကြီးများအား ကြည်ညိုသော စိတ်ဓာတ်ကို ဆင်းရဲသား အလုပ်သမားတို့၏ စိတ်တွင်း၌ ဝင်စားရန်နှင့်၊ ဆင်းရဲသားအလုပ်သမားများ အစိတ်စိတ် အမွှာမွှာ ကွဲကြရန် ပြုလုပ်နိုင်လေသည်၊ အကယ်၍ဆင်းရဲသားအလုပ်သမားတို့၏ နေရေး, ထိုင်ရေး စားရေး, သောက်ရေး တို့သည် ကြပ်တည်း သည်ထက် ကြပ်တည်း၍လာရာ၊ မရှောင့်ရဲမတင်းတိမ်နိုင်သော ဘဝသို့ရောက်၍ ဆူပူ သောင်းကြမ်းမည့် အခြေအနေသို့ ရောက်သဖြင့်၊ လူလတ်တန်းစား ရာထူးကြီးသမားများ သည် ထိုအခြေအနေကို မဖုံးတိ၊ မကာကွယ်နိုင်သော အခါ၊ ၎င်းတို့၏ ရှိရင်းစွဲဝါဒကိုပြောင်း၍ ဆင်းရဲသား များနှင့် ပေါင်းသင်းတတ်ကြလေသည်။ ထိုအခါ ဤကဲ့သို့သော လူမျိုးစားများအား မယုံစားကြလေနှင့်၊ စင်စစ် အားဖြင့် ဆင်းရဲသားအလုပ်သမားများ၏ အခွင့်အရေး အတွက် ဆင်းရဲသားအလုပ်သမားများသာလျှင်၊ ဓနရှင် နည်းစနစ်ကြီးကို အမြစ်ကစ၍ ဖြိုဖျက်နိုင်ရန် ရှုပ်ရှုပ် ချွံ ချွံ တိုက်နိုင် လေ သည်။ ဆင်း ရဲ သား အ လုပ် သမားအချင်းချင်းသာလျှင် အားကိုးရပေမည်။ ထိုသို့ တိုက်ခိုက်ရာတွင် အောင်မြင်ရန်အတွက် သေခြေကြီး ရှင်ရွှေထီးစသည့် စိတ်ဓာတ်မျိုးရှိရမည်၊ အဘယ်ကြောင့်



ဆိုသော်၊ မတ်စ်ပြောသကဲ့သို့ ဆင်းရဲသားများ၌ ချိန်းခြောက်ထားသော နှောင်ကြိုးကလွဲ၍ ဘာမျှဆုံးရှုံးစရာမရှိချေ။

ဆင်းရဲသားများ၏ အရေးအတွက်၊ ဆင်းရဲသားအလုပ်သမားများစုပေါင်း၍ တိုက်ခိုက်ရာတွင်၊ အနည်းငယ်သော အလယ်အလတ်တန်းစားတို့သည်လည်း တကယ်တန်းစိတ်နှင့် ဓနရှင်စနစ်ကို တိုက်ခိုက်ရန် ဆန္ဒရှိကြလေသည်၊ တိုက်လည်းတိုက်ခိုက်ကြလေသည်။ မတ်စ်-အိန်းဂျယ်-ထိနင်အစရှိသည့် ခေါင်းဆောင်ကြီးတို့သည်၊ လူလပ်တန်းစားများဖြစ်ကြလေသည်။ ထိုကြောင့် မကြာခဏ—လူလတ်တန်းစား တို့သည်၊ အလံကို ဆောင်၍ ဆိုးတတ်ကြသည်ဟု ပြောကြ၏။ ထိုသို့ဖြစ်လင့်ကစား၊ ဆင်းရဲသားများနှင့် သေအတူရှင်အမျှသဘောထားသော လူလတ်တန်းစားများအလွန်နည်းပါးလေသည်။

ဆင်းရဲသားအလုပ်သမား အတန်းအစားသည်၊ လောကတွင် နေရှင်ကြီးတို့၏ ဖိနှိပ်ခြင်းကို အလွန်အမင်းခံ၍ နေရလေသည်။ ၎င်းတို့ထက်နှိပ်စက် ညှင်းပန်းခြင်း ခံရသော အတန်းအစား ကမ္ဘာပေါ်တွင်မရှိတော့ချေ။ ဤကဲ့သို့နေ့စဉ်နှင့် အမျှခံ၍နေရသဖြင့်၊ တသက်လုံး ထိုဘေးဒုက္ခမှ လွတ်ကင်းရန် အမြဲတန်းတိုက်ခိုက်၍ နေရလေသည်။ စက်ရုံများထဲတွင် လုပ်သော အလုပ်သမားသည်၊ စက်ရုံဝင်းပိုင်၏ မျက်နှာထားကို အမြဲတန်းကြည့်၍နေရလေသည်။ အဘယ်ကြောင့်ဆိုသော်၊ ဝင်းပိုင်သည် အလုပ်သမားအား အချိန်မရွေး နည်းအမျိုးမျိုးနှင့် နှိပ်စက်နိုင်သောကြောင့် ဖြစ်၏။ စိတ်သဘော မကျသည်နှင့်

တပြိုင်နက်၊ထမင်းအိုးကိုခွဲပစ်နိုင်၏။ထို့ကြောင့်စက်ပိုင် ဝင်းပိုင်တို့၏ စိတ်သဘောအလိုက် အလုပ်သမားသည်၊ မသွယ်မရှောသောအလုပ်မျိုးကိုပင် လုပ်၍ပေးရလေသည် သားမျို-သွေးမျိုတို့သည် ၎င်းတို့၏ချယ်လှယ်ခြင်းကို ခံ၍ နေရ၏။မိဘဖြစ်သော ဆင်းရဲသား အလုပ်သမားများ မှာကား၊ ထမင်းတလုပ်အတွက် မည်မျှပင် စိတ်မချမ်း သာသော်လည်းကြည့်၍သာ နေရလေသည်။ အလုပ်ခွင် တွင်လည်း ဓနရှင်များသည် အလုပ်သမားများ အပေါ်၌ လွယ်ကူစွာ ချုပ်ချယ်နိုင်ရန် စုံထောက်များထားသဖြင့် ဝင်းပိုင်-စက်ပိုင်ရှင် တို့၏ အလိုကျသော မဟုတ်တဲ၊ စုံ ထောက်၏အလိုကျဖြစ်ရန်လည်း၊ စုံထောက်၏ ခြေသ လုံးကို ဖက်ရပြန်လေသည်။ အကယ်၍ ဓနရှင်များနှင့် ၎င်းတို့၏ လက်ပါးစေများ၏ ငြိုငြင်မှုကြောင့် အလုပ်မှ ထွက်ရပြန်လျှင်လည်း၊အလုပ်လက်မဲ့ဘဝသို့ရောက်သော အခါ ခိုးနိုးနိုး၊တိုက်နိုးနိုး၊လုနိုးနိုးအထင်နှင့် အစိုးရပုလိပ် ဌာနကလည်း မကြာခဏ စုံထောက်များစေလွှတ်၍ စုံ စမ်းလေ့ရှိ၏။ဆင်းရဲသားတို့မှာကား ငတ်ခြင်းပြတ်ခြင်း ကို သည်းမခံနိုင်သဖြင့် ခိုးရတိုက်ရသောအခြေသို့ရောက် ရလေသည်။

အလုပ်သမားတို့၏ နေအိမ်များသည်လည်း အလွန် ကြပ်တည်း ကျဉ်းမြောင်း၍၊ လူသူလေးပါး မကြည့်ဝံ့ မမြင်ဝံ့ အောင်ပင်ဖြစ်လေသည်။ အများအားဖြင့် ဆင်းရဲ သားအလုပ်သမားတို့၏ အိမ်ခန်းတွင်၊ အိမ်ခန်းခကို ထ ဦးတည်း မပေးနိုင်သဖြင့်၊ အခြားအလုပ်သမား ဆင်းရဲ



သားအချင်းချင်းပေါင်းစပ်၍ နေရသောကြောင့်၊အလင်း ရောင်နှင့်လေကောင်းလေသန့်တို့ကို မရသဖြင့်၊ ဆင်းရဲ သားတို့တွင် ကြောက်မက်ဘွယ် ကောင်းသော ချောင်း ဆိုးသွေးပါ စသည့်ရောဂါဆိုးများကပ်ငြိလေသည်၊ ၎င်း ဖြင့် ဆင်းရဲသားတို့၏ အကျင့်စာရိတ္တ တို့သည်လည်း ပျက်ပြား၍သွားတော့၏။ အချို့သော ဓနရှင်များသည်၊ ဆင်းရဲသား အလုပ်သမားများအား အခန်းများပေးလေ့ ရှိ၏။ သို့သော်လည်းအလုပ်ရုံများက ပေးသော အခန်း များသည် အလုပ်သမားများ၏ မယား၊သားသမီးစရနှင့် နှိုင်းယှဉ်သော် များစွာသေးငယ်လှသောမက၊ရေ၊မီး၊အိမ် သာလုံလောက်စွာ မရသဖြင့်၊ကျန်းမာရေးနှင့် များစွာဆန့် ကျင်လေသည်။၎င်းကဲ့သို့စားရချို့ငဲ့- နေရချို့ငဲ့သဖြင့် ဓန ရှင်တို့၏ခြေဘဝါးကို နမ်းနှင့်ပွတ်တိုက်၍၊ ဆင်းရဲသား တို့၏အခွင့်အရေးကိုတောင်းသောအခါ၊ထိုတောင်းသော ဆင်းရဲသားအလုပ်သမားတို့အားအလုပ်မှထုတ်ပစ်ရုံသာ မက၊ဓနရှင်၏လက်ပါးစေဖြစ်သော အစိုးရပုလိပ်ဌာနသို့ အပ်နှင်းသဖြင့်၊ အစိုးရတို့သည် ထိုလူများအား ထောင် ဆကိုပေးသနားတော်မူလေသည်၊

ဆင်းရဲသား အလုပ်သမားသည်၊မိန်းခလေးဖြစ်၍ ရုပ် ရည်ချောမွေ့ပါမူ၊ထိုမိန်းခလေးသည် ဓနရှင်နှင့်ဓနရှင် လက်ပါးစေဖြစ်သော ဝင်းပိုင်ရှင်များနှင့် မန်နေဂျာတို့၏ ချယ်လှယ်မှုကို ခံရလေသည်၊အချို့သော အလုပ်ဌာနကို မိန်းမများသာလျှင် လုပ်စေ၍၊ ထိုဌာနများ၌ရှိသော အ ခန်းဝများတွင် "မိန်းမများသာ၊ ယောက်ျားမဝင်ရ"

စသည်ဖြင့်စါများဆွဲကပ်၍ထားလေသည်။အပေါ်ရန်ကို ကြည့်သော်ခေ့ရှင်တို့၏ သဘောထားသည် မိန်းမတို့၏ ကာ ယိန္ဒြေကိုစောင့်ထိမ်းသကဲ့သို့ ဖြစ်နေဘိ၏။ သို့ပါ သော်လည်း နံနက်မိုးသောက်၍ မိန်းခလေးများ အလုပ် ခွင်သို့ရောက်သောအခါ ခေ့ရှင်လက်ပါးစေသည် မိန်းခ လေးများလုပ်သောအလုပ်အခန်းထိပ်မှ ဘောင်းဘီအိတ် ထဲသို့ လက်ထည့်၍သော်၎င်း၊ နှုတ်ခမ်းမွေးကိုသပ်၍ သော်၎င်း၊ဖုတ်ဆိပ်ကြီးကိုဆွဲ၍သော်၎င်း၊ခါးထောက်၍ သော်၎င်း။မိန်းခလေးများကို ရှုစားတော်မူပြီးလျှင်၊ သနပ် ခါးမလိမ်းသော မိန်းခလေး၊ခေါင်းမဖီးသော မိန်းခလေး အင်္ကျီခွမ်း လုံချည်ခွမ်းကိုဝတ်သော မိန်းခလေးတို့အား သနားယောင်ယောင်အကြောင်း။မဖီးမလိမ်း၊ မဝတ်၊မ စားကြောင်းကို မေးလေ့မေးထရှိ၏၊အလုပ်ရုံတွင်ရှိသော မိန်းမကုလီခေါင်းလူကြီးအား ၎င်းတို့၏ လူယုံတော်အ ဖြစ်သို့သွတ်သွင်း၍ထား၏။ ဗမာပြည်တွင် အခြားနိုင်ငံ များကဲ့သို့ မိန်းမများလုပ်သော အလုပ်ရုံမြောက်မြားစွာ ရှိလေသည်။ဗမာပြည်၏ အယူအဆသည် မိန်းမများအ ပေါ်၌အမြင်သေးထိမ်၍နှိမ်လေ့နှိမ်ထရှိ၏။မိန်းမများသည် ခွေးထီးလောက်မှ မမြတ်ဟု မကြာခဏ ပြောလေ့ရှိ သည်၊ မိန်းမရို့အဖြစ်တရုံတရာ ပြုလုပ်သော် မိန်းမကို သာလျှင် ဖြစ်တင်ပြောဆိုကြ၏၊ ဗမာပြည်တွင် မိန်းမ များ ကိုယ်ကျင့်တရား ပျက်ပျားသည်ကို အကျိုးအ ကြောင်း သေချာဂနစွာ သတ္တုချ မကြည့်မူ၍ ကဲ့ရဲ့ရှုံ့ ချကြလေသည်။ဤကဲ့သို့ မိန်းမများအားနှိမ်ချတိုင်း ခေ့ရှင်



စနစ်ကိုအားပေးသည် မည်၏။မိန်းမများ၏ ကိုယ်ကျင့် တရားပျက်ပြားမှုသည်၊နေရေး-ထိုင်ရေး-စားရေး-သောက် ရေး။မလုံလောက်သောကြောင့်သာဖြစ်လေသည်။ ဤကဲ့ သို့မလုံလောက်ရေးသည် အလုပ်သမားဘို့၏ အလုပ်တန် ဘိုး အပြည့်အစုံ မရသောကြောင့်ဖြစ်၏။ ထို့ကြောင့် ခေ့ရှင်စံနစ်သာလျှင် ပဓါနဖြစ်လေသည်။

အကယ်၍ ဆင်းရဲသားအလုပ်သမား တယောက်သည်၊ ခေ့ရှင်လက်ပါးစေ၏ ငြိုငြင်မှုကြောင့်၊ အလုပ်လက်မဲ့ဖြစ် သဖြင့် မယားနှင့် သွီးပျိုတို့သည်၊ အသက်မွေး ဝမ်း ကျောင်းအတွက် မကောင်းသောအိမ်တွင် လုပ်ကိုင်စား သောက်ရသော်၊ ထိုနည်းတူစွာ အလုပ်သမားသည် လည်း အလုပ်လက်မဲ့ဖြစ်၍၊ အဖြစ်ဒဏ် မလွတ်မကင်း သော အလုပ်မျိုးကို လုပ်ကိုင်စားသောက်ရသော်၊ခေ့ရှင် နှင့်ခေ့ရှင်လက်အောက်ခံတို့၏ ချုယ်ချယ်မှုတို့မှ ဆင်းရဲ သားအလုပ်သမားနှင့် ၎င်း၏သားမယားများသည်လွတ် ကင်းသော်လည်း၊ခေ့ရှင်လက်ပါးစေတို့၏ ချုပ်ချယ်ခြင်း မှ မကင်းနိုင်သေးချေ။

ဆင်းရဲသားဘို့သည် ထိုသို့ အလွန်ဆိုးဝါးသော အ ခြေအနေကိုသိသဖြင့်၊ ဆိုးဝါးသော အခြေအနေ၏ အ ကြောင်းဖြစ်သော ခေ့ရှင်စံနစ်ကို အမြစ်ဘစ၍တွန်းလှန် ဖျက်ရန်၊တကမ္ဘာလုံးအား ထုတ်ကြလေသည်။ ထိုကဲ့ သို့အားထုတ်ရာတွင် ခေ့ရှင်တို့သည် ၎င်းတို့၏ လက်ပါး စေများဖြစ်သော စစ်ဘက်ဌာန၊ အကျဉ်းထောင်ဌာန၊ ပုလိပ်ဌာန၊တရားရုံးဌာတို့နှင့်ကာကွယ်လေသည်။ဥပမာ

ဓနရှင်စံနစ်လက်အောက်တွင် အချင်းဖြစ်ပွားသဖြင့် တရားသော ဆုံးဖြတ်ချက်ရရန် တရားရုံးသို့သွားသောအခါ ပိုက်ဆံရှိသောလူသည်၊ ပိုက်ဆံအားဖြင့် အလှည့်ပညာတွင်တဘက်ကမ်းခတ်သော ရှေ့နေဝတ်လုံတို့ကိုငှါးနိုင်လေသည်။ ပိုက်ဆံမဲ့သော လူမှာကားမငှါးနိုင်ပေ။ ဤနည်းဖြင့် "ငွေများ-တရားနိုင်" ဟူသော စကားနှင့်တူ၍နေလေသည်။

အနောက်နိုင်ငံများတွင်၊ ဓနရှင်စံနစ် ပေါ်ခါစ အချိန်၌ အလုပ်ရုံများသည် များစွာ သေးနုပ်လေသည်။ ၎င်းဖြင်၊ စက်နှင့် ကုန်စည် များကို ပြုလုပ်သော နည်းစံနစ်သည်လည်း၊ ယခုကဲ့သို့မဟုတ်ဘဲ၊ ကချော်ကချွတ် ဖြစ်၍နေလေ၏။ အိမ်တွင်းမှု လုပ်ငန်းသည်လည်း၊ လုံးဝမပျောက်ကွယ်သေးချေ။ အခြားအားဖြင့်ကုန်စည်များကိုအိမ်တွင်း၌သာလုပ်ကြလေသည်။ ထိုကြောင့်ဓနရှင်စံနစ်ပေါ်လာခါစအချိန်တွင်အလုပ်သမားတို့သည်အိမ်တွင်းလုပ်ငန်းလည်း လုံးဝမပပျောက်သေးသဖြင့်၊ ၎င်းတို့၏ဆရာများဖြစ်သော ဓနရှင်တို့၏ ကြိုယာတန်ဆာပလာတို့နှင့် အိမ်တွင်းကုန်စည်များကို ပြုလုပ်လေသည်။ အချို့သော လုပ်ငန်းများတွင်၊ ကုန်စည်များလုပ်ရန်အတွက်၊ ကြိုယာတန်ဆာတို့ကို ဓနရှင်သည် အခမဲ့မပေးဘဲ၊ အခကြေးငွေနှင့် အလုပ်သမားတို့အား ငှါးလေသည်။ ထိုအချိန်အခါတွင်၊ အိမ်တွင်း လက်မှုပညာနှင့် စက်မှုပညာတို့သည် ပြိုင်ဆိုင်ကြလေသည်။ အလုပ်သမား တို့သည်လည်း၊ ၎င်းတို့အပေါ်၌ ဓနရှင်တို့ လက်ဝါးကြီးအုပ်သော နည်းစံနစ်ကို မသိကြ



သေးချေ။ ထို့ကြောင့် ဆင်းရဲသားအလုပ်သမားတို့သည်၊ အခကြေးငွေကိုနည်း၍ရတိုင်း၊ စက်တွေ ပေါ်လာသောကြောင့်သာ၊ ဤကဲ့သို့ဖြစ်ရသည်ဟုယုံကြည်ယူဆကြပြီးလျှင်၊ စက်များ အပေါ်သို့ အပြစ် ပုံကြပြီးနောက်၊ ရှေးခေတ်ကာလသည်၊ ယခုခေတ်ထက် ချမ်းသာ သုခနှင့် ပြည့်စုံကြောင်း ပြောဆိုကြလေသည်။ (ဗမာပြည်တွင်လည်းယခုအခါ ထီးလုပ်ငန်း, ဘိနပ်လုပ်ငန်း, ကျော်သွေးလုပ်ငန်းတို့နှင့်၊ လုပ်ကိုင်စားသောက်ရသော ဆင်းရဲသားအလုပ်သမားများသည်၊ ထိုကဲ့သို့ပင်ဖြစ်နေလေသည်။)

ဓနရှင် စံနစ်သည်လည်း၊ တနေ့တခြား ပိုမိုကြီးပွားလာ၍၊ တန်ခိုး အာနိသင်နှင့် ပြည့်စုံပြီးလျှင်၊ ယခုအခါ ကမ္ဘာတဝှမ်းလုံးအား၊ လက်ထဲတွင်သွင်းနိုင်သောအခြေသို့ရောက်၍နေလေပြီ။ အလုပ်သမားတို့သည်၊ ရှေးကကဲ့သို့ ကိုယ့်အိမ်တွင်း၌ လုပ်ရသော လုပ်ငန်းများကို စွန့်ခွာ၍၊ အလွန်ကြီးမားသော စက်ရုံကြီးများတွင် ဝင်၍ လုပ်ကိုင်ကြလေသည်။ ကူးသန်းသွားလာသည့်ဆောင်ရေးများလည်း၊ လှည်း, လှေ တို့ဖြင့် မဟုတ် တော့ဘဲ။ သင်္ဘော, မီးရထား, မော်တော်ကား, လေယာဉ်ပျံများဖြစ်သဖြင့်၊ ရှေးအခါက တလသွားရသောခရီးသည်၊ ယခုအခါတနာရီနှင့်ပေါက်ရောက်နိုင်သဖြင့်၊ ကမ္ဘာတဝှမ်းလုံးရှိ ဆင်းရဲသားအလုပ်သမားအပေါင်းတို့သည်။ တယောက်နှင့်တယောက်နီးကပ်လာ၍၊ ရင်းနှီးလာကြပြီးလျှင်၊ စည်းလုံးကြကုန်၏။ ထိုမျှမကသေး၊ စက်မှုလက်မှုပညာများလည်း တနေ့ထက်တနေ့ချဲ့တွင်သဖြင့်၊ အလုပ်သမားများလည်း၊

ဥာဏ်ပညာ အမြော်အမြင် ပိုရှိ၍ များပြားလာကုန်၏၊ စက်မှုလက်မှုထွန်းကားသော နိုင်ငံများတွင်၊ ဆင်းရဲသား အလုပ်သမားများသည်၊ အများအားဖြင့် ပညာတတ်များ ဖြစ်ကြလေသည်၊ ထိုကဲ့သို့ ပညာတတ်များဖြစ်ကြသည့် ချော်ညီစွာ၊လက်ဝါးကြီးအုပ်သောဓနရှင်စံနစ်နှင့် ကိုယ်ကျိုးအတွက်ဟန်ဆောင်သောဓနရှင်တို့၏ပရိယာယ်တို့ကိုသိသောအခါ၊ ဆင်းရဲသား အလုပ်သမား များသည်၊ ၎င်းတို့၏ဘေးကိုကာကွယ်ရန်နှင့်၊ တနေ့သောအခါ၊ထို ဘေးမျိုးကို ပပျောက်စေရန် ရည်ရွယ်၍၊ ဆင်းရဲသားအဖွဲ့အစည်း (Trade Union.) တို့ကို တည်ထောင်ကြလေသည်။အလုပ်သမားတို့၏အကျိုးစီးပွားသည်။ ဓနရှင်တို့၏ အကျိုးစီးပွားနှင့်အမြဲတမ်းဗီလာကန့်လန့်ဖြစ်နေသည်ကို လည်း၊ဆင်းရဲသားအလုပ်သမားတို့သိကြလေသည်။ ထို့ကြောင့်၊ဆင်းရဲသားတို့သည်၊ စားရမဲ့၊သောက်ရမဲ့၊ဝတ်ရမဲ့ဖြစ်၍နေသော အခြေအနေ ဆိုးကြီးကို လုံးဝပြောင်းလဲရန်၊၎င်းတို့၏လက်ရှိဘဝကို အတင်းအဓမ္မဖျက်ပစ်ရလိမ့်မည်ဟုယုံကြည်ကြလေသည်။ထိုကဲ့သို့ လက်ရှိဘဝကိုဖျက်ရန်၊ဆင်းရဲသား အလုပ်သမားတို့သည်၊နိုင်ငံရေးတန်ခိုးအာဏာကိုလိုလေသည်။ နိုင်ငံရေးတန်ခိုးလက်ထဲ၌ ရှိမှသာလျှင်၊ အခြေအနေကို ပြုပြင် ပြောင်းလဲနိုင်ပေသည်။နိုင်ငံရေးအာဏာမရသေးသမျှကာလပတ်လုံး၊မည်သည့်ကိုမျှ မလုပ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော်၊ နိုင်ငံရေး အာဏာ ရှိသော လူများ၏ သက်ထဲ၌သာလျှင်၊ ကုန်းတပ်၊ရေတပ်၊လေတပ်၊ဂါတ်၊ထောင်၊ရုံး စသည်တို့



ရှိလေသည်။ ထို့ကြောင့် နိုင်ငံရေးအာဏာရရန်။ဆင်းရဲသားအလုပ်သမားတို့သည်၊ နိုင်ငံရေးအစည်းအရုံးများဖွဲ့ပြီးလျှင် ထိုအစည်းအရုံးများက ခေါင်းဆောင်၍ တိုက်ဖျက်လုပ်ယူရန်၊တစတစကြိုးစားကြလေသည်။

ဓနရှင်စံနစ်ကြောင့် ဖြစ်ပေါ်လာသော ဥစ္စာမဲ့နင်းပြား ဆင်းရဲသားအလုပ်သမားတို့၏ အကျိုးစီးပွားသည်၊ ဓနရှင်တို့၏ အကျိုး စီးပွားနှင့် အလွန် ဆန့်ကျင်ဘက် ဖြစ်၍ နေလေသည်၊ ဤကဲ့သို့ ဆန့်ကျင်ဘက် ဖြစ်၍ နေသဖြင့်၊ ဓနရှင် စံနစ်သည် ချို့ယွင်း၍ နေကြောင်း သိရလေသည်။ ဓနရှင်များသည် တည်မြဲ၍နေနိုင်ရန် ဓနသည် ဖြစ်ထွန်း၍တည်တန့်ရပေလိမ့်မည်။ဓနသည်လည်းတည်တန့်နိုင်မြဲရန် အခစား အလုပ် သမားများ လိုပေသည်ဟု "ကားလ်မတ်စ်"သည် ဘုံဝါဒ ကျေညာ စာတမ်းတွင်၊ အတည့်အလင်း ဆိုထား လေသည်။ ထို့ကြောင့် ဓနရှင်စံနစ်ကြီးသည်၊ဆင်းရဲသား နင်းပြားအလုပ်သမားတို့ကို ပေါက်ပွား စေသည်မှာ ထင်ရှား လေသည်၊ ထိုဆင်းရဲသားတို့သည်လည်း ဓနရှင်စံနစ်ကြောင့် တကွဲတပြားစီ မနေနိုင် မလုပ်နိုင်စေဘဲ၊ မည်သည့်အရာခပ်သိမ်း မဆို ပူးပေါင်း၍ တစိတ်ထည်းတဥာဏ်ထည်းလုပ်ရန် အခြေအနေသို့ရောက်၍နေလေသည်။ဆင်းရဲသားအလုပ်သမားတို့၏အကျိုးစီးပွားဖြစ်သောဓနရှင်တို့၏ ချုပ်ချယ်ခြင်းမှ လွတ်မြောက်ရေး သည်လည်း၊ ဓနရှင်တို့၏အကျိုးစီးပွား နှင့်ပဋိပက္ခဖြစ်၍နေ၏။ထို့ကြောင့်ဓနရှင်စံနစ်ကြီးသည် ကြီးမားတိုးပွား၍နေသောဓနရှင်စံနစ်မှ ပေါက်ဖွားသည့်

ဆင်းရဲသား အလုပ်သမားတို့၏ အင်အားကြောင့်၊ တနေ့တခြားပျက်စီးရန်အချိန်သို့နီးကပ်၍လာလေသည်။ ထိုသို့ပျက်စီး ပြားသော်လည်း၊ ဆိုရှယ်လစ်စံနစ် ပေါ်ပေါက်၍ သာမှလာပါမည်လားဟုအချို့သောပုဂ္ဂိုလ်တစုတို့သည် သို့လောသို့လောတွေးတောကြပေလိမ့်မည်။ ကျွန်များကို အခြေခံထား၍ တည်ထောင်သော ရောမနိုင်ငံကြီးသည် အမျိုးမျိုးသောကြွယ်ဝချမ်းသာခြင်းတို့နှင့်ပြည့်စုံသဖြင့်၊ စည်းစိမ်ယစ်မူး၍လာသောကြောင့် နောက်ဆုံးတွင် ပြိုရ ထူထောင်လာသော နိုင်ငံကြီးကို ကာကွယ်လိုသောစိတ် ဆန္ဒများသည် ကွယ်ပျောက်ပြီးလျှင်၊ လူရိုင်းတို့၏ လက် တွင်း၌ပျက်စီး၍ သွားရလေသည်။ ထိုကဲ့သို့ ပျက်စီး၍ သွားသော အချိန်တွင်၊ ထိုနိုင်ငံကို ဖြိုနှိမ်၍ ထူထောင်ရန် မည်သည့်ရွှင်ရွှင်ချချ လူမျိုးစားမျှ မပေါ်ပေါက်ခဲ့ချေ၊ နယ်စားကြီး၊ မြို့စားကြီး၊ ရွာစားကြီး များနှင့် ဥရောပ တိုက်ကို အုပ်စိုးသော ခေတ်သည်၊ ထိုကဲ့သို့ ပျက်စီး၍ နှစ်ပေါင်းများစွာ ရှုပ်ထွေး ပွေလီပြီးမှသာ ထွန်းကား၍ လာလေသည်။ ဤအချိန်တွင် ရှေးက ပြုလုပ် တည်ထွင် ခဲ့သော ယဉ်ကျေး သိမ်မွေ့မှုတို့သည်၊ ပျောက်ကွယ်လု မတတ်ရှိလေပြီ၊

ယခုအချိန် အခါသည်၊ ရောမနိုင်ငံကြီး ကြီးပွားနေ သောအချိန်အခါနှင့် မတူပေ၊ ဓနရှင်စံနစ်မှ ပေါက်ပွား သောဆင်းရဲသား အလုပ်သမားတို့၌ စည်းစိမ်ယစ်မူးရန် အချိန်မရှိ၊ စည်းစိမ်တို့လည်းဘာမှန်းမျှမသိကြချေ၊ အမြဲ တန်းဓနရှင်တို့၏ ဖိစီးနှိပ်စက်ခြင်း ကိုသာခံ၍ နေကြရ



လေသည်။ ဆင်းရဲသားတို့သည် ဓနရှင်တို့၏ စံနစ်ကြီးကို တော်လှန်ဖျက်ဆီးရန်သာ နေ့စဉ်နှင့်အမျှ ကြိုးစား၍သာ နေရ၏၊ ကမ္ဘာကြီး၏အခြေကို သတ္တုချလျှင် ဓနရှင်စံနစ် နှင့်ဆိုရှယ်လစ် စံနစ်တို့သည်၊ အတိုက်အခံဖြစ်၍ နေကြ ခြင်းပင်ဖြစ်လေသည်။

ဤကဲ့သို့ဓနရှင်နှင့်ဆင်းရဲသားအလုပ်သမားတို့သည် အတိုက်အခံဖြစ်ရခြင်းသည် အခြားကြောင့်မဟုတ်၊ ဓန ရှင်တို့၏အဓိက အချက်ဖြစ်သော အမြတ်အစွန်းရနိုင်သမျှ ရယူရေးကြောင့် ဖြစ်လေသည်။ ထိုသို့ အမြတ်အစွန်းကို ပိုက်စိတ်နှင့် အောက်ခြေသိမ်း တိုက်ယူရေးကြောင့် ဓန ရှင်စံနစ်ကြီးသည် မခိုင်မြဲဘဲ၊ တိုးပွား ကြီးကျယ် ဆုံး အခြေအနေမှပျက်စီးရန်အခြေသို့ လျှောကျရန် အချိန်သို့ ရောက်၍နေလေပြီ၊ ဤကဲ့သို့ရောက်၍နေသည်ကို ၁၉၂၉ ခုနှစ်မှစ၍ ပေါ်ပေါက်သော ကမ္ဘာကြီး၏စီးပွားရေးညှိုး ငြင်းသောအခြေအနေကထောက်ခံလေသည်။ ရှေးကဓန ရှင်၏ စီးပွားရေး ကောင်းစားစဉ် အခါကလည်း၊ ယခု ကဲ့သို့ ကုန်စည်များကို၊ လိုသည်ထက်ပို၍ ထုတ်သဖြင့်၊ စီးပွားရေး ထိခိုက်သော အခြေဆိုးမျိုး ပေါ်ပေါက်လာခဲ့ ဘူးလေသည်။ သို့သော်လည်း၊ ထိုအခါ၌ကုန်စည်များကို ပြုလုပ်နိုင်သောအားသတ္တိတို့ကိုဖျက်ဆီးခြင်းဖြင့်၎င်း၊ ဈေး သစ်ကြီးများဖြစ်သောနယ်ပယ်များကို သိမ်းယူခြင်းဖြင့် ၎င်း၊ သိမ်းပြီးသော နယ်သူနယ်သားများ အပေါ်၌ ပိုမို၍ လက်ဝါးကြီး အုပ်ခြင်း ဖြင့်၎င်း၊ ထိုအခြေ ဆိုးများကို ပပျောက်စေနိုင်လေသည်။

ရှေးအခါတွင် စီးပွားရေးနှင့် ပတ်သက်၍ အကြပ်
အတည်းတွေ့သောအခါ၊ တရုပ်ပြည်၌သော်၎င်း၊အာဖရိ
ကတိုက်တွင် သော်၎င်း၊ တောင်အမေရိကာ တိုက်တွင်
သော်၎င်း၊ဈေးသစ်ကြီးများဖွင့်ကြလေသည်။ယခုအခါ၌
မူ၊ကမ္ဘာတလောကလုံးပင် ပြောင်းလဲ၍ နေလေပြီ။ ကုန်
ချောများပြုလုပ်ရန်အတွက်၊ ကုန်ကြမ်းများကို ဝယ်ယူရ
သောဈျာမနီပြည်၊ အမေရိကံပြည်ထောင်စု၊ ပြင်သစ်နိုင်
ငံများပင်လျှင်၊ကုန်ကြမ်းများကို မဝယ်ယူတော့ဘဲ၊ ကုန်
ချောနှင့်ကုန်ကြမ်း နှစ်ခုစလုံးရောင်းသောနိုင်ငံများ ဖြစ်၍
နေလေပြီ။၎င်းပြင်ဓနရှင်နိုင်ငံများတွင်လည်း၊ ဓနရှင်များ
ရပေါင်း၍အရလိုက်တကမ္ဘာလုံး၏ စီးပွားရေးကို လက်
ဝါးကြီးအုပ်၍ ချယ်လှယ်နိုင်ရန်၊ တရနှင့်တရပြိုင်ဆိုင်၍
နေကြလေသည်။ဤကဲ့သို့ပြိုင်ဆိုင်သဖြင့်၊ လူတို့၏သုံးနိုင်
ဝယ်နိုင်သော အခြေအနေ တို့သည် ပိုမို၍ လျော့ကျသွား
တော့၏။သို့သော်လည်း ကုန်များမှာကား၊စက်မှု၊လက်မှု
ပညာ ထွန်းကား လာ၍၎င်း၊ ဓနရှင်တို့၏ လောဘဇော
ကြောင့်၎င်း၊ဝယ်ယူသုံးစွဲနိုင်သည်ထက် ပိုမို၍ထွက်လေ
သည်။ ထို့ကြောင့် ကုန်ထွက်ဦးရေနှင့် ကုန်ကိုဝယ်ယူ
သုံးစွဲနိုင်သော လူတို့၏အရည်အချင်းတို့သည် မမျှတချေ။
နယ်ချဲ့ဝါဒသည်လည်း၊ ဓနရှင်စံနစ် အကြပ်အတည်း
ရောက်ရန်အတွက်၊ပိုမို၍ ပဋိပက္ခဖြစ်စေမည့်အကြောင်း
များကိုပေါ်ပေါက်ရန် လုပ်လေသည်။ နယ်ချဲ့ဝါဒအတိုင်း
ဓနရှင်တို့သည်၎င်းတို့အလိုရှိသောကုန်ကြမ်းများကိုဝယ်
ရန်၊ကုန်ချောများကိုကြိုက်ဈေးနှင့် ရောင်းရန်သဲကာ ...



ကြီးများ အတွင်း၌ပင်လျှင်၊ မီးရထားလမ်းများ ဖေါက်
ခြင်း၊ သာသနာပြုဆရာများကို နယ်ပယ်အရပ်ရပ်သို့ စေ
လွှတ်၍၊တိုင်းတပါးဘာသာခြားများအား၊ ဓနရှင်စံနစ်၏
ချုပ်ချယ်ခြင်းကိုခံရန် ပြုလုပ်ခြင်း၊ ကုန်သည်များကို ထို
အရပ်ဒေသများသို့လွှတ်၍ကုန်ရောင်းကုန်ဝယ်ပြုလုပ်စေ
ခြင်းစသည်တို့သည်။ တခဏမျှသာ အကျိုး စီးပွားဖြစ်
ထွန်းလေသည်။အရှည်ကို ကြည့်သောအခါ၊ ဤကဲ့သို့ ပြု
လုပ်ခြင်းတို့သည်။ဓနရှင်စံနစ်ကြီး ပျက်စီးရန် အကြောင်း
များဖြစ်၍ နေလေသည်။သို့သော်လည်း၊သတင်းစာများ,
တရားဟောဆရာများ, နိုင်ငံရေးသမားများ, ကဗျာဆရာ
များ,သဘာဝဗေဒ ဆရာများသည်၊ ဓနရှင်စံနစ်၏ချို့ယွင်း
ချက်ကိုမမြင်ဘဲ၊စက်မှု,လက်မှု ထွန်းကားခြင်းနှင့်၊ လော
ကဓါတ်ပညာထွန်းကားခြင်းတို့အပေါ်၌သာ အမြစ်ဖို့ကြ
လေသည်။ထိုပညာရပ်များကို များစွာ ကြော်ကြာ၍ စက်
ဆုပ်ကြ၏။ ထိုကြော်ကြာ၍ စက်ဆုပ်ခြင်းသည်၊ တကယ်
အရင်းခံအကြောင်း အကြောင်းကို ဖုံးကွယ်ခြင်းမျှသာ ဖြစ်
လေသည်၊ ဤအကြောင်းရင်း သည်ကား အခြားမဟုတ်၊
စက်ရုံကြီးများသည်မျက်လှည့်တမျှထူးဆန်းအံ့သြဘွယ်
ရာ ကုန်စည်အမြောက်အများကို ပြုလုပ်နိုင်လင့်ကစား၊
လူနည်းစုတို့၏ ကိုယ်ပိုင်ပစ္စည်းများဖြစ်သမျှကာလပတ်
လုံး၊ကုဋေကုဋာမကသော ကမ္ဘာနှင့် အဝှမ်းသောလူတို့
သည်ငတ်၍သာနေမည်ဖြစ်ကြောင်း။

၁၉၁၄–ခုနှစ်တွင် ဖြစ်ပေါ်၍ လာသော ကမ္ဘာစစ်
ကြီးသည်လည်း အကြပ်အတည်းနှင့် တွေ့သော စီးပွား

ဈေးကြောင့် ဖြစ်ပေါ်၍ လာလေသည်။ ထိုသို့ အကြပ်အတည်းနှင့် မတွေ့စေခြင်းငှါ ကမ္ဘာစစ်ကြီးဖြစ်၍ ပေးရလေသည်။ လူပေါင်း မြောက်မြားစွာ သေကြ ပျက်စီး၍ ကမ္ဘာစစ်ကြီး ဖြစ်ရပြီးသော်လည်း၊ ဓနရှင်စံနစ်သည် ပျောက်ကွယ်၍ မသွားဘဲ၊ ဓနရှင်စံနစ်၏ အနာဖြစ်သည့် ပို၍ပြန့်ပွားသွားပြီးလျှင်၊ စီးပွားရေးအကြပ်အတည်း ပို၍ ပေါ်လွင်၍လာလေသည်။

ထို့အတွက်စစ်ပွဲကြောင့် ဒုက္ခအမျိုးမျိုးတွေ့ကြုံခံစားရသောဆင်းရဲသားအလုပ်သမား တောင်သူလယ်သမားအပေါင်းတို့သည်။ နိုင်ငံအပေါင်းတွင်စစ်များကို ဖန်တီး၍ပေးသော လူတစုအား၊ တော်လှန် ပုန်ကန် ရုံသာမက ရုရှားနိုင်ငံတွင်ဆင်းရဲသားတို့သည်။နိုင်ငံရေးအာဏာကို ထောင်ပေါင်းများစွာအသေခံ၍ လက်ရုံးအားကိုးနှင့် လုယူကြပြီးလျှင်၊ဘုံသမတ နိုင်ငံကြီး တည်ထောင် ခဲ့လေသည်။ ဆင်းရဲသား လယ်သမား အလုပ်သမားတို့အား ဓနရှင်တို့သည်။ မခံမရပ်နိုင်အောင် အမျိုးမျိုးသော ဒုက္ခဆင်းရဲတို့ကို ပေးခြင်းသည်၊ ဆင်းရဲသားများ ဘေးဒုက္ခအပေါင်းတို့မှ လွတ်မြောက်စေခြင်းငှါ၊ ပို၍ဒုက္ခခံနိုင်ရန် အကျင့်လုပ်၍ပေးခြင်းနှင့်တူလေသည်။

ဆင်းရဲသား အလုပ်သမား လယ်သမားအပေါင်းတို့သည်၊ အလွန်တရာ ငတ်မွတ်ခေါင်းပါး၍၊ ဒုက္ခအမျိုးမျိုးကို တွေ့လင့်ကစား၊ မြော်လင့်ချက်အသစ်, ဝါဒအသစ်တို့နှင့်၊အချင်းချင်းကျောချင်းကပ်-ရင်ချင်းဟပ်၍ စစ်တပ်ကြီးများထူထောင်ပြီးလျှင်၊ဦးပိုင်စံနစ်၊ လူများကိုအတန်း



အစားခွဲခြားသောစံနစ်နှင့်၊ လက်ဝါးကြီး အုပ်သောစံနစ်တို့ကိုပပျောက်ရန်၊ဓနရှင်စံနစ်ဆိုးကြီးကို အမြစ်မှလှန်၍ တိုက်ဖျက်လေသည်။ထိုသို့တိုက်ဖျက်၍ အောင်မြင်သည့်နေ့မှစ၍ ယနေ့ထက်တိုင်၊ ရုရှားနိုင်ငံကြီးတွင် ဦးပိုင်ပစ္စည်းများဖြစ်သော၊ လယ်မြေများ, ကုန်စည်များပြုလုပ်ရာဖြစ်သော စက်ရုံကြီးများပပျောက်ပြီးလျှင် အများနှင့်ပိုင်းအုံလုပ်ရသောဘုံစံနစ် တည်ထွင်လေသည်။ ဘုံဝါဒ ရုရှားနိုင်ငံကြီး ထူထောင်သည့် နေ့ကစ၍၊ ကမ္ဘာကြီးတွင်၊ဆိုရှယ်လစ်ဝါဒ ယွမ်းမိုးသောလူမျိုးနှင့် ဓနရှင်ဝါဒ ယွမ်းမိုးသော လူမျိုးဟူ၍ နှစ်မျိုးနှစ်စား ကွဲခြား၍ သွားတော့၏။

ကမ္ဘာ့စီးပွားရေးသည်၊ အကြပ်အတည်း တွေ့သည်နှင့်ဓနရှင်စံနစ်၏ ဆန့်ကျင်ဘက် တရားများသည်လည်း၊ ထက်တန်တိုးတိုးပွါး၍သာရာ၊ လက်ဝါးကြီးအုပ်သော ဓနရှင်များနှင့် လက်ဝါးကြီး အုပ် ခံရသော ဆင်းရဲသား အလုပ်သမား,လယ်သမားများသည်၎င်း၊ ဓနရှင်နိုင်ငံ အချင်းချင်းသည်၎င်း၊အုပ်စိုးသောနိုင်ငံများနှင့်လက်အောက်ခံနိုင်ငံများသည်၎င်း၊ တဦးနှင့်တဦး မသင့်မမြတ်ကြဘဲ၊ ရန်သူများ ဖြစ်ကြရလေသည်။ ထို့ကြောင့်၊ အကြပ်အတည်းများ ပပျောက်ရန် ဓနရှင်တို့သည် စစ်ပြိုင်ဆိုင်ကြလေသည်။ ထိုသို့စစ်ပြိုင်ပါသော်သည်း၊ စီးပွားရေး ကြပ်တည်းမှုမပပျောက်ဘဲ၊ ပို၍ ရှုပ်ထွေးလာသေသည်။ အဘယ်ကြောင့်ဆိုသော်စစ်ဖြစ်သည်နှင့်တပြိုင်နက်၊ဈေးအခါက ကုန်ကြမ်းများထွက်စေသော နိုင်ငံများဖြစ်သည့်

အိန္ဒိယပြည်,တရုပ်ပြည်များတွင်*၊ ချည်စက်ရုံကြီးများ၊ သံရေကျို ရုံကြီးများ ပေါ်ပေါက်၍ လာသည် သာမက၊ အီတလီ,ဂျပန်စသည့်နိုင်ငံများသည်လည်း၊အလွန်တန်ခိုးကြီးမားသော နယ်ချဲ့ (အင်ပီးရီးရဲလ်) နိုင်ငံကြီးများဖြစ်၍ လာလေသည်။

ကမ္ဘာစစ်ကြီး ပြီးငြိမ်းပြီးသည့်နောက်၊ ဥရောပနိုင်ငံအလယ်ပိုင်းတွင်၊ ဆင်းရဲသား အလုပ်သမား တို့သည်၊ အေးချမ်းသာယာစွာမနေနိုင်ကြချေ။ ထိုနည်းတူ အိန္ဒိယပြည်နှင့် တရုပ်ပြည်တွင်လည်း၊ ဆင်းရဲသား တောင်သူလယ်သမားတို့သည်အေးချမ်းသာယာစွာမနေနိုင်ကြပေ၊ သို့သော်လည်း၊ စစ်မက်ဖြစ်ပွါးရခြင်းကြောင့်၊ ပျက်စီးသော ကုန်စည်ကူးသန်း ရောင်းဝယ်ရေးများ၊ ဈေးကွက်သို့ပြန်လည် ဖြစ်ထွန်းစေခြင်း၊စစ်ပွဲတွင် ရှုံးသော နိုင်ငံများအား၊ငွေကြေးချေးခြင်းနှင့် ပျက်စီးယိုယွင်းသော စစ်မြေပျက်နှာပြင်ကို၊ ပြန်လည်မွမ်းမံ ဆောက်လုပ်ခြင်းတို့သည်၊စီးပွားရေးအား အရိုက်အတန့်အားလျော့စွာ တည်တန့်၍သွားစေသဖြင့်၊ ဓနရှင်တို့သည် ဝမ်းမြောက်အားရစွာ၊ ၎င်းတို့၏အကြံအောင်သည်ဟု ယူဆရုံသာမက၊ အချို့သော ဆိုရှယ်လစ်သမားတို့သည်လည်း၊ ဓနရှင်တို့ကိုယုံကြည်ကိုးစား၍၊ နိုင်ငံတိုင်း၌ပင် ဓနရှင်တို့နှင့် ပေါင်းသင်းကြလေသည်။

---

* Cotton Mills in Amedabed Tar Tar Iron and Steel Works in India.



ကမ္ဘာစစ်ကြီး ပြီးသည့်နောက်၊ ပေါ်ပေါက်၍ လာသောစက်ရုံကြီးများသည်၊ယခုအခါ အထည်အလိပ်,သံ,ကြိယာတန်ဆာပလာများကိုပြုလုပ်သောစက်ရုံကြီးများ ဖြစ်လင့်ကစား၊ နောင်ဖြစ်ပေါ်လာမည့် စစ်တွင်၊လိုသည့်အခါအသုံးပြုရန်၊အဆိပ်ဓါတ်များ,စစ်ကြိယာများ ပြုလုပ်သောစက်ရုံကြီးများဖြစ်လေသည်။ စက်ကြိယာများသည်လည်း၊ လူတို့သည် ဉာဏ်ကိုကွန့်၍ ချွတွင်ထားသဖြင့်၊ ဈေးကထက် အဆပေါင်းများစွာ နှစ်ဆယ့်လေးနာရီ အတွင်း၊ကုန်စည်များကိုထွက်စေနိုင်သည့်အဖြင်၊ ဈေးအခါက လူမြောက်မြားစွာနှင့် ကိုင်တွယ်ရသော စက်များကိုယခုအခါ၊လူအနည်းငယ်နှင့်ကိုင်တွယ်နိုင်လေသည်။

လူတို့သည်၊ နည်းသစ်နည်းဆန်း, စက်ဆန်းစက်သစ်တို့နှင့်၊ကုန်ချောကုန်ကြမ်းတို့ကိုပြုလုပ်သဖြင့်၊ကမ္ဘာစစ်ကြီးပြီးသည့်နောက်၊ ၁၉၂၇–၂၈-ခုနှစ်တွင်၊ ၁၉၁၄ ခုနှစ်၌ရှိသော စက်ရုံကြီးများ၏ အားထက် နှစ်ဆကြီးသော စက်ရုံကြီးများနှင့် ကုန်စည်များကို ထုတ်ရာ၊ ၁၉၁၄-ခုနှစ်၏စံချိန်ကိုမှီလေသည်။

| | | | |
|---|---|---|---|
| သိုးမွေး | ၁၉၁၃-ခု၊ | ၁၉၂၇–၂၈-ခု။ | |
| | ၁,၄၆၃ | ၁,၇၄၄ | In 1000 Metric Tons. |
| ရော်ဘာ | ၁၁၄ | ၆၇၃ | In 1000 Tons. |
| ဝါဂွမ်း | ၁၉၁၃-၁၄-ခု။ | ၁၉၂၇-ခု။ | |
| | ၅၆.၆ | ၅၃.၁ | In Million Quantals. |

| | | | |
|---|---|---|---|
| ကောက်ပဲသီးနှံ | ၁၉၁၃-ခု၊ | ၁၉၂၈-ခု | |
| ချုပ်ပါဝင်သည် | ၁၀၆,၇၀၁၊ | ၁၃၁,၅၇၀ | In 1000 Metric Tons. |
| ဆန် | ၁၉၁၃-ခု၊ | ၁၉၂၈-ခု၊ | |
| | ၇၈.၂ | ၈၇.၆ | In Million Metric Tons. |
| ဆီ | ၁၉၁၃-ခု၊ | ၁၉၂၈-ခု၊ | |
| | ၅၃ | ၁၀၃ | In Million Metric Tons. |
| ကျောက်မီးသွေး | ၁၉၁၃-ခု၊ | ၁၉၂၈-ခု၊ | |
| | ၁၂၆၀ | ၁၄၄၀ | In Million Metric Tons. |
| သံ | ၁၉၁၃-ခု၊ | ၁၉၂၈-ခု၊ | |
| သံရိုင်း (Ore) | ၁၇၇ | ၁၇၆ | |
| သံစိမ်း (Pig Iron) | ၇၆ | ၈၆ | |
| သံမဏိ (Raw Steel) | ၈၀ | ၁၁၁ | In Million Metric Tons. |

The International Distribution of Raw Materials By Herman Kranold.

ဤကဲ့သို့ ကုန်စည်များ ထွက်နိုင်သော်လည်း၊ ဓနရှင်နိုင်ငံချင်း ကုန်ရောင်းကုန်ဝယ်ရာတွင် ပြိုင်ဆိုင်ကြ၍၎င်း၊ ထိုကဲ့သို့ ပြိုင်ဆိုင်နိုင်ရန် ဝယ်ရာရောင်းရာတွင်၊ လက်ဝါးကြီးအုပ်ထား၍၎င်း၊ လက်ဝါးကြီးအုပ်နိုင်ရန်၊ မလိုသော ဓနရှင်၏ ကုန်စည်များကိုပိုမို၍ အခွန် ကောက်ခြင်းဖြင့် မဝယ်နိုင်၊ မရောင်းနိုင်စေခြင်း၄၊ ဓနရှင်နိုင်ငံတို့ကို ချုပ်တည်းထားကြ၍၎င်း၊ ဓနရှင်များ ပိုမို၍ အမြတ်အစွန်းရရန် လုပ်ခများကို တန်တိုးအပြည့်မပေးဘဲ၊ လျှော့သည့်ထက်



လျှော့ပေး၍၎င်း၊ အလုပ်၏ စရိတ်နည်းစေခြင်း အတွက်၊ ထွင်ထားသော စံနစ်သစ်များကိုသုံးပြီးလျှင်၊ အလုပ်သမားများကိုလျှော့သဖြင့်၊ အလုပ်သမားဆင်းရဲသားတို့၏ ဝယ်နိုင်ခြမ်းနိုင်သောတန်ခိုးသတ္တိနည်းသွား၍၎င်း၊ ၁၉၁၄-ခု နှစ်နောက်ပိုင်း၌၊ ဓနရှင်တို့၏ တည်တန့်နေသော စီးပွားရေးသည်၊ များစွာထိခိုက်ခြင်း ခံရလေသည်။ ထို့ကြောင့် နိုင်ငံတိုင်းလိုလိုပင်၊ ဆင်းရဲသားအလုပ်သမားများနှင့်၊ ဓနရှင်တို့သည်၊ ပိုမိုသဟာဇာတကင်းမဲ့၍၊ တဦးနှင့်တဦး နှိပ်နင်း၍ နေကြလေသည်။ ဘာဂေးရီးယား၊ ဂျာမနီစသည့် တိုင်းပြည်များတွင်၊ ဆင်းရဲသားများသည် လက်နက်ကိုင်စွဲ၍တော်လှန်ကြသေး၏။

ဘာဂေးရီးယားပြည်၊ ။၁၉၁၀-ခုနှစ်၊ စက်တင်ဘာလတွင်၊ စတင်ဘူလီစကီ ခေါင်းဆောင်၍လယ်သမားများ သူပုံထခဲ့ခြင်း။

" ။ ။၁၉၂၃-ခု၊ စက်တင်ဘာလ ၁၂-ရက်နေ့တွင်ကိုလာရော့နှင့်ဒီမီထရော့ Kolarov and Dimitrov. တို့ခေါင်းဆောင်၍ထခဲ့ခြင်း။

ဂျာမနီပြည် ။ ။၁၉၂၃-ခုနှစ် တွင်၊ ဆက်ဆော်နီနှင့် သူရင်ဂီယား (Saxony and Thuringia.) တို့တွင် အလုပ်သမား အစိုးရကို လက်နက်နင့်နှိပ်နင်းရခြင်း။

| | |
|---|---|
| ။ ။ | ၁၉၂၉-ခုနှစ်ကစ၍၊ ၁၉၃၃ ခုနှစ်တွင်၊ ဖြင်တွင်း စစ်များ ပေါ် ပေါက်မည့် နိမိတ် လက္ခဏာများ သန်း၍နေခြင်း။ |
| အဲစတိုးနီးယားပြည် ။ | (Estonia.) တွင်၊ ၁၉၂၄-ခုနှစ်၌၊ သူပုံထခဲ့ခြင်း။ |
| ဆီရီးယားနှင့်မော်ရိုကိုပြည်။ | Syria and Morocco. များတွင် ၁၉၂၅-ခုနှစ်၌သူပုန်ထခဲ့ခြင်း၊ |
| အော်စတြီးယားပြည်၊ | ၁၉၂၇-ခုနှစ်တွင်၊ သူပုန်ထခြင်း။ |
| ။ ။ | ၁၉၃၄-ခုနှစ်တွင် တဖန်ထကြွခြင်း။ |
| စပိန်ပြည် ။ | ၁၉၃၁-ခုနှစ်တွင် သူပုန် ထခြင်း၊ |
| ဖြင်သစ်ပြည် ။ | ၁၉၃၄-ခု၊ ဖေဖေါ်ဝါရီလ၌ ဆူပူလှုပ်ရှားခြင်း။ |

*အိန္ဒိယပြည်နှင့် တရုပ်ပြည်များ၌လည်း၊ နိုင်ငံခြားကုန်များကို မသုံးစွဲရန် လှုံ့ဆော်ရုံသာမကသေး၊တရုပ် ဆင်းရဲသား အလုပ်သမား, လယ်သမားတို့သည်၊ခနရှင်

*အိန္ဒိယပြည်တွင် ၁၉၃၀-၃၄-ခုနှစ်များတွင်၊နိုင်ငံခြားကုန်များကိုသပိတ်မှောက်ရေး၊ အစိုးရနှင့်မဆက်ဆံရေးတို့ထကြွကြသေးသည်။

တရုပ်ပြည်တွင် ၁၉၂၅-၂၇-ခုနှစ်အတွင်း၊ နိုင်ငံခြား ကုန်များကို သပိတ်မှောက်ရုံသာမက၊တော်လှန်ပုန်ကန်ကြသေးသည်။



စံနစ်ကို တော်လှန်ပုန်ကန်၍၊ ဆိုဗီယက်ရုရှားပြည်ကဲ့သို့ တရုပ်တပြည်လုံးလွှမ်းမိုးရန်ကြိုးစားကြ၏။

ကမ္ဘာ့စီးပွားရေးအကြပ်အတည်းမတွေ့ရမီ၌ကဲ့သို့ သောအခြေအနေဆိုးများ၊ကမ္ဘာတဝှမ်းလုံး ပေါ်ပေါက်၍ လာလေသည်။ ၁၉၂၉-ခုနှစ်တွင်၊ အနောက်နိုင်ငံများ၌ တကယ်တန်း အကြပ်အတည်း တွေ့ရလေသည်*။ အရှေ့နိုင်ငံဖြစ်သောဗမာပြည်တွင်၊ ၁၉၃၀-ခုနှစ်လောက်မှသာ ထိထိရောက်ရောက် ကြပ်တည်း ကျဉ်းမြောင်းခြင်းနှင့် တွေ့ရလေသည်။ စီးပွားရေး ကြပ်တည်း ကျဉ်းမြောင်းခြင်း၏ အကြောင်းရင်းမှာ၊ ဓနရှင်တို့၏ လောဘဇောကြောင့်၊ အမြတ်ကြေးငွေများ နိုင်သမျှများ၍ လက်အောက်ခံနိုင်ငံများ ထားရှိခြင်း၊ ဝယ်ရာရောင်းရာတွင် ကြိုက်ဈေးနှင့် ရောင်းဝယ် နိုင်ရန် လက်ဝါးကြီး အုပ်ခြင်း။ ဆင်းရဲသား အလုပ်သမားတို့၏ အလုပ် တန်ဘိုးကိုတန်ဘိုးအတိုင်းမပေးဘဲလျှော့သည်ထက်လျှော့၍ပေးခြင်းတို့ ဖြစ်လေသည်။ ထိုအခါ ဆင်းရဲသားအလုပ်သမားများ၊လယ်သမားများသည်စက်ရုံကြီးများမှဈေးကထက်သထက်တံပိုး တိုး၍ထွက်သော ကုန်စည် များကို ငွေကြေး ခေါင်းပါးသဖြင့် မဝယ်နိုင် ကြောင်းကို မပြောဘဲ

* ၁၉၂၅-ခုနှစ်မှ ၁၉၂၉-ခုနှစ်အတွင်း ၁၀၀-ကို အခြေထားလျှင်၊ တကမ္ဘာလုံး၏ ထွက်ကုန်များသည်။ ၁၁၃.၁-မှ ၆၅.၁-သို့ လျော့ကျ၍သွားလေသည်။

၁၉၂၉-ခုနှစ်မှ ၁၉၃၂-ခုနှစ်အတွင်း တကမ္ဘာလုံးကုန်အရောင်းအဝယ်သည် ဒေါ်လာရှေဒ်္ဂါးနှင့်တွက်လျှင် ၆၃-ရာခိုင်နှုန်း လျော့ကျသွား၏။ World Politics by Palme Dutt.

ဖုံးဖိ၍ထားပြီးလျှင်၊ တိုင်းပြည်တွင် ကုန်စည်များကို လိုသည်ထက် ပို၍ ထုတ် သည်ဟု ဓနရှင်ကြီး များသည် မဟုတ်မဟာတ်ပြောဆိုကြပြီးလျှင်၊စက်ရုံများတွင်ရှိသော အလုပ်သမားများ အားထုတ် ပစ်ရုံသာမက၊ ကျန်သော အလုပ်သမားတို့၏လုပ်ခကြေးငွေကိုလည်းလျှော့သေး၏။ များစွာသောစက်ရုံကြီးများကိုလည်း ပိတ်လေသည်။ အလုပ်လက်မဲ့များလည်း များစွာတိုးပွား၍ လာလေသည်*၊ စင်စစ်မှာကား၊ဓနရှင်များပြောသကဲ့သို့ ကုန်စည်များကို လိုသည်ထက်ပို၍ ထုတ်ခြင်း မဟုတ်ပေ။ လိုသည်ထက် ပင်လို၍နေသေး၏။အဘယ့်ကြောင့်ဆိုသော်၊ အိုးမဲ့,အိမ်မဲ့ အဝတ်အစားမဲ့,, ဆင်းရဲသားများသည် ရှေးကထက် ပိုမို၍ များပြား လာလေသည်၊ သို့များပြား သော်လည်း၊ အဝတ်များ ယက်လုပ်သော လန်ကာစတာ စက်ရုံကြီး များ ပိတ်ထားခြင်း၊ ဥရောပ တိုက်, အမေရိကံ တိုက် များတွင် အစားအစာများကိုမီးနှင့်ရှို့ခြင်းများတို့ကိုတွေ့ ရလေသည်။ ဗမာပြည်၌ပင်လျှင်၊ စပါးပုံပေါ် ထိုင်၍

---

| * | နှစ်။ | အလုပ်လက်မဲ့ဦးရေ (တကမ္ဘာလုံး။) |
|---|---|---|
| | ၁၉၂၉ | ၁၀၀ |
| | ၁၉၃၀ | ၁၆၁ |
| | ၁၉၃၁ | ၂၃၃ |
| | ၁၉၃၂ | ၂၉၁-၂၇၄ |
| | ၁၉၃၄ | ၂၂၁ |

League of Nations International Index of Unemployment.

တကမ္ဘာလုံး၊ အလုပ်လက်မဲ့ ဦးရေသည်၊ ၁ကုဋေမှ ၅ကုဋေအထိ ရှိလိမ့် မည်ဟုယူဆကြလေသည်။World Politics by Palme Dutt.



ငတ်သော လူများ၊သစ်တောဝါးတောတွင်နေ၍ အိမ်မရှိသော လူများ၊မရေမတွက်နိုင်အောင်တွေ့ရကြလေသည်။

လောကတွင် ပေါ်ပေါက်၍ နေသော လောကဓါတ်ပညာ,စက်မှု,လက်မှု,ပညာတို့သည်လည်း၊ တနေ့တခြား တိုးပွား၍နေလေသည်။ရှေးကပိုး,ဝါ,သိုးမွေးတို့နှင့်ယက်လုပ်ရသော အထည်အလိပ်မျိုးကို ဓါတုဗေဒ နည်းအရ၊ သစ်သား,ဝါးများမှ ရသော၊ (ပါးလ်ပ်-Pulp.)နှင့်ယက်လုပ်နိုင်လေသည်။ နေ့စဉ်နှင့်အမျှ သုံးစွဲရသော ရော်ဘာကော်ပတ်များသည်လည်း၊သစ်စေးမှမလုပ်တဲ့ဓါတုဗေဒ နည်းအရ၊ဆေးဖြင့် လုပ်နိုင် လေသည်။ ဓါတ်ဆီခနဲ့ဆီများကိုလည်း မြေထဲမှတူးဖေါ်မရပ်ယူရတဲ့ ကျောက်မီးသွေးမှ ချက်၍ယူနိုင်ပြီး၊ ရှေးက တလ ကိုးသတင်း သွားရသောခရီးကို လေယာဉ်ပျံ, လေသင်္ဘောတို့နှင့် တရက်နှစ်ရက်အတွင်း ပေါက်နိုင်၏။ ဗိုင်ယာလက်,ရေဒီယိုအသံလွှင့်ကြိုးသာများ ပေါ်ပေါက်မှုကြောင့်၊ တကမ္ဘာလုံးအား မိနစ်,စက္ကန့် အနည်းငယ် အတွင်း စကားပြောကြား နိုင်လေသည်၊ လူတို့၏ စိတ်ဟာဒယ ,ရွှင်စေရန်အတွက် အသံထွက်ရုပ်ရှင်, ဓါတ်သီချင်းစက်, ရေဒီယို အသံလွှင့်စက်, တယ်လီဗီ ရှင်းအရုပ်လွှင့်စက် အမျိုးမျိုးထွက်ပေါ်၍လာလေသည်။ မော်တော်ကား, မော်တော်ဘုတ် များသည်လည်း၊ရှေးကကဲ့သို့မဟုတ်တဲ၊စက်မှု,လက်မှု,ထွန်းကားသဖြင့်၊ဈေးမကြီးတဲ့ ဈေးပေါပေါနှင့် ရောင်းနိုင်ဝယ်နိုင်လေပြီ။သို့ပါသော်လည်း၊ မည်၍မည်မျှပင် လောကဓါတ်ပညာ၊စက်မှု,လက်မှု,ပညာလျှပ်စစ်ပညာများ ထွန်းကား

လင့်ကစား၊ ဆင်းရဲသား၊ အလုပ်သမား၊ လယ်သမား၊ တို့သည်၊ ထိုအကျိုးကျေးဇူးများကိုမခံစားရချေ။ အကြောင်းကိုရှာသော်၊ ဆင်းရဲသားတို့၌ ဝယ်နိုင်ခြမ်းနိုင်၊ သုံးစွဲနိုင်သောအခြေအနေမရှိ။ ၁၉၁၄-ခုနှစ်တွင်ရှိသော ဆင်းရဲသားတို့၏ အခြေအနေထက် များစွာ ဆိုးဝါးလေသည်။ လယ်ယာ ကိုင်းကျွန်းကို မှီခိုအားထား၍ လုပ်ကိုင်စားသောက်ရသော ဆင်းရဲသား များသည်လည်း၊ ၎င်းတို့၏ ကုန်ကြမ်းများဖြစ်သော ဆန်, စပါး, ဂျုံ, ပြောင်း, ဝါဂွမ်းတို့ကိုမစိုက်နိုင်, မရောင်းနိုင်ကြချေ။ ကုန်ကြမ်းတို့၏ ဈေးသည်လျော့ကျ၍သွားသဖြင့်၊ ဆင်းရဲသားတို့သည် လက်မှိုင်ချခါနေရလေသည်။ လယ်သမား, ကိုင်းသမား, ယာသမားတို့ **အရင်း** ထူထောင်ရန် အတွက် ချေးယူထားသောငွေသည်လည်း၊ အိပ်၍နေသည်မရှိဘဲ၊ အတိုးများသည်မိနစ်စက္ကန့်မဆိုင်းတက်၍နေလေသည်။ ဗမာပြည်၌ဆိုလျှင် ငွေတရာလျှင် ရွှေပေါင်နှင့် တလအနည်းဆုံး နှစ်ကျပ်တိုး ပေးရလေသည်။ ထို့ကြောင့် ဗမာပြည်တွင် လယ်ပိုင်, ယာပိုင်သော လယ်သမား, ယာသမားများ ပပျောက်၍၊ လယ်များ, ယာများသည်၊ မြေရှင်မြေပိုင်ရှင်ကြီးများလက်သို့ ရောက်သွားကြလေပြီ။ အမေရိကပြည်တွင်လည်း ၁၉၂၉-ခုနှစ်ကစ၍၊ ဆင်းရဲသားလယ်သမားတို့သည် များစွာအတိဒုက္ခ ရောက်ခဲ့လေသည်။ လယ်ပိုင်ရှင်ကြီးများ၏ အကျိုးကို ကြည့်၍၊ လယ်မှ ထွက်သော ကောက်ပဲသီးနှံများ၏ဈေးကို မပျက်စေခြင်းငှါ၊ အစိုးရကန့်သတ်ထားသောမြေကေထက်ပိုမို၍ ကောက်ပဲသီးနှံ



များကိုမစိုက်ပျိုးရချေ။ ဆင်းရဲသားများကား, ငတ်၍နေကြ၏။ လယ်သမားများသည် ငတ်မွတ်ခေါင်းပါးသဖြင့်၊ မကျေမနပ်ဖြစ်ကြ၍ မြို့သို့ကောက်ပဲသီးနှံ ကိုသွား၍မပို့နိုင်ရန်၊ လမ်းများ တံတားများ၌ သယ်ဆောင်သော မော်တော်ကား, မီးရထားများကို သပိတ်တား ကြလေသည်၊ ထို့ကြောင့်လည်းပုလိပ်များနှင့်မကြာခဏအဓိကရုဏ်းဖြစ်ပွားကြလေသည်။

ဆင်းရဲသား အလုပ်လက်ခဲ့ ဖြစ်သော၊ အိုးမဲ့, အိမ်မဲ့များသည်လည်း ပေါများသည်ထက် ပေါများ၍လာလေသည်။ အလုပ်သမား, အလုပ်ရပ်စဲရေးများလည်း နေ့စဉ်နှင့်အမျှပေါ်ပေါက်၍နေလေသည်။ နေရေး, ထိုင်ရေး, စားရေး, သောက်ရေး, အကြောင်းရင်းခံ ဖြစ်သည့်၊ အဓိကရုဏ်းမှုစသည်တို့သည်လည်း၊ တနေ့တခြားတိုးပွား၍လာလေသည်။ စားရမဲ့, သောက်ရမဲ့ ဖြစ်၍ ဆူပူတောင်းဆိုနေကြသော ဆင်းရဲသားများကို နှိမ်နင်းရန် စစ်ဘက်၌ာန, ပုလိပ်ဘက် ဌာန, ရုံထောက်ဘက် ဌာန, တို့သည်လည်း၊ ရှေးကထက်ပိုမို၍ချဲ့ရလေသည်။ အချို့သောတိုင်းပြည်များတွင် ဆင်းရဲသားများဖိနှိပ်ရန် မြေရှင်တို့၏အကူအညီနှင့် ရပ်သူရွာသားများကို ကိုယ်ပိုင်* ရှပ်နက်, ရှပ်ဖြူ, ရှပ်ညိုတပ်များဖွဲ့ကြ၏။ မြေရှင်တို့သည်ဤကဲ့သို့သော အဖြစ်အပျက်များကို တကျွံသောလက်ခံ၍ မထားချေ။ မည်ကဲ့သို့ပြုပြင်ရန်နည်းလမ်းကိုရှာကြလေသည်လက်ရှိ

*ရှပ်နက်တပ်-အီတလီ။ ရှပ်ညိုတပ်-ဂျာမနီ။ ရှပ်ပြာတပ်-တရုပ်ပြည်။
(မဆိုလိုနီ။) (ဟစ်တလာ။) (ချန်ကေရှိတ်။)

ဓနရှင်စံနစ်ကြီး၏ အခြေအနေကလည်း၊ နည်းလမ်းရှာ ရန်တိုက်တွန်း၍နေ၏၊ဈေးအခါက ဓနရှင်ဟင်နရီဖို့၊ကရူဂါစသည်တို့သည်၊ကမ္ဘာကြီးအား စည်ကားတိုးပွားရန် လုပ်နိုင် လိမ့်မည်ဟု ယုံကြည်ကိုးစား အားထား၍ နေ သော နိုင်ငံရေး သမားများလည်း၊ ဒုက္ခရောက် နေသော ဆင်းရဲသားအလုပ်သမား၊ လယ်သမားများနှင့် ထင်သလိုချယ်လှယ်နေကြသောဓနရှင်တို့ကိုတွေ့ကြုံနေရသဖြင့် နိုင်ငံရေးတရားများ ဖြန့်ဖြူးတိုင်း စီးပွားရေး စံနစ်သစ်ရှာဖွေရန်ပြောဆိုကြလေသည်၊

စင်စစ်အားဖြင့်၊ဓနရှင်စံနစ်ကိုပယ်ဖျက်ရန် အခြေသို့ ဆိုက်ရောက်၍၊စည်းစံနစ် ကျနစွာစီမံသော စံနစ်ကိန်း¶ မျိုးလိုပေ၏၊ထိုစံနစ်သည်လည်း၊ ရုရှားပြည်သာမက၊ အခြားပြည်များသို့လည်း ရောက်မည်မှာ မချပင် ဖြစ်လေသည်။သို့ရာတွင်၊ လက်ရှိအခြေအနေကို ကြည့်ခြင်းအားဖြင့်၊ တဦးတည်း ကောင်းစားစေသော ဓနရှင်စံနစ် မပျောက်သရွေ့ကာလပတ်လုံး၊ စီမံကိန်းအရ စီစဉ်ထားသောစီးပွားရေးစံနစ်ကြီးမလာနိုင်သေးချေ၊

ဆိုရှယ်လစ်စံနစ်အဘိုင်း၊ တည်တွင်သော စီမံကိန်းကြောင့်၊ ဆိုဗီယက်နိုင်ငံ၌ များစွာ တိုးပွားထွန်းကားနေသောအချိန် ဖြစ်သည့် ၁၉၂၉-ခုနှစ်တွင်၊ အခြား နိုင်ငံများ၌ စီးပွားရေးသည် များစွာ ပျက်ပြား၍နေလေသည်၊

¶ Stratchy ရေး Theory and Pratice of Socialism. တွင်ပတ်ပါ၊



ထို့ကြောင့် ဆိုရှယ်လစ်စံနစ်နှင့် ဓနရှင်စံနစ်တို့သည် များစွာကွာခြားကြောင်းထင်ရှားတော့၏၊

ထွက်ကုန်များ၏အရေအတွက်။
Volume of Industrial Production.

၁၉၂၉-ခုနှစ်အတွက်ရာခိုင်နှုန်း။
Percent of 1929.

| | ၁၉၂၉။ | ၁၉၃၀။ | ၁၉၃၁။ | ၁၉၃၂။ | ၁၉၃၃။ |
|---|---|---|---|---|---|
| ဆိုဗီယက်ရုရှား၊ | ၁၀၀။ | ၁၂၉.၇။ | ၁၆၁.၉။ | ၁၈၄.၇။ | ၂၀၁.၆။ |
| ယူအက်စ်အေ။ | ၁၀၀။ | ၈၀.၇။ | ၆၈.၁။ | ၅၃.၈။ | ၆၄.၉။ |
| အင်္ဂလန်။ | ၁၀၀။ | ၉၂.၄။ | ၈၃.၈။ | ၈၃.၈။ | ၈၆.၁။ |
| ဂျာမနီ။ | ၁၀၀။ | ၈၈.၃။ | ၇၁.၇။ | ၅၉.၈။ | ၆၆.၈။ |
| ပြင်သစ်။ | ၁၀၀။ | ၁၀၀.၇။ | ၈၉.၂။ | ၆၉.၁။ | ၇၇.၄။ |

ထွက်ကုန်များ၏အရေအတွက်။
Volume of Industrial Production.

စစ်မဖြစ်မီနှစ်,ရာခိုင်နှုန်း။
Percent of Prewar Level.

| | ၁၉၁၃။ | ၁၉၂၉။ | ၁၉၃၀။ | ၁၉၃၁။ | ၁၉၃၂။ | ၁၉၃၃။ |
|---|---|---|---|---|---|---|
| ဆိုဗီယက်ရုရှား၊ | ၁၀၀။ | ၁၉၄.၃။ | ၂၅၂.၁။ | ၃၁၄.၇။ | ၃၅၉.၀။ | ၃၉၁.၉။ |
| ယူအက်စ်အေ၊ | ၁၀၀။ | ၁၇၀.၂။ | ၁၃၇.၃။ | ၁၁၅.၉။ | ၉၃.၄။ | ၁၁၀.၂။ |
| အင်္ဂလန်၊ | ၁၀၀။ | ၉၉.၁။ | ၉၁.၅။ | ၈၃.၀။ | ၈၂.၅။ | ၈၅.၂။ |
| ဂျာမနီ၊ | ၁၀၀။ | ၁၁၃.၀။ | ၉၉.၈။ | ၈၁.၀။ | ၆၇.၆။ | ၇၅.၄၊ |
| ပြင်သစ်၊ | ၁၀၀။ | ၁၃၉.၀။ | ၁၄၀.၀။ | ၁၂၄.၀။ | ၉၆.၁။ | ၁၀၇.၆။ |

Report at Seventh Congress of The Communist Party of The Soviet Union 1934
By Stalin.

၁၉၂၉-ခုနှစ်မှစ၍ စီးပွားရေး ကြပ်တည်း ကျဉ်း
မြောင်း၍လာရာ၊လုပ်ခကြေးငွေ၊အလုပ်ချိန်နှင့်အလုပ်တို့
သည်၊လူတို့၏ပေါင်းသင်းဆက်ဆံရေးSocial System.
ပေါ်တွင်တည်ရှိကြောင်းကို သိစေသည်သာမက၊ ထိုသို့
ကြပ်တည်းကျဉ်းမြောင်းသဖြင့်၊ ငတ်မွတ်ခေါင်းပါးခြင်း,
ဖိစီးနှိပ်စက်ခံရခြင်း, အမြီးအမောက် မတဲ့သည့် လူမျိုး
ရေးစိတ်ဓါတ်ပိုမိုများခြင်း,လက်နက်အားကိုးနှင့်စစ်မက်
ဖြစ်ခြင်း,စီးပွားရေးစစ်မက်ဖြစ်ခြင်း, (Military Wars
and Economic Wars.) တို့သည်၊ ပေါင်းသင်း ဆက်
ဆံရေးစံနစ် ချို့ယွင်းကြောင်းကို ပိုမို၍ထင်ရှားစေသည်။
ဘုံဝါဒ လွှမ်း မိုး သော နိုင်ငံ၌ ကား၊ လက် မှု, စက် မှု,
တိုးပွားခြင်း၊ လယ် ယာ စိုက်ပျိုး ရေး ထွန်းကား ခြင်း၊
အခပို၍အလုပ်ချိန်နည်းခြင်း,အလုပ်လက်မဲ့ပြဿနာကင်း
မဲ့ခြင်း၊ လူမျိုးပေါင်းစုံ ပေါင်းသင်း၍ စိတ်ချမ်းသာကိုယ်
ချမ်းသာနှင့်နေနိုင်ကြရန် ကြိုးစား အားထုတ်ခြင်း တို့ကို
တွေ့မြင်ရသဖြင့်၊ ထိုနိုင်ငံများတွင် ရှိသော ပေါင်းသင်း
ဆက်ဆံရေးစံနစ်သည်ကောင်းကြောင်းမှန်မြတ်ကြောင်း
ထင်ရှားလေသည်။ ထို့ကြောင့် ဓနရှင်စံနစ်မှ ဖြစ်ပေါ်
သောပေါင်းသင်းဆက်ဆံရေးစံနစ်နှင့် ဆိုရှယ်လစ်စံနစ်မှ
ဖြစ်ပေါ်သောပေါင်းသင်းဆက်ဆံရေးစံနစ်တို့သည် များ
စွာကွာခြားကြောင်းပေါ်လွင်၍နေ၏။

ဓနရှင်တို့သည် ကုန်ချောများကို ရောင်းရန်နယ်များ
ကို လုယူကြသဖြင့်၊သူ့နယ်ငါ့နယ်ဟု နယ်များကို နည်း
အမျိုးမျိုးအဖုံဖုံနှင့် ပိုင်းခြား သတ်မှတ် ကြသောကြောင့်



ရင်းတို့သည်ဈေးကကွက်ပဲ့သို့မဟုတ်ဘဲ၊ တနေ့တခြားပိုမို၍
ငတ်မွတ်ခေါင်းပါးလာ၍ရင်း။ဓနရှင်တို့သည်၊ တွေ့ကြုံနေ
ရသော အကြပ်အတည်းမှ လွတ်မြောက်ရန် အောက်ပါ
နည်းသုံးမျိုးကို အသုံးပြုရလေသည်။

၁။ နိုင်ငံခြားကုန်များကိုမဝယ်ရန်၊မရောင်းရန်တား
မြစ်ထားခြင်းအားဖြင့်ရင်း၊ ကုန်များကို သတ်မှတ်ထား
သည်ထက် ပိုမို၍မပြုမလုပ် မထုတ်ရခြင်းဖြင့်ရင်း၊ ကုန်
များကို မလည်နိုင်ရန်အမှတ်အသားပြုထားသော ငွေနှင့်
ငွေစက္ကူကို ရိုက်ထုတ်သည်ထက် ပိုမို၍ဆင်းရဲသားများ၏
မျက်စေ့ကိုဖွင့်စားရန် လုပ်ခြင်းဖြင့်ရင်း၊ နောက်ဆုံး၌
ကုန်စည် များထွက် စေခြင်းငှါ နယ်ပယ် များရရန် လက်
နက်အားကို စစ်ဆင်ခြင်းဖြင့်ရင်း၊ ဓနရှင်၏ အကျိုးကို
ကာကွယ်ခြင်း။

၂။ မလိုသော တိုင်းနိုင်ငံများမှဝင်၍လာသော ကုန်
စည်များအပေါ်၌ အခွန်အကောက်များပိုမို၍ ကောက်ပြီး
နောက် အစိုးရသည် စက်မှု-လက်မှုလုပ်ငန်းတို့တွင် ငွေ
အားကြေးအား ထောက်ပံ့ခြင်း၊ ကုန်ဈေးကို သတ်မှတ်
ခြင်း၊ လယ်ယာစိုက်ပျိုးရေးတွင် ထပ်မံ၍ စီမံခြင်းဖြင့်
နိုင်ငံတွင် မည်သည့်တိုင်းပြည်ကိုမှ အားမကိုးဘဲ ကိုယ်
တိုင်းပြည်နှင့်ကို လုံလောက်အောင် ပြုလုပ်ခြင်း။

၃။ အလုပ်လက်မဲ့များကို အစိုးရသည် အလုပ်ရုံ
များ၌သော်ရင်း။အလုပ်သစ်များဖွင့်၍သော်ရင်း၊ အသိုးအ
ခလျှော့ပြီးလျှင် အလုပ်များကို လုပ်နိုင်ခြင်းတို့ ဖြစ်လေ
သည်။

ဓနရှင်စံနစ်ထွန်းကားသော နိုင်ငံများတွင်၊ အစိုးရတို့သည် စစ်တိုက်ရန်အတွက် လက်နက်ကြီးယားများကို သုံး ထက်ငါ ပိုမိုရဆောင်း၍နေကြလေသည်။ ဓနရှင်တို့သည် လည်း ၎င်းတို့ ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို အမြဲ တန်းမည်သည့်နည်းနှင့်မဆို၊ ကာကွယ်စောင့်ရှောက်ရန် အသင့် ဖြင်ဆင်ထားကြလေသည်။ ၎င်းပြင် ဓနရှင်တို့ သည် စက်ရုံများတွင်၊ လူတို့အား သခင်နှင့်ကျွန်ဟု လူနှစ် မျိုးနှစ်စားခွဲခြား၍လုပ်ကိုင်စေလေသည်။ အချို့သောအ ရပ်ဒေသများတွင်"ကျွန်ရပ်ကွက်"များဖွဲ့စည်း၍ အလုပ် လက်ခဲ့များအား မီးရထားလမ်း၊ မော်တော်ကား လမ်း ဖေါက်ခိုင်းလေသည်။ ဓနရှင်ဝါဒသည် လက်ရှိစီးပွားရေး အခြေအနေကိုထောက်သဖြင့်၊ ဤကဲ့သို့သော လမ်းကို လိုက်နာရမည်မှာမလွဲချေ။

အထက်တွင်ဖော်ပြခဲ့သော စံနစ်ကိုဓနရှင်တို့သည် အားကိုးအားထားနှင့် လက်ကိုင်ပြု၍ အသုံးပြုသဖြင့် တ ဖန်နှင့် ဓနရှင်စံနစ်သည် အသာတကြည်အလိုလိုပျက်စီး လိမ့်မည်ဟု မယူဆနိုင်ပေ။ လူတို့သည်အကြပ်အတည်း အမျိုးမျိုးတို့နှင့်တွေ့ကြုံရသဖြင့်၊ ပြုပြင်ပြောင်းလဲရန်အ ချိန်သို့ရောက်သော်လည်း၊ မပြုပြင်မပြောင်းလဲဘဲ နဂိုမူလ ကဲ့သို့နေထက်ကြလေသည်။ အရေးတော်ပုံအောင်မြင်ရန် မှာ အလိုအလျောက်ဖြစ်ကောင်းသော အရာမျိုးမဟုတ် ပေ။ အောင်မြင်ရန်ကြိုးစားအားထုတ်ရမည်သာမဟုတ်၊ လူ ဆင်းရဲနွမ်းပါး ချို့ငဲ့နွမ်းပါး အလုပ်သမား လယ်သမား များသာလျှင် ထိုသို့အောင်မြင်ရန် စွမ်းဆောင်နိုင်ကြောင်း



သိရှိရပေလိမ့်မည်။ *အရေးတော်ပုံ ပေါ်ပေါက်ရန်အခါ ပေါင်းများစွာ ကြုံကြိုက်သဖြင့်၊ ဓနရှင်တို့၏ အခြေအနေ သည် တုန်လှုပ်ချောက်ချားရသောဘဝသို့ ရောက်ရခြား သော်လည်း၊ ဆင်းရဲသား နွမ်းပါးဥစ္စာမဲ့တို့၌ ပြုပြင် ပြောင်းလဲနိုင်သော အစည်းအရုံး¶ အင်အားမရှိသဖြင့်၊ မည်ကဲ့သို့မျှအရေးတော်ပုံ အောင်ပန်းကို မဆွတ်ခူးနိုင် ကြချေ။

ယခုအချိန်အခါတွင် ကမ္ဘာ့ရာဇဝင်ကိုကြည့်သော်၊ ပဋ္ဌမအကြိမ်ဤကဲ့သို့သော၊ဆင်းရဲသား နွမ်းပါးအစည်း အရုံးတွေနိုင်ငံတိုင်း၌ စီးပွားရေးကြပ်တည်းကျဉ်းမြောင်း သဖြင့်၊ ပေါ်ပေါက်၍နေကြောင်း တွေ့ရလေပြီ။ ၎င်းတို့၏ အဓိကထက်ငင်းလုပ်ရမည့်လုပ်ငန်းမှာ၊ဆင်းရဲသား နွမ်း ပါးတို့ကို ခေါင်းဆောင်၍ နိုင်ငံရေး တန်ခိုးအာဏာကို ပဋ္ဌမဆုံးရယူရန် ဖြစ်သနာကို ဆင်းရဲသားတိုင်း သိရှိရန် ဖေါ်ပြရလိမ့်မည်။အဘယ်ကြောင့်ဆိုသော်၊လက်ရှိဓနရှင်

*အလုပ်သမားအတန်းအစား လွတ်မြောက်ရာ လွတ်မြောက်ခြင်းသည်၊ အလုပ်သမားအတန်း၏ အလုပ်သာဖြစ်လေသည်။ Karl Marx ၁၈၃၁ ခုနှစ်တွင် Metropoltan Trade Union(National Union of Working Class)အလုပ်သမားအသင်းသည်၊ ဆင်းရဲသား အလုပ်သမားတို့၏ စက်ဆုတ်ဘွယ်ရာကောင်းသော အခြေအနေမှ တိုးပွားထွန်းတက်ရန် အလုပ်သမားများသာလျှင် ဆောင်ရွက်ရပေလိမ့်မည့်အပြင် ဤကဲ့သို့ဆောင်ရွက်ရန် လခစား အလုပ်သမားများကလွဲ၍ မည်သူမျှအမှုဆောင်အဖွဲ့တွင် မပါဝင်ရဟု ဆုံးဖြတ်ချက်ချဘူးလေသည်။

¶ဆင်းရဲသားနွမ်းပါးတို့သည်၊ ပဋ္ဌမဆုံးစစ်မှန်သောချုပ်အဖွဲ့ကဲ့သို့ ပါတီအစည်းအရုံးလိုလေသည်။ထိုအစည်းအရုံးကို လိုအပ်သည်မှာ တန်ခိုးအာဏာကို အောင်မြင်စွာလုယူရန်အတွက်ဖြစ်လေသည်။

Foundatisan of Leninsm.

လက်အောက်တွင်ဆင်းရဲသား၊အလုပ်သမား၊လယ်သမားတို့မျှော်ကိုးအားထားစရာ အကြောင်းမရှိချေ။ ဓနရှင်ဝါဒမှ ပေါက်ဖွားသော ဖက်ဆစ်ဝါဒသည်လည်း၊ မြေပိုင်ရှင်၊ သတ္တုပိုင်ရှင်၊ စက်ရုံပိုင်ရှင် အစရှိသည့် ဓနရှင်ကြီးများက ဆင်းရဲသားများအား ပိုမို၍ ဂုတ်သွေးစုပ်နိုင်စေရန်သာဖြစ်လေသည်။

၁၉၁၇-ခုနှစ်တွင် ရုရှားနိုင်ငံ၌ ကော်မြူနစ်အစည်းအရုံးသည် တော်လှန်ပုန်ကန်ပြီးနောက်၊ တန်ခိုးအာဏာနှင့်ပြည့်စုံသော ဆင်းရဲသားတိုင်း အေးချမ်းသာယာစွာ အိုးအိမ်နှင့် နေရလိမ့်မည်ဟု၊ ဆင်းရဲသားအလုပ်သမား၊ လယ်သမားတို့အား ပြောဆိုရေးသားခဲ့သည့် အတိုင်း၊ ဆင်းရဲသားတို့သည်၊ ယုံကြည်ကြလေသည်။ ထိုသို့ယုံကြည်ကြသည့် အတိုင်းလည်း ထကြွပုန်ကန်ကြ၍၊ ထိုတန်ခိုးအာဏာသည် လူတို့အား အေးချမ်းသာယာစွာ၊ အိုးအိမ်နှင့် ပြည့်စုံစေသည်သာမက၊ လူတိုင်းလူတိုင်းတွင်ရှိသော၊မသုံးရသေးသည့် တန်ခိုးသတ္တိ အခါအခွင့်ကိုလည်း၊ဖန်တီး၍ပေးလေသည်*။

*ရုရှားဆင်းရဲသား နင်းပြားတို့၏အသွေးကို မြေသို့ကျစေခြင်းသည်။ ပြမြင်သော နိုင်ငံရေးရမည်ဂတိရရန်အတွက်သာဖြစ်သလော။ဆင်းရဲသားတို့သည်၊ အသက်ရှင်သမျှ ကာလပတ်လုံး တိုးတက်မှုတို့ကို ခံစားရန် မတောင်းဆိုဘဲ နေကြအံ့လော။အိမ်တောင်စုတိုင်း အစားအစာကိုလုံလောက်စွာရရန်။ ခလေးတိုင်းနို့ဘူးရရန်။ ဇာဘုရင်နှင့်ဓနရှင်တို့၏မင်းဆွေမင်းမျိုးများ နေထိုင်ခဲ့ကြသော လှပတင့်တယ်သောနန်းတော်ကြီးများနှင့် အဆောက်အဦးတို့ကို၊အလဟဿ မထားဘဲ၊ ဒုက္ခရောက်သောလူများနှင့် အိမ်ခြေယာခြေမရှိသောလူများနေထိုင်ရန်၊ ဆင်းရဲသားတို့ မတောင်းဆိုဘဲ နေကြမည်လော။ ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ကြသော်လည်း၊ ဆိုရှယ်လစ်စံနစ်ကြီးသည် မရုံလင်သေးချေ။

Letters From Afar By Lenin.



ဓနရှင်ဝါဒအတိုင်းပေါ်ပေါက်၍နေသော "အများလုပ်ကိုင် ရသော်လည်း တကိုယ်ကောင်းသော ခံစားခွင့်ရသော စံနစ်မျိုး"ကို၊ပပျောက်ရန်ဓနရှင်တို့၏ ဦးပိုင်ခွင့်ကို တသစ်ပြီးတစ်ချက်ဖျက်ဆီးပစ်ရပေလိမ့်မည်။ ဤကဲ့သို့ ဖျက်ဆီးလိုသော် အာဏာတန်းစားနင်းပြားများဖျက်ဆီးမှသာအောင်မြင်မည်ဟု တသစ်ချယုံကြည်ကြရမည့်အပြင်၊ ထိုသို့ဖျက်ဆီးရန် အချည်အချင်၊ သတ္တိတို့နှင့်သည်း ပြည့်စုံရပေလိမ့်မည်။ ရုရှားနိုင်ငံတွင် ဇာဘုရင် အုပ်စိုးစဉ်အခါ၌၊ထိုသို့သော အကြောင်းအရာများပေါ်ပေါက်ခဲ့လေသည်။ယခုအခါ ဆိုဗီယက်ရုရှားနိုင်ငံတွင် ဓနရှင်စံနစ်ပပျောက်၍သွားသဖြင့်၊ငတ်မွတ်ခေါင်းပါးခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊လူတမျိုးက၊တမျိုးကို ဖိဖိနှိပ်စက်ခြင်းစသည်တို့သည် ပပျောက်၍သွားပြီးသျှင်၊ လူအတန်းအစားခွဲခြားခြင်းလည်းမရှိဘဲ။လူတိုင်းလူတိုင်း၊ တန်းတူအခွင့်အရေးခံစားခွင့်ရလေသည်။ ထိုကဲ့သို့ ဆင်းရဲသားများတည်ထောင်သော ဆိုဗီယက်ရုရှား နိုင်ငံကြီးပေါ်ပေါက်၍လာသဖြင့် ဓနရှင်နိုင်ငံများသည်၊ ပိုမို၍အကြပ်အတည်းတွေ့ရလေသည်။အဘယ့်ကြောင့်ဆိုသော် ဓနရှင်နိုင်ငံများနှင့်ဆိုဗီယက်နိုင်ငံကိုနှိုင်းယှဉ်သော် ဆိုဗီယက်နိုင်ငံတွင်ရှိသော လူတို့၏နေရေး၊ထိုင်ရေး၊စားရေး၊သောက်ရေးနှင့်ဓနရှင်နိုင်ငံတွင်ရှိသော လူတို့၏အရေးများသည်၊ မနှိုင်းယှဉ် လောက်အောင် ကွာခြားသဖြင့်၊ ဘုံဝါဒကျေညာစာတမ်းတွင်ပါသည့်အတိုင်း "ဓနရှင်တို့သည်၊ ၎င်းတို့မွေးမြူသော ကျွန်များကိုပင်နေထိုင်နိုင်ရန် ပြုလုပ်

နိုင်သော အရည်အချင်းနှင့် မပြည့်စုံသဖြင့်၊ အုပ်စိုးရန်မဖြစ်နိုင်ကြောင်း လူတိုင်းဝံခံရပေလိမ့်မည်။”

ယခုအခါတွင် ဆင်းရဲသားတို့သည်၊ အေးချမ်းသာယာစွာ၊စားနိုင်-နေနိုင်ရန်၊ အဘယ်ကဲ့သို့သောနည်းအားဖြင့်၊ အာဏာရ၍စိုးပြင်းကြရန်၊ လက်ငင်းအရေးကြီးဆုံးသော၊ပြဿနာကို ရှာရန်လိုပေသည်။ နေရေး-ထိုင်ရေး-စားရေး-သောက်ရေးစသည့် စကားလုံးတို့သည်လူတိုင်းတို့၏ ပါးစပ်ပေါ်တွင် ရှိလေသည်။ ဓနရှင်တို့သည်လည်း၊ ဆင်းရဲသားများ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ကြံစည်အားထုတ်ပုံကို သိကြသဖြင့်၊ ဆင်းရဲသားများ၏ စိတ်ဓါတ်ကို ပြောင်းလဲစေရန်၊ စီမံကိန်းအတိုင်းစီစဉ်သော စီးပွားရေးစံနစ်ကိုအရောင်ပြ၍ လူမျိုးရေးတရားကို ဟောပြီးလျှင်၊ဖက်စစ်ဝါဒကို တည်ထွန် အောင်ပြုလုပ်ကြလေသည်။



**အခန်း-၅။**

## ဆင်းရဲသားအလုပ်သမားတို့၏အစည်းအရုံး။

ဘုံဝါဒကျညာစာတမ်းအလိုအားဖြင့်၊ရှေးအခါကဖြစ်ပေါ်၍နေသော လူတို့၏ရာဇဝင်သည်၊လူတတန်းစားနှင့်တတန်းစား၊ သူသာ,ငါသာ,သူနိုင်,ငါနိုင်, လုယက်အားထုတ်နေသော၊ရာဇဝင်သာဖြစ်လေသည်၊ ဓနရှင်တို့ထွန်းမိုးသောခေတ်တွင်၊ ဤကဲ့သို့ လုယက်အားထုတ်မှုသည်ပိုမိုစံနစ်ကျရုံသာမက ထိုသို့လုယက်အားထုတ်ရန်နိုင်ငံရေးအစည်းအရုံး၊ ပါတီများက၊ ခေါင်းဆောင်လေသည်။ ဓနရှင်ခေတ်မပေါ်မီ၊ ရောမနိုင်ငံ၊ ဂရိတ်နိုင်ငံတို့ကောင်းစားစဉ် အခါ၌လည်း၊ နိုင်ငံရေး အဖွဲ့များပေါ်ပေါက်သင့်သလောက် ပေါ်ပေါက်ခဲ့လေသည်။ သို့ရာတွင် ဓနရှင်ဘို့လုံးပမ်းမှုကြောင့် ဖြစ်ပေါ်လာရသော၊ အစည်းအရုံး၊ အဖွဲ့ပါတီများကဲ့သို့ ရည်ရွယ်ချက်၊စည်းမျဉ်းအစီအစဉ်ဝါဒများမရှိပေ။

ခရစ်သက္ကရာဇ်-၁၆၀၀-ကျော်တွင် ကုန်ကူးသန်းရောင်းဝယ်သော လူတို့သည် နိုင်ငံရေးအာဏာတန်ခိုးကိုရရန်၊အင်္ဂလန်နိုင်ငံမှစ၍ မြို့စား၊ နယ်စား စံနစ်ကြီးကိုတွန်းလှန်ဖြိုဖျက်ကြကုန်၏။ ထိုသို့ တွန်းလှန်ဖြိုဖျက်ကြသည့်အတိုင်း၊တိုင်းပြည်တွင် ဝစ်(ဂ္ဂ)(Wigs) နှင့်တောရီ(စ) Torries. ဟူ၍ နိုင်ငံရေးဂိုဏ်းကြီး နှစ်ဂိုဏ်းပေါ်ပေါက်၍လာလေသည်၊အင်္ဂလန်ပြည်ရှိ မြို့စားကြီး၊ နယ်စားကြီးများကို တိုက်ခိုက်ရာတွင်၊တွေ့ကြုံခဲ့ရပုံ အခက်

အခဲသင်္ချင်းစတို့ကို ဆရာတင်၍၊ အခြားတိုင်းပြည်များတွင်ရှိသော ကုန်သည်များသည်လည်း၊ ၎င်းတို့အားချုပ်ချယ်သော လယ်ပိုင်-ယာပိုင်-မြို့စား-ရွာစားကြီးတို့ကို တော်လှန်ကြလေသည်။ ထိုကြောင့် နယ်စား-မြို့စားကြီးတို့သည် တပြည့်ပြည့်တိမ်ကောပျောက်၍ သွားပြီးလျှင် နိုင်ငံရေးတန်ခိုးအာဏာသည်၊ ကုန်သည်တို့၏ လက်တွင်းသို့ရောက်သွားတော့၏။ ထိုအခါ ဓနရှင်စံနစ်သည်၊ ထွန်းကား၍လာပြီးလျှင်၊ ဓနရှင်တို့၏အကျိုး၌၊ လူမျိုးဟူ၍၎င်း၊ လူမျိုးရေးဝါဒဟူ၍၎င်း၊ ဖန်တီး၍ပေးသေသည်၊ ဓနရှင်တို့၏ နိုင်ငံရေးပါတီ၊ အစည်းအရုံးတို့သည်၊ လူမျိုးရေးဝါဒကိုလက်ကိုင်ပြု၍၊ နိုင်ငံကို ၎င်းတို့၏ အကျိုးကျေးဇူးကြီးပွားထွန်းကားရန်အလို့ငှါ အုပ်စိုးလေသည်၊ လူမျိုးဝါဒကို လက်ကိုင်ထားသဖြင့်၊ တမျိုးလုံး၏အကျိုးစီးပွားအတွက်ဟု၊ တနိုင်ငံလုံးအား ထင်ယောင်ထင်မှားဖြစ်စေ၏။ စင်စစ်မှာကား၊ လက်တဆုပ်လောက်သော လူနည်းစုဓနရှင်တို့၏အကျိုးစီးပွားအတွက်သာဖြစ်လေသည်။ ထိုအကျိုးစီးပွားတွင် ဆင်းရဲသားအလုပ်သမား- လယ်သမားတို့၏ အကျိုးစီးပွားစိုးစဉ်းမျှမပါမရှိချေ။

ဓနရှင်တို့ ဖွဲ့စည်းထားသော လူအစု အဝေးတွင် (Capitalist Society) အတန်းအစားအားဖြင့် ဘူဇွါခေါ်သောဓနရှင်ဘော်ကြွေ့နှင့် ဆင်းရဲသား ဥဿာမဲ့ဟူ၍ နှစ်မျိုးနှစ်စားခွဲခြား၍ ထား၏။ ထိုနှစ်စားတွင်၊ နိုင်ငံရေးအစည်းအရုံးအဖွဲ့ပါတီပေါင်းမြောက်မြားစွာရှိလေသည်၊ ဓနရှင်အစားဖြစ်သော၊ ဘော်ကြွေ့အစားသည်၊ အလို



အလျော်စည်းလုံးညီညွတ်ကြသောအစားမျိုးမဟုတ်ပေ၊ ဆင်းရဲသား အလုပ်သမားတို့ကြောင့် ဖြစ်ပေါ်ရသော၊ မပေးဘဲထားသည့်အပိုတန်ဘိုးကို အလုအယက်ခွဲဝေယူလိုသောဆန္ဒကြောင့်၊ တစုနှင့်တစု ကွဲပြားခြားနား၍ နေကြပြီးလျှင်၊ တဦးနှင့်တဦး မသင့်မြတ်ဘဲ စောင်၍သာနေကြလေသည်။ ဓနရှင်နှင့်ဆင်းရဲသား ဥဿာမဲ့အစားများအပြင်၊ ကျောင်းဆရာ, ဆရာဝန်, ဆိုင်ရှင်, ဝတ်လုံ, ပညာတတ်, လခကြီးစားအစုရှိသည့် အလယ်အလတ်အတန်းစားများလည်းရှိသေး၏။

အင်္ဂလန်နိုင်ငံ၌၊ နှစ်ပေါင်း တရာကျော် သောက်တွင် ဝစ်(ဂ)နှင့် တော်ရီဟူ၍ အဖွဲ့နှစ်ခု ပေါ်ပေါက်ပြီးသည့်နောက်၊ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်ဟူ၍ ဂိုဏ်းနှစ်ဂိုဏ်းပေါ်ပေါက်လာပြန်သေးသည်။ ထိုနှစ်မျိုးနှစ်စားလုံးသည်၊ လယ်ပိုင်ရှင် မြေပိုင်ရှင် ကြီးများနှင့် အရောင်းအဝယ်ဖြင့်အသက်မွေးမြူကြသော၊ ကုန်သည်ကြီးတို့၏ အကျိုးစီးပွားကိုကာကွယ်ရန် ဖြစ်ပေါ်ရခြင်းဖြစ်လေသည်။ အခြားဓနရှင် နိုင်ငံများ၌၊ ဤကဲ့သို့ ပေါ်ပေါက်လာသောရာဇဝင်အခြေအနေသည်၊ လွဲကောင်းလွဲပေလိမ့်မည်၊ သို့သော်လည်း၊ နောက်ဆုံးတွင်၊ အင်္ဂလန်ပြည်မှာကဲ့သို့၊ တဦးအကျိုးနှင့်တဦးအကျိုး ဆန့်ကျင်ဘက်ဖြစ်သည့် အဖွဲ့နှစ်ခုပေါ်ပေါက်ရမည်မှာမလွဲပေ။

ဓနရှင်တို့သည်လူလတ်တန်းစားများ ဖြစ်သောလယ်ပိုင်ရှင်ကလေးများ အပေါ်နှင့် ဈေးဆိုင်ရှင် ကလေးများအပေါ်တွင်၊ များစွာဖိစီး ချုပ်ချယ်သည်သာမက၊ ဓနရှင်

စံနစ်သည်တဦးတည်း ကောင်းစားရေး အလို့ငှါ၊ နယ်ချဲ့
စံနစ်သို့ကူးပြောင်း၍သွားသဖြင့်၊ ကမ္ဘာပေါ်တွင်အလုပ်
လက်မဲ့များနှင့်စစ်မက်အင်္ဂါလက္ခဏာများပေါ်ပေါက်၍
လာသောကြောင့်၊ လူလတ်တန်းစားတို့သည်၊မခံမရပ်နိုင်
ဖြစ်ကြပြီးလျှင်နိုင်ငံရေးအစည်းအရုံးများအဖွဲ့အစည်းများ
ပါတီများ,ဖွဲ့စည်း၍ ဓနရှင်များကို တိုက်ယောင်ယောင်
ပြုလုပ်ကြလေသည်။ ဤကဲ့သို့ပြုလုပ်ရာတွင် ဆိုရှယ်လစ်
စကားလုံးများ၊ စာတမ်းများ ကိုပင် အသုံးပြုသေး၏။
အင်္ဂလန်ပြည် နန်းရင်းဝန် လုပ်ဘူးသော လွိုက်ဂျော့
ခေါင်းဆောင်သည့်၊အဖွဲ့သည်ဤကဲ့သို့သော အဖွဲ့ပင်ဖြစ်
ဖြစ်လေသည်။ ၎င်းအဖွဲ့၏ လုပ်နည်း,ကိုင်နည်းနှင့် ဝါဒတို့
သည်၊လေဘာအဖွဲ့,ပြင်သစ်ရဲဒီကဲ(လ)ဆိုရှယ်လစ်အဖွဲ့
တို့၏ လုပ်နည်းကိုင်နည်း ဝါဒများနှင့် များစွာ မကွာခြား
ချေ။အင်္ဂလန်ပြည်တွင် ကမ္ဘာစစ်ကြီးဖြစ်သည့် အတော
အတွင်းနှင့်စစ်ကြီးပြီးသည့်နောက်၊ အယူသည်းသောလူ
များပင်လျှင် လေဘာအဖွဲ့သို့ ဝင်ကြ၍၊ အတိုက်အခံအဖွဲ့
များပြုလုပ်ကြလေသည်၊ သို့ရာတွင်၎င်းတို့တန်ခိုးအာဏာ
ကြီး၍လာသောအခါ၊ဓနရှင်တတန်းစားလုံး၏ အကျိုးကို
မထောက်ခံ၊ မကာကွယ်ရန် မည်သူမျှ မတားမြစ်နိုင်
ကြချေ။

ဆင်းရဲသား ဥစ္စာမဲ့တို့၏ အကျိုးစီးပွားသည် မည်
သည့်အခါမျှ ကွဲပြား ခြားနားခြင်းမရှိ၊ ကုန်စည်များကို
ပြုလုပ်ရာတွင် ဆင်းရဲသား ဥစ္စာမဲ့ အလုပ်သမားတို့၏ကျ
ရောက်နေသောအခြေအနေသည်၊၎င်းတို့အားစည်းလုံးညီ



ညွတ်စေလေသည်၊ ထို့ကြောင့်“စက်မှုလက်မှုပညာထွန်း
ကားလာသဖြင့်၊ ဆင်းရဲသားဥစ္စာမဲ့ အလုပ်သမား များ
သည်၊ တိုးပွားများပြား လာသည်သာမက၊ တစုတဝေး
တည်းဖြစ်သည်ထက် ဖြစ်၍၊ ၎င်းတို့၏ အားသည်လည်း
ကြီးမား သည်ထက် ကြီးမား၍ လာလေသည်၊ ၎င်းပြင်
၎င်းတို့၏အကျိုးစီးပွားနှင့်အခြေအနေတို့သည်လည်း၊ ညီ
တူညီမျှ ဖြစ်လေသည်ဟု-“ကားလ်မတ်စ်” ဆိုထားလေ
သည်၊ဓနရှင်စံနစ်သည်ထိုသို့ဆင်းရဲသားများစည်းလုံးညီ
ညွတ်ခြင်းကို၊ ၎င်းတို့၏ အကျိုးနှင့် ဆန့်ကျင်ဘက်ဖြစ်၍
မရှုစိမ့်နိုင်သဖြင့်အမျိုးမျိုးသောနိုင်ငံရေးပရိယာယ်တို့ကို
အသုံးပြုခါ၊ တဦးနှင့်တဦး၊တစုနှင့်တစု၊တရပ်နှင့်တရပ်၊
တဖွဲ့နှင့်တဖွဲ့ စိတ်သဘောထားချင်း မညီမျှစေရန် ပိုမို၍
ကွဲပြားရန် ပြုလုပ်ကြလေသည်။ ထိုသို့ ကွဲပြားရန် စိတ်
သဘောမညီမျှစေရန်၊ ပြုလုပ်ခြင်းတို့သည် ဓနရှင်တို့၏
အလုပ်ဝတ္တရား ဖြစ်လေသည်။ ၎င်းပြင် ကျွမ်းကျင်သော
အလုပ်သမား၊ မကျွမ်းကျင်သော အလုပ်သမားဟူ၍ ခွဲ
ခြား ထားခြင်းဖြင့်၎င်း၊ လူအမျိုးမျိုးကို အလုပ်ခွင်တွင်
ပေါင်းစပ် ထား၍လုပ်ခနှင့် အခွင့်အရေးတို့ကို လူမျိုးအ
လိုက်နည်းသူနည်း၊များသူများ၍ပေးခြင်းဖြင့်၎င်း၊ အလုပ်
သမားဆင်းရဲသားများ တစည်းတလုံးတည်း မနေနိုင်ရန်
ပြုလုပ်ကြသေး၏။ ဗမာပြည်၌ ရေနံချောင်း,ချောက်,ရေနံ
ကြွပ်,လမ်းရွာ,သံချောင်စသည့် ရေနံမြေများ တွင်၊ ဓနရှင်
တို့သည်၊ အလုပ် ဌာနများ၌ တိုင်းရင်းသား လူမျိုးနှင့်
ကုလားလူမျိုးတို့ကိုရောနှောထားပြီးသည့်နောက်၊ တဦး

နှင့်တဦးမိတ်သဘောမညီမျှခြင်း၊ ပရိယာယ်ဝေဝစ်ဘို့ဖြင့် ပြုလုပ်ကျလေသည်။ ထို့ပြင်တဝ၊ တိုင်းရင်းသားများဖြစ်သော ဗမာလူမျိုးအထဲတွင်သည်၊ ကရင်လူမျိုး၊ ဗမာလူမျိုးဟု၊ တမီးပေါ်တဦးပေါ်ယုံသကော့၊ ရန်မကင်း ရှိစေရန် ပြုလုပ်၍ထားသည်မှာ၊ ဘောလုံးကစားရာတွင်၊ ကရင်အသင်း၊ ဗမာအသင်းဟု ခွဲခြား၍ တည်ထောင်စေသော ဓနရှင်တို့၏မိတ်ဆန္ဒကသကော်သေခံလေသည်။

ဆင်းရဲသား အလုပ်သမားများအား၊ ဤကဲ့သို့တဦးနှင့်တဦး မိတ်သဘောချင်းညီညွတ်ခြင်း၊ ကွဲပြားခြင်း၊ မပေါင်းသင်းနိုင်ရန်နည်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးတို့နှင့်ပြုလင့်ကစား၊ ၎င်းတို့သည်နေ့ဘ်ညစာ ထမင်းတလုပ် ဝမ်းတထွာအတွက် ဓနရှင်စံနစ်သက်အောက်တွင် ကြိုးစားအားထုတ်ခြင်းသည်၊ နောက်ဆုံးတွင် ဆင်းရဲသားများစည်းလုံးညီညာရန်ပြုရ၍နေသေသည်။ ဓနရှင်စံနစ်သည်၊ ဘခါမျှသာဆင်းရဲသားအချင်းချင်း တဦးနှင့်တဦးကွဲပြားခြားနားခြင်း ပြုလုပ်နိုင်၏။ အဘယ်ကြောင့် ဆိုသော်၊ ဆင်းရဲသား အလုပ်သမားတို့သည်၊ ဓနရှင်တို့၏ ဖိစီးနှိပ်စက်ခြင်းကိုခံရဖန်များသဖြင့်၊ လက်ရှိဓနရှင်စံနစ်ကြီးတည်တန့်နေသမျှကာလပတ်လုံး၊ ဤကဲ့သို့အခြေအနေမျိုးတွင်နေရမည်ဟူ၍ အဖိဖိအစိစိ ကြောက်သောကြောင့် လိုအပ်သောရည်ရွယ်ချက်နှင့် တဖြည်းဖြည်း ပေါင်းစပ်၍ စည်းလုံးညီညာကြလေသည်။ ထိုသို့စည်းလုံး၍နေသော အလုပ်သမားအစည်းအရုံးသည်၊ လူ့အတန်းစားနှင့် အတန်းစား၊ လုပ်သက်၍ အနိုင်အထက်သူသာပါသောကြိုးစား၍နေရာတွင်၊ ဓနရှင်တို့၏ အဖွဲ့အစည်းနှင့်ဘဏ္ဍာ ဦးပိုင် ပစ္စည်းများကိုအခြေခံထားသောဓနရှင်စံနစ်ကို အမြစ်က စ၍ တွန်းလှန်ဖြိုဖျက်ပြီးလျှင်၊ နိုင်ငံရေးတန်ခိုး အာဏာကို လက်ရသိမ်းပိုက်၍၊ ဆင်းရဲသားအလုပ်သမားတို့၏ အာဏာကိုတည်ထောင်ရမည်။ ဤကဲ့သို့ဆင်းရဲသားနင်းပြားတို့၏ ¶ တန်ခိုး အာဏာကို တည်ထောင်ခြင်းသည်၊ လူ့အတန်းအစားခွဲခြားသော ဓနရှင်စံနစ်ကြီးပျက်စီးရန် နှင့် လူ့အတန်းအစား မရှိသော ပေါင်းသင်းဆက်ဆံရေး စံနစ်သစ်တည်ထွင်ရန်အခိုက်အတန့်မျှသာဖြစ်လေသည်။



အလုပ်သမား အစည်းအရုံးသည်၊ ဓနရှင်တို့၏ ပရိယာယ်နှင့်ဆင်းရဲသားအချင်းချင်း တဦးနှင့်တဦး အခိုက်အတန့်အားလျော့ရှာ၊ မိတ်သဘောကွဲလွဲရန်နှင့်၊ အထင်အမြင်မှားရန်ပြုလုပ်ခြင်းတို့ကိုပပျောက်ရန် ကြိုးစား အားထုတ်ရပေလိမ့်မည်။ ၎င်းပြင်၊ ဓနရှင်တို့သည် နေ့စဉ်နှင့်အမျှ အလုပ်သမားအပေါ်တွင် နှိပ်စက်၍နေသဖြင့်၊ နှိပ်စက်ခြင်းနည်းပါးရန်၊ ကြိုးစည်အားထုတ်သောအလုပ်၊ ဓနရှင်စံနစ်ကို အမြစ်ကစ၍ တွန်းလှန် ဖြိုဖျက်ရန် အလုပ်၊ နောက်ဆုံး၌လူ့အတန်းမရှိသောဘဝသို့ရောက်ရန်အလုပ်

---

¶ ဤတန်ခိုးအာဏာသည်၊ လူ့အတန်းအစားများကို သုတ်သင်၍၊ အတန်းအစားမရှိသောဘဝသို့ရောက်ရန်ကြိုးစားရာတွင် အခိုက်အတန့်ဖြစ်လေသည်။
(Karl Marx and F. Angels Correspondence.)

ဓနရှင်စံနစ်မှ ကော်မြူနစ်စံနစ်သို့ကူးပြောင်းခြင်းသည် နိုင်ငံရေးအခြေအမျိုးမျိုးအဖုံဖုံ ပြောင်းလဲစေသည်။ သို့ရာတွင် သတ္တုချ၍ကြည့်သော်၊ ထိုအမျိုးမျိုးအဖုံဖုံသည် တခုသာဖြစ်လေသည်။ ထိုဟာသည်ကား ဆင်းရဲသားဒိတ္တတို့၏အာဏာဖြစ်လေသည်။
State and Revolution By Lenin.

တို့ကိုအလုပ်သမားအစည်းအရုံးသည်နားလည်ရပေမည်။ ထိုကဲ့သို့ ဆင်းရဲသား အလုပ်သမားများပါဝင်သည့် အလုပ်သမားအစည်းအရုံးသည်၊ကြိုးစားနိုင်ရန်,အားထုတ်နိုင်ရန်,နားလည်နိုင်ရန်၊ကားလ်မတ်စ်-အိန်းဂျဲလ်တို့သည် ကျမ်း အ စောင် စောင် ပြုခဲ့ လေ သည်၊ ထို ကျမ်း များ တွင်ပါဝင်သည့် နည်း,နိသျှည်းအမျိုးမျိုးအတိုင်း၊ ရုရှားပြည်တွင် လီနင်နှင့်စတာလင်တို့ ဆောင်ရွက် သဖြင့် ဆိုဗီယက်နိုင်ငံကြီးပေါ်ပေါက်ရလေပြီ။ထို့ပြင် စစ်တိုက်ရာတွင်၊စစ်တပ်ကြီးများ၌ စစ်ပွဲအောင်ရန် အမြော်အမြင်ရှိသော ဗိုလ်ချုပ်တာဝန်ဝတ္တရားကို သိသော တာဝန်ခံအဖွဲ့နှင့် စီးလုံးညီညွတ်မှုတို့သည် လိုအပ်သော အချက်များဖြစ်သကဲ့သို့၊အလုပ်သမား အစည်းအရုံးသည်လည်း၊ ထိုအချက်များကို အရေးကြီးစွာလိုလေသည်။ စစ်တိုက်မည့် အစည်းအရုံးသည်၊ စစ်သဘောနှင့် စစ်ပရိယာယ်နည်းနာနိသျှများကိုနားလည်ရပေမည်။

ဤကဲ့သို့သော အချက်အလက်တို့နှင့်ပြည့်စုံသော အစည်းအရုံးမျိုး ဖြုန်းကနဲ ဖြစ်ပေါ်၍ မလာနိုင်ချေ။ နေ့ရှင် အတန်းအစားသည်၊ တဖြည်းဖြည်း ဖြစ်ပေါ်လာရသကဲ့သို့၊ အလုပ်သမား အစည်းအရုံးသည်လည်း၊ တဖြည်းဖြည်း ဖြစ်ပေါ်၍ လာလေသည်၊ "လူအတန်းစားသည်၊ရင်းတို့၏အကျိုးစီးပွား,အခြေအနေဘို့ကိုနားလည်ရန်နှင့်၊ရင်း၏ဝါဒသဘောတရားအတိုင်း၊ လိုက်နာ ဆောင်ရွက်နိုင်ရန်၊ထိုလူအတန်းအစားထဲမှ အမြော်အမြင်နှင့်ပြည့်စုံသောလူတစုကို၊ မည်သည့်နည်းနှင့်မဆို အစည်းအရုံး



တခုဖြစ်ရန်အတွက် လိုလေသည်ဟု"* လီနင်ရေးခဲ့လေသည်။ အစည်းအရုံးတခုသည်၊ ရင်းတို့ပါဝင်သည့် လူအတန်းအစားတို့၏အကျိုးစီးပွားကို သိရှိနားလည်၍၊ ထိုအကျိုးစီးပွားအတွက်၊မကြောက်မရွံ့ဘဲ မဆုတ်မနစ်သောလုံ့လတို့နှင့်တိုက်ခိုက်ပြီးလျှင်၊ ထိုလူတန်းစားအားလုံးနှင့်လည်း၊အမြဲတန်းနီးနီးစပ်စပ် ဆက်သွယ်၍နေသော်၊ နေ့ညမဆိုင်း၊ ထိုအစည်းအရုံး၏အားသည် တက်၍လာလေသည်။ ရုရှားနိုင်ငံတွင်၊ ဘော်ရှီဗစ်များသည်၊ စ၍ပေါ်သည့်နေ့ကစ၍၊တန်ခိုးအာဏာမရမခြင်း၊အမျိုးမျိုးသောဘိနှိပ်ခြင်းတို့နှင့်တွေ့ကြုံခဲ့ရ၏။ ၁၉၁၇-ခု၊ ဇန်နဝါရီလအထိ၊ရင်းတို့၌ အသင်းသားပေါင်း နှစ်သောင်းကျော်သာ ရှိလေသည်။ သို့ရာတွင်၊ ဇာအင်ပါယာအတွင်း၌ရှိသော ဆင်းရဲသား အလုပ်သမားအားလုံးတို့သည်၊ ရင်းတို့ဘက်သို့ယိမ်းယိုင်၍နေလေသည်။ ယခုလည်း၊ တကမ္ဘာလုံး၌ ဆိုရှယ်လစ် ဝါဒကို ယုံကြည်သဖြင့်၊ ကိုယ်ထိလက်ရောက်လုပ်ကိုင် ဆောင်ရွက်နေကြသော လူအားလုံးတွင် တသက်မျှလောက်သော လူတို့သည်၊ ဘောင်အတွင်း၌ သာရှိကြ၏။ သို့ပါသော်လည်း၊ ဆိုရှယ်လစ် ဝါဒသည် ကား၊ဒီရေအလား၊နေရာတိုင်းတွင်ပြန့်နှံ့၍နေလေသည်။

ဤကဲ့သို့ဖြစ်ပေါ်ရခြင်းသည်၊နေ့ရှင်တို့သည်၊ ဆိုရှယ်လစ်သမားများကို နှိပ်စက် ကလူပြုသဖြင့် သနားသော စိတ်ဓါတ်များ ကမ္ဘာပေါ်တွင် ပေါ်ပေါက်၍ဖြစ်ပေါ်လာခြင်းကြောင့်မဟုတ်ပေ။ဆိုရှယ်လစ်ဝါဒနှင့် ထိုဝါဒကို

*State and Revolution By Lenin

ထက်ကိုင်ထားသော အလုပ်သမားအစည်းအရုံးဘို့သည် တန်ခိုးအာဏာကြီးပွားပြီးအမြစ်တွယ်သောကြောင့်ဖြစ်လေသည်။ ဤအစည်းအရုံးမျိုးသာလျှင်၊ ဆင်းရဲသားနင်းပြားများကို နှိပ်ကွပ်ဖိစီးခြင်းဘေးဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရန် ဆောင်ရွက်နိုင်လေသည်။

ဆင်းရဲသားအလုပ်သမားလယ်သမားတို့သည်၊ လက်ဝါးကြီးအုပ်ခြင်း၊ ဖိနှိပ်ခြင်းစသည့် ဘေးအပေါင်းရန်အပေါင်းမှလွတ်မြောက်ရန် အစည်းအရုံးနှင့်အစည်းအရုံးအတွင်းတွင်ညီညွတ်ခြင်းသည်များစွာအရေးကြီးလေသည် ဓနရှင်စံနစ်လက်အောက်တွင်ပေါ်ပေါက်၊ခေတ်စားနေကြသော မဲတောင်းမဲယူပွဲများ၌ မဲအများဆုံးရရန်ပြုလုပ်ခြင်းသည်အရေးမကြီးပေ အဘယ်ကြောင့်ဆိုသော် ပါလီမန်နည်းစံနစ်အရသာယာဖြည်းညှင်းစွာနှင့်ဓနရှင်တို့၏ ဒိမော်ကရေစီစံနစ်ကြီးသည် ဆင်းရဲသား နင်းပြားအာဏာရှင်စံနစ်သို့ပြောင်းလိမ့်မည်ဟု မည်သည့်အခါမှ မယုံထိုက်ပေ။ အလုပ်သမားအစည်းအရုံးသည် နေ့စဉ်နှင့် အမျှ ဆင်းရဲသားများ၊ နေရေး–ထိုင်ရေး– စားရေး–သောက်ရေး ချောင်ချိရန် အားထုတ်တိုက်ခိုက်၍ နေခြင်းသည်၊ ဓနရှင်စံနစ်ကြီးကို နိုင်ငံရေးအရ ဖြိုဖျက်ဘော်ဖွှန်၍ နေခြင်းနှင့် အမြဲတန်း ဆက်စပ်၍ နေပေကြောင်း။ စားရေးသောက်ရေးအတွက် ကြိုးစားအားထုတ်ခြင်းသည်၊ ဆင်းရဲသား အလုပ်သမားများအား ၎င်းတို့ဘယ်အခြေအနေတွင်ရှိ၍နေကြောင်းကိုသိစေ၏။ ထိုသို့ ဆင်းရဲသားများ ၎င်းတို့၏ ခံစားနေရသော အခြေအနေများကို သိရှိ



နားလည်ခြင်းသည်၊ စည်းလုံးညီညွတ်ကြရန် အကြောင်းပင်ဖြစ်လေသည်။

ဆင်းရဲသားအလုပ်သမား အစည်းအရုံးတို့၏အခြေခံချုပ်မြစ်သည်၊စက် ရုံများ၊အလုပ်ဂိုဒေါင်များ၊ မော်တော်ကားရုံများ၊ ဈေးဆိုင်ကြီးများ၊ ကုန်တင်ကုန်ချသင်္ဘောဆိပ်ကြီးများ၊ မီးရထားအလုပ်ရုံများ၊ သတ္တုတွင်းများ၊ ရေနံမြေများ၊ အလုပ် သမားများ နေထိုင် ကြသော ရပ်ကွက်များဖြစ်လေသည်။ထိုဌာနများတွင် အစည်းရုံးငယ်ကလေး များ ဖွဲ့၍၊၎င်း တို့ လိုအပ် သော အချက် များကို တောင်းနိုင်ရန်နှင့် နိုင်ငံရေးပညာတို့ကို သင်ပေး၍၊ဓနရှင်စံနစ်ကိုအမြစ်က ဖွှန်ပြီးဖြိုဖျက်ရန် သင်ကြား ပေး ရမည်၊ ၎င်းပြင်အခြားအလုပ်သမားအဖွဲ့အစည်းများ၊သမဝါယမအသင်းများ၊ မိန်းမသင်းများ၊ စာဘတ်သင်းများ၊လူငယ်များအသင်းများ၊ ကိုယ်လက်ကျန်းမာရေး အသင်းများပေါင်း သင်း ဆက် ဆံ ရေး အ သင်း များ တွင် လည်း ဝင်ရောက်ပြီးလျှင်၊အသင်းသားများအား ချတ်နိုင်သမျှချွတ်၍ လူ့အတန်းစားထားသော စံနစ်မျိုးကိုဖြိုဖျက်မည့်အသင်းအပင်းများဖြစ်ရန် အားထုတ်ရမည်။ အများအားဖြင့် ထိုအသင်းများသည် ဓနရှင်နှင့်ဓနရှင်လက်ပါးစေ၊ ကိုယ်စားလည်တို့၏ အကျအညီနှင့်ဘည်ထောင်သောအသင်းများဖြစ်ပြီးလျှင်၊ ဓနရှင်နှင့်၎င်း၏ နောက်လိုက် လူတစုကို ထိုအသင်းတို့၏ နာယကဥက္ကဋ္ဌအစရှိသည်ကို တင်မြှောက်ကြလေသည်။ ထိုကဲ့သို့ မဖြစ်စေရန် အထူးသတိပြုကြရပေမည်။

အဖွဲ့အစည်းအသင်းအပင်း မြောက်မြားစွာတို့သည် ဆင်းရဲသားအလုပ်သမား လယ်သမားတို့၏အကျိုးကျေးဇူးကိုကာကွယ်ရန်၊ဆင်းရဲသားတို့၏ကိုယ်စားလယ်ဖြစ်သည်ဟု ကြွေးကြော်ကြလေသည်။၎င်းတို့ပိုင်သော ဩဇာထွန်းမိုးသည့်၊သတင်းစာ–ဂျာနယ်–မဂ္ဂဇင်းများမှနေ၍လည်း ဟစ်အော်ကြ၏၊ စင်မြင့် ပေါ်မှလည်း ကျယ်လောင်စွာနှင့် ဟောကြပြောကြ၏၊ အခြားလူ အတန်းအစား၏ အကျိုးစီးပွား ကိုလည်း စောင့်ရှောက် မည်ဟု ဆိုသေး၏၊ ဥပဒေပြု လွှတ်တော် ထဲ၌လည်း၊ ဤကဲ့သို့ဟစ်အော်ကြွေးကြော်၍လူများရဖြစ်ရန် ကြိုးစားကြပြီးလျှင်၊လူတမျိုးလုံး၏ အကျိုးစီးပွားကို ကာကွယ်သည်ဟု ပြောဆိုကြလေသည်၊ ဆင်းရဲသား အလုပ် သမား အစည်းအရုံးသည်ကား၊ဆင်းရဲသားတို့၏အကျိုးစီးပွါးကလွဲ၍မည်သူ့အကျိုးအတွက်ကိုမျှဆောင်ရွက်မပေးနိုင်ချေ၊ဆင်းရဲသားတို့၏ အတွက် နိုင်ငံရေး အစည်းအရုံးသာ ဖြစ်လေသည်၊ တမျိုးလုံးအတွက်စောင့်ရှောက်မည်ဟု ပြောဆိုဟစ်အော်သောအဖွဲ့အစည်းသည်၊လိမ်လည်ကောက်ကျစ်သည့် အဖွဲ့ဖြစ်လေသည်၊အဘယ်ကြောင့်ဆိုသော်၊ဆင်းရဲသားတို့၏အကျိုးသည် ဓနရှင်တို့၏အကျိုးနှင့် ဗိလာကန့်လန့်အမြဲတမ်းဆန့်ကျင်၍နေသောကြောင့်ဖြစ်၏၊

ထို့ကြောင့်၊ဆင်းရဲသားအလုပ်သမားတို့၌ အခြားလူအတန်းစားမျိုး‌ကဲ့သို့မဟုတ်၊ အစည်းအရုံး တခုသာရှိရမည်၊ အကယ်၍ မိုးရွာ အလိုက်ကို သော်၎င်း၊ ကာလအလိုက်ကိုသော်၎င်း၊ ဒေသအလိုက်ကိုသော်၎င်း၊ ဆင်းရဲ



သားများအတွက် အစည်းအရုံးအမျိုးမျိုး ပေါ်ပေါက်နေသည်ရှိသော်၊ ၎င်းတို့၌ စိတ်ရိုး စိတ်ဖြောင့်များ ရှိသော်၊ တစည်းတလုံးတည်းရပေါင်း၍ အစည်းအရုံး တခုတည်းသာဖြစ်စေရမည်၊ဆင်းရဲသားများ၏အစည်းအရုံးကို ဓနရှင်စံနစ်မပျက်သမျှ ကာလပတ်လုံး၊ အခြားလူ အတန်းအစားတို့ ပိုင်းရုံးလျက်ရှိသဖြင့်၊ အမျိုးမျိုးသော နည်းတို့ဖြင့် အစည်း အရုံးတွင် လူချင်း ကွဲ ရန် သော် ၎င်း၊ပျက် စီး ရန် သော် ၎င်း၊၎င်း တို့၏ တန် ခိုးအာ ဏာ ဩဇာ ထွန်းမိုး ရန် သော်၎င်းပြုလုပ်ကြလေသည်၊ထိုကဲ့သို့ပြုလုပ်မည့်လူများကိုအရိပ်နိမိတ်များပေါ်လာသည်နှင့်တပြိုင်နက်၊ရှင်းလင်းရန်ဝတ္တရားရှိလေသည်၊စိတ်သဘောလိုက်လျော၍သည်းခံသော်၊တနေ့တွင်ဒုက္ခတွေ့ကြုံတတ်လေသည်၊

ဆင်းရဲသားတို့သည် ထပ်တူထပ်မျှအတူတူ၊ နှိပ်စက်ကလူအပြုခံရခြင်းကို အခြေထား၍၊ အတန်းအစားအားဖြင့်၊ တလုံးတစည်းတည်း နေကြရသဖြင့်၊ လူမျိုးရေးစိတ်ဓါတ်မဟုတ်ဘဲ၊ ကမ္ဘာ့သူကမ္ဘာ့သားစိတ်ဓါတ်မွေးမြူရန်များစွာအရေးကြီးလေသည်*၊လူမျိုးရေးတရားနှင့်မျိုးချစ်

*ဆင်းရဲသား အလုပ်သမား၌ ပစ္စည်းဥစ္စာမရှိချေ။ မယားနှင့်သားသမီးများအပေါ်တွင်ပေါင်းသင်းစပ်ရှက်ရသောအခြေသည်။ဓနရှင်တို့၏အိမ်ထောင်ရေးနှင့်များစွာ ကွာခြားလေသည်။ သို့သော်ဓနရှင်ကို မှီခိုအားထား ရခြင်းသည်။ အင်္ဂလန်၌သော်၎င်း၊ ပြင်သစ်ပြည်၌သော်၎င်း၊ အမေရိကန်၌သော်၎င်း၊ ဂျာမနီ၌သော်၎င်း၊ အတူတူပင်ဖြစ်လေသည်၊ ထိုသို့တူညီကြသဖြင့် လူမျိုးရေးသဘောတို့သည်ပျောက်ကွယ်၍သွားလေပြီ၊ တရားဥပဒေ, ကိုယ်ကျင့်တရား, ဘာသာတရားတို့သည်၊ ဆင်းရဲသားအား ဓနရှင်တို့၏စိမ့်ထားသော သဘောဖြစ်ပြီးလျှင်၊၎င်းတို့၏နောက်၌ဓနရှင်တို့၏အကျိုးသည်ပုံးကွယ်၍နေလေသည်။

Communist Manifesto By Karl Marx.

စိတ်တို့ကိုဓနရှင်စံနစ်သည် ဓနရှင်များအကျိုး၌ ဖန်ဆင်းလေသည်၊ လူမျိုးရေးတရားနှင့် မျိုးချစ်စိတ်ဓါတ်တို့သည်၊ ဥစ္စာမဲ့ဆင်းရဲသားတို့နှင့် အမြဲတမ်း ဆန့်ကျင်ဘက်ဖြစ်၍ နေလေသည်၊ လူတမျိုးတည်း အရေးဟု ဆင်းရဲသားများ မည်သည့်အခါမှသဘောမထားဘဲ ကမ္ဘာ့သူကမ္ဘာ့သား တို့၏ အရေးဟု ယူဆကြရမည်။ ထို့ကြောင့် ရာဇဝင် ကြောင့်သော်၎င်း၊ ဘာသာကြောင့်သော်၎င်း၊ ရှေးအစဉ် အလာကြောင့်သော်၎င်း၊ ဒေသဌာနကြောင့် သော်၎င်း၊ တဦးနှင့်တဦးကွဲပြားခြားနားချက်များရှိလင့်ကစား ၎င်း တို့ကိုဂေတ်နိုင်သရွေ့ ဂရုမထားဘဲ၊ ဆင်းရဲသားတို့သည် ကမ္ဘာ့သူကမ္ဘာ့သား စိတ်ထားကိုထား၍ အားလုံးပေါင်း စပ်ပြီးလျှင်၊ ဓနရှင်စံနစ်ဆိုးကြီးကို တိုက်ခိုက်ကြရပေမည်။

ကားလ်မတ်စ်နှင့်အိန်းဂျဲလ်တို့သည်၊ဆင်းရဲသား အလုပ်သမားအတန်းစားထဲသို့၊ကမ္ဘာ့သူ့,ကမ္ဘာ့သား ဝါဒကိုပဌမဆုံး သွတ်သွင်း ပေးပြီးလျှင် ၁၈၄၆-၄၇-ခုနှစ်တွင်၊ ကော်မြူနစ်အသင်း (Communist League.) ကို တည်ထောင်လေသည်၊ထိုအသင်းအတွက်ရေးသော အထင်ရှားဆုံးဖြစ်သည့်၊ ကော်မြူနစ်ကြေညာစာတမ်းတွင် "ဆင်းရဲသားနင်းပြားအလုပ်သမားများသည်၊ နှောင်ကြိုး ကလွဲ၍ ဆုံးရှုံးစရာမရှိ၊ တကမ္ဘာလုံး လွှမ်းမိုး နိုင်ရန်သာ ရှိလေသည်။ နိုင်ငံတိုင်းတွင် ရှိသော အလုပ်သမားများ၊ (ဝါ)ကမ္ဘာ့အလုပ်သမားများစည်းလုံးညီညွတ်ကြလော့" ဟု၊ အတိအလင်း ဆိုထားလေသည်။ ထိုအချိန်အခါတွင် အလုပ်သမားတို့၌အားအင်နည်းသေး၍၊ သို့သော်လည်း၊



၁၈၄၈-ခုနှစ်တွင်၊ပြင်သစ်ပြည်မှစ၍၊ ဥရောပတတိုက်လုံး၌စီးပွားရေး ကြပ်တည်း ကျဉ်းမြောင်းခြင်းကြောင့်၊ ကုန်သည် အတန်းအစားနှင့် အလုပ်သမား ဆင်းရဲသား အတန်းအစား တို့ သည် ပေါင်း စပ်၍ သူပုန် ထ ကြ လေ သည်။ထိုအရေးတော်ပုံတွင်၊ ကုန်သည်အတန်းအစားတို့၏စိတ်မတည်ကြည်မှုကြောင့်၊သူပုန်ထခြင်းမအောင်မြင်ချေ။ထိုအချိန်အခါ၌မအောင်မြင်စေနိုင်ခြင်း၌ကား၊ *ကာလီဖေါ်နီးယားပြည်နှင့် သြစတြေးလီးယားတိုက်တွင်၊ ရွှေတွင်း,ငွေတွင်းများသည်း နောက်ထပ် တွေ့သဖြင့်၊ နိုင်ငံတွင် ကုန်သန်းရောင်းဝယ်ရေးဖြစ်၍ ထွန်းကားသောလေသည်။သို့ရာတွင်မက်စ်ဇိနီ၏အလိုအားဖြင့်၊ ဤကဲ့သို့ဆုံးရှုံးရခြင်းသည်၊ခေါင်းဆောင်တွေကယောက်နှင့်သယောက် မနာလိုဝန်တိုမှုကြောင့်ဖြစ်လေသည်။ ကော်မြူနစ်အသင်းတွင်၊ အများအားဖြင့်၊ မဇော်(စ်)၏ဝါဒကို ကြိုက်နှစ်သက်ကြလေသည်၊ သို့သော်သည်း၊ အသင်းသားတို့၏စိတ်နေသဘောထားတို့သည်၊ ကွဲပြားသည်ထက်ကွဲပြားလာ၍၊

---

*ကာလီဖေါ်နီးယားပြည်နှင့် သြစတြေးလီးယားတိုက်ဝိတ်တိုရိယနယ်တွင် ရွှေတွင်းများတွေ့သဖြင့် အင်္ဂလန်ပြည်မှ လူပေါင်းမည်မျှ သွားကြကြောင်းကို အောက်ပါအကိန်းဖေါ်ပြထားလေသည်။ပြင်သစ်, ဂျာမဏီ,စသည့်နိုင်ငံမှမည်မျှသွားမည်ကိုစဉ်းစားဆင်ခြင်၍ကြည့်ပါလေ၊ထိုအခါတွင်ဥရောပတတိုက်လုံးမှသွားကြလေသည်။

၁၈၄၂-၄၅ ခုနှစ်အတွင်း............သွားသောလူဦးရေ ၂၂၁,၀၀၀
၁၈၄၇-၁၈၅၂-အတွင်းတနှစ်အတွင်း....၎င်း ၂၄၈,၀၀၀ထက်မနည်း
၁၈၅၂-ခုနှစ်အတွင်း.................................၎င်း ၃၆၈,၀၀၀

The Final Crisis By Allen Hutt.

၁၈၅၀-ခုနှစ်၊ စက်တင်ဘာလတွင်၊ ကော်မြူနစ်အသင်းကြီးပျက်စီးခြင်းဘ၀သို့ရောက်ရလေတော့သည်။

မည်ကဲ့သို့ပင် ကော်မြူနစ်အသင်း ပျောက်ကွယ်သွားသော်လည်း၊ ကမ္ဘာ့သူ ကမ္ဘာ့သား ဝါဒ သည်ကား၊ ပျောက်ကွယ်ခြင်း မရှိချေ။ ၁၈၆၄-ခု၊ စက်တင်ဘာလ ၂၅-ရက်နေ့တွင်၊ပိုလန်ပြည်တွင်ဖိနှိပ်ခြင်းနှင့်ပတ်သက်၍၊လန်ဒန်မြို့စိန့်မာတင်းခန်းမကြီးတွင်(London Long Area St. Martin Hall.) တွင်၊ အစည်းအဝေး ကြီးကျင်းပပြီးလျှင်၊ကမ္ဘာ့သူကမ္ဘာ့သားအလုပ်သမားအသင်းကြီး(International Working Men Association.)ကို တည်ထောင် ပြန်လေသည်။ ဤအစည်း အဝေးကို မတ်စ်အပြင်၊မက်ဇီနီ၏လူများ၊ အင်္ဂလန်၊ပြင်သစ်၊ဂျာမနီပြည်မှခေါင်းဆောင်များနှင့် ပိုလန်ပြည်မှ ထွက်ပြေးလာသောလူများတက်ရောက်ကြလေသည်။ ဤအသင်းကို၊လူမျိုးစုံပါဝင်သဖြင့်၊ ပဌမလူမျိုးပေါင်းစုံ (First International.)ဟု ခေါ်တွင်လေသည်။ ပဌမ လူမျိုးပေါင်းစုံ အစည်းအဝေးပွဲတွင်၊ အယူအဆအမျိုးမျိုးရှိကြသော၊ လူအမျိုးမျိုး ပါဝင်လေသည်။ ရုရှားမှ ဘကူနင်(Bakunin.)* နှင့်ပြင်သစ်ပြည်မှ ပရောင်ဒင် (Proudon.)‡ ဝါဒများဖြစ်သော၊ အာနာကစ်(Arnachist.)ဝါဒကို ကြိုက်နှစ်သက်

*ဘကူနင် Bakunin.၁၈၁၄-၇၆ သည်။ကျော်စောသော ရုရှားနိုင်ငံသား သူပုန်ခေါင်းဆောင်တယောက် ဖြစ်လေသည်။ ၎င်း၏အယူဝါဒသည်ကား။အစိုးရကိုလုံးလုံးဖျက်ပစ်ရမည်ဟူ၍အာနာကစ်ဝါဒဖြစ်လေသည်။

‡ပရောင်ဒင် P. F. Proudon. ၁၈ဝ၉-၆၅ သည်။ ပြင်သစ်ဆိုရှယ်လစ်သမားခေါင်းဆောင်တယောက်ဖြစ်လေသည်။



သောလူများရီပါဗလစ်ကင်(Republican.)ခေါ်သမတမင်းနိုင်ငံတည်ထောင်လို၍၊ လျှို့ဝှက်သောအသင်းများဖွဲ့လုပ်လိုသည့်၊ မက်ဇီနီ၏လူများနှင့်အင်္ဂလန်မှလစ်ဘရယ်(Librals.)ဂိုဏ်းသားများပါဝင်လေသည်။ ထိုကဲ့သို့ဝါဒအမျိုးသဘောအမျိုးပါဝင်သော အသင်းကြီးကို တည်ထောင်ရလင့်ကစား၊ မတ်စ်နှင့်အိန်းဂျဲလ်တို့သည်၊ အသင်းထဲတွင် အခြားဝါဒများနှင့်တကွ၊ အခြားလုပ်နည်း, ကိုင်နည်းတို့ကိုပပျောက်ရန်။မနေမနားကြိုးစားလေသည်ထိုအသင်းနှင့် ပတ်သက်၍၊ မတ်စ်သည်၊ အောက်ပါအတိုင်း ပြောခဲ့လေသည်။ "ငါတို့၏ အသင်းသည်၊ စင်စစ်အားဖြင့်၊ အတိုင်းတိုင်း အပြည်ပြည်တွင် ရှိကြသော၊အမြော်အမြင်နှင့် ပြည့်စုံသည့် အလုပ်သမား အပေါင်းတို့အားစု၍ ဖွဲ့စည်းထားသော၊ ကမ္ဘာ့သူ, ကမ္ဘာ့သားစာချုပ်ကြီးဖြစ်လေသည်။လူတတန်းစားနှင့်တတန်းစားသူသာ, ငါသာ ဖိနှိပ် နေခြင်းသည်၊ မည်ကဲ့သို့ သောသဏ္ဌာန်, မည်ကဲ့သို့သော အခြေအနေမျိုး ရှိ၍နေသော်လည်း၊ ငါတို့၏အသင်းသားတို့သည် အမြဲဘမ်းရှေ့တန်းတွင်ရှိလိမ့်မည်။အသင်းတည်ထောင်စ၊ အသင်း၏ ပဌမဆုံးအစည်းအဝေးတွင်လည်း၊ မတ်စ်သည် ဆင်းရဲသားအလုပ်သမားတို့၏လွတ်မြောက်ရေးလွတ်မြောက်ကြောင်းသည်၊ ရပ်ရေး,ရွာရေး,လူမျိုးရေး မဟုတ်ကြောင်း။ နိုင်ငံအားလုံးပါဝင်သည့်ပေါင်းသင်းဆက်ဆံရေး ဖြစ်ကြောင်းအထည့် အသင်း ပြောလေသည်။"မတ်စ်၏ ဆင်းရဲသားအလုပ်သမားရေးနှင့် ပတ်သက်၍၊ ကမ္ဘာ့သူ,ကမ္ဘာ့သား

စိတ်ဓါတ်၊ ဓနရှင်တို့အား တိုက်ဖျက်ရန် ဆင်းရဲသားအလုပ်သမားများ စည်းရုံးရန်ဆန္ဒ၊ ဓနရှင်စံနစ်ကြောင့် အလုပ်သမားများ ဆင်းရဲခြင်း ဘေးဒုက္ခနှင့် တွေ့ကြုံရသည့် အယူဝါဒ၊ အလုပ်သမားများသည် နောက်ဆုံး၌ ၎င်းတို့အပေါ်တွင် ဖိနှိပ်နေသော လူများ၏ ဥစ္စာပစ္စည်းများကို ယူ၍၊ ထိုလူများအား သုတ်သင်ပစ်လိုသော သဘောတို့သည်၊ အသင်းကြီး၏ အဓိကအချက်များ ဖြစ်ကြောင်းကို သိသောအခါ၊ မက်ဇီနီ၏ နောက်လိုက်တို့သည် အသင်းမှ နုတ်ထွက်သွားကြလေသည်။

၁၈၆၆-ခုနှစ်တွင် ဂျိနီဗါးမြို့၌ ပဌမဆုံးနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ညီလာခံသဘင်ကြီးကိုကျင်းပလေသည်။ ထိုညီလာခံသဘင်ကြီးတွင်ရှေးအခါက မကြုံဘူးသေးသည့် ဆင်းရဲသားအလုပ်သမားတိုင်းတို့သည်လက်ရှိနည်းစံနစ်ကြီးကိုမည်သည့်နည်းနှင့် ပြောင်းလဲပစ်ရန်၊ ကိုယ်ထိလက်ရောက်ဆွေးနွေးကြခြင်းကိုတွေ့ရလေသည်။ ဆင်းရဲသားအလုပ်သမါးတို့သည်ထိုအသင်းကြီး- ကြီးပွားထွန်းကားလာသည်ကို မြင်သဖြင့်များစွာအားတက်လာ၍ အင်္ဂလန်၊ပြင်သစ်၊ ဘဲလ်ဂျီယန်နိုင်ငံများမှအလုပ်သမါးအသင်းများသည်၊ထိုအသင်းကြီးနှင့်ဆက်သွယ်ကြလေသည်။ ဂျာမဏီနိုင်ငံ၊ အမေရိကန်နိုင်ငံများမှလည်း ထိုအသင်းကို ထောက်လှမ်းမေးမြန်းကြကုန်၏။ အသင်းသားများသည် နေ့ခြင်း, ညခြင်း, တိုးတက်၍ လာပြီးလျှင်၊ အသင်းကြီးသည် ကြီးပွားသည်ထက်ကြီးပွား၍လာတော့၏။ မတ်စ်၏ ပြောဟောသည်



လည်းတနေ့တခြားထွန်းမိုး၍ လာလေသည်။ အာနာကစ်ဝါဒကို ကြိုက်နှစ်သက်သော ဘာကူနင်သည်လည်း ၎င်း၏ဝါဒကို ထွန်းမိုးရန်အသင်းထဲတွင် ကြိုးစားလေသည်။ ဝါဒနှစ်ခုအသင်းထဲသို့ ရောက်၍နေခြင်းသည် အသင်း၏ပျက်စီးရေပျက်စီးကြောင်း တရပ်ဖြစ်လေသည်။ ၁၈၆၉ ခုနှစ်တွင် တဖန်မြေများကို တဦးတယောက်တည်းပိုင်ဘဝမှတိုင်းပြည်ပိုင်ဘဝသို့ရောက်ရန်ဆုံးဖြတ်ချက်ချရန်နှင့် ပတ်သက်၍အသင်းထဲတွင် တစစ,တဖြည်းဖြည်းဆောင်ရွက်ရန်နည်းစံနစ်ကို ကြိုက်သောလူတစုနှင့်ချက်ခြင်းတွန်းလှန်ဖြိုဖျက်ရန် နည်းစံနစ်ကိုကြိုက်သော လူတစုတို့ကွဲ၍သွားပြန်လေသည်။

၁၈၇၀-ခုနှစ်၊ဇူလိုင်လတွင် ပရပ်ရှားနှင့် ပြင်သစ်နိုင်ငံတို့စစ်မက်ဖြစ်ပွားရာ၊ပြင်သစ်သည်တိုက်ပွဲတွင်၊ ရှုံးသဖြင့် ပြင်သစ်ဘုရင်သည်၊တိုင်းပြည်မှထွက်ပြေးပြီးနောက်၊ ပြင်သစ်ပြည်တွင် သမတနိုင်ငံတည်ထောင်၍ စစ်ပြေငြိမ်းကြလေသည်။ ထိုအချိန်အခါတွင် ကားလ်မတ်စ်၏ ဝါဒနှင့်နည်းစံနစ်ကို နှစ်သက်ယုံကြည်ကြသဖြင့်တော်လှန်ပုန်ကန်လိုသော လူတစုသည်၊ ၎င်းတို့၏အကြံအောင်စေခြင်းငှါ၊ တိုင်းပြည်တွင် ထွန်းမိုး၍နေသော လူတို့သည်ထိုစစ်ပွဲပြီးခါစ လက်ပန်းကျ၍နေသည့် အခါအခွင့်ကို အသုံးပြုရန် အကြံပြုကြလေသည်။ အစိုးရ၏ ဦးစီးနာယကဖြစ်သော သေးယား(Thiers)သည်အချို့သော တိုင်းသူပြည်သားတို့၏ အကြံကိုသိသဖြင့် စစ်သားတို့၏ အမြောက်လက်နက်များကိုသိမ်းရာ၊ ထိုကဲ့သို့

အသိမ်းမခံဘဲ စစ်သားများနှင့်ဆင်းရဲသားများပေါင်း၍ အစိုးရကို ပြန်လှန်၍တိုက်သောကြောင့် အစိုးရတဖွဲ့လုံး ထွက်၍ ပြေးရလေသည်၊ ထိုစစ်ပွဲကို ၁၈၇၁-ခုနှစ် ပဲရစ်အရေးတော် (Paris Commune)ဟု ခေါ်တွင်လေသည်။ ဆင်းရဲသားတို့သည် တလခွဲတိုင်တိုင် တိုင်းပြည်ကို အုပ်စိုး နိုင်ခဲ့ လေ သည်၊ ထို ၁၈၇၁ ခု နှစ် ပဲရစ် အရေးတော်ပုံမှ နာလည်းသိရှိရသော သင်ခန်းစာများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁။ ဆင်းရဲသားတို့သည် လက်ရှိအစိုးရလုပ်ငန်းကို သိမ်းပိုက်သည်နှင့် မပြီးသေး။ ထိုလုပ်ငန်းကို အမြစ်က စ၍ဖျက်ဆီးပြီးလျှင်၊ သင့်တော်သော နည်းစံနစ်နှင့်အစိုးရကိုတည်ထောင်ရမည်။

၂။ စစ်ဘက်ဆိုင်ရာကို လက်လွှတ်ထား၍ မရချေ။ စစ်ဘက်ဌာနကို အစိုးရလက်အောက်တွင် တိုက်ရိုက်ထား၍၊ ထိုစစ်ဘပ်ထဲသို့ ယုံကြည်သည့် နိုင်ငံရေးစိတ်ဓါတ်များကို သွတ်သွင်းရမည်။

၃။ အစိုးရဟောင်း လက်အောက်တွင် အမှုထမ်းခဲ့သောအရာရှိကြီးများကို သုတ်သင်ပစ်ပြီးလျှင်၊ ထိုနေရာများတွင်၊ နိုင်ငံရေးအာဏာ ရထားသော လက်ရှိအဖွဲ့က သင့်တော်သောလူများကိုထားရမည်။

၄။ အစိုးရကို သိမ်းပိုက်ရသည်နှင့် သူပုန်ထသော အလုပ်သည်မပြီးပြတ်သေး အာဏာရရှိရန်လိုသေးသည်။

၅။ ဓနရှင်များ အားလုံးကို နှိပ်ကွပ်ပြီးလျှင်၊ ခရီးဆုံးစန်းသို့မရောက်မခြင်း၊ အာဏာရှင်စံနစ်နှင့် အုပ်စိုးရမည်။



ခေတ်ပြောင်းခေတ်လွှဲ အခိုက်အတန့်တွင်၊ ဒိမော်ကရက်တစ်ဆိုရှယ်လီဇင်းမဖြစ်မြောက်နိုင်။

၆။ ဥပဒေပြုလုပ်သောဌာန၊ ဥပဒေအတိုင်း ဆောင်ရွက်သောဌာန' (Legislative Dept and Executive Dept.) ဟုပါလီမန် ထရိနည်းစံနစ်အရ၊ မအုပ်စိုးနိုင်၊ထိုနှစ်ဌာနစလုံးကိုပေါင်းစပ်၍နိုင်ငံတွင်အုပ်စိုးရမည်။

၁၈၄၈-နှင့် ၁၈၇၁-ခု၊ ပဲရစ်အရေးတော်ပုံအတွင်းတွင်၊ ဓနရှင်တို့သည်။ ၎င်းတို့စံနစ်တည်မြဲရန်ကြိုးစားအားထုတ်နေစဉ်၊ သူပုန်ထခြင်း၊ နိုင်ငံလွတ်မြောက်ရန် စစ်တိုက်ခြင်း၊ ဥရောပတိုက်တွင် တနိုင်ငံနှင့် တနိုင်ငံပေါင်းစပ်ရန်စီမံခြင်း၊ အမေရိကံ ပြည်တွင်းရေးစစ်ဖြစ်ခြင်းတို့ ပေါ်ပေါက်လာရလေသည်။ ပဲရစ်အရေးတော်ပုံ ပြီးသည့်နောက်၊ ၁၈၇၂-၁၉၀၄-ခုနှစ် အတွင်းတွင်၊ ဥရောပတိုက်၌ အတော်အတန် သူပုန်ထမှုများပပျောက်၍ သွားလေသည်။ သို့သော်လည်း၊ မတ်စ်ဝါဒသည် ပြန့်သည်ထက် ပြန့်နှံ့၍ လာ တော့ ၏။ ထို ဝါဒ ကို လက် ကိုင်ထားပြီးလျှင်၊ လူတို့သည် လူဘို့၏ နေရေးထိုင်ရေး စံနစ်ကြီးပြောင်းရန်ဥပဒေပြုအဖွဲ့၊ ပညာရေးအဖွဲ့၊ အစရှိသည်တို့၌ ဝင်ရောက်၍ ဆောင်ရွက်ကြလေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် နောင်အရေးတော်ပုံကြီးတခုခင်းကျင်းရန် စ၍ စီမံခြင်းဖြစ်လေသည်။ ၁၈၇၂-ခုနှင့်၁၉၀၄-ခုနှစ်အတွင်းကို ဒုတိယ အင်တာနေရှင်နယ်ခေတ်ဟု ခေါ်လျှင်မှားလိမ့်မည် မဟုတ်ပေ။ ဒုတိယ အင်တာနေရှင်နယ်

အသင်းကို အိန်ဂျယ်သည် ၁၇၈၈-ခုနှစ်တွင် တည်ထောင်လေသည်။

မနေရှင်စံနစ်သည် ရပ်တန့်၍ မနေဘဲ၊ တဖြည်းဖြည်း ကျယ်ဝန်း ရှုပ်ထွေး၍ လာပြီးလျှင်၊ တဦး တယောက် ကောင်းနယ်ချဲ့စံနစ်သို့ပြောင်း၍သွားလေသည်။ ထိုကဲ့သို့ ပြောင်းသည်နှင့်လျော်ညီစွာ၊ ကမ္ဘာပေါ်တွင်နယ်ချဲ့စံနစ်နှင့်အတူ၊ ဓနရှင်ဘိုကိုတော်လှန်ခြင်း၊ ဓနရှင်အချင်းချင်း အမြတ်အစွန်းလုယူခြင်း၊ လက်အောက်ခံနိုင်ငံများတွင်လွတ်လပ်ရန် အားထုတ် ကြိုးစားခြင်း, စသည့် အရေးများ, ၁၉၀၅-ခုနှင့်၁၉၀၇-ခုနှစ် အကြားတွင် ပေါ်လာလေသည်မနေရှင်စံနစ်ကြီးကျယ်ပြန့်ပွားမှုကြောင့်၊ထိုနှင်သည် ဤကဲ့သို့အရေးတော်ပုံများဖြစ်ပေါ်လိမ့်မည်ဟုပြောကြားသော်လည်း၊ ထိုအစဥ်အခါ၌ ဘော်လ်ရှီဗစ်ဂိုဏ်းသားများကလွဲ၍မည်သူမျှယုံကြည်ခြင်းမရှိကြချေ။ ဒုတိယအင်တာနေရှင်နယ်အသင်းတွင်ရှိသောလူတို့သည်မနေရှင်စံနစ်၏ကြီးပွားမှုသည်တနေ့တခြားစည်းကမ်းစံနစ်ကျသဖြင့်ရှေ့အတိုင်း၌ စစ်မက်အင်္ဂါ မဖြစ်ဘဲ၊ ဆိုရှယ်လစ်စံနစ်ကြီး တဖြည်းဖြည်း ရောက်ရမည်ဟု ယူဆယုံကြည်ကြလေသည်။သို့သော်လည်း၊နယ်ချဲ့စံနစ်၏ဖိနှိပ်မှုနှင့် ပစ္စည်းမဲ့၏ဒုက္ခအာဏာကြီးမှုကြောင့်၊ ဆင်းရဲသားအလုပ်သမားများသည်တဖြည်းဖြည်းဘော်လ်ရှီဗစ်အယူဝါဒဘက်သို့ ယိမ်းယိုင်၍လာလေသည်။၁၉၀၅-ခုနှစ်တွင်ပေါ်ပေါက်သော ရုရှားသူပုန်သည်သာ၍ပင် ဘော်လ်ရှီဗစ်တို့၏အယူဝါဒကို ယုံကြည်အောင် ပြုလုပ်၍ ပေးလေသည်။



ထို့ကြောင့် အခြားနိုင်ငံများ၌ဗော်လ်ရှီဗစ်တို့အား၊ အားပေးနေသောလူများစွာ ပေါ်ပေါက်၍ လာလေသည်။

ထိုအချိန်အခါ၌ ဒုတိယ အင်တာ နေရှင်နယ် အသင်းတွင်၊ ကောက်စကီး*ဆိုသော ပုဂ္ဂိုလ်တဦး သည်လည်းလူတွင်ကျယ်တယောက် ဖြစ်လေသည်။ ဒုတိယအင်တာနေရှင်နယ် အသင်းထဲတွင်၊ လီနင်တို့ လူစုသည်၊ ဓနရှင်စံနစ်ကြီးအလိုလိုပြုပြင်ပြောင်းလဲရေးကိုအားထားမြော်ကိုးနေသော ဆိုရှယ်လစ်အခေါ်ခံသူတို့အား အပြစ်ပြောရာတွင်၊ကောက်စကီးနှင့်၎င်း၏ဂိုဏ်းသားတို့သည်ထိုလူစုတို့အားအမြဲတန်းကာကွယ်ရုံသာမက၊ဂျာမန်လက်ျာဂိုဏ်းသားများ၊ ရုရှားမင်ရှီဗစ်များ၊အင်္ဂလိပ်မက္ကဒေါ်နယ် ခေါင်းဆောင်သော အလုပ်သမားပါတီနှင့် တသီးပုဂ္ဂလအလုပ်သမားပါတီဘိုကိုလည်း၊အစဥ်သဖြင့် ကာကွယ် ထောက်ခံ လေသည်။ စင်စစ်မှာကား၊ ကောက်စကီး၏ ရည်ရွယ်ချက်သည်။ လက်ဝဲ ဂိုဏ်းသားများဖြစ်သောလီနင်နှင့်၎င်း၏လူစုတို့အားကွပ်ပျောက်ရန်ပြုလုပ်ခြင်းမျှသာဖြစ်လေသည်။

၁၉၁၄-ခုနှစ်တွင်၊ ကမ္ဘာစစ်ကြီးဖြစ်သည်နှင့်၊ ဒုတိယ အင်တာနေရှင်နယ်အသင်းကြီး ပျက်စီးခြင်း ဘဝသို့ ရောက်သွားလေသည်။ ထိုစစ်ပွဲတွင်၊ ဒုတိယ အင်တာ

*ကောက်စကီး Karl Kautsky. သည်။ ၁၈၅၄ ခုနှစ်လောက်တွင် မွေးဖွားလေသည်။ ရှေ့ဦးစွာ ဒေါ်စီဝါဒသမားဟု ပြောဆိုရသော်လည်း၊ ကမ္ဘာစစ်ကြီးအတောအတွင်း အင်္ဂလိပ်သမားများနှင့်ပေါင်း၍ ဘော်လ်ရှီဗစ်သူပုန်ထခြင်းကိုဖျက်ဆီးသောလူတဦးဖြစ်လေသည်။

နေရှင်နယ်အသင်းခေါင်းဆောင်များသည်၊ ဓနရှင်များနှင့် ဓနရှင်အစိုးရတို့ကို အားပေး ကူညီနေကြောင်းကို လီနင် သည် တွေ့ရသဖြင့်၊ ထိုလူများအား၊ ကမ္ဘာတဝှမ်းလုံးရှိ ဆင်းရဲသားအလုပ်သမားများ ကွဲပြားရန်ပြုလုပ်သည်ဟု စွပ်စွဲပြီးလျှင်၊ထိုအသင်းကြီးနှင့်တခါတည်း အဆက်ဖြတ် လိုက်လေသည်။ ၁၉၁၇-ခုနှစ်တွင် ရုရှား၌လီနင်ခေါင်း ဆောင်၍ဇာဘုရင်နှင့်တကွ ဓနရှင်ကြီးဘို့ကိုပါ တော် လှန်ပုန်ကန်ရာ နောက်ဆုံး၌တတိုင်းတပြည်လုံး လီနင်နှင့် ဆင်း ရဲသားတို့၏လက်ထဲသို့ကျရောက်သွားလေတော့သည်။ ထိုအချိန်အခါတွင်၊ အခါအခွင့်ကို စောင့်စား၍နေသော၊ ရောင်တော်ပျံလူတစုနှင့် အဆက်လုံးလုံးပြတ်၍သွားလေ သည်။ဒုတိယအင်တာနေရှင်နယ်အသင်းကြီးသည်လည်း ပျက်စီးသွားလေပြီ။ ၎င်းကဲ့သို့ပျက်စီးသဖြင့်၊ တယောက် နှင့်တယောက် ကွဲ၍သွားပြီဟု ပြောဆိုနိုင်သော်လည်း၊ စင်စစ်၌ အလုပ်သမားများနှင့် ဓနရှင်စနစ်၏ အချုပ်အ ချယ်အလွှမ်းအမိုးသည်သာလျှင်၊လုံးလုံးလျားလျားပြတ်စဲ သွား၍ ဆင်းရဲသားအချင်းချင်းပိုမို၍သွေးစည်းကြရန်ခြေ လှမ်းပြင်ခြင်းမျှသာ ဖြစ်လေသည်။ အလုပ်သမားအရေး ကို၊ တကယ်တမ်းသိ၍၊ အလုပ်သမား အကျိုးအတွက်၊ တကယ်တမ်း တိုက်ခိုက်မည်ဟု ဆင်းရဲသားအချင်းချင်း ပူးပေါင်း၍၊ နောက်ထပ် အင်တာနေရှင်နယ်အသင်းကြီး ပြန်၍ တည်ထောင်ရန် အခါအခွင့်ကို စောင့်နေသော ရောင်တော်ပျံသမား၊ အင်္ဂလန်မှအကြီးသမား မက္ကဒေါ် နယ်နှင့်ဟင်ဒါဆင်တို့ကိုမောင်းထုတ်ရမည့်ပြင်၊ဆိုရှယ် လစ်သားရေဖြင့် ဖုံးအုပ်ထားသော၊ လူညာ လူဝါတို့ကို လည်း၊လက်ခံရမည်မဟုတ်ဟု လီနင်ယုံကြည်လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ထိုလူများကို အကြောင်းပြု၍ ဓနရှင်တို့သည် ဆင်းရဲသား အလုပ်သမားတို့၏ အပေါ် တွင်၊ ဩဇာအာဏာ လွှမ်းမိုးရန် ပြုလုပ်လေ့ရှိခြင်း။ စင်စစ်ထိုလူတို့သည်ဓနရှင်တို့၏လက်ပါးစေများသာဖြစ် ခြင်းတို့ကြောင့်ပင်တည်း၊



၁၉၁၇-ခုနှစ်တွင်၊ ရုရှားဆင်းရဲသား အလုပ်သမား များသူပုန်ထ၍အောင်မြင်ပြီးသည်နောက်၊ ၁၉၁၉-ခုနှစ် တွင်၊ကမ္ဘာပေါ်၌အမျိုးမျိုးသောအရေးကြုံ၍နေခိုက်၊ လီ နင်သည်တတိယအင်တာနေရှင်နယ်အသင်းကြီးကို၊မော် စကိုမြို့၌တည်ထောင်ပြီးလျှင် ကမ္ဘာ့စစ်ကြီး၏ ဘေးရန် ဒုက္ခအပေါင်းကို အကြောင်းပြု၍၊ ဓနရှင်နိုင်ငံများ၌ နိုင်ငံ တွင်းစစ်များဖြစ်စေပြီးလျှင်၊ဓနရှင်များကိုဖိနှိပ်ပြီးနောက် ဆိုရှယ်လစ်ဝါဒလွှမ်းမိုးရန်ကြိုးစားကြလေသည်။ဥရောပ တိုက်ရှိ တိုင်းပြည် နိုင်ငံများတွင်၊ ထိုသို့ရည်ရွယ်ချက်အ တိုင်း၊ ကော်မြူနစ် ဂိုဏ်းသား တို့၏ ကြိုးစားမှုကြောင့်၊ အတော်လှုပ်ရှား၍သွားလေသည်၊ သို့သော်လည်း ရုရှား နိုင်ငံမှအပ အခြား နိုင်ငံများတွင် မအောင်မြင်ခဲ့ချေ။ သို့ သော်လည်း၊ရုရှားပြည်တွင်ဆင်းရဲသားတို့၏အောင်မြင် ခြင်းနှင့်၊ နေရေး,ထိုင်ရေး,စားရေး,သောက်ရေး ကြီးပွား တွန်းကားမှုတို့သည်၊ တကမ္ဘာလုံးတွင် ဖိတင်းနေသော ဆင်းရဲသားတို့အား အမြဲတမ်း အလင်းရောင်ကို ပေးနေ လေ၏။

အဘယ်ကြောင့် ဆိုသော်၊ ကမ္ဘာပေါ်တွင် ဓနရှင်စံနစ်ကြီးပျက်စီး၍ လူအတန်းအစား ခွဲခြားနေသောစံနစ်ဆိုးကြီးပပျောက်ရန်၊ဆိုရှယ်လစ်သမားတို့၏ယူဆချက်များမှာ၊အတိုချုပ်အားဖြင့် အောက်ပါအတိုင်း ဖြစ်သောကြောင့်တည်း၊

၁။ တကမ္ဘာလုံးရှိအလုပ်သွားဝါဒကိုယုံကြည်ခြင်း၊

၂။ နိုင်ငံတိုင်းတွင်ရှိသော အလုပ်သမားများ စည်းလုံးခြင်း၊

၃။ အရှေ့တိုင်းနိုင်ငံများတွင်ရှိသော နယ်ချဲ့ဝါဒကိုတိုက်ခိုက်နေသည့် အရှေ့တိုင်းသားများနှင့် တစည်းတလုံးတည်းဖြစ်ခြင်း၊

၄။ ဓနရှင်တို့နှင့်၊ ၎င်းတို့အား ထောက်ခံ နေသောလက်ပါးစေတို့ကို ဖိနှိပ်ချိုးဖျက်ရန်၊ အလုပ်သမားများအားအာဏာကိုသုံးစေခြင်း၊

၅။ နှိပ်စက်နေသော လူအတန်းအစားတို့အား၊ လယ်သမားတို့နှင့်ပေါင်း၍တော်လှန်ခြင်း၊

၆။ ဆင်းရဲသား အလုပ်သမားများသည်၊ အာဏာယူ၍၊လူအတန်းအစားခွဲခြားသောစံနစ် ပပျောက်ရန်ခေါင်းဆောင်၍အုပ်စိုးခြင်း၊

ထိုအထက်ပါယူဆချက်တို့သည်၊ရုရှားပြည်ကော်မြူနစ်ပါတီ၏ပန္နက်သဲများဖြစ်လေသည်၊



## အခန်း-၆

## လက်အောက်ခံနိုင်ငံနှင့်အမျိုးသားရေးပြဿနာ၊

နယ်စား၊မြို့စား၊စံနစ်ကြီးကို၊ ဓနရှင်စံနစ်သည် တွန်းလှန်ဖြိုဖျက်ရာ၌၊ ဓနရှင်ဖြစ်မည့်ကုန်သည် အတန်းအစားဝင်လူတို့သည်လွတ်လပ်ရေး၊တန်းတူရေးသွေးစည်းရေးစသည့် စကားလုံးတို့ကို နေရာတကာတွင် အော်ဟစ်၍ လူရကြလေသည်၊ထို့ကြောင့်ထိုစကားများသည်၎င်းတို့၏အတွက်အထက်မြက်ဆုံးသောလက်နက်သဘွယ် ဖြစ်လေသည်၊ဓနရှင်စံနစ်သည်တကမ္ဘာလုံးလွှမ်းမိုး၍နောက်ဆုံးနယ်ချဲ့စံနစ်ဘဝသို့ ရောက်လာသောအခါ၊ "တန်းတူရေး"ဟု-ပဌမကနဦးစ၍ အော်ဟစ်ခဲ့သော စကားသည်ပျောက်ကွယ်၍၊ ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လူတတန်းစားနှင့်တတန်းစား၊ လူတမျိုးနှင့်တမျိုး ခွဲခြားသောစံနစ်သစ်ပေါ်ပေါက်၍ လာလေသည်၊ ထိုကြောင့် နယ်ချဲ့စံနစ်၏ ထူးခြားသော အချက်မှာ ကမ္ဘာကြီးကိုဖိနှိပ်ခံရသောလူများရနှင့်၊ မတိုင်းမထွာနိုင်လောက်အောင်ပင်ရေတွက်၍မဆုံးသည့် ဥစ္စာပစ္စည်းကို ကြွယ်ဝချမ်းသာပြီးလျှင်၊အင်အားကြီးသောစစ်တပ်ကိုလက်ကိုင်ထားပြီးဖိနှိပ်၍နေသော လူနည်းစုဖြင့်၊ခွဲခြား၍ ထားသည်ဟု-လီနင်သည် မကြာခဏ ပြောလေသည်၊ ထိုသို့ပြော

မှတ်ချက်။ ။ဤစာအုပ်ကို စစ်ကြီးမဖြစ်မီကရေးသားထားရာ၊ ယခုအခါဥရောပတိုက်ရှိ ပေါ်လန်၊ဒိန်းမတ်၊နော်ဝေ၊လူဇင်ဘတ်၊ ဘယ်လ်ဂျီယန်၊ မြင်သစ်ပြည် အချို့ အဝက်စသော တိုင်းပြည်များမှာ ဂျာမဏီလက်အောက်သို့ရောက်နေပြီဖြစ်ကြောင်း။

အယ်ဒီတာ။

သည့်အတိုင်း လူဦးရေအားဖြင့် ရေတွက်၍ ကြည့်လျှင် ကမ္ဘာပေါ်တွင် ရာနိုင်နှုန်းအားဖြင့်၊ ခုနှစ်ဆယ်လောက် သောလူတို့သည်၊ ဘိနှိပ်ခံရသောလူဦးရေဖြစ်လေသည်။

ထိုဘိနှိပ်ခံရသောလူတို့သည် ဝေါဟာရ အခေါ်အား ဖြင့်အောက်တန်းကျ၍နေသော၊ အာရှတိုက်၊အာဖရိက တိုက်၊တောင်အမေရိကတိုက်တွင်ရှိသော လက်အောက် ခံနိုင်ငံများ၌သာရှိသည်မဟုတ်ပေ။ကမ္ဘာစစ်ကြီးပြီးခါစ အခါ၌ နေရာတကာတွင် ထွန်းကား၍ နေသော ဂျာမနီ၊ အော်စတြီးယား၊ဟန်ဂေရီစသောနိုင်ငံများ၌သည်း၊နိုင်ငံ ခြားသားတို့၏ လက်ဝါးကြီး အုပ်ခြင်းကို ခံရလေသည်။ ယခုအခါ နယ်ချဲ့စံနစ်ကို အာရှတိုက်နှင့် အာဖရိကတိုက် တွင်သာသုံး၍ နေသည်မဟုတ်၊ ဥရောပတိုက်၌ ပင်လျှင် သုံး၍နေလေပြီ။ ထို့ကြောင့် ဇက်တိုင်းပြည်နှင့် အော်စ တြီးယား တိုင်းပြည်တို့သည်၊ ဂျာမနီ၏ လက်အောက် သို့ရောက်၍၊ အဲ(လ်)ဘားနီးယား တိုင်းပြည်သည်လည်း၊ အီတလီ၏လက်အောက်သို့ ရောက်၍သွားလေ၏။ နယ်ချဲ့ ဝါဒစံနစ်သည် ဤကဲ့သို့ ကမ္ဘာပေါ်တွင် တန်ခိုး ရှိသော လူမျိုးနှင့်ယုတ်ညံ့သော လူမျိုးဟု ခွဲခြားထားရုံမက၊ ထို ကဲ့သို့ခွဲခြားခြင်းသည်၊ တရားသည်ဟုယူဆရန် ဆင်ခြေ ဆင်လက်များ ပေးလေသည်။ များမကြာမီ အတောအ တွင်းတွင်အမေရိကန်ပြည်ထောင်စု၊အင်္ဂလန်၊ဂျာမနီ နိုင်ငံ များတွင်၊လူမျိုးရေးနှင့်ပတ်သက်၍အမျိုးမျိုးယူဆကြပြီး လျှင်၊ သဘာဝအလျောက် အသားဖြူသော လူမျိုးသည် ကပ္ပလီ လူမျိုးများထက်နေရာတကာတွင် မြတ်သည်ဟု



အယူရှိကြလေသည်။ဂျာမနီလူမျိုးများသည်လည်း ကမ္ဘာ ကျော်စာရေးဆရာကြီး ရှိပ်စပီးယားနှင့် ယေရှုသခင် သည် ဂျာမနီလူမျိုးဖြစ်သည်ဟု ဆွေမျိုး တော်စပ်ကြပြီး လျှင်၊ ကမ္ဘာပေါ်တွင် ဂျာမနီထက်မြတ်သော လူမရှိဘူး ဟု ပြောဆိုကြလေသည်။ အင်္ဂလိပ်လူမျိုးတို့သည်လည်း အသားခဲသော လူမျိုးတိုင်းကို အောက်တန်းစား ကပ္ပလီ ဟု ခေါ်ရုံသာမက၊ အင်္ဂလိပ်လူမျိုး အချင်းချင်းတိုင်းပင် လျှင် ပါတ်ပလစ်စကူး( Public School )ခေါ် နာမည် ကြီး စာသင်ကျောင်းတွင် မနေကြ၊ငွေရှားပါး၍ စာမ သင်ဘူးသော လူတို့အား အောက်တန်းစားဟု အယူရှိ ကြလေသည်။

ဓနရှင်နယ်ချဲ့စံနစ်သည် ကြီးပွားထွန်းကားသောသည် နှင့်ကုန်စည်များ ထွက်စေသော စက်မှုပညာသည် ထွန်း ကား၍လာလေသည်။ ကမ္ဘာပေါ်တွင် နေထိုင်ကြသော လူအမျိုးနှင့်အမျိုးသည်လည်း ဈေးကာဘက်ဒိုမိုနင်းနိုးစွာ ပေါင်းသင်းနိုင်သော အခြေအနေသို့ ရောက်လေ၏။ သို့ သော်လည်း လူအမျိုးနှင့်အမျိုးသည် ဘား၊ တယောက် အပေါ်၌တယောက်-ယုံကြည်ကိုးစားခြင်းမရှိဘဲ ပိုမို၍အ ထင်အမြင်လွဲကာ မုန်းတီးကြပြီးလျှင်၊ ဖိနှိပ်ရန် ကြံသည် အားထုတ်၍နေကြလေသည်။ ဖိနှိပ်ခြင်းခံရသော လူများ သည် များသောအားဖြင့် လက်အောက်ခံ နိုင်ငံများနှင့် တန်ခိုးရှိသော တိုင်းပြည်ကို မှီခိုအားထား၍ နေရသော တိုင်းပြည်များတွင်ရှိလေသည်။ဓနရှင်စံနစ်သည် လက်မှု ပညာ ထွန်းကားသော အနောက်နိုင်ငံများမှာကဲ့သို့

လက်အောက်ခံနိုင်ငံများ၌တစတစတဖြည်းဖြည်းပေါ်ပေါက်၍လာသည်မဟုတ်ပေ။ ခေတ်ရှင်စံနစ်မရောက်မီအချိန်၌ ထိုနိုင်ငံများတွင် လူတို့သည်၊ထိုတိုင်းနိုင်ငံများမှ ထွက်သော ထွက်ကုန်ပစ္စည်းများနှင့် လုံလောက်စွာ နေနိုင်ကြလေသည်။မည်သည့်နိုင်ငံကိုမှ ကုန်ပစ္စည်းများအတွက် အားကိုးရန်မလိုချေ။ထိုတိုင်းပြည်များသို့ ခေတ်ရှင်စံနစ်ရောက်သည်နှင့် ရှေးစံနစ်သည် ပျက်စီး၍သွားပြီ လျှင်၊ လယ်သမား-ကိုင်းသမား-ယာသမားတို့သည် ရှေးကကဲ့သို့ ကောက်ပဲသီးနှံ အမျိုးမျိုး-အဖုံဖုံမစိုက်ပျိုးကြဘဲ၊ တမယ်ကောင်းတိုသာစိုက်ပျိုးကြလေသည်။လက်အောက်ခံနိုင်ငံများ၏ ကုန်စည် ကူးသန်းရောင်းဝယ်ရေး သည်လည်း တကမ္ဘာလုံး၏ ရောင်းဝယ်ရေးနှင့် ဆက်စပ်၍ နေရ၏။ အကျဉ်းချုပ်၍ဆိုရလျှင် ကုန်စည် ကူးသန်းရောင်းဝယ်ရေးတွင် တကမ္ဘာလုံးဆက်စပ်၍နေလေသည်။သို့ပါသော်လည်း ဝမ်းနည်းစိတ်ပျက်စရာတရင်မှာ၊ထိုလက်အောက်ခံတိုင်းပြည်ရှိ လူမျိုးတို့သည်။၎င်းတို့၏ ထွက်ကုန်များကို ရောင်းရ၍သော်၎င်း၊၎င်းတို့သုံးဆောင်ရသော ကုန်စည်များ ကို သုံးဆောင်ရန်ဝယ်ရ၍၎င်း၊ လွတ်လပ်ခြင်းမရှိ ချုပ်ချယ်၍ထားခြင်းဖြစ်လေသည်။

ဓနရှင်ဝါရင့်ကြီးများဖြစ်ကြသော နယ်ချဲ့သမားကြီးတို့သည်၊လက်အောက်ခံနိုင်ငံများတွင်ရှိသော တိုင်းသူပြည်သားတို့အား တိုက်ရိုက်မဖိနှိပ်ချေ။လယ်ပိုင်ရှင်-ယာပိုင်ရှင်များ ဖန်တီး၍၊ထိုမြေပိုင်ရှင်များကို ဖိနှိပ်ခိုင်းလေသည်။လယ်သမား-ယာသမားတို့သည်၊ကောက်ပဲသီးနှံ



အမျိုးမျိုးကို မစိုက်ဘဲ တမယ်ကောင်းသာ စိုက်သဖြင့် နယ်ချဲ့သမားကြီးတို့သည်၊ ၎င်းတို့ထံမှ ဈေးကိုနှိမ့်ချ၍ ဝယ်နိုင်လေသည်။၎င်းပြင်အခြားမည်သူမျှလာ၍ အပြိုင်မဝယ်နိုင်ရန်လည်း၊ ဆိပ်ခွန်,အကောက်,ငွေခြောင်းငွေလွှဲစသည်တို့ဖြင့် အမျိုးမျိုးတာကွယ်၍ထားလေသည်။ သွင်းကုန်များရောင်းဝယ်ရန်အတွက်ကိုလည်းနယ်ချဲ့သမါးတို့သည်သာလျှင် ပြုလုပ်နိုင်ခဲ့လေသည်၊ ၎င်းတို့အမြတ်အစွန်းရနိုင်သမျှရရန် ၎င်းတို့အားယှဉ်ပြိုင်၍ ရောင်းမည့်ကုန်ဟူသမျှကို နိုင်ငံတွင်းသို့မသွင်းနိုင်ရန် အမျိုးမျိုးသော ချုပ်ချယ်နည်းတို့ဖြင့်၊ချုပ်ချယ်၍ထားလေသည်။ထို့ကြောင့် အခြားကုန်များကို မသွတ်သွင်းနိုင်သည့်အခါ၊၎င်းတို့၏ ကုန်များအပေါ်၌ ဈေးတင်နိုင်သမျှဈေးတင်၍ ရောင်းကြလေသည်။ဗမာပြည်တွင်တိုင်းသူပြည်သားတို့၏ အသက်သွေးခဲဖြစ်သော ဆန်,စပါး,အလုပ်သည်၎င်း၊ နိုင်ငံခြားမှ သွင်းကုန်အလုပ်သည်၎င်း။ ဓနရှင်ကြီးတို့၏ လက်တွင်း၌သာရှိလေသည်။

လက်အောက်ခံနိုင်ငံများတွင် ပါဝင်သော၊ ဗမာပြည်အတွင်းနေထိုင်ကြသော၊ လယ်သမား, ယာသမားတို့၏ အခြေအနေသည်၊ များစွာ ဝမ်းနည်းစရာ ကောင်းလေသည်၊ အဘယ့်ကြောင့် ဆိုသော် အဆောက်အဦးကြီး တခု ဆောက်လုပ်ရာတွင်၊ အောက်ဆုံးသို့ ရောက်၍နေသော ကျောက်ခုတ်ခဲတို့၏ အခြေ၌၊ လယ်သမား,ယာသမားတို့သည် ရောက်၍ နေလေသည်၊ လယ်သမားများအပေါ်တွင်၊ လယ်ပိုင်ရှင်အတန်းအစားကို နယ်ချဲ့သမား

တို့သည်ဖန်တီး၍ထားလေသည်။လယ်ပိုင်ရှင်များအပေါ်
တွင်၊ ချစ်တီးလူမျိုး ငွေချေးစားသော အတန်းအစားကို
ထားပြန်လေသည်။ယခုအခါငွေချေးစားသောလူအတန်း
အစားသည်လည်း၊ဓနရှင်စံနစ်၏ဖေါက်ပြန်သောသဘော
ကြောင့်၊မြေပိုင်ရှင်ကြီးအတန်းအစားသို့ရောက်၍နေလေ
ပြီ။နယ်ချဲ့သမားဓနရှင်ကြီးတို့သည်၊ တိုင်းပြည်၏ ထွက်
ကုန်များကို ဝယ်ယူရန်၊ မည်သည့်အခါမျှ လယ်သမား
များနှင့်တိုက်ရိုက်မဆက်သွယ်ကြချေ။ လယ်ပိုင်ရှင်ကြီး
များနှင့်သာ ဆက်သွယ်လေသည်။ မြေပိုင်ရှင်ကြီးများ၏
အလုပ်ဝတ္တရားသည်ကား၊ ၎င်းတို့၏လယ်တွင် လုပ်ကိုင်
သော လယ်သမားတို့ထံမှ၊ လယ်ထွက်ခ, စပါးပေး,
ငါးပေး, နှမ်းပေး,အစရှိသည်တို့ကို ကောက်ခံ၍၊ဓနရှင်ကြီး
တို့၏ထံသို့ဓနရှင်ကြီးတို့ကြိုက်ဈေးဖြင့်ရောင်းခန့်သာဖြစ်
လေသည်။ ဓနရှင်ကြီးတို့သည်လည်း၊ စပါးဈေးကိုချနိုင်
သ၍ချလေ၏။ထိုသို့နှိမ့်ချသဖြင့်၊မြေပိုင်ရှင်ကြီးများ၏ဝင်
ငွေသည်နည်းသည်ထက်နည်း၍လာသောအခါမြေပိုင်ရှင်
ကြီးတို့သည်၊တဖန်လယ်သမား,ယာသမားများ အပေါ်
တွင်၊လယ်ခ,ယာခ, အတိုးခတို့ကိုပိုမို၍ တောင်းခံလေ
သည်။ဥပမာ၊ ဗမာပြည်အောက်ပိုင်းတွင် လယ်လုပ်ခြင်းအ
လုပ်မှလွဲ၍မည်သည့်အလုပ်မျှမရှိချေ။ ဗမာပြည်အထက်
ပိုင်းတွင်လည်း၊ ထိုနည်းအတိုင်းပင် ဖြစ်လေသည်။ ထို
ကြောင့်လယ်သမား,ယာသမားတို့သည်၊ မြေပိုင်ရှင်ကြီး
များတောင်းတိုင်းပေးရလေသည်။ထိုကြောင့်၊လယ်သမား,
ယာသမားတို့၏ဝင်ငွေသည်၊ တနှစ်ထက်တနှစ် နည်း၍



လာတော့၏။ လယ်သမား, ယာသမားတို့၏ တိုက်ရိုက်
သော်၎င်း၊ သွယ်ဝိုက်၍ သော်၎င်း၊ ပေးဆောင် ရသော
အခွန်ငွေသည်ကား၊ လျော့သည်မရှိဘဲ၊ တနှစ်ထက် တ
နှစ်ပိုမို၍တက်နေလေသည်။၎င်းပြင်၊လယ်သမား,ယာသ
မားတို့၏သုံးဆောင်ရန်ကုန်စည်များ၏အဘိုးသည်လည်း
ဓနရှင်တို့ဖြတ်သည့်အဘိုးဈေးနှုန်းသာဖြစ်လေသည်။ ထို့
ကြောင့်၊ဓနရှင်တို့နှင့် ၎င်းတို့၏လက်ပါးစေများ,စည်းစိမ်
ချမ်းသာမှ ယစ်မူးရန်အတွက်တာဝန်ကို၊ လယ်သမား,
ယာသမားများ ထမ်းဆောင်၍ နေရသည်မှာ ထင်ရှား
လေသည်။

နယ်ချဲ့သမားဓနရှင်ကြီးတို့သည်၊လက်အောက်ခံနိုင်ငံ
များကို၊မည်သည့်အခါမှ လက်လွတ်လိမ့်မည်မဟုတ်ကြ
ပေ။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းတို့၏ စက်ရုံကြီးများ
နှင့်၊ထိုစက်ရုံကြီးများတွင်လုပ်ကိုင်ကြသောဆင်းရဲသား
အလုပ်သမားများအတွက်၊ကုန်ကြမ်းနှင့်ဆန်,ဂျုံ,ပြောင်း
တို့ကိုဈေးသက်သက်သာသာနှင့်ရနိုင်လေသည်။ထိုဆန်,
ဂျုံ,ပြောင်းတို့ကို ဈေးချိုချိုနှင့်ရသဖြင့်၊ ဈေးချိုနှင့်ပြန်၍
ရောင်းနိုင်သောကြောင့်၊အလုပ်သမားတို့၏ လုပ်ခ ကြေး
ငွေကိုနည်း၍ပေးနိုင်လေသည်။ ၎င်းပြင်၊၎င်းတို့ပိုင်စက်ရုံ
များမှထွက်သော ကုန်ချောများကိုလည်း၊ လက်အောက်
ခံနိုင်ငံများတွင်၊ ထင်သလို ပြိုင်ဘက်မရှိ၊ ကြိုက်ဈေးနှင့်
ရောင်းနိုင်သဖြင့်၊ အမြတ်တမျိုး ရပြန်လေသည်။ တဖန်
နယ်ချဲ့ဝါဒစံနစ်နှင့် လက်အောက်ခံ နိုင်ငံများကိုအုပ်စိုး၍
ထားပြန်သဖြင့်၊ ထိုနိုင်ငံများတွင်၊ တိုင်းရင်းသား ဓနရှင်

ကြီးများ နောက်ထပ် ပေါ်ပေါက်၍ မလာနိုင်ချေ။ ထိုသို့ မပေါ်ပေါက်နိုင်သဖြင့်၊ ဓနရှင် နယ်ချဲ့ သမားကြီးတို့သည် တမျိုးတဖုံ အကျိုး ဖြစ်ထွန်း လေသည်။ အကယ်၍သာ လက်အောက်ခံနိုင်ငံသူနိုင်ငံသားများအား၊ ဤကဲ့သို့စီးပွါး ရေးအရ ချုပ်ချယ်၍မထားသော်၊ ထိုနိုင်ငံများ၌၊ စက်မှု, လက်မှု ထွန်းကားပြီးလျှင်၊ တိုင်းရင်းသား ဓနရှင်ကြီးတို့ သည်၊ နိုင်ငံခြားသား ဓနရှင်ကြီးတို့အား ယှဉ်ပြိုင်၍ပေါ် လာပေလိမ့်မည်။

နယ်ချဲ့သမားဖြစ်သော၊ နိုင်ငံခြားသား ဓနရှင်ကြီးတို့ သည်၊ မည်၍မည်မျှပင် တိုင်းရင်းသားဓနရှင်များ မပေါ် ပေါက်ရန် ကြိုးစားအားထုတ်၍ ဖိနှိပ်ပါသော်လည်း၊ ပေါ် ပေါက်၍လာရမည်မှာမလွဲပေ။ အဘယ်ကြောင့်ဆိုသော် နယ်ချဲ့သမားကြီးတို့သည် လက်အောက်ခံ နိုင်ငံမှ ထွက် သော၊ ထွက်ကုန်ပစ္စည်းများကို အလွယ်တကူ ရယူရန် ၎င်း၊ ဝင်ကုန်များကိုအရပ်ရပ်သို့ တင်ပို့ သယ်ဆောင်ရန် ၎င်း၊ တိုင်းပြည်တွင်ထင်တိုင်းချုပ်ချယ်လိုသဖြင့်၊ စစ်တပ် များ, ပုလိပ်တပ်များနှင့် အလွယ်တကူအုပ်ချုပ်နိုင်ရန်၎င်း၊ မော်တော်ကားလမ်းများ မီးရထားလမ်းများ, တံတားမြောင်း များ, သင်္ဘောဆိပ်များ ဖောက်လုပ်သဖြင့်၊ တိုင်းသူ ပြည် သားတို့သည်ကုန်ရောင်းကုန်ဝယ်ပြုလုပ်ကြရန်၊ မျက်စေ့ ပွင့်လာကြလေသည်။ ၎င်းပြင် နယ်ချဲ့သမား ဓနရှင်ကြီးတို့ ပင်လျှင်၊ လက်အောက်ခံနိုင်ငံများ၌ ထွက်ကုန်များကို အ စိမ်းအတိုင်း, အကြမ်းအတိုင်း၊ ၎င်းတို့၏စက်ရုံများရှိသော နိုင်ငံသို့မပို့ကြဘဲ၊ ပေါ်းတိုက်ဆန်, ကြိတ်သကြား, ဝါကို



ငွမ်း, သတ္တုရိုင်းကိုသတ္တုစင်, ချုံစေ့ကိုချုံမှုန့်, ပိုက်ဆံ သျှော်ကိုဂုန်အိတ်, လဘက်ကို လဘက်ခြောက်ပြုလုပ်ပြီးမှ ပို့ကြလေသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည်၊ လက်အောက် ခံနိုင်ငံများ၌၊ အလုပ်သမားများကို လုပ်ခနည်းနည်းနှင့် ခိုင်း စေနိုင်သောကြောင့် ဖြစ်လေသည်။ ထိုသို့ ကုန်စိမ်း,ကုန် ကြမ်းများကို တစိတ်တဒေသအားဖြင့် ကုန်ချောဖြစ်ရန်၊ လက်အောက်ခံ နိုင်ငံများတွင် ပြုလုပ်သဖြင့်၊ တိုင်းရင်း သားများသည်လည်း၊ နိုင်ငံခြားသားဓနရှင်ကြီးတို့၏အတု ကိုယူပြီးလျှင်၊ ထိုအလုပ်မျိုးကို စတင် လုပ်ကိုင်ကြလေ သည်။ ၎င်းပြင် ၁၉၁၄-၁၈-ခုနှစ်များ အတွင်း ကမ္ဘာ စစ်ကြီးဖြစ်သဖြင့်၊ ထိုစစ်ကြီးအတွင်းတွင်လိုသောအသုံး အဆောင်များကိုလက်အောက်ခံနိုင်ငံများ၌ လုပ်ကိုင်စေ ရန်ခွင့်ပြုခဲ့လေသည်။ ယခုအခါ အိန္ဒိယပြည်တွင်၊ အိန္ဒိယ ဓနရှင်ကြီးများ အသားယူစရာ၊ ဂုဏ်ယူစရာတရပ်ဖြစ် သော၊ တာတာသံမဏိ လုပ်ငန်းကြီးနှင့်၊ အထည် စက်ရုံ ကြီးများသည်ကြီးပွားထွန်းကားလျက်ရှိ၍နေလေပြီ။

ရှေးအခါက၊ နယ်ချဲ့သမားတို့သည်၊ မည်သို့ပင်လက် အောက်ခံတိုင်းသူပြည်သားများအား၊ လယ်သမား,ယာ သမားဘဝမှ မတက်နိုင်ရန် ဖိနှိပ်ခဲ့သော်လည်း၊ ထိုတိုင်း နိုင်ငံများတွင် စက်မှုလက်မှု လုပ်ငန်းတို့သည်၊ တစ တစ ထွန်းကား၍ လာသဖြင့်၊ ယခုအခါ ဆင်းရဲသား အလုပ် သမားတို့၏ ပညာ,ဉာဏ်,ဗဟုသုတတို့သည်၊ တစတစ တိုးပွား၍လာလေသည်။ ထို့ကြောင့် ဓနရှင်စနစ်သည်ပင် လျှင်၊ ၎င်း၏ပျက်စီးရာ ပျက်စီးကြောင်းအတွက်၊ အလုပ်

သမားများပေါ်ပေါက်၍လာရန်ပြုလုပ်ရသည်နှင့် တချ၍နေထပြီ၊ ဓနရှင်စံနစ်၏ပျက်စီးရေးပျက်စီးကြောင်းသည်၊ ဓနရှင်စံနစ်သာ ဖြစ်လေသည်။ (Capitalism creats antagonisms and contradictions; which spells its final doom.

နယ်ချဲ့သမားများသည်၊ ၎င်းတို့၏ကိုယ်ကျိုးအတွက် မီးရထားလမ်းများ, မော်တော်ကားလမ်းများ, သင်္ဘောဆိပ်များ, တူးမြောင်းများ, စာသင်ကျောင်းများ, ဆေးရုံများကိုဆောက်လုပ်သဖြင့်၊ လက်အောက်ခံ နိုင်ငံသူ,နိုင်ငံသားတို့သည်၊ ယဉ်ကျေး သိမ်မွေ့၍ လာလေသည်ဟု မကြာခဏဓနရှင်တို့နှင့်တကွ၊ ၎င်းတို့၏ လက်ပါးစေများ ပြောကြလေသည်။ အချို့ မသိနားမလည် သည့် လက်အောက်ခံ နိုင်ငံသူနိုင်ငံသားများနှင့် နယ်ချဲ့ သမားတို့၏ လက်ပါးစေ တိုင်းရင်းသားအချို့တို့သည်၊ ထိုကဲ့သို့ တိုင်းပြည်တွင် ပြုလုပ်မွမ်းမံကြသဖြင့်၊ နယ်ချဲ့သမားတို့အား ကျေးဇူး ဥပကာရ တင်ကြလေသည်။ စင်စစ်အားဖြင့်၊ ထိုအဆောက်အဦးများ ဆောက်လုပ်ရန် စီမံ ခန့်ခွဲရန်၊ နယ်ချဲ့သမားတို့သည်၊ ၎င်းတို့၏နိုင်ငံမှ အသပြာကြေးငွေ ယူဆောင်လာခဲ့သည် မဟုတ်ကြပေ၊ တိုင်းရင်းသားများ၏အခွန်ဘဏ္ဍာမှရသောငွေများနှင့်သာ ဆောက်လုပ်ကြခြင်းဖြစ်လေသည်၊ ငါးကြင်းဆီနှင့် ငါးကြင်းကြော်ခြင်းမျှ ဖြစ်၏။

လက်အောက်ခံ နိုင်ငံများတွင် ရှိသော ဈေးကကိုယ် လယ်တွင်၍ ကိုယ်လုပ်ကိုင်စားသောက်ကြသည့်တောင်သူ



များ သည်၊ ဓန ရှင် တို့ ၏ ဖိ နှိပ် ခြင်း ကို မခံနိုင်သဖြင့်၊ ၎င်းတို့၏လယ်များကို တနေ့တခြား လက်လွှတ်ပြီးလျှင် ကုလီဘဝသို့ရောက်ကြရလေပြီ။ ဗမာပြည်၌ဆိုလျှင်၎င်းတို့၏လယ်များသည်အများအားဖြင့်၊ ချစ်တီးငွေချေးစားသမားနှင့် အနည်းငယ် မျှသော ဗမာ, ကုလား, တရုတ်, လယ်ပိုင်ရှင်တို့၏ လက်သို့ ရောက်ကြ လေသည်။ လယ်သမားတို့၏အကျိုးစီးပွားကို မည်သည့်အခါမှ ကာကွယ်ပေးသည်မရှိ၊ ဆင်းရဲသားတို့ထံမှ အခွန်အကောက်များသည်လည်း၊ ဆင်းရဲသားတို့၏ ကောင်းကျိုး ချမ်းသာ အတွက်စိုက်ပျိုးရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ သမဝါယမ ဌာနတို့တွင် အနည်းငယ် မျှသာသုံး၍၊ စစ်ဘက်၊ ပုလိပ်ဘက် စသည်တို့၌ အများအပြား သုံးလေသည်၊ စက်မှု,လက်မှုအလုပ်သမားများသည်လည်း၊ မည်သည့်အခါမှ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံသည်ဟူ၍ မရှိပေ၊ လယ်သမားများကဲ့သို့ပင်၊ ဆင်းဝါးသည့်အခြေအနေ၌ရောက်ရှိ နေလေသည်။ ထို့ကြောင့် လက်အောက်ခံ နိုင်ငံများတို့၌ရှိသည့် ချည်ထည်စက် အလုပ်သမားများ၊ သံရည်ကျိုစက် အလုပ်သမားများ၊ ရေနံမြေအလုပ်သမားများ၊ သင်္ဘောအလုပ်သမားများ၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ မီးရထားအလုပ်သမားများသည် မကြာခဏသပိတ်မှောက်လက်နက်ကိုကိုင်၍ ဓနရှင်များအားတော်လှန်ရလေသည်၊ သို့ပါသော်လည်း ဆင်းရဲသား အလုပ်သမားများ၏အကျိုးကို မည်သူမျှကာကွယ်၍ ပေးသည် မရှိကြပေ၊ သပိတ်မှောက်လက်နက်ကို ကိုင်၍ အလုပ်

ရင်စဲဘိုင်း၊ဓနရှင်လက်ပါးစေများသည်နောင်သပိတ်မှောက်လက်နက်ကို မကိုင်ရဲရန် ဆင်းရဲသား အလုပ်သမားများအား အမျိုးမျိုးဖိနှိပ်လေသည်။

ဓနရှင်စံနစ်သည် အရှေ့ဘက် နိုင်ငံများသို့ ရောက်ရှိလာသည်နှင့်၊ အရှေ့ဘက် နိုင်ငံတွင်ရှိသော ပေါင်းသင်းဆက်ဆံရေး အခြေအနေတို့သည် ပြောင်းလဲ၍ သွားပြီးလျှင်၊များစွာသောလူအပေါင်းတို့သည် အိုးအိမ်တည်စရာမရှိသောဘဝသို့ရောက်ရလေသည်။ဆင်းရဲသားများမခံမရပ်နိုင်သော အခြေအနေသို့ ရောက်၍နေသည်ကို တိုင်းရင်းသား ဓနရှင် ပေါက်စများနှင့် လူလတ်တန်းစားများသည် သိကြသောအခါ၊ ထိုဆင်းရဲသားများ အပေါ်တွင် ခေါင်းဆောင်၍ ၎င်းတို့အား အမြဲတန်းချုံးနှိမ်၍ နေသောနယ်ချဲ့သမားဓနရှင်တို့ကိုတိုက်ခိုက်ရန်၊ ဆင်းရဲသားများကို လက်နက်သဘွယ် အသုံးပြုကြလေသည်။ ထိုကဲ့သို့ဖြစ်ကြောင်းကို အိန္ဒိယပြည်တွင် ဂန္ဒီ, နေရူး,ပတေး,တို့ခေါင်းဆောင်သောအိန္ဒိယကွန်ဂရက်အသင်းကြီး၊တရုပ်ပြည်တွင် စွန်ယက်ဆင်၊ ချန်ကေရှိတ်၊ ဝမ်ချင်ဝေ တို့ခေါင်းဆောင်သော ကူမင်တန် အသင်းကြီး၊ ဗမာပြည်တွင် ဂျီ-စီ-ဘီ-အေ စသော အသင်းကြီးများ ဖြစ်သေသည်။

ဆင်းရဲသားအလုပ်သမားလယ်သမားတို့သည်၊ မည်သူ့ကိုမျှ အားကိုး အားထား မပြုနိုင်ကြချေ။ အကယ်၍ အားကိုးအားထားပြုပါသော်လည်း တကယ်တန်း လာ၍ကူညီမည်မဟုတ်၊ ဆင်းရဲသား အလုပ်သမား လယ်



သမားအချင်းချင်းသာလျှင် အားကိုးအားထားရာဖြစ်သေသည်။ အဘယ်ကြောင့်ဆိုသော်၊ ဆင်းရဲသားများသည် ဓနရှင်စံနစ်၏ဖိနှိပ်မှုကိုမခံမရပ်နိုင်သဖြင့်၊ တော်လှန်ရာတွင်ဆင်းရဲသားအချင်းချင်းကလွဲ၍မည်သူမျှဆင်းရဲသားများအား ကူညီပိုင်းဝန်း သည်ဟူ၍ မရှိခဲ့ကြပေ။ ထိုကြောင့် ဆင်းရဲသား အချင်းချင်းသာလျှင်၊ တယောက်နှင့်တယောက် စိတ်ဝမ်းမကွဲဘဲ၊ ကျောခြင်းကပ်ရင်ချင်းဟတ်၍ဓနရှင်စံနစ်ကို အမြစ်ကလှန်၍ တိုက်ခိုက်ပြီးလျှင် တိုင်းပြည်၏ စီးပွားရေး၊ နိုင်ငံရေး၊ ပေါင်းသင်း ဆက်ဆံရေးအခြေအနေကို၊ဆင်းရဲသားအာဏာနှင့်ဒိမော်ကရက်တစ်နည်းစံနစ်အရ၊ ပြောင်းလဲရန်ပြုလုပ်နိုင်လေသည်။ ဤကဲ့သို့ပြုလုပ်နိုင်ရန် ဆင်းရဲသားများဖြစ်ကြသော အလုပ်သမားနှင့်လယ်သမားတို့သည်ညီညွတ်စွာပေါင်းသင်း၍ တိုက်ခိုက်ရပေမည်။

အတိုင်းတိုင်းအပြည်ပြည်၌ရှိသော အလုပ်သမားများ၏လွတ်လပ်ရေးအတွက်၊ လက်အောက်ခံနိုင်ငံများ၌ဖိနှိပ်ခြင်းခံ၍နေရသည့်လူများ၏ လွတ်လပ်ရေးပြဿနာသည် များစွာ အရေးကြီး လေသည်။ အလုပ်သမား များသည် တကမ္ဘာလုံးတွင်ဖိနှိပ်ခြင်းခံ၍နေရသောလူများအတွက် ခေါင်းဆောင်၍ဓနရှင်စံနစ်ကိုမတိုက်ခိုက်လျှင် ၎င်းတို့၏အရေးသည်မည်သည့်အခါမျှ အောင်မြင်လိမ့်မည်မဟုတ်ပေ။ "ကားလ်မတ်စ်"သည် ထို့ကြောင့်"လူတမျိုးသည်အခြားလူတမျိုးအား ဖိနှိပ်နေသမျှ ကာလပတ်လုံး မည်သည့် အခါမှ ထိုလူမျိုး သည် လွတ် လပ် သော လူမျိုး.

မဟုတ်"ဟု ဆိုလေသည်၊ အဘယ့်ကြောင့် ဆိုသော်၊ ကမ္ဘာပေါ်တွင် လက်အောက်ခံနိုင်ငံများရှိ နေသမျှ ကာလပတ်လုံး၊ ထိုနိုင်ငံတွင် ရှိသော ဓနရှင်ကြီး တို့သည်၊ လက်အောက်ခံနိုင်ငံမှအသီအနှံတို့ကိုထုတ်ယူပြီးလျှင်၊ အလုပ်သမားဆင်းရဲသားများ မတောင်းလှန်နိုင်ရန်၊ ထိုအသီအနှံများနှင့် ပိုမို၍၊ စစ်တပ်များ၊ သေနတ်များ၊ ရေတပ်များကို ချဲ့ထွင်နိုင်လေသည်။ ၎င်းပြင်၊ ထိုအသီအနှံများနှင့်အလုပ်သမားခေါင်းဆောင်ညာ,ခေါင်းဆောင်တုတို့ကို၊ အလုပ်သမားတို့၏အရေးကို ဖျက်လိုဖျက်ဆီးပြုလုပ်ရန်ဝယ်ယူနိုင်လေသည်။ ထို့ကြောင့်၊လက်အောက်ခံနိုင်ငံများလွတ်မြောက်သည်နှင့်၊ အုပ်စိုးသော နိုင်ငံများ၌ ရှိသောဓနရှင်တို့သည်၊ တရွေ့ရွေ့ အားအင် ဆုတ်ယုတ်သွားလေသည်၊သို့တည်းမဟုတ်မူ၍၊ နေ့ရှင်ဘုံဘို တိုက်ခိုက်ရန်များစွာခဲယဉ်းလေသည်။

ထို့ကြောင့်၊ ဆင်းရဲသား အလုပ်သမား အပေါင်းတို့သည်၊လူအတန်းအစားခွဲခြားသောစံနစ်ကို ဖန်တီးသည့် ဓနရှင်စံနစ်ဆိုးကြီးကို တွန်းလှန်ဖြိုဖျက်ရေး၌ လူမျိုးမရွေးပေါင်းစင်၍ ကြိုးစားအားထုတ်ကြမှသာလျှင် အောင်မြင်နိုင်လိမ့်မည်၊ လူမျိုးမရွေး ပေါင်းစပ်ရမည်ဟု ယူဆခြင်းဖြင့်၊ နေ့ရှင်နယ်လ်ဇင်းခေါ် လူမျိုးရေးဝါဒ ပျောက်ကွယ်သွားရမည်ဟုမဆိုလိုပေ၊ အင်တာနေရှင်နယ် လ်ဇင်းခေါ် ကမ္ဘာသူကမ္ဘာသားဝါဒ၊ သို့တည်းမဟုတ်၊လူမျိုးမရွေးဝါဒသည် (ဦးရေအားဖြင့် နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ၊) လူမျိုးဘိုင်းလွတ်လပ်စွာ အချုပ်အချယ်မရှိ



ကြီးပွားတိုးတက်ရန်ဖြစ်လေသည်ရုရှားပြည်သူပုန်ထစဉ်တွင်၊ကမ္ဘာတဝှမ်းလုံးရှိဓနရှင်အပေါင်းတို့သည် ဆင်းရဲသားအလုပ်သမား,လယ်သမားများဖြစ်ကြသော၊ ရုရှားလူမျိုးတို့၏အရေးကိုရှုံးနိမ့်ရန်၊ ဆင်းရဲသားအချင်းချင်းမြှောက်ပင့်ပေး၍ သော်၎င်း၊ ကိုယ်ထိလက်ရောက်ဆင်းရဲသားတို့၏ရန်သူများကိုကူညီ၍သော်၎င်း၊ အမျိုးမျိုးကြိုးစားအားထုတ်ပါသော်လည်းမအောင်မြင်ကြချေအဘယ်ကြောင့်ဆိုသော်၊ထိုစဉ် အခါကတည်းက၊ ရုရှားနိုင်ငံတွင်ရှိသောလူမျိုးတိုင်းတို့သည်၊သူပုန်ထသောလူများအပေါ်တွင်များစွာယုံကြည်ကိုးစားလေသည်ဆင်းရဲသားအလုပ်သမား လယ်သမား များသည်လည်း၊ ၁၉၁၇-ခုနှစ်၌ တန်ခိုးအာဏာရပြီးနောက်တနေ့တွင်၊ ရုရှားနိုင်ငံ၌ လူအမျိုးမျိုးတို့သည်၊ လွတ်လပ်စွာ ကိုယ်ပိုင်ဥာဏ်ဖြင့် ဆုံးဖြတ်ရန် အခွင့်အရေးညီတူညီမျှအခွင့်ရယူရေး၊လွပ်လပ်စွာ ကြီးပွား တိုးတက်နိုင်သည့် အခွင့်အရေး စသည်တို့ကို ခံစားနိုင်သည်ဟု အတိအလင်း ကျေညာလေသည်၊

(Declaration of Rights of The People
of Russia.)

**အခန်း-၇**

## ကမ္ဘာတဝှမ်းလုံး၏နောက်ဆုံးရည်ရွယ်ချက်

ကမ္ဘာ့ရာဇဝင်သည် စီးပွားရေးအရ၊ ဆက်စပ်၍နေသော လူတတန်းစားနှင့်တတန်းစား၊ သူ့ထက်ငါအနိုင် အထက် ဖိနှိပ်လုယက်၍ လုပ်ကိုင်စားသောက်သော အကြောင်းအရာဖြစ်လေသည်။ ထိုသို့ဖြစ်ရာ၊ စီးပွားရေးကို ဖန်တီး၍ နေသော မူလ အားသည်၊ (အလုပ်လုပ်ရာတွင် လိုအပ်သော ကြိယာ တန်ဆာ ပလာ လုပ်ကိုင် ရမည့် ဝတ္ထုပစ္စည်းများ၊ အလုပ်သမားများ)တမျိုးတဖုံ မပြောင်းလဲသမျှ ကာလပတ်လုံး၊ ထိုလူအတန်းအစားတို့သည်၊ မူလနေရာ၌ပင်ရှိကြပေလိမ့်မည်။ သို့တည်းမဟုတ်မူ၍၊ စီးပွားရေးဖန်တီးသောအားသည်ပြောင်းလဲသော်လည်း၊ လူတတန်းစားနှင့် တတန်းစား စီးပွားရေးအရ ဆက်စပ်သော အခြေအနေ နှင့်မအပ်စပ်သည်ရှိသော်၊ လူတတန်းစားနှင့် တတန်းစားတို့သည်၊ အကြီးအကျယ် ပဋိပက္ခဖြစ်၍လာလေသည်၊ ထိုအခါ၊ စီးပွားရေးအရ ဆက်စပ်သော အခြေအနေသည်လည်းပြောင်း၍သွားလေသည်။

ယခုလက်ရှိစီးပွားရေးအရ၊ ဆက်စပ်နေသော အခြေအနေကိုကြည့်လျှင်၊ ဓနရှင်နှင့်ဆင်းရဲသားနှစ်ဦးသာ တွေ့ပေလိမ့်မည်၊ ထိုနှစ်ဦးတို့သည်တဦးနှင့်တဦးဖိနှိပ်၍၊ သူ့ထက်ငါ လုယက်ပြီးလျှင် နေထိုင်ကြလေသည်၊ ထိုကဲ့သို့ နှစ်ဦးသားချင်းကစား၊ ယခုအခါတွင် ထိုနှစ်ဦးသည် အကြီးအကျယ်ဘယောက်ကိုတယောက် အတိုက်အခံပြု၍ နေကြလေပြီ၊ အဘယ်ကြောင့် ဆိုသော်၊ ကုန်စည်ကို ဖန်တီးသော အားနှင့်၊ ကုန်စည်ကို ဖန်တီးသော နည်းဟောင်းနည်းအိုကြီးသည်မမျှတဘဲ၊ ကုန်စည်ကိုဖန်တီးသောအားက ကြီးမား၍နေလေသည်၊ ထိုကဲ့သို့မမျှတသဖြင့်ကုန်စည်ကိုဖန်တီးသောအားတွင်ပါဝင်သည့်အလုပ်သမားတို့ကို အလုပ်မပေးနိုင်သောကြောင့်၊ တနေ့ထက် တနေ့၊ အနုတတ္ထမ၊ မရေမတွက်နိုင်သော ကမ္ဘာပေါ် အရပ်ရပ်ရှိဆင်းရဲသားတို့သည် အလုပ်လက်မဲ့ဖြစ်ကြ၍၊ အမျိုးမျိုး ကပ်၊ ဘေး၊ ဒုက္ခနှင့် တွေ့ကြုံရလေသည်။ ထိုသို့ ဘေးဒုက္ခအပေါင်းတို့နှင့် တွေ့ကြုံရပါများသဖြင့်၊ ဆင်းရဲသား အလုပ်သမား လယ်သမားအပေါင်းတို့သည်၊ ရပိုး၍ ဓနရှင် တို့အား တိုက် ခိုက် ရန် ကြိုးစား အား ထုတ် ကြကုန်၏။

ဆင်းရဲသားတို့သည်၊ ဤကဲ့သို့ ပေါင်းစည်း၍ တိုက်ခိုက်ကြသဖြင့်၊ တနေ့သောအခါ အလုပ်သမား တို့သည် တန်ခိုးအာဏာရရှိ၍ တန်ခိုးအာဏာကို အခါအခွင့်အား လျော်စွာ၊ အခိုက်အတန့်သုံးပြီးလျှင်၊ လူအတန်းအစားမရှိဘဲ၊ လူတိုင်းသူတိုင်း ညီဘျညီမျှ အခွင့်အရေးကိုခံစားနိုင်သော စံနစ်ကြီးကို ကမ္ဘာပေါ်တွင် တည်ထောင်နိုင်ရန်၊ လူအတန်းအစား ခွဲခြားသော စံနစ်ဆိုးကြီးကို အမြစ်ကစ၍ သုတ် သင် ပစ် လိမ့် မည်။ ဤအတိုင်း ရုရှား နိုင်ငံတွင် ဆင်းရဲသားတို့သည်နိုင်ငံရေးတန်ခိုးအာဏာရပြီး၊ ဆင်းရဲသားအာဏာတည်ထောင်၍ ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်၍ နေလေပြီ။ တရုပ်ပြည်တွင်ရှိအချို့သောအရပ်များ၌လည်း ထို လုပ်ငန်း အစီ အစဉ် အတိုင်း ပြုလုပ်၍ နေ လသည်။

သို့သော်လည်း၊ တနေ့ရာကောင်း, တနယ်ကောင်းတွင်၊ ဆင်းရဲသားတို့၏လုပ်ငန်းသည်၊ အောင်မြင်သည်နှင့်မပြီးသေး၊ တကမ္ဘာလုံးအောင်မြင်မှသာ၊ ရည်မှန်းသလောက် အကျိုးကျေးဇူးရှိပေလိမ့်မည်။

ယခု လောလောဆယ် ဖြစ်ပျက်၍ နေသော ကမ္ဘာလောကကြီး၏ အခြေအနေကို ကြည့်သော်၊ တဘက်၌ နယ်ချဲ့သမား ဓနရှင်တို့ကြောင့်၊ ၎င်းတို့ နေထိုင်ကြသော တိုင်းပြည်များ၌ရှိသောဆင်းရဲသားများနှင့်လက်အောက်ခံနိုင်ငံများတွင်ရှိသော ဆင်းရဲသားတို့သည်၊ ဆူပူအောင်ဟစ်၍ နေကြလေသည်။ အခြား တဘက်ဖြစ်သော ဆိုဗီယက်နိုင်ငံ၌မူကား၊ ဆင်းရဲသား,အလုပ်သမား, လယ်သမားတို့သည်၊ ဓနရှင်စံနစ်ကို "ကြူပင်ခုတ်-ကြူငုတ်မှ မကျန်ရ" ဆိုသကဲ့သို့၊အမြစ်ကစ၍မြိုဖျက် ပြီးသျှင်ဆင်းရဲသားအာဏာတည်ထောင်၍၊ရှေးအခါကစီးပွားရေးအရ၊ အောက်တန်း အကျဆုံးသော နိုင်ငံကို၊ ကမ္ဘာပေါ်တွင် စက်မှု,လက်မှု, အထွန်းကားဆုံးသော နိုင်ငံ၏ ဘဝသို့ ပြောင်းလဲရုံသာမကလယ်ထွါးတို့၏ဦးပိုင်ပနံ့ ည်းများဖြစ်သောသယ်ယာများကိုလည်း၊အများပိုင်ပဋ္ဌည်းပြုလုပ်ပြီးလျှင်၊ရှေးကစံနစ်မျိုးဖြင့်မစိုက်ပျိုးတဲ၊ ခေတ်သစ်စက်များနှင့် စိုက်ပျိုးလေသည်။ ထို့ကြောင့် ရုရှာ. နိုင်ငံများတွင် နေထိုင်လျက်ရှိကြသော၊ အလုပ်သမား, လယ်သမားတို့၏စီးပွားရေးအခြေအနေသည်၊ များစွာ အထက်တန်းကျလေသည်။ အခြားနိုင်ငံများတွင်ရှိသော ဆင်းရဲသား အလုပ်သမား,လယ်သမားများ၏အခြေအနေနှင့် မနှိုင်းယှဉ်



အပ်ပေ၊၎င်းပြင်ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့ရေး ပြဿနာသည်လည်း၊ အခြားနိုင်ငံများကဲ့သို့မရှိချေ။ ရုရှားပြည်၏အနေအထားကို ကြည့်လျှင်၊ ထိုနိုင်ငံသည် ဓနရှင်များ၏ ချုပ်ချယ်ခြင်းကို ခံရသော။ ဆင်းရဲသား, အလုပ်သမား, လယ်သမားများရှိသော ဥရောပတိုက်နိုင်ငံများနှင့်နယ်ချဲ့သမားဓနရှင်ကြီးများ၏ဖိနှိပ်ခြင်းကို ခံနေရသော ပူမျိုးများနေထိုင်သည့်၊ အိန္ဒိယပြည်, တရုပ်ပြည်တို့နှင့် ဆက်စပ်၍နေလေသည်။ထိုကဲ့သို့ ဆက်စပ်၍၎င်း၊ နယ်ချဲ့သွားဓနရှင်တို့ ဖိနှိပ်ချုပ်ချယ်မှုကြောင့်၊ ဆင်းရဲသား အလုပ်သမား,လယ်သမားတို့၏ဝါဒသည် ရုရှားပြည်အယူဝါဒနှင့် တူညီနေ၍၎င်း၊ တဦးနှင့် တဦး ပိုမိုနီးစပ်၍ လာလေသည်။

တကမ္ဘာလုံးရှိ ဆင်းရဲသားတို့သည် ပေါင်းစပ်၍၊ ဓနရှင်စံနစ်ဆိုးကြီးကိုတိုက်ခိုက်သဖြင့်၊ ဓနရှင် စံနစ်ဆိုးကြီးပျက်စီးသွားပြီးလျှင်၊ ဆင်းရဲသား, အလုပ်သမား, လယ်သမားတို့၏ လက်သို့၊ နိုင်ငံရေးအာဏာများရောက်သော်၊ ထိုအာဏာများကို ဘာအတွက် သုံးစွဲနည်းဟု မေးရန် အမေးပုစ္ဆာတခုပေါ်ပေါက်၍ လာလေသည်။ဆင်းရဲသားအပေါင်းတို့ သည်၊ ပဌမဦးစွာ*ပဌမ ဆိုရှယ်လစ် ခေတ် (First phase of Socialism.) တည်ဆောင်ရမည်။ ထိုခေတ်တွင်၊ တိုင်းပြည်ကို ဆင်းရဲသား,အလုပ်သမား, လယ်သမားအာဏာရှင်အစိုးရနှင့်အုပ်စိုးရလိမ့်မည်။ ထို

*ယခုအခါ ရုရှားပြည်ကြီးသည် ပဌမဆိုရှယ်လစ်ခေတ်အတွင်းသာရှိသေးသည်။

သို့ပဋ္ဌမဆိုရှယ်လစ်ခေတ် တည်ထောင်ပြီး၍၊ ဓနရှင်စံနစ်ကြီးသည်မိုးစဉ်းမျှမရှိသည့်ပြင်၊ တိုင်းသူပြည်သားတိုင်း ချမ်းချမ်းသာသာနှင့် ဘေးဘယာကင်း၍ နေနိုင်ရန် စီမံဆောင်ရွက်နိုင်ပြီလျှင်၊ထိုသို့နေနိုင်ရန် တိုင်းသူပြည်သားတိုင်းတို့၏ တာဝန်ဝတ္တရားမှန်း၊ လူတိုင်း သိရှိနားလည်သောအခါပဋ္ဌမဆိုရှယ်လစ်ခေတ်ကြီးမှအထက်တန်းကျသောဒုတိယဆိုရှယ်လစ်ခေတ်ကြီးသို့ (Second phase of Socialism.)ပြောင်းလဲရန် တံခါးကြီးပွင့်သွားပြီးလျှင် ပဋ္ဌမခေတ်ကြီးနှင့်အတူ၊အစိုးရသည်လည်းလုံးဝပျောက်ကွယ်၍သွားလိမ့်မည်ဟုလီနင်ဆိုလေသည်။ ထိုအချိန်အခါတွင်၊ကမ္ဘာ့ပေါ်၌ ဓနရှင်နှင့်ဆင်းရဲသား၊ အုပ်စိုးသောလူနှင့်အုပ်စိုးခြင်းခံရသောသူ,ဟူ၍ ခွဲခြားခြင်း၊ ဓနရှင်တို့ထင်သလို ကိုယ်ကျိုးကိုကြည့်၍ကုန်စည်များကို ပြုလုပ်ခြင်း၊ ၎င်းနောက်အာဏာနှင့်အုပ်စိုးခြင်းစသည်တို့ပျောက်ပြီးလျှင်၊ လူတိုင်းလူတိုင်းတို့သည် လူတို့၏ တာဝန်ဝတ္တရားကိုသိ၍၊ တကမ္ဘာလုံး အလုပ်သမားနိုင်ငံကြီး ဖြစ်၍သွားလိမ့်မည်။



**အခန်း-၈။**

## ကမ္ဘာ့အရေးတော်ပုံ။

အလုပ်သမားများသည်လုပ်ခကြေးငွေကိုလျှော့ခံရ၍၎င်း၊ အားလပ်ရက်များကိုလျှော့ခံရ၍၎င်း၊ ခါတိုင်းထက် နာရီပို၍၎င်း၊ အလုပ်သမားများ၏ ဦးရေကိုလျှော့၍၎င်း၊ သို့တည်းမဟုတ်၊အခြားသောနည်းအမျိုးမျိုးတို့နှင့်ဖိနှိပ်ခြင်းခံရ၍၎င်း၊ ဓနရှင်တို့၏အပြုအမူကို မကြိုက်မနှစ်သက်သဖြင့်၊အလုပ်ရပ်စဲသောအခါ၊ ဆင်းရဲသားအလုပ်သမားတို့အားပုလိပ်ဌာန,တရားဌာန,စစ်ဌာနတို့သည်၊ မည်၍မည်မျှကူညီခြင်းမရှိဓနရှင်နှင့်ဓနရှင်တို့၏ပစ္စည်းကိုသာစောင့်ရှောက်ကာကွယ်လေသည်။ ဆင်းရဲသားတို့သည် မိမိတို့၏ပိုင်ဆိုင်သောအလုပ်များကို အခြားလူများလာ၍မလုပ်နိုင်ရန် တားနိုင်သောအခွင့်အရေးရှိပါလျက်၊ အကယ်၍တားသည်ရှိသော်၊ပုလိပ်တို့သည်ငြိမ်ဝပ်ပိပြားရေး ပျက်ကွက်သည်ဟု၍၊ထိုအလုပ်သမားအား ဘမ်းဆီးထောင်ချလေ့ရှိလေသည်။ထောင်၏သဘောသည်ကား၊ အကျင့်စာရိတ္တကိုပြုပြင်ရန်ဖြစ်လေသည်။

အလုပ်သမားတယောက်သည်၊ အကယ်၍ အလုပ်မှ အထုတ်ခံရ၍ သော်၎င်း၊သို့တည်းမဟုတ်၊ ကျန်းမာရေးကြောင့် အလုပ်မှ ထွက်ရ၍ သော်၎င်း၊ နေထိုင်လျက်ရှိသော အိမ်ခများကို မပေးနိုင်သည်ရှိသော်၊ အရာရှိတို့သည်အိမ်လခများရရန်၊အိမ်ရှိပစ္စည်းများကို တားဝရမ်းထုတ်၍ လေလံ တင်ရုံသာမက၊ အိမ်သားများကိုလည်း

ဓနရှင်အကျိုးငှာ၊အိမ်ပေါ်မှနှင်ချသေး၏၊၎င်းဖြင့် အလုပ်မရှိသေးသည့် အတောအတွင်း၌လည်း၊ မနေထိုက်, မရှိထိုက်, မလိုလားအပ် ထိုက်သော လူဟု ယူဆပြီးလျှင်၊မကြာခဏပုလိပ်အမှုထမ်းတို့သည်၊ ခိုးနိုးနိုး,တိုက်နိုးနိုး,လုနိုးနိုးသဘောနှင့်၊ အလုပ်လက်မဲ့အား လာ၍စစ်ဆေးလေ့ရှိလေသည်။နောက်ဆုံးတွင်ထိုလူအား ၁၀၉၊ ၁၁၀ ပုဒ်မအစရှိသည်တို့နှင့်ထောင်ချလေ့ရှိ၏။ သို့သော်လည်း ထိုလူသည်၊ကန့်သတ်ထားသောနှစ်ပြည့်တိုင်း၊ ဥပဒေပြုအမတ်ရွေးကောက်ပွဲတွင်မဲထည့်ရလေသည်။ ဤမဲသည်ကား ဆင်းရဲသားများအတွက်အသို့နည်း။

အစိုးရအဖွဲ့ကို ပြည်သူပြည်သားတို့သည်၊ ပြည်သူ့အမှုထမ်းအဖွဲ့ဟု ခေါ်ဆိုကြလေသည်။ သို့သော်လည်း၊ ထိုအဖွဲ့သည် စကားနှင့်မညီ၊ ဆင်းရဲသား အလုပ်သမားလယ်သမားများအား၊ တနေ့မပြတ် ဖိနှိပ်၍ နေသည်နှင့်တူလေသည်၊ထို့ကြောင့် အစိုးရသည်၊လူတတန်းစားကတတန်းစားအား ချုပ်တီးနိုင်ရန် ပြုလုပ်ထားသော စက်ကြီးဖြစ်သည်ဟုလီနင်ဆိုလေသည်။လောကတွင်အတန်းအစားခွဲခြား၍၊လူတို့သည် နေထိုင်ရသ၍ကာလပတ်လုံးစိုးမိုးရသောလူအတန်းအစားသည်၊ ၎င်း၏အကျိုးစီးပွားကို ထိခိုက်မည့် အဖိခံရသော လူအောက်တန်းစားများအားနှိမ်နင်းနိုင်ရန်၊စက်ယန္တရားကြီးနှင့်တူသော အစိုးရကို လက်ကိုင်ထားလေသည်။ စင်စစ်အားဖြင့် အစိုးရသည်ပဋိပက္ခဖြစ်၍နေသည့်၊လူအတန်းအစားခွဲခြားထားသော စံနစ်ဆိုးကြီးမှ ပေါက်ပွား၍ လာလေသည်။ ထို



ကြောင့်၊ အစိုးရရှိနေသမျှ ကာလပတ်လုံး၊ လူတတန်းစားနှင့်တတန်းစားသည်အမြဲတန်းပဋိပက္ခဖြစ်၍နေလိမ့်မည်မှာမလွဲပေ။

ရှေးပဝေဏီ အစိုးရ ဖြစ်ပေါ်လာသည့်နေ့မှ၊ နယ်ချဲ့အစိုးရဖြစ်ပေါ်လာသည့်နေ့အထိ၊အစိုးရတို့၏ အကြောင်းကိုစူးစမ်းသည့်ရှိသော်၊အစိုးရလုပ်ငန်းကို လုပ်ကိုင်၍နေသောလူတို့သည်၊ အများအားဖြင့် အထက်တန်းစား လူများသာဖြစ်ကြလေသည်။ ထို့ကြောင့်၊ ရှင်ဘုရင်နှင့် အုပ်စိုးသောအစိုးရဖြစ်လင့်ကစား၊ သို့တည်းမဟုတ်၊ သမ္မတမင်းနှင့် အုပ်စိုးသော အစိုးရ ဖြစ်လင့်ကစား၊ ထိုအစိုးရသည်၊ အထက်တန်းစားလူတို့၏ (ကျွန်ပိုင်ရှင်များ, နယ်စားမြို့စားများ,မြေပိုင်ရှင်များ,ဓနရှင် ကုန်သည်ကြီးများ) အခွင့်အရေးနှင့်အကျိုးကိုသာကာကွယ်လေသည်။

ဓနရှင် တို့သည်၊ နေရာ တိုင်း၌ ဆိုသလို ဒိမော်ကရေစီနည်းအရ ပြုလုပ်သော ဥပဒေပြုအဖွဲ့နှင့် အစိုးရကို Parliamentary Democracy.တည်ထောင်လေသည်။ သို့သော်လည်း၊ တိုင်းပြည်တရပ်၌ရှိသော တိုင်းသူပြည်သားတို့၏ အခွင့်အရေးနှင့်၊ အခြား တိုင်းပြည်တွင် ရှိသောအခွင့်အရေးတို့သည် ခြားနားလေသည်၊အချို့သော တိုင်းပြည်တွင်နည်း၍ရလေသည်။အချို့သော တိုင်းပြည်များတွင်ကား၊အတော်အတန်ရကြ၏။ဗမာပြည်ကို အင်္ဂလန်ပြည်ကဲ့သို့ ဒိမော်ကရေစီ နည်းအရ တည်ထောင်သောဥပဒေပြုအဖွဲ့နှင့်အုပ်စိုးသည်ဟုဆိုကြလေသည်စင်စစ်မှာများစွာကွဲပြားခြားနား၍နေလေသည်။

ဓနရှင်တို့၏ ဒီမော်ကရေစီ နည်းစံနစ် သည်လည်း၊ တန်းတူရေး(Equality.)ကို အဓိကထားလေသည်။ သို့သော်သည်း၊ ဓနရှင်များလွှမ်းမိုးသော တိုင်းပြည်များတွင် ကွဲပြားခြားနား၍နေသော ဘာသာတိုင်းသည်၎င်း၊ လူမျိုးတိုင်းသည်၎င်း၊ ဒီမော်ကရေစီ နည်းစံနစ်အရ၊ အပြောအားဖြင့်သာ၊ အခွင့်အရေးကို တန်းတူ ခံစားကြရလေသည်။ ဥပဒေ သည်လည်း၊ မျက်နှာကြီး မျက်နှာငယ် မလိုက်ဘဲ၊ ဆင်းရဲသားဓနရှင်အားလုံးဘို့အပေါ်၌ အတူပင်ဖြစ်သည်ဟူ၍၎င်း။ လူတိုင်း-တိုင်းပြည် အုပ်ချုပ်ရေးတွင်ဝင်ရောက်၍ စွက်ဖက်နိုင်သော အခွင့်အရေးရှိသည်ဟူ၍၎င်းဆိုကြလေသည်။ သို့သော်သည်း စင်စစ်အားဖြင့် ထိုသို့သောတန်းတူရေးသည်စကားမျှသာဖြစ်လေသည်။ ဓနရှင်စံနစ်ကြီး တည်နေသမျှ ကာလပတ်လုံး၊ တကယ့်တန်းတူရေးမရှိနိုင်ချေ။မိန်းမနှင့် ယောကျ်ားများပင်လျှင် တန်းတူရေးမရကြပေ။ ဥပမာ ဥပဒေပြုအဖွဲ့ဝင်ရွေးကောက်ရေးတွင် မိန်းမများသည် ယောကျ်ားများကဲ့သို့ တန်းတူမဲပေးနိုင်ခွင့်မရှိ၊ယောကျ်ားတိုင်းပင်လျှင်သည်း။အခွင့်အရေးတန်းတူမရကြချေ။အခွင့်အရေးဆိုသောစကားသည် ငွေပေါ်၌သာ တည်ရှိလျက် နေလေသည်။ ငွေရှိသောလူသည်သာလျှင်၊အခွင့်အရေးကိုရလေသည်။ငွေရှိသော လူသည်၊ ဥပဒေပြုအဖွဲ့ တင်မြှောက်ရေး၌၎င်း၊ ရင်ကျာနယ်ပယ်ပြုပြင်ရေးအဖွဲ့တင်မြှောက်ရေး၌၎င်း၊ မဲပေးနိုင်လေသည်။ ထိုအဖွဲ့များ အတွင်းသို့လည်း ဝင်ရောက်နိုင်လေ



သည်။ ဥပမာ-ဗမာပြည်၌* ငွေ ၁၀၀ိ မဆောင်နိုင်သောလူသည်၊အောက်လွှတ်တော်သို့ဝင်၍ မဆောင်ရွက်နိုင်ချေ။ ထိုနည်း တူစွာ အမြတ်တော်ကြေး ငွေ ၁၀၀၀ိ မပေးဆောင်နိုင်သောလူသည် အထက်လွှတ်တော် (Senate.) သို့မဝင်နိုင်ပေ။အခြားကန့်သတ်ထားသောအရည်အချင်းတွေသည်း မြောက်မြားစွာ ရှိသေးသည်။ ဓနရှင်လက်အောက်တွင် အက်ဥပဒေအရ၊ အစိုးရ ထောက်ပံ့နေရသော ဘာသာသည်လည်း၊ရှိနေသမျှ ကာလပတ်လုံး၊အမျိုးမျိုးသောဘာသာများသည်အခွင့်အရေးတန်းတူခံစားရသည်ဟုမဆိုနိုင်ချေ။ ဓနရှင်စံနစ် လက်အောက်တွင် လူမျိုးတိုင်းသည်း အခွင့်အရေးညီတူညီမျှမရကြပေ။ ထိုကဲ့သို့ မရကြခြင်းကို လက်အောက်ခံနိုင်ငံများတွင် နေထိုင်ကြသော လက်အောက်ခံ နိုင်ငံသူနိုင်ငံသားများပိုရိ၍ သိကြလေသည်။

ပဋိပက္ခဖြစ်၍နေသော လူအတန်းအစား နှစ်မျိုးတည်ရှိနေသမျှ ကာလပတ်လုံး ဓနရှင် စံနစ်ကြီးသည် ဒီမော်ကရက်တစ် စံနစ်အရ ခေါ်တွင်နေသော "တန်းတူရေး" စကားကို ရည်သည့်အခါမှ အသိအမှတ် မပြုနိုင်ချေ။ ၎င်းဖြင့် မသည့်မျှသည်း၊ထိုစကား၏ အဆီအနှစ်အရသာကို မခံစားနိုင်၊သို့သော်သည်း အချို့သောလူတို့သည်ဓနရှင်တို့၏ဒီမော်ကရေစီနည်းစံနစ်လက်အောက်တွင် မြို့စား, ရွာစားစံနစ်၏ လက်အောက် မှာထက်၊ လွတ်လပ်ရေး၏

*အင်္ဂလန်ပါလီမန်သို့ ဝင်ရန်လည်း လူတယောက်လျှင် ပေါင် ၁၅၀-တင်ရလေသည်။

အရှေ့သာကို ပိုမိုခံစားရသည် ဟူ၍ရင်း၊ အကယ်၍သာ "ကားလ်မတ်စ်"ပြောသည့်အတိုင်း၊ လူတတန်းစားနှင့် တတန်းစားတို့သည် အလွန်ဆန့်ကျင်ဘက်ဖြစ်၍နေလျှင် ဓနရှင်တို့သည် လက်ရှိတန်းတူ ခံစားခွင့်ကလေးကို ပင် မပေးဘဲ၊ပိုမို၍ယခုထက်တန်ခိုးကြီးသောအာဏာလက်နက်တို့နှင့်ရင်းတို့၏အကျိုးစီးပွားကိုကာကွယ်မည်ဟူ၍ ရင်းပြောဆိုကြလေသည်။စင်စစ်ထိုပုဂ္ဂိုလ်တို့သည်ကားတကယ်တန်း ဖြစ်ပျက်နေသော အကြောင်း ခြင်းရာများကိုမသိကြပေ၊

မြို့စားနယ်စားစံနစ် နှင့် ဓနရှင်စံနစ်တို့သည် တဦးနှင့် တဦးအတိုက်အခံဖြစ်၍နေရာလုနေသည့်အခါ၊ လူတိုင်းအားလွတ်လပ်စွါဥစ္စာပစ္စည်းကိုတန်းတူပိုင်ဆိုင်နိုင်သော အခွင့်အရေးပေးရမည်ဟု ဓနရှင်ပေါက်စများကတောင်းဆိုကြလေသည်။ ထိုသို့တောင်းဆိုချက်ကိုရရန် နယ်စားမြို့စားစံနစ်နှင့်မိုးမိုးအုပ်ချုပ်နေသောအစိုးရကိုတိုက်ခိုက်ရာတွင်၊ လယ်သမားများ အလုပ်သမားများ၏ အကူအညီကို တောင်းယူ ရလေသည်၊ နယ်စား မြို့စားစံနစ်နှင့်အုပ်ဖုံးသောအစိုးရသည် ကွယ်ပျောက် ပြီးသည့်နောက်၊ ဓနရှင်တို့သည်လူတိုင်း လွတ်လပ်စွာဥစ္စာပစ္စည်းကိုတန်းတူ ပိုင်ဆိုင်ခွင့် ပေးသော ဥပဒေ ( Law recognising the freedom and equality of property. ) နှင့် ပစ္စည်းဥစ္စာမရှိသော လူများနှင့် နယ်စားမြို့စား တို့သည် ပစ္စည်းဥစ္စာကို တိုက်ယူခြင်းမှ ကာကွယ် သောဥပဒေ (Law protecting against the attacks from either the feudal class and from the propertyless class.)ကို အခြေထား၍ အစိုးရသစ်ကို ဖန်တီးကြလေသည်၊ ထိုသို့အစိုးရသစ်ကို ဆင်းရဲသား အလုပ်သမား၊ လယ်သမားများ၏အကူအညီနှင့်ပြုလုပ်ရသဖြင့်၊ ဓနရှင်စံနစ်အရပေါက်ဖွားလာသော ဆင်းရဲသားများအား ပဋ္ဌမ ဥပဒေမျိုးကိုခံစားခွင့်ပေးလေသည်။ သို့သော်လည်း၊ ထိုကဲ့သို့ အခွင့်အရေး ဆင်းရဲသား များအား ပေးခြင်းသည် ပြောရရုံမျှသာဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ယခုခေတ် ဓနရှင်များ၏ လက်တွင်းတွင်ဆင်းရဲသား အလုပ်သမား၊လယ်သမားများအား၊အချိန်အခါမရွေးဖိနှိပ်နိုင်သော လက်နက်ကြီးသာများကို ထား၍ သောကြောင့်တည်း၊



ဓနရှင်တို့၏ ဒိမော်ကရေစီ နည်းစံနစ် အောက်တွင် ဘည် ရှိ နေ သော လွတ် လပ် စွာ ပုံ နှိပ် ရေး လွတ် လပ် စွာ ဟော ပြော ရေး၊ လွတ် လပ် စွာ စည်း ဝေး ရေး Freedom of press; freedom of speech; freedom of meeting တို့၏အခြေအနေကိုကြည့်ကြဦးစို့။

၁။ လွတ်လပ်စွာပုံနှိပ်ရေး, ဓနရှင်စံနစ်လက်အောက်တွင်သတင်းစာများနှင့်ပုံနှိပ်စက်တို့သည်အများအားဖြင့် ဓနရှင်တို့သာ ပိုင်ဆိုင်ကြလေသည်။ တခါတရံ ဆင်းရဲသားအလုပ်သမား၊လယ်သမားတို့သည့်လည်း၊မူးရပဲရ၍ရင်းတို့၏ဝါဒကိုဖြန့်ချိရန် သတင်းစာအချို့နှင့် ပုံနှိပ်စက်အချို့တို့ကို တည်ထောင် ကြလေသည်။ ကားလ်မတ်စ်ထိန်တို့ပင်လျှင်၊ ရင်းတို့စာအုပ်စာတမ်းများကို ဆင်းရဲ

သားများ ဘတ်စိမ့်သော၄င်း၊ ပုံနှိပ်ရန် အားထုတ်ကြလေသည်၊ သို့သော်လည်း များစွာ အခက်အခဲနှင့် တွေ့ကြုံကြရလေသည်။ ယခု ဘက်တိုင်အချို့ဒေသများ၌၄င်းတို့၏စာအုပ်များကို ပိုင်ဆိုင်ခြင်း၊ ဘတ်ခြင်း တို့သည် ရာဇဝတ်မှုကိုကျူးလွန်သည်နှင့်မခြားနားပေ။ သို့သော်လည်းဓနရှင်တို့သည် ဆင်းရဲသား အလုပ်သမား လယ်သမား တို့၏ ကြွေးကြော်သံကို လုံးလုံး ပျောက်ကွယ်ရန် မတတ်နိုင်ကြချေ၊ ထို့ကြောင့် ဓနရှင်တို့သည် ဆင်းရဲသားတို့၏ ကြွေးကြော် အော်ဟစ်သံတို့ကို ပျောက်စိမ့်သော၄င်း လူ့စိတ်သဘောကို နှစ်သိမ့်မွေ့လျော်စေသည့် စာမျိုးကိုဖြန့်ဖြူးကြလေသည်။

၂။ လွတ်လပ်စွာ ဟောပြောရေး၊ လွတ်လပ်စွာ ဟောပြောရေးကိုလည်း သတင်းစာနှင့် ပုံနှိပ်စက်များကဲ့သို့ ဓနရှင်စံနစ်ကြီး၏ လက်အောက်တွင် များစွာ ချုပ်ချယ်၍ ထားလေသည်။ ဓနရှင်စနစ်ကို ထောက်ခံအားပေးသော၊ အဟောအပြောများကိုသာ၊ ဓနရှင်နှင့်ဓနရှင်စံနစ်ကိုအားပေးနေသောလက်ပါးစေ ကိုယ်စားလှယ်များတို့သည် အားပေးကြလေသည်။ ထိုတရားမျိုးကိုဟောမည်ဆိုလျှင်၊ နေရာမရွေး၊ အချိန်မရွေးဟောပြောရန်အခွင့်ပြုကြလေသည်၊ ထိုပြင်တဝ ဓနရှင်တို့ ကြီးပိုးသော သတင်းစာများက၄င်း၊ အသံလွှင့်စက်များက၄င်း။ ထိုတရားကိုရေးကြီးခွင့်ကျယ် လုပ်၍ ရေးကြ၊ လွှင့်ကြလေ၏၊ အကယ်၍သာ ဓနရှင်စံနစ်ကိုအားမပေးရန်၊ တိုက်ဖျက်ရန် ဟောပြောလိုသော် များစွာပင် ခဲယဉ်းလေသည်၊ ဟော



ပြောဖြန့်လျှင်လည်း ဟောသောလူများအား၊ အမျိုးမျိုး အပြစ်ရှာပြီးလျှင် ချုပ်ချယ်ထားလေသည်။ ထို့မှတပါး လူတို့၏ဆန္ဒကို ပြသသော ရုပ်ရှင်ကား အစရှိသည် တို့ကိုလည်းများစွာချုပ်ချယ်ထားလေသည်။ ဥပမာ(Mother) storm over asia.စသောဓာတ်ကားများကိုအချို့တိုင်းပြည်များတွင်ပြသခွင့်မပြုချေ။

၃။ လွတ်လပ်စွာ စည်းဝေးရေး။ လွတ်လပ်စွာပုံနှိပ်ရေး၊ ဟောပြောရေး ဆန္ဒပြရေးတို့သည်၊ ဓနရှင်စံနစ်လက်အောက်တွင် နာမည်သာရှိသကဲ့သို့၊ လွတ်လပ်စွာ စည်းဝေးရေးသည်လည်း ကြားသာ ကြားဘူး ကြလေသည်။ ဓနရှင်စံနစ်လက်အောက်တွင် တကယ်တမ်းမရှိနိုင်ချေ။ အကယ်၍လူသူလေးပါး ပါဝင်နိုင်သော ကွင်းပြင်များ၌၄င်း။ လမ်းဆုံများ၌၄င်း၊ အစည်းအဝေးပွဲများ ပြုလုပ်လိုသည် ရှိသော်၊ ဆိုင်ရာ၌ ထိုကဲ့သို့ စည်းဝေးလိုကြောင်း နှင့် ခွင့်ပန်ကြားရ လေ သည်။ အခွင့် ပေးခြင်း၊ အခွင့် ပယ်ခြင်းတို့ သည် သူတို့ ၏ အပေါ်၌ သာ တည်ရှိလေသည်။ အကယ်၍ အစည် အဝေးပွဲများပြုလုပ်ဖြန့်လျှင် လည်း၊ ထိုအစည်းအဝေး များ တွင် ပုံထောက်ဘက်ဌာနနှင့်ပုလိပ်ဘက်ဌာနများမှ လူများကို အစည်းအဝေး၏အကဲကိုခတ်ရန်နှင့်၊ အစည်းအဝေးတွင် ပြောသောစကားများကို ဓနရှင်ကြီးများ ကြားသိရန်စေလွှတ်ထားလေသည်။ အစည်းအဝေးပွဲသို့ရုံဘော်များနှင့်ပုလိပ်များကိုလွှတ်ခြင်းသည်ဆင်းရဲသားအလုပ်သမားလယ်သမားများအား ခြိမ့်လှန့်သည်နှင့်တူလေသည်။ ထိုမျှနှင့် မပြီး

သေးအစည်းအဝေးကိစ္စနှင့်ပတ်သက်၍ပုလိပ်ဘက်ဌာန သို့အာဏာတန်ခိုးများကိုပုံ၍လွှဲအပ်ထားလေသည်။ဤကဲ့ သို့အာဏာများနှင့် ပတ်သက်၍ အင်္ဂလန်ပြည်တွင် ဆူပူ ရေး ၁၉၃၄-ခုနှစ်၊ဇွန်လ-၁၄-ရက်နေ့၌ ပါလီမန်အစည်း အဝေးပွဲတွင် ပြည်ထဲရေးအတွင်းဝန်က ဖြေရှင်းသည်မှာ ဥပဒေအရ၊ အစည်းအဝေးပွဲကို စီမံဆောင်ရွက်သော ပုဂ္ဂိုလ်များ၏ သဘောတူညီချက်မရဘဲနှင့်၊ ပုလိပ်များ သည်တရားပွဲအတွင်းသို့ ဝင်ခွင့်မရှိချေ။အကယ်၍ဝင်လို လျှင်လည်း အစည်းအဝေးပွဲသည် ငြိမ်သက်ပိပြားရေး ကိုပျက်ဆီးမည်ဟု အယူရှိသဘောပိုက်မှသာ ဝင်ရမည် ဤကဲ့သို့ပြော ပြီးသည့်နောင်၊၁၉၃၄-ခုနှစ်၊ အောဂုတ်လ ၁၇-ရက်နေ့တွင် Incitement to disaffection bill. ခေါ် ဥပဒေကြမ်းကို ကန့်ကွက်ရန် ဝေလနယ်တောင်ပိုင်း တွင် အစည်းအဝေးပြုလုပ်ရာ၊ပုလိပ်အရာရှိများ အစည်း အဝေးသို့ ဝင်မည်ဟုပြုလုပ်သဖြင့်၊ တံခါးပေါက်စောင့် ကမဝင်နိုင်ကြောင်းပြောသဖြင့် စကားများကြသည်တွင် ဟောပြောမည့် ပုဂ္ဂိုလ်နှင့် သဘာပတိတို့က၊ မဝင်နိုင် ကြောင်းပြောပြန်ရာ၊အတော်ဘယောက်နှင့် တယောက် မကျေမနပ်ဖြစ်၍သွားကြ၏။ တရားပွဲကားမည်သို့မျှ လှုပ် ရှားခြင်းမရှိချေ။ တာဝန်ခံပုဂ္ဂိုလ်များသည်သည်း မခံ မရပ်နိုင်သဖြင့် ပြည်ထဲရေးဝန်၏ ဖြေရှင်းချက်အရ၊ ထို ပုလိပ်အားဘရေ့စွဲရာ၊တရားသူကြီးသည် ပုလိပ်အရာရှိ များ မည်သည့်တရားပွဲသို့မဆို အကြည်ညိုပျက်စေမည့် တရားများကိုဟောခြင်းမှ ကာကွယ်နိုင်ရန်၊ဝင်နိုင်တွက်



နိုင်သည်ဟု ဆုံးဖြတ်ပြီးလျှင် စွဲဆိုခြင်းကို ပယ်လိုက်လေ သည်၊

ထို့ကြောင့် အချို့သောနိုင်ငံရေးသမားတို့က၊ ဒီမော် ကရေစီ နည်းအရ၊ပြုလုပ်သော ဥပဒေပြုအဖွဲ့နှင့်အုပ်စိုး သောနည်းစံနစ်သည်၊ဝင်စစ်လက်ရှိဓနရှင်စံနစ်ကြီးတည် တန့်ရေးတည်တန့်ကြောင်းအတွက်ပြုလုပ်သောအစိုးရစက် ယန္တယားကြီးကို မထိခိုက်မပျက်စီးရန်ကာကွယ်သည့် စံနစ်ကြီး ဖြစ်သည်ဟု ဆိုကြ၏၊ ထိုစက်ယန္တယားကြီး ပျက်စီးလျှင် ဒီမော် ကရေစီနည်း ပြုလုပ်သော ဥပဒေပြု အဖွဲ့နှင့်အုပ်စိုးသည့် နည်းစံနစ်ကြီးတို့သည်သည်း ပျက် စီး၍သွားပေလိမ့်မည်၊ ထို့ကြောင့်ဓနရှင်တို့ပြုလုပ်သော ဒီမော် ကရေစီစံနစ်သည်၊ ဓနရှင်တို့၏ အကျိုးစီးပွားကို ကာကွယ်စေခြင်းငှါ လုပ်တန်းစားနှိမ်နင်းရန်ပြုထားသော စံနစ်ဖြစ်လေသည်။

ဓနရှင်စံနစ်ကြီးသည်ရှေးကနှင့်မတူတော့ဘဲ၊ဓနရှင် အချင်းချင်းပြိုင်ဆိုင်မှုကြောင့် .တဦးတယောက်ကောင်း စားရေးစံနစ်( Monopoly capitalism )ဘ သို့ပြောင်း သွားသဖြင့်။ ကမ္ဘာ့ပေါ်တွင် အလုပ်လက်မဲ့ပေါများခြင်း၊ ဓနရှင်တိုင်းပြည်အချင်းချင်း၊ လောဘဇောကြောင့် စစ် မက်အင်္ဂါဖြစ်နည်းအရိပ်နိမိတ်များ ထူးပြောလာခြင်း။ထို စစ်ဖြစ်ရန် အရိပ်နိမိတ်တို့ကြောင့် ကာကွယ်တိုက်ခိုက် ရန်အလို့ငှါစစ်ဘက်ဌာနများတွင်ဆထက်ဘန်တိုးစရိတ် များပိုမို၍ အသုံးပြုကြခြင်း။ဆင်းရဲသားတို့သည် ဓနရှင် တို့လောဘဇောကြောင့် နေရေး, ထိုင်ရေး, စားရေး,

သော်ရေး,ကြပ်တည်းကျဉ်းမြောင်းသဖြင့်၊ ဓနရှင်တို့အား တော်လှန်ရန် ကြံစည်ကြခြင်း အစရှိသည့် တို့ကြောင့် ဓနရှင်တို့သည် ၎င်းတို့အားအဘက်ဘက်မှဘေးအပေါင်း ရန်အပေါင်းခြံရံလျက်ရှိသဖြင့်၊ ၎င်းတို့၏ အခြေအနေကို ခိုင်မြဲစေရန် ၎င်းတို့၏သက်နက်များဖြစ်သော ပုလိပ်ဘက် ဌာန၊အကျဉ်းထောင်ဌာန၊ စစ်ဘက်ဌာန၊ တရားရုံးဌာန တို့အပေါ်တွင် ရှေးကထက်ပိုမိုသုံးစွဲကြလေသည်။ ထို့ပါ သော်လည်း ဆင်းရဲသားအလုပ်သမား လယ်သမားများ သည်ကား ပိုမို၍ ဒုက္ခသောင်းကြမ်းလာ၍၊မည်သူမျှတား ဆီး၍မရနိုင်ချေ။

ဤကဲ့သို့ ဖြစ်ခြင်းသည်ဓနရှင်စံနစ်ကြီးပျက်စီး ယို ယွင်းမည့် အရိပ်နိမိတ်များကိုပြခြင်းဖြစ်လေသည်။ ပျက် စီးမည်အချိန်သို့ ရောက်သဖြင့် မပျက်စီးရန် နည်းအမျိုး ဆေးအမျိုးနှင့် ဓနရှင်တို့သည် ကာကွယ်ကြရေ၊ ထိုသို့ ကာကွယ်သော စရိတ်တို့ကြောင့် ဆင်းရဲသားအလုပ် သမား-လယ်သမားတို့၏ စီးပွားရေးကိုသာလျှင် ထိခိုက် သည်မဟုတ်။ လူလတ်တန်းစားများ ဖြစ်သော ဆိုင်ရှင် ကလေးများ၊ ပွဲစားများ၊ ကုန်သည်ကလေးများ၊ ပညာ တတ်အလုပ်သမားများ၊အရာရှိငယ်များ၊ ကျောင်းဆရာ များ၊ ရှေ့နေဝတ်လုံများကိုပါ ထိခိုက်လေသည်။ ထို့ ကြောင့်ရှေးအခါက၊စီးပွားရေးလမ်းဖြောင့်နေသဖြင့် နိုင်ငံ ရေးကို စက်ဆုတ် ရွံရှာခဲ့သော လူလတ်တန်းစားတို့သည် ဆင်းရဲသားအပေါင်းတို့နှင့် ရောယှက်ပြီးလျှင် နိုင်ငံရေး နယ်အတွင်းသို့ ဝင်ရောက်၍ ဆူပူကြလေသည်။



ဖိနှိပ်ခြင်းခံရကြောင်းကို သိရှိနားလည်သော ဆင်းရဲ သားများ၊ အသိတရားနည်းပါးသော်လည်း၊ နောက်ဆုံး တွင်မခံမရပ်နိုင်အောင်ဖိနှိပ်သဖြင့်နိုးကြားလာသောဆင်း ရဲသားများလူညွန့်ဖူးစား၍နေသောလူလတ်တန်းစားများ ၏သုံးဦးသားတို့သည်ပေါင်းစပ်၍တပြိုင်တည်းဆူပူအော် ဟစ်ကြသောအခါ၊ ဒီမော်ကရေစီနည်းနှင့်ပါလီမန်ကိုဖွဲ့ စည်း၍အုပ်ချုပ်သောစံနစ်သည်ဓနရှင်တို့၏ကိုယ်ကျိုးနှင့် အတော်အတန်ဖီလာကန့်လန့်ဖြစ်နေလေသည်။ ဤကဲ့သို့ ဖြစ်ရခြင်းသည်၊လွတ်လတ်စွာ ရွေးကောက်တင်မြှောက်နိုင် သော အခွင့်အရေးနှင့် ပါလီမန် (ဥပဒေပြုအဖွဲ့)တို့က လက်ရှိလူတို့၏အခြေအနေကို ပြောင်းလဲနိုင်သောကြောင့် မဟုတ်ပေ။ပြောင်းလဲနိုင်ရန် ၎င်းတို့သည် ဤအချိန်ဤအ ခါ၌ မစွမ်းဆောင်နိုင်ကြောင်းကို လူတိုင်းသိရှိနားလည် ကြသောကြောင့် ဖြစ်လေလည်း၊ သို့ဓနရှင်တို့ စီမံထား သော ဒီမော်ကရေစီ နည်းစံနစ်သည် ဆင်းရဲသားများ အား အခွင့်အရေး ပေးအပ်ထိုက်သလောက် မပေးငြား သော်လည်း၊ထိုစံနစ်အရ ထိုကဲ့သို့သော အချိန်အခါ၌ ဆင်းရဲသားတို့သည် ဓနရှင်စံနစ်ကြီးကို တိုက်ခိုက်ပျက် ဆီးရန်ဆင်းရဲသားအချင်းချင်း သွေးစည်းနိုင်သောအခွင့် အရေးနှင့် လူလတ်တန်းစားများအား ဆင်းရဲသားတို့၏ ဘက်သို့ပါရန် သွေးဆောင်နိုင်သော အခွင့်အရေးတို့ကို အနည်းငယ်ရလေသည်။ ၎င်းပြင် ရှေးကကဲ့သို့မဟုတ်မူ ၍၊ဒီမော်ကရေစီနည်းအရ၊ ဖွဲ့စည်းထားသော ဌာနများ

ကလည်း၊ နေရှင်တို့သည်ဆင်းရဲသားများအပေါ်၌ လက်ဝါးကြီးအုပ်ခြင်းတို့ကို ဈေးကကဲ့သို့ လူအများမသိရန် မဖုံးအုပ်နိုင်ချေ။

နေရှင်တို့သည် ထိုကဲ့သို့သော ဘေးအပေါင်းကို မြင်သဖြင့်၊မည်၍ မည်မျှပင်နေရှင်အချင်းချင်းပြိုင်ဆိုင်မှုတွေ့ကြောင့်၊ကွဲပြားခြားနား၍နေသော်လည်း၊ တစ်အားသ၍ ရင်ဘောင်တန်းပြီးလျှင် ဆင်းရဲသားအလုပ်သမား, လယ်သမားအစည်းအရုံးများကို ဖြိုဖျက်၍၎င်း၊ ခေါင်းဆောင်များကို ငွေအားဖြင့် ဝယ်ယူ၍၎င်း၊ ဆင်းရဲသား တို့၏အားကို ဖျော့ရဲဖြစ်ရန် ပြုလုပ်ကြလေသည်။ နေရှင်တို့၏ဝယ်ယူခြင်းကိုခံရသော ခေါင်းဆောင် တို့သည်လည်း၊ ဆင်းရဲသား အလုပ်သမား လယ်သမားများ၏အရေးအတွက်၊အကြမ်းနည်းနှင့် နေရှင် စံနစ်ကြီးကို တိုက်ဖျက်ခြင်းငှါမထတ်နိုင်ကြောင်း၊ လူတိုင်းလူတိုင်း ပေါင်းစပ်၍ တရေးဥပဒေအရ၊ နေရှင်စံနစ်ကြီးအား အများကောင်းကျိုးကို မြှော်ကိုး၍၊တဖြည်းဖြည်းတစစ ပြောင်းလဲမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်းစသည့် တရေးများကိုနေရာတကာပြောပြပြီးလျှင် တကယ်တန်းအချိုးကြေကြေ အခြေခံနှင့်ခေတ်ပြောင်းရေးကို ယုံကြည်သောဆင်းရဲသားများအား၊ဆင်းရဲသားတို့၏ ရန်သူသဘွယ်မှတ်ထင်ရန်ပြုလုပ် ကြလေသည်။ ထိုနည်းအားဖြင့် ဆင်းရဲသားတို့သည် မသိနားမလည်၍ လူမသမာတို့၏ ဖြားယောင်းခြင်းနားလှည့်ခြင်းတို့ကို ခံရကြ လေသည်။ အစိုးရ တို့သည်လည်း၊ထိုလူများနှင့်ပေါင်းစပ်၍ စည်းကမ်းရှိရမည်။စံနစ်



ရှိရမည်၊ အာဏာရှိရမည် စသည့်စကားလုံးများကို တွင်တွင်သုံး၍ဆင်းရဲသားအပေါင်းအား အမျိုးမျိုးဘိနှိပ်ချုပ်ချယ်လေသည်။ နိုင်ငံတိုင်းတွင် ရှိသော ဆင်းရဲသားတို့၏အရေးတို့၏ အခြေအနေကို ကြည့်သောအခါ၊ အကယ်၍ ဆင်းရဲသားအလုပ်သမား,လယ်သမားအပေါင်းတို့သည်၊ ရပေါင်းညီညာခြင်းမရှိဘဲ၊နေရှင်တို့၏ ဘိနှိပ်ခြင်းကိုပြန်လှန်၍မတွန်းပြန်နိုင်သော်၊ နေရှင်တို့သည်မင်းသားခေါင်းနှင့်တူသော ဒီမော်ကရေစီစံနစ်ကိုပယ်၍၊ ဆင်းရဲသားအလုပ်သမားလယ်သမားတို့အားနှိပ်စက်ကြကြောင်းကို တွေ့ရလေသည်။

နေရှင်စံနစ်သည်၊ ကမ္ဘာပေါ်၌ ပေါ်ပေါက်၍လာရန် မြို့စား နယ်စားတို့နှင့် အုပ်စိုးသော စံနစ်ကြီးကို၊ နေရှင်များဖြစ်မည့်ကုန်သည်ဘုတ်တို့သည်၊ ဆင်းရဲသားများနှင့် ပူးပေါင်း၍၊ အတင်းအဓမ္မ တိုက်ဖျက်ခဲ့ရလေသည်။ ပြင်သစ်သူပုန်ကို ကြည့်လျှင် ထင်ရှားလေသည်။ သာယာဖြည့်ညွှင်းစွာ ဖြားယောင်း ပြောဆို၍၊ နေရှင်စံနစ်သို့ ပြောင်းလဲခဲ့ရသည် မဟုတ်ပေ။ ထို့ကြောင့်၊ နေရှင်စံနစ်သည်၊ ကနဦးကစ၍ အတင်းအဓမ္မမှုနှင့် ဒုမ္မဖြစ်ချခဲ့ရကြောင်းထင်ရှားသည့်ပြင်၊ နေရှင်စံနစ်ကြီးသည်၊ ယနေ့တိုင် မယိမ်းမယိုင် တည်တန့်ခိုင်မြဲရန်၊ အတင်းအဓမ္မမှုများဖြစ်သော၊စစ်တပ်,ပုလိပ်တပ်,ထောင်,ရုံးတို့နှင့် ကာကွယ်ထားသည်မှာလည်း၊မျက်မြင်ဒိဋ္ဌပင် ဖြစ်လေသည်။ နေရှင်စံနစ်ကြီး ပြောင်းလဲရန်လည်း၊ နေရှင်တို့ ဖန်တီးသော ဒီမော်ကရေစီနည်းစံနစ်အရ တည်ထွင်သောဥပဒေ

ပြုအဖွဲ့တွင်ဝင်ရောက်ထမ်းဆောင်သောနည်းနှင့် မရနိုင်ချေ။ ထိုနည်းကိုယုံကြည်အားကိုးသောလူတို့သည်၊ လကိုလိုချင်သဖြင့်၊ လအား ပေးစိုက်ကြည့်၍ ငိုယိုတမ်းတနေသောသူငယ်နှပ်စား ကလေးနှင့်တူလေသည်။ ဓနရှင်တို့၏အားဖြစ်သော၊ ခေတ်ပေါ်စက်သေနတ်, စက်အမြောက်, သံချပ်ကာ မော်တော်ကား, ၁၈-လက်မ အဝန်းရှိသော အမြောက်ကြီးများ တပ်ဆင်ထားသောစစ်သင်္ဘော, တနာရီလျှင်မိုင် ၅၀၀-ထက်မနည်းပျံသန်းနိုင်သော၊ ဗုံးတင်လေယာဉ်ပျံ တို့သည်၊ မည်မျှ ကြီးကျယ်သည်, မည်မျှ ကောင်းသည်ကို၊ လူတိုင်းပင်သိလေသည်။

သို့သော်လည်း၊ ဓနရှင် နယ်ချဲ့သမား စံနစ်ကြီး၏ လက်ငင်းအခြေအနေကိုကြည့်ခြင်းအားဖြင့်၊ (၁)နယ်ချဲ့သမားတို့၏နိုင်ငံများ၌၊ ဆင်းရဲသား အလုပ်သမား လယ်သမားတို့သည်၊ ဓနရှင်တို့အား အမြဲတစေ တော်လှန်၍နေခြင်း။ (၂)နယ်ချဲ့သမားတို့၏ လက်အောက်နိုင်ငံများတွင် ကျွန်တွင်း၌နစ်နေသောလူများသည်၊ နယ်ချဲ့သမားများ၏ လက်အောက်မှ လွတ်မြောက်ရန် ကြိုးစား အားထုတ်၍နေခြင်း။ (၃)နယ်ချဲ့သမားတို့၏ နိုင်ငံအချင်းချင်း၊ လောဘဇောကြောင့်၊ ကမ္ဘာကြီးကို အဝေမညီသဖြင့်၊ တဦးနှင့်တဦး စစ်ဖြစ်ရန် ဗိုင်းပြင်းနေကြခြင်း။ (၄)အလုပ်သမား လယ်သမားတို့၏အသွေးအသားတို့ဖြင့်တည်ထားသော ဆိုဗီယက်ရုရှားနိုင်ငံကြီးနှင့် နယ်ချဲ့သမားတို့သည် အမြဲတန်း ဆင်းရဲသား, အလုပ်သမား, လယ်သမား အရေးနှင့်ပတ်သက်၍၊ ပဋိပက္ခဖြစ်ခြင်းတို့ကြောင့်၊ ကမ္ဘာပေါ်တွင်



စစ်ရိပ်စစ်ငွေ့များသန်း၍နေခြင်း စသည်တို့ကို တွေ့ရသဖြင့်၊ ကမ္ဘာပေါ်တွင် အရေးတော်ပုံကြီးပေါ်တော့မည်မှာ ထင်ရှားလာလေသည်။ ကမ္ဘာကြီး၏စီးပွားရေးကိုကြည့်ဖြန့်လျှင်လည်း၊ ထိုကဲ့သို့အရေးတော်ပုံပေါ်ပေါက်ရန် လိုအပ်လေသည်။ ထို့ကြောင့် ဆင်းရဲသား, အလုပ်သမား, လယ်သမားများမှန်သမျှ၊ ကမ္ဘာကြီး၏ လက်ငင်းအခြေအနေကိုသိပြီးသကာလ၊ ကိုယ့်တာဝန် ကိုယ်ထမ်းရန် လက်ငင်းအရေးကြီးသောဝတ္တရားဖြစ်လေသည်။ ဆိုင်းငံ့ခြင်းသည်၊ ဆင်းရဲသားတို့၏ အပေါ်၌၊ ငတ်မွတ်ခြင်း, ညှင်းပန်းခြင်း, စိတ်ဆင်းရဲခြင်းစသည့် ဘေးဒုက္ခအမျိုးမျိုးပိုမိုများပြားစေပြီးလျှင်၊ ဆင်းရဲသားအပေါင်းတို့ပျက်စီးရာလမ်းမကြီးသဖွယ်ဖြစ်လေသတည်း။

# "စာအုပ်ထူးများ"

●

★ **မိန်းမဇာနည်**

လွတ်လပ်ရေး တိုက်ပွဲတွင်၊ ရှုပ်ရှုပ် ချုံချုံ တိုက်ခဲ့သော အာဇာနည်အမျိုးသမီးတဦး။

★ **ရှမ်းတို့ဌာနီ**

ကျွန်ုပ်တို့ သွေးချင်း သားချင်း ဖြစ်သော ရှမ်းအမျိုးသားတို့၏ အကြောင်းကို၊ သေသေ ချာချာ ရေးသား ထား၍၊ ရှမ်းနှင့် ဗမာသွေးစည်းရေးအတွက် အထူးထုတ်ဝေမည့်စာအုပ်။

★ **လူလောကဖြစ်စဉ်**

တကဲ့-တကာယ်ထူးခြားမည့်စာအုပ်ကြီး ဗမာဘာသာနှင့် ဘယ်တုံး ကမျှ မပေါ်ခဲ့သေး။

★ **လူစွမ်းကောင်း**

နဂါးနီက ထုတ်ဝေမည့် လူစွမ်းကောင်းများ၊ "ထူးလိမ့်မည်– ဆန်းလိမ့်မည်။"

**ရွှေအကြောင်းဖယောင်းသက်သေ၊**
**နဂါးနီအကြောင်းစာအုပ်ကောင်းသက်သေ။**

# ဤ–၃–အုပ်

**လွတ်လပ်ရေးတိုက်ပွဲ။**

အချိန်အခါသင့်အောင် ထုတ်ဝေသည့်စာအုပ်၊ လွတ်လပ်ရေးတိုက်ပွဲတွင် ဆင်နွှဲရန် ဗမာတိုင်းတအုပ်စီ ထားသင့်သည်။

**ရူးအက်။**

နေ့စဉ်သတင်းစာများတွင် ရူးအက်တူးမြောင်း အတော်အရေးကြီးနေကြောင်း၊ ရေးနေကြပြီ ရူးအက်တူးမြောင်းအကြောင်းကို သေသေချာချာသိရအောင် ဘတ်ထားကြ။

**ပါရစ်အရေးတော်ပုံ။**

အမိုးရနှင့် အရေးတော်ပုံ ဘင်သားတို့ တိုက်ပွဲ သမိုင်းစာရမည်။

**နဂါးနီကထုတ်ဝေသော**

**စာအုပ်ထူးများ။**

# ရှေ့လာမည့်ဝတ္ထုသစ်။

နဂါးနီမှအထူးထုတ်ဝေမည့် ဝတ္ထုကြီး၊ မကြာမှီ ဖတ်ကြရတော့မည်။ ဝတ္ထုကောင်း ဖတ်လိုသူများ လက်မလွှတ်တန်းစောင့်ဖတ်ကြလော့။

အဓိပ္ပါယ်လဲ ရှိရမယ်၊ အတုနိုးစရာလဲ ပါရမယ်၊ ထွမ်းခါး ဆွေးခါးမှာလဲပန်းသာ မစာဘုန့်နှင့် နှင်လား ငါလားဖြစ်လိမ့်မည်။

မြှော်ဆော်ဖော်နှင့်မောနေကြသဖြင့်အဖြစ်ဟင် လျှင်လည်း ခံရပါတော့မည်။

အကောင်းတကာ့ အကောင်းဆုံး ဖြစ်အောင် စီစဉ်နေသောကြောင့် ကြာသည်ကို ခွင့်ပြုကြစေလိုပါသည်။

'လဘက်ကောင်းစားချင်'

'ပလောင်နွေးစေ'

Maung San Lun,
Cannal Rd. No. 1.
Ale Baing Quarter
Taunggyi.
S. Shan States.